www.burmeseclassic.com

အောင်မြင်
စာပေ


# မြပုလဲခင်

ဒဂုံးစွန်ဝိ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



၈၉၅.၈၃
မြပုလဲခင်
အဆုံးစွန်ထိ/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၅။
၂၆၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်

ဖြန့်ချိရေး---အောင်မြင်စာပေ၊ အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ---ဦးအောင်မြင့်၊ ပထမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၁၅။



# မြပုလဲခင်

www.burmeseclassic.com

www.burmeseclassic.com



"ဝဋ်ဆိုတာ လည်တတ်တယ်၊ တစ်ခါတစ်ရံ အကျိုးပေးမြန်ပုံများ တမလွန်ဘဝအထိတောင် မစောင့်ဘူး၊ လက်ငင်းဘဝမှာကို ချက်ချင်းလည်တော့တာပဲ၊ ဒါကြောင့်. . စကားကို တရားလက်လွှတ်မပြောပါနဲ့သမီး၊ စကားနောက်တရားပါ အစစအရာရာ ဆင်ဆင်ခြင်ခြင် ပြောဆိုနေထိုင်ကျင့်ကြံပါသမီးရယ်" ဟူသော အမေ့အသံသည် ကျွန်မနားသို့ ကပ်ပြောနေသယောင် ခံစားနေရသည်။

တကယ်ဆို ထိုစကားသည် လွန်ခဲ့သောနှစ်ပေါင်းများစွာက စကားသာဖြစ်ခဲ့သည်။ ထိုစကား၏ ဒိဋ္ဌအကျိုးကို ကိုယ်တိုင်သိမြင်ခံစားနားလည်လိုက်ချိန်၌ ကျွန်မဆင်ခြင်လိုက်နိုင်သည်။

သို့သော် ထိုဆင်ခြင်မှုသည် ဦးနှောက်ဟူသော အသိ





တရားကသာ သိရောက်စေသည်ဖြစ်၍ ကာယကံ ဝစီကံတို့ကို ထိန်းချုပ်နိုင်စွမ်း ရှိခဲ့သည်မှန်သော်လည်း မနောကံ၌မူကား နှလုံးသားပျက်သုန်းဦးသည်းကြွေလုမတတ် ခံစားနေရကြောင်းကို ကျွန်မမှတစ်ပါး မည်သူမျှ နားလည်ခံစားနိုင်စွမ်းရှိကြလိမ့်မည် မဟုတ်ပါ. . ။

"အချစ်" ဟူသော စကားလုံး၏နောက်ကွယ်၌ ကပ်ညိပါလာတတ်သော အနက်အဓိပ္ပာယ်များအနက် ကျွန်မနှလုံးသားကို ထိုးထောက်ဝင်ရောက်နေရာယူသွားသည်မှာ "အဆုံးစွန်ထိချစ်ခြင်း" ပါ။


ဟုတ်ပါသည်။

ကျွန်မ "နောင့်"ကို အတိုင်းအတာမရှိ အဆုံးစွန်အထိချစ်ခြင်းကြောင့် ကျွန်မဘဝတစ်ခုလုံးသည် . . .

ရှင်လွန်း



www.burmeseclassic.com




www.burmeseclassic.com





# အခန်း [၁]

BURMESE CLASSIC

အစက. . ချစ်ခြင်း၏အင်အားကြီးမားမှုကို ကျွန်မ မယုံကြည်ခဲ့၊ ပျက်ရယ်ပြုနိုင်ခဲ့သည်။

ယခုတော့. . .

အချစ်က ကျွန်မကို ပျက်ရယ်ပြုနေလေပြီ။

"အချစ်ဆိုတာ ကစားစရာတစ်ခုလို ကစားနေလို့ရတဲ့ အရာလေးပါကွာ" ဟု သူငယ်ချင်းများအား ဘာမထီမျက်နှာပေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျွန်မပြောခဲ့ဖူးသည်။ ယခုမှ ပြန်တွေးကြည့်တော့ ထိုမျက်နှာထားသည်လည်းကောင်း၊ ထိုစကားသည်လည်းကောင်း. . အင်မတန် ရွှံမုန်းဖွယ်၊ အမြင်ကပ်ဖွယ်၊ သူများတွေ ဖနောင့်နှင့် ထပေါက်ချင်လောက်ဖွယ်ကောင်းသော စကားနှင့် အမူအယာပါလားဟု ကျွန်မသဘောပေါက်လိုက်သည်။

ဒါကလည်း နုစဉ်တုန်းကပဲလေဟု ကိုယ့်ကိုယ်ကိုယ်ဖြေသိမ့်တွေးလေးတွေးကာ နှစ်သိမ့်လိုက်သည်။

တစ်ယောက်တည်း အထီးကျန်စွာထိုင်နေသော ကျွန်မနားကို "နောင်" ရောက်မလာလောက်အောင်ကို အလုပ်များနေရှာသည်။ ကိစ္စမရှိပါဘူး. . .။

"နောင်ရဲ့ နှစ်(၂၀)မြောက်မွေးနေ့မှာ မမရှိနေရင် ပြည့်စုံသွားပြီ" ဟုပြောပြီး နေရာချပေးကာ "ဖေဖေ့ဌာနကလူကြီးလာမှာမို့လို့ ခဏလေးမျက်နှာသွားပြပေးမှဖြစ်မှာမမ၊ ခဏလေး ခဏလေး" ဟုပြောပြီး လူအုပ်ကြားပျောက်ကွယ်သွားတဲ့ "နောင်" ကိုမျှော်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တယ်ဆိုရင်ပဲ။

ကြည့်စမ်း. . . သိပ်အလိုက်သိတဲ့"နောင်". . .။

ကျွန်မသိပ်ကြိုက်တဲ့ တရုတ်စကားပန်းပင်အောက်က စားပွဲလေးမှာ ကျွန်မကို နေရာချထားပေးသွားတာပါလား။

နှင်းဆီဖြူလေးတစ်ခက် ထိုးထားတဲ့ ပန်းအိုးလေးသာရှိတဲ့ စားပွဲ၊ ကျန်စားပွဲမှာ နှင်းဆီအနီ၊ ပန်းရောင်တို့ကိုသာ ထိုးထားတာ တွေ့ရသည်။ ဒါဆို အဖြူရောင်နှင်းဆီက ကျွန်မအတွက် သက်သက်အထူးစပါယ်ရှယ်ပေါ့။

ရင်ဝယ်တသိမ့်သိမ့်လှုပ်ရှားလာသည်။ "နောင်" ကျွန်မ





ကိုချစ်သောအချစ်က ကျွန်မက နောင့်ကိုချစ်သော အချစ်ထက်မပိုနိုင်သော်လည်း သာမန်အချစ်လောက်တော့ မဟုတ်ဟု. . ကျွန်မယုံကြည်လာမိသည်။

ရောင်စုံမီးရောင်လေးတွေနဲ့ ရောင်စုံမိုးပျံပူဖောင်းကလေးတွေ၊ ရောင်စုံပန်းစက္ကူလေးတွေနဲ့ အလှဆင်ထားတဲ့. . အခမ်းအနားမှာ လှလိုက်တဲ့ရောင်းစုံမလေးတွေ၊ နောင့်သူငယ်ချင်းမလေးတွေ၊ အရွယ်ညီ၊ အလှညီ၊ ဂုဏ်ဒြပ်ညီ၊ ပညာညီလေးတွေ ဖြစ်ကြမှပါဟူသော အသိတရားဝင်လာတော့ ရင်ဝယ်နာကျင်မှုလေး ကပ်ငြိလာသည်။

တက်ကြွလန်းဆန်းနေသောအရွယ်၊ စိတ်ကို ထိန်းချုပ်မှုမထား၊ လွတ်လပ်ပေါ့ပါးစွာ လောကကို စိန်ခေါ်နေတတ်တဲ့အရွယ်ဆိုတော့ သူတို့ကလေးတွေရဲ့ လှုပ်ရှားမှုက လေအနေ့ာမှာ ဆော့ကစားကာ ကျယ်ပြန့်သော ကောင်းကင်ကျယ်ကြီးဆီသို့ တဟုန်ထိုး လွင့်ပျံနေသော မိုးပျံပူဖောင်းကလေးတွေနဲ့ အပြိုင်နင်လားငါလား ရှိနေကြသည်။

ခေတ်ပေါ်တေးဂီတသံတို့က နားထဲ ဝင်တစ်ချက်၊ မဝင်တစ်ချက်။ ရောင်စုံမလေးတွေအကြားမှာ တစ်ချီတစ်ချီ ပေါ်လာတဲ့ နောင်ကို လှမ်းငေးမျှော်ရင်း သည်းခံစိတ်ကို မွေးမြူနေရသည်။

ကျွန်မအရွယ်၊ ကျွန်မထက်ပိုကြီးသော ကျွန်မမိခင်အရွယ်များကတော့ နန်းတော်တမျှ ခမ်းနားသော အိမ်ကြီးအတွင်းမှာ နေရာယူနေကြသည်ထင်သည်။ အဖိုးတန်အလှမွေးထားသော မြက်ခင်းစိမ်းကော်ဇော်ပေါ်၌ ကျင်းပထားသည့်



www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနား၌ မတွေ့မြင်ရ။

သို့ဆိုလျှင် ပြင်ပဆယ်ကျော်သက်လေးတွေရဲ့ကြားမှာ အိုးလေဒီဖြစ်နေသော ကျွန်မတစ်ယောက်တည်း ငေါ်စင်းစင်း ဖြစ်နေသည်။ အဆန်းတော့မဟုတ် . . .။

ဒါတွေကို နောင်က ကြိုတင်မြင်ထား၊ တွက်ဆထားပြီးသား ဖြစ်ပုံရသည်။ ဆက်တီဝိုင်းတစ်စုံကို ထောင့်ကျကျတရုတ်စကားပန်းပင်အောက်မှာ စီစဉ်ပေးထားခြင်းဖြစ်မည်။ ကျွန်မ အနေမခက်စေချင်၍ ဖြစ်မည်။

အဖြူရောင် အနောက်တိုင်းဝတ်စုံကို ပြည့်စုံစွာ စတိုင်ကျကျ ဝတ်ဆင်ထားတဲ့နောင်ဟာ တကယ့်ကို အိပ်မက်မင်းသားတစ်ပါးလို လူပုံအလယ်မှာ ဝင့်ထည်ထင်ရှားနေတယ်။

သူကလေးရဲ့ လှုပ်ရှားမှုကိုငေးကြည့်ရင်း ကျွန်မရင်တွေ တလှပ်လှပ်ခုန်လာတယ်။

"ချစ်ခြင်းဟာ အသက်အရွယ် အပိုင်းအခြားနဲ့ မဆိုင်ဘူး ထင်တယ်" ဟု မိမိကိုယ်မိမိ အားပေးနှစ်သိမ့်ရင်း နောင်ရောက်အလာကို စောင့်နေစဉ်မှာ. . .

"နောင်"ကိုယ်တိုင် စားပွဲထိုးလုလင်များနှင့်အတူ လင်ဗန်းတစ်ချပ်ကိုပါ ကူသယ်လာရင်း ကျွန်မဆီ ပြုံးရွှင်စွာ ဦးတည်လာတယ်ဆိုရင်ပဲ၊ ကျွန်မရင်ထဲ ကြည်ကြည်မွေ့မွေ့လေးကို ခံစားလိုက်ရသည်။

နောင် ကျွန်မကို အလေးအနက်ထားရှာသားပဲ။

"မမ ပျင်းနေပြီလား၊ နောင်ရဲ့ အထူးဧည့်သည်တော်က မမတစ်ယောက်တည်း၊ ဒါကြောင့်. . နောင်ကိုယ်တိုင် မမ





အတွက် ကြိုတင်လုပ်ထားတဲ့ ရေခဲမုန့်ရယ်၊ သီးခြားဖုတ်ပေးတဲ့ ကိတ်ရယ် သွားယူလာတာ"

ကျွန်မပြုံးပြုံးလေးပဲ ကြည့်နေလိုက်သည်။ နောင် လှုပ်ရှားမှုလေးတွေဟာ သွက်လက်မြန်ဆန်လွန်းလှသည်။ ဆေးတက္ကသိုလ် ကျောင်းသားလေးရဲ့ လှုပ်ရှားမှုဟာ ကျွန်မအတွက် စားပွဲထိုးလုလင်လေးလို လှုပ်ရှားပေးနေသည်။ ကိုယ်တိုင်ခင်းကျင်းပြင်ဆင်ပေးတဲ့ စားပွဲကလေးကိုကြည့်ပြီး. . .

"မမအကြိုက် ရွှေတောင်ခေါက်ဆွဲလေ၊ အိုဆာကာဆိုင်ကို အော်ဒါပေးမှာထားတာ၊ ဒန်ပေါက်ကြိုက်တဲ့လူက ဒန်ပေါက်ပေါ့"

"ကျေးဇူးတင်ပါတယ် နောင်"

"ဘာကို ကျေးဇူးတင်တာလဲ မမ"

"နောင်ရဲ့ မမအပေါ်ကို ဂရုတစိုက် အလေးထားမှုကိုပါ"

"ဒါကတော့ နောင်က မမကို ချစ်နေတာကိုး၊ စားလေ မမ. . ခေါက်ဆွဲပွသွားမယ်"

နောင်ကျေနပ်စေရန် ရွှေတောင်ခေါက်ဆွဲကို တစ်ပန်းကန်လုံးကုန်အောင် စားပြလိုက်သည်။

"ထပ်ထည့်ပါအုံး မမ"

"ကျေနပ်တော့နောင်၊ မမက ညနေဘက်ကို များများစားတတ်ဘူး၊ ဒီမှာ ဒိုမီနိုသောက်ရဦးမယ်လေ"

နောင်ကလည်း ကျွန်မနှင့်အတူ စားသောက်ရင်းများပြားလှစွာသော ဧည့်သည်တွေကို ကျောခိုင်းထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို အချစ်မိုက်ရူးရဲအရှယ်မဟုတ်တဲ့ ကျွန်မက ဆင်ခြင်သုံးသပ်ပြီး. .

"နောင် ဇည့်သည်တွေကို သွားဇည့်ခံလိုက်ဦးလေ"

နောင်က ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး ကျွန်မကို ပြုံးဖြဲဖြဲအမူအရာလေးနဲ့ ကြည့်နေသည်။ ဘုရား. . . ကျွန်မ ရင်ထဲရှိ ကလီစာတွေ ဂွမ်းထိုးမှောက်ခုံ ဖြစ်သွားပြီလား။

ဒီအကြည့်. . . ကောင်ချောလေးရဲ့ ဒီအကြည့်နဲ့ ဒီအပြုံးကို ကျွန်မအကြောက်ဆုံးပဲ။

သို့သော် အကြောက်ဆုံးဆိုသော အဲဒီအကြည့်နဲ့အပြုံးကိုမှ ကျွန်မက မြတ်နိုးတွယ်တာနေမိသည်။ မကြာခဏလည်း အဲ့ဒီအကြည့်လေးကို တောင်းဆိုနေမိ၏။ ဖြစ်နိုင်ရင် အဲဒီမျက်နှာလေးကိုပဲ တစိမ့်စိမ့်ကြည့်ပြီး တစ်သက်တာထာဝရ ပိုင်ဆိုင်သွားချင်ခဲ့တာ. . .။

"နောင်ရဲ့ အထူးဇည့်သည်ဟာ မမတစ်ယောက်တည်းရှိတာ၊ ကျန်တဲ့ဇည့်သည်တွေက လုပ်ရိုးလုပ်စဉ် ဖိတ်ရိုးဖိတ်စဉ် ဝတ္တရားအရ ဖိတ်ထားရတဲ့ ဇည့်သည်တွေလေ၊ နောင့်ဇည့်သည် မဟုတ်ဘူး၊ မေမေတို့ သူတို့ဖာသာကြည့်ဇည့်ခံလိမ့်မယ်"

"နောင့်သူငယ်ချင်းတွေကကောကွယ်"

"အချင်းချင်းတွေ ဇည့်ခံနေကြလိမ့်မယ်ပေါ့၊ မတွေ့ဘူးလား၊ လက်ပံပင်ဆက်ရက်ကျနေကြတာ"

နောင်ဆင်ခြေလေးတွေကိုပဲ ကျွန်မ ကျေနပ်စွာခံယူရင်း ဖြူစင်ဝင်းမွတ်သော အသားအရည်ပေါ်၌ ခူနက်ကောင်အလား လွန့်လူးနေသော. . မျက်ခုံးနှစ်သွယ်၊ ထိုအောက်မှ





သောက်ရူးကြွယ်ညိုနောင်အလား လင်းလက်နေသည့် မျက်ဝန်းနက်ပြာပြာ၊ ပေါ်လွင်သောနှာတံ၊ ပိရိသော နှုတ်ခမ်းနီစွေးစွေး၊ တစ်ခါတစ်ရံလှစ်ခနဲ ဝင်းတောက်လာသည့် သွားတက်ကလေးနှင့်အတူ ပါးပြင်ထက်က ပါးချိုင့်ကလေး၏အပြုံး. . ဒါတွေကို မျက်တောင်မခတ်တမ်း ငေးကြည့်နေရင်းပဲ ကျွန်မအရာရာကို မေ့လျော့နေတတ်သည်။

ယောကျ်ားတန်မဲ့ချောလွန်းတဲ့ ကောင်ကလေးကို. . ကျွန်မ ရင်နဲ့မဆန့်အောင် ချစ်မိနေတယ်ဆိုတာ ကျွန်မဝန်ခံပါသည်။ သို့သော် ကျွန်မနှုတ်က ကောင်ချောလေးကို "ချစ်တယ်" လို့ ဖွင့်ဟဝန်ခံဖို့ရာ ဝန်လေးနေခဲ့သည်။

ကောင်ချောလေးနဲ့ ကျွန်မကြားမှာ တံတိုင်းတွေ အထပ်ထပ်ခြားနားနေတယ်ဆိုတာကို ကျွန်မသိနေသည်။

ပထမတံတိုင်း. . အသက်အရွယ် ပိုင်းခြားမှု၊ နောင်က ကျွန်မထက် ငယ်နေခြင်း။

ဒုတိယတံတိုင်းက ဂုဏ်ပကာသန ပိုင်းခြားမှု။

နောင်မိဘများသည် ကျိုကျိုတက်ချမ်းသာသော လူချမ်းသာစာရင်းဝင်တွေ၊ သမားတော်ဆရာဝန်ကြီးတွေ။ ကျွန်မ၌ ဘာမှမရှိ မုဆိုးမ မုန့်ဟင်းခါးသည် မိခင်ပင်လျှင် လွန်ခဲ့သော (၂)နှစ်ကျော်ခန့်က တိမ်းပါးသွားခဲ့သည်။

ရှားရှားပါးပါး ကံကောင်းထောက်မစွာဖြင့် ကျွန်မ၏ တစ်အူတုံဆင်း ညီမလေး "ရှင်ထွေး"မှာ ဇာတိမြေတောင်ငူဆိုက်ပိုင်ရှင်တစ်ဦး၏သားနှင့် အိမ်ထောင်ကျသွားခဲ့သဖြင့် ကျွန်မမှာဖွေသမျှကိုသာ ကျွန်မတစ်ယောက်တည်း သုံးရုံရှိသည်။ တိတိ



www.burmeseclassic.com

www.burmeseclassic.com



ကျကျဆိုရလျှင် တစ်ကောင်ကြွက် တစ်မျက်နှာဘဝမျိုး. . .။

"မမ. . ပေးလေ၊ နောင့်အတွက်လက်ဆောင်"

ကျွန်မအတွေးစကို နောင်က ဖျက်လိုဖျက်ဆီးပြုသည်။ ထိုဖျက်ဆီးမှုကို ကျွန်မက မကျေမနပ်စွာ ခံယူရင်း. . .

"ဘာလဲကွ. . ၊ မင်းဖိတ်စာမှာ မွေးနေ့လက်ဆောင်ပေးခြင်း သီးခံပါလို့ ပါတယ်လေကွာ၊ ဒါကြောင့် တို့က ဘာလက်ဆောင်မှ ယူမလာဘူးလေကွယ်"

ကျွန်မက ညစ်ကျယ်ကျယ်လုပ်လိုက်သည်။

နောင်က. . .

"ဟာဗျာ မမနော်၊ နောင့်ကို အသည်းယားအောင်မလုပ်နဲ့၊ နောင့်ကို မမ ဘာကတိပေးထားသလဲ၊ လူမှာကတိ မင်းမှာသစ္စာတဲ့ဗျ"

နောင်နဲ့ပတ်သက်လာရင်း အသေးအမွှားကလေးတွေကအစ ဂရုစိုက်တတ်တဲ့ ကျွန်မဟာ နောင်တောင်းဆိုထားတဲ့ ပရိုပို့စ်အတွက် အဖြေကို နောင့်မွေးနေ့မှာ မွေးနေ့လက်ဆောင်အဖြစ်ပေးပါ့မယ်ဆိုသော မဟာကတိစကားကို ဘယ်မေ့ပျောက်ပြစ်ပါ့မလဲ။

"အသက်ကကြီးပြီမဟုတ်လား နောင်၊ တို့ မေ့တတ်နေပြီ"

"မမနော်. . နောင့်ကို စိတ်ဆင်းရဲအောင် မလုပ်နဲ့ဗျာ၊ ကျွန်တော် မမကို သိပ်ချစ်တာ မမသိပါတယ်။ မမရဲ့စိမ်းကားမှုတွေကို ခံနိုင်ရည်စွမ်းအင် နောင့်မှာမရှိဘူး"

နောင်က ဖြုတ်ခနဲ ကြွေကျလာသော တရုတ်စကား





ပွင့်ကလေးကို စားပွဲပေါ်မှကောက်ယူပြီး ကျွန်မကို လှမ်းပေါက်တယ် ဆိုရင်ပဲ ကျွန်မရဲ့ ညာဘက်ပခုံးစွန်းကို ထိမှန်သွားတယ်။ ဖွဖွကလေးမို့ ထိတယ်ဆိုရုံကလေးကို သိရုံကလေးပင်

သို့သော်. . .

"အား. . နာလိုက်တာ နောင်ရယ်"

နောင်က မျက်လုံးလေး ဝိုင်းစက်သွားပြီး

"ဟင်. . ဖွဖွလေးပါ၊ တကယ်နာသွားသလားဟင်"

ပျာပျာသလဲဟန်လေးက ရိုးသားအပြစ်ကင်းစင်နေသည်။ ကျွန်မရဲ့မျက်လုံးကိုကပဲ ချစ်သူဘာလုပ်လုပ် လှပဖြူစင်နေတယ်လို့ မြင်နေတယ် ထင်ပါရဲ့၊ နှစ်ခြိုက်နေမိတာ အမှန်ပဲ။

"နာတာပေါ့၊ တို့ရဲ့ အသည်းနှလုံးကို ပုတ်ခတ်သွားတာကိုး"

ကျွန်မရဲ့အပြောအနေအရွှကလေးကို နောင်က သဘောကျသွားပြီး အပြုံးလှလှလေးနဲ့ ကျွန်မမက်မောသော ပါးချိုင့်ကလေးများပေါ်အောင် ပြုံးပြလိုက်လျက်. . .

"အသည်းနှလုံးက ပုတ်ခတ်ပြီးတော့ မမကို နောင်က ချစ်တယ်လို့ အဖြေပေးလိုက်တော့လို့လည်း သတိပေးလိုက်တယ် မှတ်လား"

"ကောင်းဆိုးလေးနော်"

ထိုစဉ် ကျွန်မနောက်နားဆီသို့ အသံဗလံတွေ ရောက်လာတယ်။ ထိုအသံတွေထဲမှာ ကျွန်မနဲ့ ရင်းနှီးနေသော အသံတစ်သံ ပါလာတယ်။ ဘယ်သူ့အသံပါလိမ့်။

"ညီ ပျောက်ချက်သားကောင်းလို့ လိုက်ရှာနေတာ. .



www.burmeseclassic.com

www.burmeseclassic.com



ညီက ဒီမှာကိုး. . ."

"ဟုတ်ပ. . ညီ ဒီမှာခြေပုန်းခုတ်နေတာကိုး"

"မေမေရှာခိုင်းလို့ ရှာနေကြတာဒေါင်းတောက်နေပြီ၊ ဒီမှာ လာပုန်းနေတာကိုး"

နောင့်သူငယ်ချင်းတွေနဲ့ သားချင်းတစ်ယောက်၏အသံတွေဖြစ်မည်။ ကျောခိုင်းထားသော ကျွန်မက သူတို့ကိုမမြင်ရ၊ နောင်ကတော့မြင်တွေ့ပြီး. . .

"အတော်ပဲကိုလတ်၊ ညီ မမနဲ့ မိတ်ဆက်ပေးရမယ်၊ မမက ညီ့အထူးဧည့်သည်တော်မို့ ညီကအထူး ဧည့်ခံနေတာလေ၊ ပိတာနဲ့ ဇော်ကောင်းကော ငါ့ရဲ့မမပဲ"

ကျွန်မစားပွဲမှ သူတို့လာရပ်ကြသည်။ ကျွန်မကတော့ ထိုင်လျက် အနေအထားနဲ့ပဲသူတို့ကို မော့အကြည့်. . .

"ဟင်. . ရှင်. . ရှင်. . ရှင်. . အောင်"

သံသရာစက်ဝန်း၏ လည်ပတ်မှုကို အံ့အားသင့်စွာနှင့် ကျွန်မရင်ဆိုင်လိုက်ရပြီ။

"မင်း. . မင်း. . လွန်း. . လွန်း. . "

အောင်. . . ကျွန်မရဲ့တစ်ချိန်ကအောင်ကို ကျွန်မရှေ့မှောက်မှာ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေပြီ။ နောင်က မသိနားမလည်ဟန်ပန်လေးနဲ့. . .

"ကိုလတ်နဲ့ မမက"

အောင်လတ်ဆိုသော လူတစ်ယောက်ကို နာကြည်းမုန်းတီးမှုဟာ ကျွန်မရဲ့ ဆင်ခြင်တုံတရားတွေကို ဝါးမြိုပစ်လိုက်နိုင်စွမ်း ရှိလိမ့်မယ်လို့ ကျွန်မ မထင်မှတ်ခဲ့ပါ။ သို့သော်. . .





"ညီ မင်းပြောတဲ့မမဟာ သူလား"

"ဟုတ်တယ်လေ ကိုလတ်၊ မမ. . ညီ့မမလေ မလှဘူးလား၊ မမ ဒါနောင့်အစ်ကိုအလတ်ပဲ မမတို့ဘယ်တုန်းက. . ."

"တော်စမ်း ညီနောင်၊ မင်းဟာ အောင်လတ်ညီမှန်းသာ ငါစောစီးစွာသိခဲ့ရင် မင်းကို ငါ့ဘဝထဲဝင်လာဖို့ နေနေသာသာ ရင်းနှီးမှုတောင်ပေးမှာ မဟုတ်ဘူး၊ တော်ပြီ. . ငါသွားမယ်"

ကျွန်မရဲ့တဇွတ်ထိုးနိုင်မှု၊ ဂမူးရှူးထိုးနိုင်မှုတွေဟာ. . . ကျွန်မဘဝကို ဒုက္ခပေးခဲ့ပေါင်းများလှပြီ မှန်သော်လည်း ပေါက်ကွဲလွယ်တဲ့ကျွန်မဟာ ဘယ်သူကိုမှ မမြင်တော့။

အောင်လတ်ဆိုသော ကျွန်မအင်မတန် နာကြည်းမုန်းတီးခဲ့သော ယောကျ်ားတစ်ယောက်ကိုသာ မြင်တွေ့ပြီး ရှောင်ထွက်ဖို့ လှည့်အထွက်. . .

"မမ. . မမ. . မဆိုင်ဘူးလေ. . "

နောင်က ကျွန်မလက်မောင်းကိုဆွဲကာ ဟန့်တားဖို့ ကြိုးစားတယ်ဆိုရင်ပဲ. . .

"မမ. . နောင့်ကိုခွဲမသွားရဘူး"

"ဖယ်စမ်း"

"မရဘူး. . အောင်ကအောင်၊ နောင်ကနောင်ပဲ"

"ဖယ်လို့ ပြောနေတယ်နော်"

"နေပါဦးလွန်း အေးအေးဆေးဆေး စကားပြောကြရအောင်လား"

ကျွန်မရဲ့နှလုံးသားကို အင်မတန်အသွားထက်သော ဓားတစ်ချောင်းနှင့် မွှန်းလိုက်သည့်အလား ကျွန်မခံစားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်လုံးမီးဝင်းဝင်းတောက်ကာ. . .

"အေးအေးဆေးဆေး. . ဟုတ်လား အောင်လတ်၊ ရှင်နဲ့ကျွန်မကြားမှာ ဘာစကားမှမရှိတော့သလို. . ရှင့်ညီဖြစ်နေတဲ့ နောင်နဲ့ ကျွန်မကြားမှာလဲ ဘာမှမရှိတော့. . ."

"ဟာ. . မမ၊ ဘာမှမဆိုင်ဘူးလေ. . နောင် မမကို"

နောင်က အရှူးအမူး သွေးရူးသွေးတန်းနဲ့ ကျွန်မကို ဆွဲဖက်တားဆီးဖို့ ကြိုးစားတယ်ဆိုရင်ပဲ ကျွန်မရဲ့ ဘယ်လက်ဟာ မြောက်တက်သွားပြီး နောင်ပါးပြင်ထက်ကို ကျရောက်သွားသည်။

"ဖြန်း"

"မမ"

"နင့်ကိုလည်း ငါမုန်းတယ်"

နောင်ဟာ ချာခနဲ လည်ထွက်သွားသော ခေါင်းကို ပြန်အမတ်မှာ. . .

ကျောက်ဆစ်ရုပ်လို အံ့အားသင့်တွေဝေ ကျန်ရစ်ခဲ့စဉ်မှာပဲ ကျွန်မခြေလှမ်းတို့သည် ပရိသတ်ကြားက ဘယ်လိုဘယ်ပုံ ဘယ်နည်း ဖောက်ထွက်သွားမှန်း မသိလိုက်။

သို့သော် ကျွန်မရဲ့ကားပေါ်မှာတော့ ကျွန်မရောက်ခဲ့ပြီဟု သတိရှိစွာ သိလိုက်ရသည်။







# အခန်း [ ၂ ]

စိတ်နှင့်ခန္ဓာ ဒွန်တွဲရှိမနေသောအခြေအနေမျိုး၌ ကားမောင်းရန် မသင့်တော်မှန်းသိသဖြင့် ကားကိုအင်းလျားလမ်းရှိ နီနွယ်ဩဂုတ်စတင်းဘုရားကျောင်း၏ ရှေ့နားမကျတကျတွင် ရပ်ထားလိုက်သည်။

စိတ်ကိုတည်ငြိမ်စေရန် ကြိုးစားရင်း နာကျည်းစိတ်နှင့် အမုန်းတရားတို့ကို နှိမ်နှင်းလိုက်သည်။ အောင်လတ်. . နောင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒင်း၏ညီဖြစ်နေရခြင်းကိုက နောင့်အတွက် ကံဆိုးမိုးမှော
ကျလေပြီ။ နောင်. . . .

သူကလေး ဘယ်လိုဖြစ်ကျန်ရစ်ခဲ့ရှာပါလိမ့်၊ ကြည့်စ
မိမိ၏ ဘယ်လက်ဝါးတစ်ခုလုံး ထူပူနေပါလား၊ ဒီလက်ဝါး
နောင့်ကို ရိုက်မိလေခြင်း၊ လက်ကိုဖြန့်ပြီး စဘီယာတိုင်ကို တဖြ
ဖြန်းရိုက်လိုက်မိသည်။

ဘာဖြစ်၍များ သေွးအေးအေးနှင့် မပြောခဲ့ရသနည်း
တကယ်ဆို အောင်လတ်ကို သွေးအေးအေးနှင့် ရင်ဆိုင်ပြလိုက်
မည်။ အရွဲ့တိုက်ပြလိုက်ရမှာ. . ယခုတော့ မဆီမဆိုင် သွေး
သွေးတန်းနှင့် သူ့ဘဝထဲက ပျောက်ဆုံးသွားမှာစိုးသည့်အလ
ဖြစ်နေရှာသောနောင့်ကို ဒုက္ခပေးမိသလို ဖြစ်သွားပါလား
သောအသိက ရင်ကို ပွင့်ထွက်မတတ် နာကျင်စေလေပြီ။

ဝေးကွာခြင်းနောက်ကွယ်က ကပ်ညိပါလာတတ်သေ
ဒုက္ခဝေဒနာအပူမီး၏ နှိပ်စက်မှုကို ကျွန်မစတင်ခံစားရလေ
စိတ်ကို ငြိမ်သက်စေရန် ကြိုးစားလိုက်သည်။ သတိတရား
တော့ ကျွန်မပြန်လည် ဖမ်းယူနိုင်ပြီဖြစ်၍ ကားကိုပြန်မော
ထွက်ခဲ့လိုက်သည်။

နောင်သည်လည်းကောင်း၊ အောင်သည်လည်းကော
ရင်းတို့၏ မိဘများသည်လည်းကောင်း၊ ကျွန်မထံသို့ အနေ
အမြန်ဆိုသကဲ့သို့ ရောက်လာကြလိမ့်မည်ကို ကျွန်မ တတ်
သေချာစွာ ယုံကြည်မိသည်။

မှန်တစ်ချပ်လိုပင် သူတို့အပေါ်၌ မူတည်၍ ဆုံးဖြ
ချက်တစ်ခုကို ကျွန်မချရပေလိမ့်မည်။ သူပြုံးလျှင်ကိုယ်ပြုံး





သူမဲ့လျှင် ကိုယ်မဲ့ရပေမည်။ ကျွန်မအိမ်ရောက်တော့ . . .

ကျွန်မနဲ့အတူ တောက်လျှောက်ပင် အဖော်ပြုပေးနေ
သော ဆွေမျိုးနီးစပ်တော်သည့် ဒေါ်ဒေါ်ဝင်းက

"မိန်းကလေးရယ် ဖုန်းလာတာ နှစ်ခါရှိပြီ"

"ဘယ်ကလဲ"

"အောင်လတ်တဲ့"

ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဒင်းနှင့်ပတ်သက်၍. .
ကျွန်မနှလုံးသားတို့သည် ပူနွေးနေတတ်မှန်း ကျွန်မယနေ့မှ သိရှိ
လိုက်ရသည်။

"ဘာဆက်ပြောသေးသလဲ"

"အရေးကြီးလို့ပါတဲ့ ပြန်ဆက်မယ်ပြောတယ်"

ပြန်ဆက်မည်ဆိုတော့ သူ့ဖုန်းကို စောင့်ရမည်လား။
သွေးအေးစွာ ရင်ဆိုင်မည်ဆို၊ သူ့ကြောင့် မိမိနှလုံးသားတို့ မွမွ
ကြေပျက်စီးသွားခဲ့ဖူးသည်။

မိမိဘဝ လှိုင်းကယက်ထသွားခဲ့ဖူးသည်။ စီးကရက်
တစ်ကာ မီးညှိဖွာရှိုက်လိုက်သောလက်သည် တဆတ်ဆတ်
တုန်ရီနေပါလား။ လှုပ်ကုလားထိုင်ပေါ်၌ထိုင်ရင်း တယ်လီဖုန်း
ကို ခပ်စိမ်းစိမ်းစိုက်ကြည့်နေမိသည်။

ဒေါ်ဒေါ်ဝင်းက တံခါးကိုသော့ခတ်ပြီး။

"ဒေါ်ဒေါ်ဝင်းသွားအိပ်တော့မယ် မိန်းကလေး"

"ဟုတ်ကဲ့"

ဒေါ်ဒေါ်ဝင်းကို ဟုတ်ကဲ့ တစ်ခွန်းတည်း တုန့်ပြန်လိုက်
သည့်တိုင်အောင် မိမိအသွင်သည် ကျောက်ဆစ်ရုပ်မှာ ငြိမ်

www.burmeseclassic.com

www.burmeseclassic.com



သက်နေမိသည်။

အောင်ကဘာအတွက် ဖုန်းဆက်ရသနည်း။ သူ့အမှာ အတွက် သူတောင်းပန်မလို့လား။ သူ့ကိုယ်သူ မှားသည်ဟု မယူ ဆထားသော လူတစ်ယောက်က သူ့အမှားဟုဆိုကာ တောင်းပ လိမ့်မည်မဟုတ်။

ဒါဖြင့် ဘာအတွက်ဆက်ရသနည်း။ စီးကရက်တစ်လိ တုန်သွားပြီး နောက်တစ်လိပ်မီးညှိချိန်၌ တယ်လီဖုန်းခေါ်သံ ထွက်ပေါ်လာသည်။ ဘယ်လက်ဖြင့် ဖုန်းကိုကောက်ကိုင်ပြီး ညာ လက်က စီးကရက်ကိုကိုင်ကာ တရှိုက်ဖွာလိုက်သည်။

"ရှင်လွန်းပြောနေပါတယ်"

"လွန်း . . အောင်ပါ၊ အောင့်ကိုနာကျည်းမုန်းတီးတာ တွေ ခဏဘေးဖယ်ထားပြီး ညီအတွက် စဉ်းစားပေးဖို့ပါ"

မဲ့ပြုံးပြုံးလိုက်မိသည်။

"ရှင့်ကို နာကျည်းမုန်းတီးတာတွေ ခဏဖယ်ထားရမယ် ဟုတ်လား ဦးအောင်လတ်၊ ကျွန်မသဘောထား အဲ့ဒီလော မပြည့်ဝနိုင်သေးဘူး၊ နောင့်အတွက်ကတော့ ကျွန်မဘာစဉ်းစ စရာလိုသလဲ ကျွန်မအဖြေပေးခဲ့ပြီလေ"

"မဟုတ်သေးဘူး လွန်း"

"ကျေးဇူးပြုပြီး ကျွန်မကိုလွန်းလို့ မခေါ်ပါနဲ့ ဦးအော လတ်၊ ကျွန်မနာမည် ရှင်လွန်းပါ"

"ကောင်းပါပြီ ဒေါ်ရှင်လွန်း၊ ခု ညီ ဒေါ်ရှင်လွန်းနော ကိုအလိုက်မှာ ကားအက်စီးဒင့်ဖြစ်ပြီး အရေးပေါ် ကိုတင်လို ရပါတယ်"





"ဟင်"

ကျွန်မညာလက်ကြားက စီးကရက်ပြုတ်ကျသွားလေပြီ။ ခန္ဓာကိုယ်သည် လှုပ်ကုလားထိုင်ပေါ် ယိမ်းနွဲ့ပြီး ဇိမ်နဲ့မနေနိုင် တော့ပဲ မတ်သွားလေသည်။

ကျွန်မစိတ်တို့သည် အေးဆေးမနေနိုင်ဘဲ ပြန်လည်ဆူ ပွက်လာလေသည်။ စိုးရိမ်ပူပန်မှုက ငယ်ထိပ်သို့ရောက်ကာ သွေး လှည့်ပတ်မှုနှုန်း မြန်ဆန်လာပြီ။

"စိုး . . စိုးရိမ်ရသလား"

"ဖစ်(ဖ်)တီးပါစင့်ပဲ"

"ဘုရား . . ဘုရား . ."

"ညီ့အတွက် နောက်ဆုံးအချိန် ဖြစ်ကောင်းဖြစ်ပေလိမ့် မယ်၊ ခုတော့ ခွဲခန်းထဲမှာ၊ မိုးလင်းလာရင်တော့ ခင်ဗျားလာတွေ့ နိုင်ပါတယ်၊ ညီ ခင်ဗျားကိုပဲ တမ်းတနေမယ်ဆိုတာကို အားလုံး က နားလည်နေကြတဲ့အတွက် အကြောင်းကြားတာပါ"

အေးစက်နေသောအသိတရားတို့ မီးဟုန်းဟုန်းတောက် လောင်လာလေပြီ။ ဖြစ်ရလေ ချာတိတ်ရယ်။ နောင် . . .

ဒီကောင်လေးအပေါ် ချစ်မိသောချစ်စိတ်ကို အောင်နှင့် အစားထိုးချိန်စက်ကြည့်မိသည်။

"ဟဲလို . . ဒေါ်ရှင်လွန်း"

"ကျွန်မ နားထောင်နေပါတယ် ဦးအောင်လတ်၊ နောင့် အတွက် အကောင်းဆုံးသော အဖြေတစ်ခုခုကို ကျွန်မစဉ်းစား ဆုံးဖြတ်မှာပါ"

"ကျေးဇူးတင်ပါတယ် ဒေါ်ရှင်လွန်း မေတ္တာအရေးအ



www.burmeseclassic.com

www.burmeseclassic.com



ခင်းတစ်ခုမှာ ကိုယ်မမှားခဲ့ဘူး ဒေါ်ရှင်လွန်း၊ ဒီအတွက်တော့ မင်းကို ကိုယ်တောင်းပန်မှာ မဟုတ်ဘူး၊ ရှင်းပြစရာတွေပဲ ရှိနေတယ်"

ခံပြင်းစရာကောင်းသော စကားအတွက် ကျွန်မသွေးအေးစွာ တုံ့ပြန်လိုက်နိုင်ပြီ။

"ကောင်းပြီလေ မေတ္တာအရေးအခင်းမှာ ရှင်မမှားမှန်းသိသလို ကျွန်မလည်း မမှားခဲ့ဘူး၊ ဒါပေမယ့် . . ."

"ဒါပေမယ့်ကိုယ်နဲ့ မင်းပြဿနာမှာ ညီနဲ့ဘာမှမဆိုင်ဘူးဆိုတာတော့ မင်းနားလည်သင့်တယ်နော်"

"ဒါပေါ့ . . ဦးအောင်လတ်ရယ်၊ ကျွန်မက ထိုက်တန်တဲ့လျော်ကြေးတစ်ခုကို ရယူမှာပါ၊ ဒါပဲနော် ကျွန်မအိပ်ချိန်ဖြစ်နေပြီ"

မချိပြုံးနှင့် တယ်လီဖုန်းခွက်ကို ချလိုက်သည်။ စီးကရက်သောက်ရန် အာသီသဖြစ်ပေါ်လာတော့မှ ကြမ်းပြင်ထက်ပြုတ်ကျနေသော စီးကရက်ကို သတိရကာ ကြည့်လိုက်သည်။

အငွေ့သေနေလေပြီ။ နှလုံးသား၌ ဂယက်ရိုက်ကျန်ခဲ့သော အချစ်မီးကတော့ စီးကရက်မီးကဲ့သို့ လွယ်လင့်တကူ ငြိမ်းသွားလိမ့်မည်မဟုတ်ချေ။ အောင့်အပေါ် နာကျည်းမုန်းတီးစိတ်နှင့် နောင့်အပေါ် ချစ်ခြင်းမြတ်နိုးစိတ်တို့ ဒွန်တွဲမှုတွင် ဘာကိုအနိုင်ပေးရမည်နည်း။





# အခန်း ( ၃ )

အောင့်ကိုဘာကြောင့် နားကျည်းမုန်းတီးရတာလဲ။ လွန်ခဲ့သော ဆယ့်ငါးနှစ်ဟုသော အတိတ်လွင်ပြင်သို့ သမင်လည်ပြန်ကြည့်မိသည်။ အောင် . . .

သီရိဆောင်မှ ဥပဒေကျောင်းသူ ရှင်လွန်း၏ အလှကိုက်သတင်းက မောင်မယ်သစ်လွင်ကြိုဆိုပွဲနေ့ကတည်းက သင်းပျံ့ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်လတ်တို့ ဆေးတက္ကသိုလ်တိုင်အောင် ပန်းသတင်း လေညှင်းဆောင်လေသည်မို့ အောင်လတ်တို့ ဖျားပိတုန်းအုပ်စု ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဆီသို့ ချောင်းပေါက်ကြလေသည်။

ကိုယ့်ဝမ်းနာကိုယ်သာသိ ဆိုသလို ရှင်လွန်းအတွက် အချစ်အတွက်နေရာမပေးမိစေရန် နှလုံးသားတံခါးကိုပိတ်၍ တိတ်တိတ်ကလေး နေခဲ့မိသည်။ သို့တိုင်အောင်. . . .

တစ်မြို့တည်းဖြစ်၊ နှစ်ကြီးမမလေးဖြစ်သော မမဌေးကြောင့် အောင်နှင့် သိကျွမ်းခင်မင်ခဲ့ရလေသည်။ ဦးချစ်ဆိုင်လေး၌ လက်ဘက်ရည်သောက်ရင်း အဆောင်မှထည့်ယူလာသော ထမင်းဘူးလေးကို ဖွင့်စားတတ်သော ကျွန်မနှင့်ငယ်ထွေးထံသို့ မမဌေးနှင့်အတူ မျက်နှာစိမ်းယောကျ်ားသုံးဦး ရောက်လာခဲ့သည်။

"ရှင်လွန်းရေ မမတို့ ထိုင်မယ်နော်"

"ဟုတ်ကဲ့" ဟူသော စကားကလွဲ၍ ပိုမပြောမိခဲ့ပါချေ။

အမြဲလိုလို အမြဲတမ်းပြည့်နေတတ်သော ဆိုင်ဖြစ်၍လည်း တစ်စားပွဲကို နှစ်ယောက်တည်းအပိုင်စီး၍ မသင့်တော်ပေ၊ ခပ်ညံ့ညံ့ အဆောင်ထမင်းဟင်းကို ဆောင်းထည့်လာသော ဝက်သားဗလာချောင်ကြော်နှင့်ပူးတွဲစား၊ မြင်းခွာရွက်သုတ်တစ်ပွဲမှာ လက်ဘက်ရည်ကို ဟင်းချိုလုပ်သောက်တတ်သော မိမိကို အောင်က အထူးအဆန်းသဖွယ် ကြည့်တာ ဂရုဏာသက်နေစဉ်မှာပင်. . .

"ရှင်လွန်း သူက မမဌေးမောင်ဝမ်းကွဲသီဟတဲ့၊ သူကတော့ဇော်မိုး၊ သူကအောင်လတ်တဲ့. . . သူငယ်ချင်းတွေလေ





အမ်(မ်)စီဝမ်းကပဲ၊ မောင်လေးတို့မှတ်ထား. . သူက ရှင်လွန်း၊ သူက ငယ်ထွေး၊ မမတို့ သီရိဆောင်ကပဲ၊ အခန်းနှစ်ဆယ့်ခုနှစ်မှာနေတယ်"

"ဟုတ်ကဲ့. . တွေ့ရတာ ဝမ်းသာပါတယ်၊ သူငယ်ချင်းအဖြစ် သတ်မှတ်ပေးပါ၊ အဆောင်လည်း လာခွင့်ပေးနော်"

သီဟက အာအချောင်ဆုံးဖြစ်သည်။ အောင်က အေးဆေးသည်။ ရုပ်တတ်ပုံလည်းရသည်။ အပြုံးနှင့်သာတုန့်ပြန်ပြီး၊ မကြာခဏခိုးကြည့်တတ်သောမျက်ဝန်းများ ဆုံမိကြသောအခါ "ဟက်ခနဲ" ရှက်ရယ်ရယ်တတ်သည်။ ညီညာသော သွားတက်ကလေးများကြောင့် အောင့်အလှသည် ချစ်စရာကောင်းလှသည်။

အောင့်မျက်နှာသည် ရိုးသားမှုရှိသော မျက်နှာအဖြစ်ဆယ်ကျော်သက်အရွယ်ကျွန်မက ထင်ကြေးဖြင့် မှတ်ချခဲ့မိသည်။

"ရှင်လွန်းက တောင်ငူကဆို"

"ဟုတ်ပါတယ်"

"မိဘတွေကကော ဝန်ထမ်းပဲလား"

ရိုးသားခြင်းကို ကျွန်မ ဂုဏ်ယူတတ်အောင် မိဘက သွန်သင်ထားခဲ့ပြီးဖြစ်သဖြင့် ကျွန်မက အမှန်အတိုင်းပင်. . .

"ဖေဖေဆုံးသွားတာ ငါးနှစ်ရှိပါပြီ၊ ကျွန်မအမေက မုဆိုးမဘဝနဲ့ပဲ တောင်ငူဈေးထဲမှာ မုန့်ဟင်းခါးရောင်းကျွေးပါတယ်"

"ဩော်. ."

အောင်မျက်နှာပြင်ပေါ်၌ ဂရုဏာဆရိပ်တစ်ချက်ကို ထပ်မံတွေ့ရှိလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ ညီအစ်မလည်း မိခင်ကိုကူပြီး ကျောင်းအားချိန်မှ ဝိုင်းလုပ်ပြီး ပညာသင်စားရိတ်ကို စုကြရတယ်လေ၊ ဒါကြောင့် ဒီနေ့ ရှင်တို့စရိတ်ကို ကျွန်မရှင်းနိုင်မှာ မဟုတ်ဘူးနော်"

ကျွန်မရဲ့ ပွင့်ပွင့်လင်းလင်းပြောဆိုမှုကို ငယ်ထွေးက ရှက်ဟန်တူတယ်၊ လှမ်းဆိတ်တယ်ဆိုရင်ပဲ ကျွန်မက ငယ်ထွေးကို ပြန်ဆိတ်လိုက်သည်။ မရှိတာကို ဟန်ဆောင်နေစရာမလိုဘူးဟု ကျွန်မထင်သည်။ ငယ်ထွေးက ထိုသို့မဟုတ်၊ ဆင်းရဲတာကို ရှက်စရာဟုထင်သည်၊ ကျွန်မသူ့ကို မကြိုက်တာ ထိုတစ်ချက်ပဲ ရှိသည်။

"ငယ်ထွေး မိဘတွေကတော့ ကျောင်းဆရာ ဆရာမတွေပဲ၊ ဥယျာဉ်ခြံတွေဘာတွေရှိတော့ ကျောင်းထားနိုင်တာပေါ့လေ ရှင်တို့ကကော"

"ကိုင်း မမဒွေးက သူငယ်ချင်းတွေနဲ့ လိုင်ဗရီသွားစရာရှိတယ်၊ မင်းတို့ချင်းရင်းနှီးသွားကြပြီဆိုတော့ စကားပြောနေရစ်ကြတော့"

"ဟုတ်ကဲ့. . စိတ်ချမမဒွေး၊ မမညီမတွေကို ကောင်းကောင်း စောင့်ရှောက်လိုက်ပါမယ်"

သီဟကပြောပြီး စားချင်တာတွေမှာလေသည်။

"အားလူးကတ်သလစ်ကြော်ပါမှာလေ၊ ရှင်လွန်းတို့ ထမင်းနဲ့ စားရတာပေါ့"

အောင်က အလိုက်တသိဝင်ပြောခဲ့တာကို ကျွန်မအမှတ်ရမိတယ်၊ အောင်နဲ့ပတ်သက်လာလျှင် ကျွန်မမှာ မေ့စရာမရှိခဲ့ချေ။





"အာလူးကတ်သလစ်ကြော်ကို ကျွန်မကြိုက်တယ်၊ ဒီနေ့အဆောင်ဟင်းက အာလူးပါနေလို့ မမှာတော့တာ"

"အဆောင်ဟင်းကို မစားနဲ့ပေါ့"

"အလဟဿ ဖြစ်သွားတာကိုမှ ကျွန်မမကြိုက်ဘဲ"

"အလဟဿမဖြစ်အောင် ကျွန်တော်တို့ ကူစားပေးမယ် ဖြစ်မလား"

"ဖြစ်ပါတယ် အဆောင်ထမင်းဟင်းစားနိုင်မယ်ဆိုရင်ပေါ့"

မှတ်မှတ်ရရပါပဲ၊ အောင်တို့သည် ကျွန်မတို့ ထမင်းဟင်းများကို တစ်လုပ်ထက်ပိုမစားနိုင်ခဲ့ချေ။ ထိုအထဲ အောင်ကသာ ကြိတ်မှိတ်၍ နှစ်လုပ်သုံးလုပ်စားခဲ့သည်။

သုံးယောက်စလုံး ချမ်းသာကြွယ်ဝသော အသိုင်းအဝိုင်းမှ ဆင်းသက်လာကြောင်းကို မမေးဘဲသိသာနေလေပြီ။ အောင်က မိတ်ဆွေဖြစ်အထိမ်းအမှတ်ဟုဆိုကာ ကုန်ကျစရိတ်ဟူသမျှ ရှင်းလင်းသွားခြင်းကို ကျွန်မလက်မခံချင်ပေမယ့် လက်ခံလိုက်ရလေသည်။

"အတုန့်အလှည့်ဆိုတာ လက်ခံမယ်ဆိုရင်တော့. . ကိုအောင်လတ် ကျွန်မတို့အတွက်ပါရှင်းတာကို လက်ခံမယ်. . ဟူသော စကားကိုတော့ ချိနှောင်ဖြစ်အောင် ချိနှောင်လိုက်မိလေသည်။

ထိုညက ကျွန်မတို့ အဆောင်ရှေ့သို့လာကာ. .

"သီရိဆောင်မှ သူငယ်ချင်းအသစ်မလေးများအတွက် အမ်စီမှ အပေါင်းအသင်းတစ်စုက မိတ်ဆက်အမှတ်တရအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သီချင်းများနဲ့ ဖျော်ဖြေပါမယ်၊ သက်ဆိုင်သူမမတို့ နားသောတဆင်ပေးပါခင်ဗျား ”

သီဟအသံကို ကျွန်မအလိုလို ကျက်မိနေပြီ၊ မီးပိတ်ပြီး ချောင်းကြည့်လိုက်တော့ ထင်သည့်အတိုင်းပင်. . . ခုတင်အောက်မှာ အောင်တို့အုပ်စုကို တွေ့ရသည်။ သုံးယောက်တည်းမဟုတ်တော့ ခြောက်ယောက်ဖြစ်နေသည်။

အောင်ကဂီတာတီးသည်၊ ဇော်မိုးကဆိုပြီး ကျန်သူငယ်ချင်းများက စည်းချက်လိုက်လေသည်။ ထိုစဉ်က ခေတ်စားခဲ့သော စိုင်းထီးဆိုင်၏ မောင့်လပြည့်ဝန်း၊ ဘီးနံပါတ်၊ အိုကေသုညတစ်နှစ်လေး၊ ယုဇနပင်နဲ့ဖဲကြိုးဝါ အစရှိသော သီချင်းများပင် ဖြစ်သည်။

ကျွန်မနှင့်အခန်းပေါ် ငယ်ထွေးက. . .

“ရွှေစွန်ညိုတော့ဝဲနေပြီရှင်လွန်း ဘယ်သူကမယ်ထွေး၊ ဘယ့်သူက ရွှေစင်ညိုဖြစ်မယ်ဆိုတာကို ပိတ်ကားပေါ် ဆက်လက်ရှုစားရမှာပဲ”

ကျွန်မက တုန့်ပြန်မပြောပဲ ပြုံးရုံသာ ပြုံးနေလိုက်သည်။

မိန်းမသားတွေ၌ သင်စရာမလိုသော အတတ်ပညာတွေ တစ်ခုရှိသည်။ ထိုပညာထဲတွင် ဘယ်သူက မိမိအား စိတ်ဝင်စားကြောင်းကို အလိုအလျောက်သိရှိနေသော ပညာပင်ဖြစ်သည်။ ထိုပညာသည် လွဲခဲ့သည်။

အောင်လတ် နောက်တစ်ချိန်ကျွန်မ၏ အောင်ဖြစ်လာမည့်အောင်သည် ကျွန်မအပေါ် ကျန်ယောကျ်ားများထက် စိတ်ဝင်စားမှုပိုမိုကြောင်း ကျွန်မသာလျှင် အသိဆုံးဖြစ်နေသည်။





“ကိုင်း. . . အတုန့်အလှည့်တဲ့ ငယ်ထွေးရေ၊ ဂိုရမ်းကိုတိုးတိုးတိတ်တိတ်နဲ့ တောင်ငူဖိုးဆန်းပဲလှော်နဲ့ ငှက်ပျောခြောက်ထုတ် ပို့ခိုင်းလိုက်ရအောင်”

ဆယ့်ရှစ်နှစ်ဟူသော အရွယ်သည် တကယ့်မနူးမနပ်အရွယ်ပါပဲ။ လောကကြီးကို စိန်ခေါ်တာလက်တည့်စမ်းချင်သော အရွယ်ဖြစ်၍ ဂိုရမ်းရှိရာသို့ တိတ်တိတ်ခိုးဆင်းပြီး လက်ဆောင်ပို့ခိုင်းသည်။

ထိုသို့ပို့ခိုင်းလိုက်မှ နောက်နေ့အဆောင်မှူး၏ ခေါ်ကျိန်းမှုကို ခံလိုက်ရသည့်အဖြစ်။

“လေကုန်မှာစိုး၍ တောင်ငူသူမ မမခါတုကလျာက ဖိုးဆန်းပဲကြီးလှော်နှင့် ငှက်ပျောခြောက်ထုတ်နဲ့ အာဟာရဖြည့်တင်းပေးတဲ့အတွက် ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါတယ် ခင်ဗျား”တဲ့. . .။

သီဟ၏ အာချောင်မှုကြောင့် တောင်ငူသူဖြစ်သော ရှင်လွန်းနှင့်ငယ်ထွေး၏လက်ချက်ဆိုတာ မီးထွန်းရှာစရာမလိုပဲ သိသွားကြလေသည်။

“စေတနာနဲ့လည်း ပေးရသေးတယ်၊ ဝေဒနာဖြစ်သွားတယ်. . တော်ပြီ နောက်ကို ဘယ်တော့မှ ပို့မပေးတော့ဘူး”ဟု ကျွန်မထက်ဦးအောင် ငယ်ထွေးက ကျိန်းဝါးခဲ့လေရာ သီဟက ပြတဲရယ်မောရင်း. . .

“ဖိုးဆန်းပဲလှော်ကျွတ်ကျွတ်ရွရွလေး အရမ်းကြိုက်သွားပြီ နောက်ဆိုရင် ဘာမှဖော်ကောင်မလုပ်တော့ပါဘူး၊ ဒါပေမယ့် ဘာဆိုတိုင်း ပို့ပေးပါနော်”



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆို ပီပါလိုက် လျှောင်ထားပေးရမလိုတောင် ဖြစ်နေပြီ"

ထိုနေ့မှအစပြု၍ ငယ်ထွေးနှင့် သီဟာသည် ရင်းနှီးမှုပို သွားခဲ့သလို အောင်နှင့်ကျွန်မသည်လည်း အပြုံးချင်းဖလှယ်မိ ရာမှ သူတကာထက်တော့ အောင့်ကို သီးခြားအသိအမှတ်ပြု ထားလိုက်မိသည်မှာ အမှန်ပင်။







# အခန်း [ ၄ ]

ကံ့ကော်ကို နှစ်သက်စွာပန်ဆင်တတ်သော ကျွန်မအား ကံ့ကော်ပွင့်ချိန်တွင် နံ့နက်မိုးသောက်ယံတေးကို သီဆိုတတ် သော ဥဩငှက်ငယ်နှင့်အတူ ဂိုရမ်းမှတဆင့် ကံ့ကော်ပန်းစည်း ဆောက်နေတတ်သည်။ အောင်၏ဝီရိယကောင်းမှုကို ကျွန်မအသိ အမှတ်ပြုရင်း ကျွန်မရင်ခုန်တတ်လာခဲ့သည်။ နေ့စဉ်လိုလို ဦးချစ် ခိုင်၌ ထမင်းစားချိန်ကို ရောက်လာတတ်သော အောင့်အား. .



www.burmeseclassic.com

www.burmeseclassic.com



"အောင်တို့ ပရက်တီကယ်တွေ ဘာတွေမရှိဘူးလား"

"ရှိတာပေါ့၊ အောင် လွန်းအနားရောက်မလာတဲ့နေ့ဟာ အောင်မအားလို့ပဲ မှတ်လိုက်ပါ"

ရိုးသားစွာ တွေ့ဆုံခဲ့ကြသည်။ ထိုတွေ့ဆုံမှုတွင် မျှော်လင့်ချက်တစ်ခုက ပါရှိသည်။ ရယူပိုင်ဆိုင်လိုသော အချစ်ကိုတော့ အောင်ရည်ရွယ်ကာ ကျွန်မအပေါ်သို့ ချဉ်းကပ်ခဲ့ခြင်းဆို တာကို ကျွန်မသိနေလျက်နှင့် ကျွန်မအောင့်ကို လိုက်လျော သည်။

ထိုလိုက်လျောမှုတွင် ကျွန်မအောင့်ကို လေ့လာခြင်း ပါဝင်ခဲ့သည်။ အောင် ကျွန်မကိုချစ်မြတ်နိုးစွာ ချဉ်းကပ်ခြင်းဟု ကျွန်မ ယုံကြည်လာသည်။

"အောင်ပေးတဲ့ ကုံကော်ပန်းလေးတွေ ပန်လာတဲ့အ တွက် ကျေးဇူးတင်တယ်"

"ကျွန်မက ကုံကော်ပန်းကြိုက်တာကိုးအောင်ရယ်. . . အောင်မပေးလည်း ရအောင်ဝယ်ပန်မှာပဲ၊ ဒါပေမယ့် အောင်က အမြဲပို့ပေးတော့ ကုံကော်ပန်းသည်ကို စောင့်ရတဲ့အချိန်ကုန် သက်သာမှုရယ်၊ ငွေကုန်သက်သာမှုရယ်အတွက်တော့ အောင့် ကို ကျွန်မကျေးဇူးတင်ပါတယ်"

"ရှင်လွန်းက ဥပဒေကျောင်းသူလို့ မပြောရဘူး၊ စကား တတ်တယ်"

"ထင်လို့ပါ ကျွန်မအိမ်မှာ တစ်နေ့လုံးနေလို့ စကားတစ် လုံးမှတောင် မပြောတဲ့အခါတောင်ရှိတယ်"

"ဘယ်အခါလဲ"





"အမေနဲ့ ရှင်ထွေးကို စိတ်ကောက်နေတဲ့အခါပေါ့"

"ဩော်"

တရုတ်စကားပန်းနဲ့ပေါက်ပြီး ကျွန်မကိုအောင်က ကျီ လိုက်သည်ကိုပင် ကျွန်မကကျေနပ်သွားပြီး. . .

"ကျွန်မကုံကော်ပန်းမရှိတဲ့အချိန်မှာ ဘယ်ပန်းကို ပန် ထင်သလဲအောင်"

"ဘယ်သိမလဲ"

"ဒီမှာလေ. . အမှန်တော့ သူဟာ တရုတ်စကားပန်းမ ဟုတ်ဘူး အကျော်ပန်းပါ၊ တရုတ်စကားပင်ပန်းက ဝါနှစ်နှစ်နဲ့ သုတ်စားလို့ကောင်းတယ်၊ ဒီပန်းကပိုလှတယ်၊ ပန်လို့လည်း ကောင်းတယ်၊ သူ့ကိုလည်း တရုတ်စကားပန်းလို့ပဲခေါ်ကြတယ်၊ ဒီ ပန်းကို အောင်ရှာပေးဖို့အတွက်တော့ မခက်ခဲဘူး ထင်တယ်"

"အိမ်မှာလည်း ရှိတယ်"

"တောင်ကြီးအိမ်မှာလား၊ ရန်ကုန်အိမ်မှာလား"

မိဘတွေက တောင်ကြီးမှာနေကြသည်။ ရန်ကုန်မှာ လည်း အိမ်ရှိသည်။ ဇာတိကတော့ မန္တလေး၊ ကျွန်မအောင်၏ အမျိုးရိုးကိုလည်း မသိချင်၊ သိအောင်လည်း မကြိုးစား။

အသက်အရွယ်အားဖြင့်လည်း ငယ်ရွယ်သေး၍လား မသိ ချစ်ခြင်း၌ နှလုံးသားကိုစွာကိုသာ ရှေ့တန်းတင်သည်။

"အောင်" ကျွန်မကို ချစ်မြတ်နိုးတာ၊ တန်ဖိုးထားခြင်း၊ ရည်ရွယ်ခြင်းတစ်ခုတည်းကိုပင် ကျွန်မအတွက်လုံလောက်သော ဘဝလက်တွဲနိုးအဖော်မွန်အဖြစ် ကျွန်မရွေးချယ်ရန် ဆုံးဖြတ်လိုက်သည်။

"အိမ်တိုင်းမှာရှိတယ်၊ အလှစိုက်လို့ကောင်းတယ်၊ အရိပ်

www.burmeseclassic.com

www.burmeseclassic.com



လည်းရ ပန်းလည်းပွင့် လှလည်းလှတယ်မှတ်လား၊ အဲ့ဒီ အရိုး
ပန်းကိုတော့ အောက်ကောက်မလာပေးတော့ဘူး၊ ရှင်လွှန်းတို
အဆောင်မှာလဲ ရှိနေတာပဲ”

“ဟင့်အင်း အောင်ပေးတဲ့ပန်းပဲ ပန်ချင်တယ်ဆိုရ
ကော”

“အိုကေ ဒါဆို အောင်ပေးတဲ့ပန်းကလွဲပြီး ဘယ်ပန်း
မပန်ရဘူးနော်၊ အောင်ပေးမယ့် ထောင့်ငါးရာမေတ္တာပန်း
ကော. .”

ကျွန်မကို ပရိုပို့စ်လုပ်ထားသော ယောကျ်ားတစ်ဦး
နေနှင့် အခါအခွင့်သင့်တိုင်း၊ အငိုက်ဖမ်းကာ အဖြေတောင်းလိ
မည်ကို ကျွန်မကြိုတင်မျှော်လင့်ပြီးသား ဖြစ်သည်။

“အဲဒါက တန်ဖိုးကြီးတယ်လေ ရာသက်ပန်မနွမ်းတဲ့ပ
ဆိုတော့ စွန့်ပစ်ဘို့ရခဲယဉ်းတယ်၊ ဒါကြောင့် အချိန်ယူ စဉ်းစ
နေရတာ”

“ရှင်လွှန်းကို အောင်အနိုင်ပေးပါတယ်၊ စဉ်းစားပါ.
အောင် စိတ်ရှည်ပါတယ် ”

အမှန်ဆို အောင်နှင့်ကျွန်မ မိုးနှင့်မြေပမာ ကွာခြားလွ
လှသည်။ အောင်သည် အတော်ချမ်းသာကြွယ်ဝသော အသို
အဝန်းမှ ပေါက်ဖွားလာသူ၊ ကျွန်မက သာမန်ဈေးသည် အသို
အဝိုင်း သာမန်လက်လုပ်လက်စား အသိုင်းအဝိုင်းမှ ရိုးသ
ကြိုးစားပြီး ပညာတတ်ဖြစ်အောင် ရုန်းထွက်နေသူဖြစ်သည်

သို့သော် ချစ်ခြင်းမေတ္တာနှင့် ဒါတွေမဆိုင်ဘူးဟု ကျွ
ခပ်ပေါ့ပေါ့တွေးခဲ့သည်။ အောင် ကျွန်မကိုချစ်သည်။ ကျွ





ာလည်း အောင့်ကိုချစ်သည်ဟု ထင်ခဲ့သည်။ ကျွန်မ၏ စိတ်ကူး
ယဉ်ထဲကို ပထမဆုံးဝင်ရောက်လာသောယောကျ်ား. . ၊ တိတိ
ကျကျဆိုရလျှင် ကျွန်မကို ဆွဲဆောင်နိုင်သော ယောကျ်ားတစ်ဦး
အနေဖြင့် ကျွန်မအောင့်ကို ချစ်နေခြင်းသာလျှင် ဖြစ်လိမ့်မည်။

ထို့ကြောင့် အောင်ကဆရာဝန်ဖြစ်၍ ကိုယ့်ခြေထောက်
ပေါ်ကိုယ်ရပ်နိုင်ချိန်၊ ကျွန်မကလည်း ဥပဒေဝန်ထမ်းတစ်ဦး
အနေဖြင့် တာဝန်ထမ်းဆောင်ရင်း နှစ်ယောက်တစ်ဘဝ တည်
ဆောက်ကြမည်။

ဒါကိုပဲ ကျွန်မခေါင်းထဲမှာရှိသည်။ အိမ်ထောင်တစ်ခုမှာ
ိသားနှစ်စု ဆွေမျိုးအသိုင်းအဝိုင်းနှစ်ခု ပေါင်းစပ်ခြင်းဟု ကျွန်မ
မသိခဲ့ရိုးအမှန်ပင်။

“စိတ်ရှည်တဲ့အောင့်အတွက် ကျွန်မဖွဲ့ဆုတော့ချသင့်
ါတယ်လို့တော့ တွေးထားပါတယ်”

“ရှင်လွှန်းက လူတစ်ဖက်သားကို ကလိတတ်တယ်နော်”

“ထင်လို့ပါ အောင်”

“ကိုင်း. . အောင်သွားမယ်၊ ပရက်တီကယ်ရှိသေးတယ်၊
ညနေလာခဲ့ဦးမယ်”

အောင်ထွက်သွားရာတွင်. . ငေးကြည့်ရင်း ကျန်ရစ်ခဲ့
သည်။ အောင်နှင့်ပတ်သက်၍ ကျွန်မကြာရှည်စွာနေနိုင်တော့
မည်မဟုတ်ချေ။ ပထမနှစ်ကုန်ခါနီး၌ စတင်သိကျွမ်းပြီး၊ ဒုတိယ
နှစ်အရောက်တွင် အတွဲတွဲဖြစ်ခဲ့သော်လည်း ချစ်သူစုံတွဲမျိုး
မဟုတ်၊ သူငယ်ချင်းအတွဲမျိုးသာဖြစ်ခဲ့သည်။

အောင့်အသိုင်းအဝိုင်းကို လေ့လာဖို့မကြိုးစားပဲ အောင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ လေ့လာခဲ့သည်။ အောင်သည် အေးဆေးတည်ငြိမ်သေ
ယောကျာ်းတစ်ဦးဖြစ် သည်။ ကျွန်မအပေါ်၌ ဂရုတစိုက်ရှိသ
ဒါနဲ့တင်လုံလောက်ပြီလား။

ငယ်ထွေး ကျွန်မနံဘေးသို့ ပြန်ရောက်လာသည်။ သီ
လည်း ပြန်သွားပြီဖြစ်၍ ငယ်ထွေးကျွန်မနား ပြန်ရောက်လာ
ဖြစ်သည်။ ဖော်မိုးက ဒီနှစ်ပိုင်းတွင် လိုက်ပါလာခြင်းမရှိ
ညဘက်တစ်ခါတစ်ရံ သီချင်းလာဆိုသည့်အခါတော့ ပါ
သည်။

"နင်တို့ အခြေအနေ ဘယ်လိုလဲ"

ငယ်ထွေးက ကျွန်မနားပူးကပ်ထိုင်ရင်း မေးလိုက်သ

"ဒီလိုပါပဲ"

"အောင်လတ်ကို စဉ်းစားစရာလိုလို့လား"

"လိုတာပေါ့ သူစိတ်ကအေးဆေးတည်ငြိမ်တယ်
သက်နေတဲ့ကန်ရေပြင်ဟာ ကြောက်စရာကောင်းတယ်လို့ ဆို
တယ်၊ သူကစကားနည်းတော့ သူ့အစ္စိတ္တကို ငါဖမ်းယူလို့
သေးတာ အမှန်ပဲ"

"အောင်လတ်က အေးတာပါ. . ၊ လူအေးဆိုတော့
ကောင်းဘူးလား"

"ကောင်းပါတယ်၊ ဒါပေမယ့် မရှိမပဋိပက္ခပဲ ကော
တယ်လေ"

"နင်ကတော့လေ ဖိုးတိုင်းကြိုက်တဲ့နှင်းဆီခိုင်ကြီး ကို
လက်ထဲ ရောက်နေတာတောင် တွေဝေနေသေးတယ်"

"ငါ့ကိစ္စထားပါ နင်နဲ့သီဟကိစ္စကကော လူကြီးတွေ



ပြီလား"

"သီဟက သူ့မိဘကိုတောင် ပြောပြထားပြီးပြီ၊ မိဘတွေ
က နားလည်မှုရှိကြတယ်၊ ကျောင်းပြီးရင် စေ့စပ်ပေးမယ်ပြော
တယ်"

"နင် ကံကောင်းမှာပါ"

ဘာကြောင့်များ ကျွန်မရင်ထဲ အချစ်ရေးနှင့်ပတ်သက်
၍ လေးလံနေရမှန်းမသိ။ တွေဝေနေသည်။ ချစ်လျက်နှင့်မြိုသိပ်
ထားမိသည်။ အမှန်စင်စစ် ချစ်ခြင်းကို ကျွန်မနားမလည်နိုင်သေး
၍ တွေဝေခြင်းလည်းဖြစ်မည်။

"ဟယ်. . ဟိုမှာ မမငွေး ကြည့်စမ်း ဟိုကောင်လေးက
ဖတ်(စ်)ရီးယားကမှတ်လား"

ငယ်ထွေးက တအံ့တသြရေရွတ်မှ ငယ်ထွေးပြသော
မြင်ကွင်းကို ကျွန်မတွေ့မြင်လိုက်ရသည်နှင့် စိတ်ထဲ၌ မမငွေးအ
ပေါ် အထင်သေးကာ ရွံမုန်းသွားမိသည်။

"ဟိတ်. . ကြည့်မနေနဲ့ မိတ်ဆက်ပေးလို့ ရှိပြခက်နေ
အုံးမယ် စာငုံ့ဖတ်နေရအောင်"

ကျွန်မဘာကြောင့် အသက်ကြီးကြီး မိန်းမတစ်ယောက်
နှင့် အသက်ငယ်ငယ်ယောကျာ်းတစ်ယောက် အတွဲကိုကြည့်မရ
ခဲ့ရသနည်း။

"ဘာဖြစ်သလဲ မဟာဉပဒေကျမ်းပြုနေတဲ့ မမကြီးမငွေး
နဲ့ ဉပဒေကျောင်းသားသစ်လေးရဲ့ဇာတ်လမ်းပေါ့၊ ငါတို့ မမကြီး
လည်း ဒီချာတိတ်နဲ့တွေ့မှ ချာန်လျောတော့တာပဲ၊ လူတွေပြော
ပြောနေကြတာ ဒီနေ့မှပဲတွေ့ဖူးတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ငယ်ထွေးကို ကျွန်မမတုန့်ပြန်နိုင်တော့။ ကျွန်မအတွေးတို့သည် အမေ့ထံသို့ ပြန်ရောက်သွားခဲ့သည်။





## အခန်း ( ၅ )

"လာလေကြီးကြီး"

"ညည်းအမေရှိလား"

"မရှိဘူး ဆိုင်ထွက်တယ်လေ"

"အေး.. . သိတယ် မတော်တဆရှိများ ရှိနေသေးသလားလို့ ညည်းတို့ညီအစ်မအတွက် ဆုလာချတာ"

ကျွန်မသိတတ်စအရွယ်ကစတင်၍ ကျွန်မအမေ၏

www.burmeseclassic.com

www.burmeseclassic.com



မာနနှင့် ကျွန်မအမေ၏ အမျိုးများမာနကို ကျွန်မနားမလည်စွာဖြင့် တွေ့မြင်ခဲ့ရသည်။

ကျွန်မအမေဒေါ်ရှင်သည် အသက်နှစ်ဆယ့်ရှစ်နှစ်၌ သူ့ထက်ဆယ်နှစ်ငယ်သော ကျွန်မအဖေနှင့် လိုက်ပြေးခဲ့သည်။ စက်ချုပ်လုပ်ငန်းနှင့် အထည်ရောင်းချခြင်းဖြင့် အသက်မွေးပြီး အငယ်ဆုံးသမီးဖြစ်သော ကျွန်မမိခင်ဒေါ်ရှင်ကိုမူ အထည်ဆိုင် ဖွင့်ပေးထားသည်။ ထိုစဉ် ဆယ်တန်းမအောင်ဘဲ မိဘလုပ်စာဖြုန်းတီးကာ သောက်စားမူးယစ်နေသော ကျွန်မဖခင် ကိုလွှန်းမောင်နှင့် လိုက်ပြေးခြင်းကို ဘယ်သူမှသဘောမတူဘဲ ဖြစ်ထားလိုက်ကြသည်။

ကျွန်မဖခင်ဘက်က သူ့သားဆိုးသားမိုက်လျှော့ပွါးသွားခြင်းအတွက် နတ်အိုးပဲ့ပျောက်ဆုံးသွားသလို ဝမ်းသာအားရဖြစ်ကြလေသလားမသိ။ ပြန်အပ်ရန်ဝေးစွ၊ လိုက်လံရှာဖွေခြင်းလည်းမပြု ပစ်ထားကြသည်။

ကျွန်မအမေဒေါ်ရှင်က အသက်အရွယ်က ရင့်ကျက်ခြင်းကြောင့် ချက်ခြင်း ပါလာသောလက်ဝတ်လက်စားရောင်းချ ရေတာရှည်ဘက် မြို့သစ်ပိုင်းဈေးသက်သာသော အိမ်လေးတစ်လုံးငှားပြီး ဈေးထဲ၌ပင် မုန့်ဟင်းခါးဆိုင်လေး ထွက်ခဲ့သည်။ ရေတာရှည်မြို့ရှိ အမေ့သူငယ်ချင်းဒေါ်နီက ကူညီပေးခဲ့သည်။

ကျွန်မအမေစိတ်ဖြင့် ကျွန်မအဖိုးနှင့်အဖွား ရှေ့ဆင့်နောက်ဆင့် ဆုံးခဲ့သည်။ ကျွန်မအဖေကတော့ သောက်သောက်စားစား လူမင်းသားဘဝနှင့် ဘာအလုပ်မှမလုပ်ခဲ့၊ သို့နှင့် ကျွန်မကော ရှင်ထွေးရောကို အမေမွေးပြီးချိန်၌ ကျွန်မအဖေသည်



သောက်သောက်စားစား လူမင်းသားဘဝနှင့် မိန်းမကိုနှိပ်စက်၍ အားမရ၊ နောက်ထပ် ဆယ်ကျော်သက်ရွယ် မိန်းကလေးတစ်ယောက်နှင့် လိုက်ပြေးသွားသောအခါ ကျွန်မအမေသည် ရေတာရှည်မှာနေ၍ ဇာတိတောင်ငူမြို့သို့ ခြေပြန်ချသည်။

ကျွန်မအဖေဘက်ကအဖိုးက မသေခင် ကျွန်မတို့ ညီအစ်မအတွက်ရည်စူးကာ တောင်ငူကန်လမ်း၌ အိမ်တစ်လုံးကို အမေ့နာမည်နှင့် လွှဲပြောင်းပေးခဲ့သဖြင့် ကျွန်မတို့သားအမိသုံးယောက် အခြေမပျက်နေခဲ့ကြသည်။ အမေက တောင်ငူဈေးကြီးထဲ၌ မုန့်ဟင်းခါးဆိုင်ထွက်ခဲ့သည်။ ကျွန်မအဖေကို ဓာတ်ပုံကလွဲ၍ ကျွန်မ မမြင်တွေ့တော့။

ကျွန်မ ငါးတန်းနှစ်မှာပင် နောက်မိန်းမလက်ထဲ၌ အဖေဆုံးသွားခဲ့သည်ဟုသိရသည်။ နောက်မိန်းမ ငယ်ငယ်နှင့်ကျတော့ အဖေသည် အဝေးပြေးကားမောင်းကာ ရှာဖွေကျွေးမွေးခဲ့သည်တဲ့။ အရက်တော့မပြတ်၊ ထိုအရက်ကြောင့် မူးပြီး ကားမောင်းရာက ကားအက်စီဒင့်နှင့် ဆုံးသွားရခြင်း ဖြစ်သည်။

အမေဘက်က ကြီးကြီးဒေါ်ကြင်က အမေ့ကို စိတ်နာသော်လည်း ကျွန်မတို့ညီအစ်မကိုမူ စိတ်မပြတ်၊ သူ့အထည်ဆိုင်မှ ပေါ်ဦးပေါ်ဖျား အထည်ဆန်းလေးများရောက်လျှင် ကျွန်မတို့ထံ လာပို့တတ်သည်။

အမေနှင့်မူ ထိပ်တိုက်ရင်ဆိုင်ခြင်းမရှိ။

"ဒင်းကြောင့် . . ဒင်းစိတ်နဲ့ အဖေနဲ့အမေဆုံးရတာ"

"ကိုယ့်ထက် ဆယ်နှစ်လောက်ငယ်တဲ့ကောင်ကိုများ ယူရတယ်လို့၊ ကြီးရင်မှိုငယ်ရင်ချိုတဲ့ ဒီလောက်ဖူးမှုတ်ပြီး ချိထား

www.burmeseclassic.com

www.burmeseclassic.com



တာတောင် ရလို့လား၊ ညည်းတို့လည်းမှတ်ထား. . အိမ်ထောင်သွားမွေးပြုရတဲ့ မိန်းမတွေဟာ ယောကျ်ားတွေထက် အိုတာမြန်တယ်၊ ဒါကြောင့် ကိုယ်ထက်ငယ်တဲ့လူများတော့ စိတ်ကူးထဲမထည့်နဲ့. . လင်မရှားပါဘူးအေ၊ ရွယ်တူတောင် သိပ်မစဉ်းစားနဲ့၊ ကြီးရင်မှီရတယ်၊ ခုကြည့်စမ်း ညည်းတို့ဘကြီး ကျုပ်ဘာလုပ်လုပ် ကျုပ်သဘောကြီးပဲ"

ကြီးကြီးကြင်၏ ဩဝါဒခပ်ကြမ်းကြမ်းသည် ကျွန်မတို့ညီမနှားကို စွဲခဲ့လေသည်။ ငယ်စဉ်ကတည်းက မှုံမှုံနှင့် အမေ့ကိုနှိပ်စက်တတ်သော အဖေ့ကို ကိုလူချောတစ်ယောက်ဟု ဘယ်သူတွေကပြောပြော ကျွန်မတို့မမြင်၊ အဖေသည် ကျွန်မတို့ ညီအစ်မအတွက် ကြောက်စရာကောင်းသော လူကြမ်းတစ်ဦးဖြစ်ခဲ့သည်။

ကျွန်မတို့ညီအစ်မအစွဲ၌ ဘယ်သောအခါမှ ကျွန်မတို့ထက် အသက်ငယ်သောယောကျ်ားကို မယူဟူသောအစွဲကသန္နေတည်ခဲ့လေသည်။

"ဘာမှလည်း မပါပါလား"

"ပါမလားအေ့ အထုပ်ကြီးထက် တန်ဖိုးရှိတယ်၊ ညည်းဆယ်တန်းအောင်တော့ တက္ကသိုလ်သွားမယ်ဆို"

"ဟုတ်ကဲ့ ဥပဒေတွဲ့ယူပြီး ဥပဒေဝန်ထမ်းလုပ်ချင်လို့"

"ကောင်းပါတယ်၊ ဒါတွေ ကြီးကြီးကကြိုမြင်ပြီးသား. .၊ ဒါကြောင့်. . ရော့ ဒါကြီးကြီးအပျိုဘဝက ပန်ခဲ့တဲ့ စိန်နားကပ်လေ"

"ဟင်"

"ရှေးစိန်ဆိုတာ တန်ဖိုးရှိတယ်၊ ကြီးကြီးက သားပဲမွေး





တော့ ချွေးမတွေရတယ် စိတ်တိုင်းမကျလို့မပေးဘူး၊ ဟောဒါက ညည်းညီမလေးအတွက်ဆွဲကြိုး၊ သူ့ကို ကြိုးမဆင်ရသေးဘူးဆို"

"ဟုတ်ပါတယ်ကြီးကြီး အိမ်ပြင်ဆောက်လိုက်လို့ ငွေနည်းနည်းကုန်သွားတယ်၊ ဒီနှစ်ဆယ်တန်းဆိုတော့ သူ့စရိတ်ကရှိသေးတယ်၊ ဆယ်တန်းအောင်မှ ဆင်မယ်လို့ အမေကပြောတယ်"

"ဒီပြင့်ဟာဆင်ပါစေ၊ ရော့. . ညည်းပဲသိမ်းထားလိုက်၊ ညည်းအတွက် သံသေတ္တာအသစ်တစ်လုံးတောင် ငါမှာထားသေးတယ်၊ ရမှလာပို့ခိုင်းလိုက်မယ်. . ဒါပါပဲ. .၊ ညည်းကို ငါတစ်ခုပဲမှာချင်တယ်၊ တက္ကသိုလ်တက်တယ်ဆိုတော့ နယ်ပေါင်းစုံက လူပေါင်းစုံနဲ့ ဆုံဆည်းရမှာပဲ၊ အိမ်ထောင်ဘက်လည်း အဲ့ဒီမှာရွေးပါ၊ ညည်းအမေလိုတော့ အရွေးမမှားစေနဲ့နော်"

"ကြီးကြီးကလည်း ဒါပဲပြောနေ"

ကျွန်မ ရှက်ကိုးရှက်ကန်းပြောလိုက်ခြင်းကို ကြီးကြီးက ဟောဟောဒိုင်းဒိုင်းပင်. . .

"ဒါ ရှက်စရာအလုပ်မဟုတ်ဘူး"

"ပညာလာသင်ကြားတာဆိုတော့ ဆယ်တန်းတော့အောင်ပြီးသားပဲ၊ ညည်းအဖေထက်တော့သာပြီ၊ ပြီးရင်သောက်စားကင်းသလားကြည့်ပြီးရင် ရိုးသားသလား၊ လက်ကြောတင်းရဲ့လား၊ ကြွားဝါတတ်သလား ဒါတွေကြည့်ရမယ်၊ အထူးသဖြင့်မှာချင်တာက အသက်အရွယ်ပဲ၊ ကိုယ့်ထက်များတော့ မှောင်လို့တောင် မငယ်စေနဲ့ ညည်းအဖေကိုကြည့်"

အဖေဟူသော အရိပ်ကြီးက ကျွန်မဘဝကို ဘယ်အထိ



www.burmeseclassic.com

www.burmeseclassic.com



များ စိုးမိုးနေလိမ့်မည်ကို ကျွန်မ မသိခဲ့။

"အနီးအနားမှာ ကိုယ့်အတွက် ဘဝသင်ခန်းစာက ရှိနေပြီ၊ လင်ကို မင်းသားလိုကြော့အောင်ထားပြီး ခါးချိအောင် ရှာဖွေပေးတဲ့ မယားကြီးကိုပြစ်ပြီး သူ့ထက်ငယ်တဲ့ မယားငယ်ကိုကြတော့ လုပ်ကျွေးပြီး ဖူးဖူးမှုတ်ထားတာလေ"

"တော်ပါတော့ ကြီးကြီးရယ်၊ ရှင်လွန်းမကြားချင်တော့ပါဘူး"

ကျွန်မအတွက် ကြီးကြီးကြင်နဲ့တွေ့တိုင်း မရိုးနိုင်အောင် ကြားနေရတော့ အဖေ့မကောင်းကြောင်း ဓာတ်ပြားဟောင်းကြီးကို နားဆင်ရလွန်း၍ ဟုန်သွားထုံသွားလိမ့်မည်မဟုတ်၊ အသစ်တဖန်ဖြစ်ကာ ရင်မှာထိရှနာကြင်နေရဆဲပင်။

"မကြားချင်လို့မရဘူး ရှင်လွန်း၊ ညည်းက တနယ်ကျေးကို သွားနေမှာဆိုတော့ မကြာခဏ သတိပေးမယ့်လူမရှိဘူး ဖြစ်နေတယ်"

"စိတ်ချပါကြီးကြီးရယ်၊ ရှင်လွန်းမိဘနှစ်ပါးဟာ ရှင်လွန်းအတွက် နမူနာယူစရာပါ၊ ရှင်လွန်းလေ ငယ်တဲ့ယောက်ျားမပြောနဲ့ ရွယ်တူဆိုရင်တောင် စဉ်းစားဦးမှာ၊ ကြီးကြီးလိုပဲ အနည်းဆုံး ကိုယ့်ထက်ငါးနှစ်လောက်ကြီးတဲ့လူကို ယူမှာ"

"ခွေးမ. . မယူဘူးလို့ မပြောဘူး၊ အပျိုကြီးလုပ်မှာလို့များ တစ်ခါတလေပြောပါဦးလား"

ကြီးကြီးကြင်က ကျွန်မခေါင်းကို ချစ်စနိုးပုတ်ပြီး ကျီစယ်လိုက်သည်။

"မပြောပါဘူး လုပ်မှမလုပ်ဘဲ၊ ရတာမလိုတဲ့ အပျိုကြီး





မမတွေ ဇိဇာကြောင်တယ်ဆိုတဲ့ အပြောမျိုးကို ကျွန်မမခံနိုင်ဘူး"

"အို. . ပြောလေထဲက ပျောက်သွားတာပါ၊ အရေးကြီးတာက ကိုယ့်ဘဝအေးချမ်းသာယာဖို့ပဲအဓိကပဲ ကြီးကြီးပြောတာဒါမှတ်ထား. . ကြီးရင်မှီ ငယ်ရင်ချီတဲ့"

"မှတ်ထားပါတယ်. . ၊ ရှင်လွန်းရင်ထဲကကို အဲ့ဒီ အစွဲအလန်းကရှိပြီးသားပါ၊ ရှင်လွန်းဘယ်တော့မှ ကိုယ့်ထက်ငယ်တဲ့ ယောက်ျားကိုလည်းမယူဘူး အားကိုးအားထားမပြုရဘဲ ကိုယ်ကလုပ်ကျွေးရမယ့် ကိုယ်ကဦးဆောင်ရမယ့်ဆိုတဲ့ ယောက်ျားမျိုးလည်း ဆောရီးပဲ သိလားကြီးကြီး"

"အေးပါ. . . အပြောနဲ့လက်တွေ့ ညီပါစေ၊ မရွှေရှင်လွန်းရယ်. . ကိုင်းပြန်မယ်"

ကြီးကြီးကြင်ကို ခြံဝအထိလိုက်ပို့ပေးလိုက်သည်။ အသင့်စောင့်ခိုင်းထားသော ဆိုက်ကားပေါ်သို့ သူ၏ ဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ကြီးကို အတွင်းဖိကာပ်သွင်းပြီး ထိုင်လိုက်သည်နှင့် ဆိုက်ကားသမား တအားစိုက်နင်းပြီး တရွေ့ရွေ့ထွက်သွားလေသည်။

ကြီးကြီးကြင် ဆိုက်ကားကို မျက်စိတဆုံးငေးကြည့်နေစဉ်မှာပင် မေမေနှင့်ရှင်ထွေး အိုးခွက်ပလုံးများ တင်ဆောင်လာသော ဆိုက်ကားနှစ်စီးနှင့် ပြန်ရောက်လာသည်။

ကြီးကြီးကြင်က ညီမဖြစ်သူကို သမင်လည်ပြန်ကြည့်သော်လည်း. . အမေကတော့ အစ်မဖြစ်သူကို ယောင်၍ပင်မကြည့်။ အမှားလုပ်ခဲ့တာ အမေပင်။

အစ်မများက အမေ့ကို စိတ်နာသော်လည်း မပြောနိုင်ကြပါ။ အမေကသာ ဝန်ချတောင်းပန်မည်ဆိုလျှင် ညီအစ်မတွေ



www.burmeseclassic.com

www.burmeseclassic.com

စုစုဝေးဝေးနှင့် သိုက်သိုက်ဝန်းဝန်းနေထိုင်သွားကြရုံသာ ရှိသည်။

"နင့်ကြီးတော်လာသွားတယ်မှတ်လား ရှင်လွန်း"

"အမေတွေ့လိုက်တယ်မှတ်လား၊ ဒီလမ်းမှာ ကြီးကြီး လာစရာဆိုလို့ ရှင်လွန်းတို့အိမ်ပဲရှိတာကို"

အမေက ဘာမှမပြောဘဲ ပက်လက်ကုလားထိုင်၌ ခြေပစ်လက်ပစ် ထိုင်ချသည်။ နောက် ဆေးလိပ်ထိုင်ဖွာလေတော့သည်။ ကျွန်မနဲ့ရှင်ထွေးသည် ပစ္စည်းများကို အဖော်ခေါ်ထားသော ကောင်မလေးအား ကူချပေးလိုက်သည်။ ကောင်မလေးက အိုးခွက်ပန်းကန်များကို တိုက်ချွတ်ဆေးကြောလေတော့သည်။

"အမေ"

"ဘာတုံး"

"ဒီမှာ ကြီးကြီးက ရှင်လွန်းကိုပေးသွားတာ"

ကျွန်မက ကြီးကြီးပေးသော ပစ္စည်းနှစ်ခုကို ထုတ်ပြလိုက်သည်။ အမေက သာမန်ရှုန်ကာသာကြည့်လိုက်ပြီး

"ပေး. . ဝတ်ပေါ့"

"ရှင်ထွေးအတွက်က ဆွဲကြိုးတဲ့၊ အမေသိမ်းထားလိုက်"

"မသိမ်းချင်ဘူး ညည်းပဲသိမ်းလိုက်"

"အမေကလည်း ကိုယ့်အစ်မတွေက ဒီလောက်လိုက်လျှောနေတာတောင် ကိုယ့်မိဘအိမ်ကို ခြေဦးမလှည့်ဘူးနော်၊ တကယ်တော့ ကြီးကြီးတို့က အမေ့ကိုစိတ်ပြေနေပါပြီ"

" တော်စမ်း ရှင်လွန်း မိကျောင်းမင်းရေခင်းမပြနဲ့နော်"

ကျွန်မနှင့်အမေသည် တစ်ခါတစ်ရံ အမေနှင့်သမီး





တစ်ခါတစ်ရံလည်း အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်လို နေကြသည်ဖြစ်ရာ ကျွန်မအမေ့အပေါ်၌ ကြောက်ရွံ့ရိုသေခြင်းထက် ချစ်ခြင်းကသာပိုများသည်ဖြစ်ရာ. . .

"မဟုတ်ပါဘူး အမေရယ်၊ စောစောက အမေတို့ ဆိုက်ကားနှစ်စင်းဆိုပြီး ကျော်ခိုင်းသွားတဲ့အချိန်မှာ ကြီးကြီး အမေ့ကိုသည်း လည်ပြန်အောင်ကြည့်ရှာတာ သနားပါတယ်"

"ဘာသနားတာလဲ ရှင်လွန်း၊ ဘာသနားစရာရှိလဲ. . အမေမျက်နှာတစ်သက်မကြည့်ချင်ပါဘူး သေတာတောင် ငါတို့အသုဘလိုက်မပို့ရဘူးဆိုတဲ့ အစ်မတွေကို ငါသနားရမှာလား"

"အမေကမှားခဲ့တာပဲ၊ အမှန်ဆို အမေကတောင်းပန်သင့်တာ၊ အမေ အဖေ့လို လူပေါ်ကြော့ကိုယူခဲ့တာကိုက အမေမှားတာ"

အမေသည် ပြောင်းဖူးဖက်လိပ်ဆေးပေါ့လိပ်ကြီးကို ဖွာရှိုက်လိုက်ရင်း ကျွန်မအား မမြင်ဖူးသော သူစိမ်းတစ်ဦးပမာ ခပ်စိမ်းစိမ်းကြည့်နေပြီးမှ. . .

"အမေမှားတယ်ထားပါ သမီးသာမမှားပါစေနဲ့၊ အဖေဘာအဖေပဲ ညည်းဘာမှမပြောနဲ့"

အမေသည် စကားနည်းသူဖြစ်သည်။ အလုပ်ကိုတော့ သည်းမညည်းလုပ်တတ်လေသည်။ တစ်ခါတစ်ရံတော့ ပီသလေးနှင့်ဘေားပစ်တတ်သူမျိုး ဖြစ်သည်။

"သမီးက ဘာဖြစ်လို့မှားရမှာလဲ၊ ကျွန်မဘယ်တော့မှ အလုပ်အကိုင်မရှိတဲ့ ကိုယ်ထက်လည်းငယ်တဲ့လူကို မယူဘူး၊ အမေတို့ဟာ သမီးအတွက် သင်ခန်းစာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သင်ခန်းစာဆိုတာ ယူတတ်ရင်ကောင်းပါတယ် သမီး
အေး. . အပြောတော့မကြီးနဲ့ ဝဋ်ဆိုတာ လည်တတ်တယ်သမီး"

"ဘာဝဋ်လည်စရာရှိလဲအမေ၊ အချစ်ဆိုတာ လူကဖ
တီးတာပါ၊ အချစ်ကိုဗန်းပြပြီး ကိုယ့်ဘဝကို ဇွတ်နှစ်ပစ်မယ့်အ
လုပ်မျိုး သမီးတစ်သက်မလုပ်ဘူး"

"အင်း. . . အမေညည်းကို ဘာမှထပ်မပြောချင်ဘူး
ညည်းက ရှေ့နေလုပ်ချင်တဲ့လူဆိုတော့ ခုထဲက အမိထက်သမီး
တစ်လကြီးချင်နေပြီ၊ အမေပြောချင်တာတစ်ခုပဲရှိတယ်၊ အမှာ
တစ်ခုလို့မြင်ရင် ကိုယ့်ဖာသာ ဆင်ခြင်သုံးသပ်ပြီး ကိုယ်မဖြစ်
အောင် ကြိုးစားပါ"

အမေက အေးအေးဆေးဆေးပြောလာသည်ကို ကျွန်မ
က အမေဆင်ပေးထားသော ရွှေဖူးနားကပ်ကိုချွတ်ကာ စိန်ခြယ်
နားကပ်လေးကို ရွှေ့ပြောင်းပန်ဆင်လိုက်သည်။ အမေက ကျွန်မ
အား ဆက်၍. . .

"ဝဋ်ဆိုတာလည်တတ်တယ် တစ်ခါတစ်ရံ အကျိုးပေး
မြန်ပုံများ တမလွန်ဘဝအထိတောင် မစောင့်ဘူး၊ လက်ငင်းဘဝ
ကို လည်တော့တာပဲ၊ ဒါကြောင့်. . စကားကို တရားလက်လွတ်
မပြောနဲ့သမီး"

မှန်ထဲ၌ စိန်နားကပ်ရောင်ကြောင့် ပါးပြောင်လာသော
ကျွန်မက မိမိရုပ်သွင်ကိုကြည့်ကာ ကျေနပ်မိသည်။

အမေက ကျွန်မအား ဆက်၍. . .

"စကားနောက်တရားပါ အစစအရာရာဆင်ဆင်ခြင်
ခြင် ပြောဆိုနေထိုင်ကျင့်ကြံပါ သမီးရယ်"





စကားဆုံးသည်နှင့် အမေကထပြီး မီးဖိုဘက်ဝင်သွား
လေသည်။ ရှင်ထွေးက. . .

"မလွှန်းကလည်း စကားကို အရမ်းအရမ်းစွတ်ပြောတာ
ပဲ၊ အမေစိတ်ထိခိုက်သွားပြီထင်တယ် မျက်နှာမကောင်းဘူး"

"မှန်တာပြောတာပဲ. . တကယ်ဆို အမေကကြီးကြီးနဲ့
ကြီးမျှင်ကို တောင်းပန်ပြီး ပြန်ဝင်သင့်တယ်"

"အို. . မလွှန်းကလည်း အမေစိတ်ချမ်းသာသလို နေပါ
စေ၊ အမေဘာအမှားလုပ်ခဲ့လုပ်ခဲ့ အမေကြောင့် ထွေးတို့ဘဝ
မှာ ဘာပူပင်ကြောင့်ကြစရာလိုလို့လဲ"

ကျွန်မသည် ရှင်ထွေးလောက် မလိမ္မာသူဖြစ်ခဲ့လိမ့်
မည်။ ထိုစဉ်က ကိုယ့်ကိုယ်ကိုယ် မသိခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [ ၆ ]

"ရှင်လွန်း"
"အင်"
"ငါပြောတာကြားလား"
" င်ဘာပြောလိုက်တာလဲ"

မမြေးနှင့်သူထက် လေးငါးခြောက်နှစ်ခန့်ငယ်မည်ဟု ထင်သော ချာတိတ်နှင့်အတွဲကို တွေ့မြင်ရပြီးနောက် ကျွန်မ



အတွေးတို့သည် အတိတ်သို့ သမင်လည်ပြန်ရောက်ရှိသွားသဖြင့် ငယ်ထွေးပြောတာကို မကြားလိုက်ချေ။

"သြော်. . အချစ်မှာမျက်စိမရှိဘူး ဆိုတဲ့စကားရှိတာပဲ၊ နောက် အချစ်မှာလည်း အရွယ်မရှိဘူးလေ ဖူးစာကံအကြောင်း ဖန်လာရင် သိကြားမင်းဖျက်တောင် ပျက်နိုင်ပါဘူးရှင်. . ဆိုတဲ့ စကားလည်း ရှိတာပဲ"

"ဒါ လူမတန်ကံချပါ၊ အဓိက စိတ်ပါပဲ ဘဝတစ်ခုလုံး လက်တွဲရမယ့်အဖော်ကို အချစ်တစ်ခုတည်းနဲ့ ကြည့်ရုံနဲ့မလုံ လောက်ဘူး၊ သူ့အရည်အချင်း အရည်အသွေးကိုပါ လေ့လာ သင့်တယ် အားကိုးအားထား မပြုနိုင်တဲ့ လူတစ်ယောက်ကို ဘာ ဖြစ်လို့ အိမ်ဦးနတ်အဖြစ်ကိုးကွယ်ရမှာလဲ"

"ရှင်လွန်း နင်က အချစ်ကို ဦးနှောက်နဲ့တွက်တာပဲ"

ကျွန်မလက်မခံချင်ပါ။ မဟုတ်နိုင်. . ကျွန်မအောင့်ကို နှလုံးသားနဲ့ကြည့်ပြီး ချစ်ခဲ့တာပါဟု. . ကျွန်မကိုယ်ကျွန်မ အ ကြောက်အကန် ငြင်းလိုက်မိသည်။

"မဟုတ်ပါဘူး၊ ဟုတ်မှတော့. . အောင့်လိုလူကို ငါဒီ လောက်အထိ အချိန်ဆွဲထားပါ့မလား၊ ငါနှလုံးသားနဲ့ အောင့်ကို ချစ်ကြည့်နေတာပါ"

စကားနောက် တရားပါသွားခဲ့လေပြီ။ ကျွန်မသည် အောင့်ကို ဦးနှောက်နှင့် အရင်ကြည့်ပြီးမှ နှလုံးသားနှင့် ဆုံးဖြတ် တာဖြစ်နေလေပြီ။

"နင့်ကိုတော့ ငါဘာမှမပြောချင်ဘူး၊ ဒါပေမယ့် အောင် သတ်ကတော့ သိဟာကို စိုးရိမ်စကားနဲ့ ရင်ဖွင့်လာတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"နင်ကသိပ်လှတော့ ဝိုင်းဝိုင်းလည်နေတဲ့သူတွေများတယ်၊ ဒီကြားထဲ သူ့ကိုထားရစ်ခဲ့ရင် သူ့စိတ်ကိုသူ ထိန်းနိုင်ပါ့မလား မသိဘူးလို့ပြောတယ်တဲ့"

ကျွန်မ ခနဲ့ရယ်လိုက်မိသည်။ ယောကျ်ားတန်မဲ့စိတ်ကို ထိန်းချုပ်နိုင်စွမ်းမရှိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။

"ပျော့ညံ့လိုက်တာ"

တဒင်္ဂကျွန်မအတွေး၌ ကျွန်မအဖေကို ပြေးမြင်မိသည်။ ကျွန်မအဖေသည် ပျော့ညံ့သူဖြစ်၍ စိတ်အလိုလိုက်ကာ ပျက်စီးရသူဖြစ်သည်။ အောင့်ကိုလေ့လာဖို့ လိုသေးသည်။

"အောင်တို့အရက်သောက်တတ်ကြသလား၊ သီဟကို မေးကြည့်ဘူးလား"

"သောက်တတ်တယ် တခါတရံပါတီပွဲတွေ ဘာတွေမှာတော့သောက်တယ်၊ သီဟလည်း သောက်တာပဲ"

"ဟင်"

ကျွန်မရင်ထဲ လက်မခံချင်အောင်ဖြစ်သွားသည်။

"နင်လက်ခံသလား"

"ဘာဖြစ်သလဲ. . မစွဲရင်ပြီးတာပဲ သီဟက နားလည်တယ်၊ ဘယ်အရာမဆို တတ်ထား သိထားရုံလေးလောက်တော့ စမ်းသပ်ကြည့်တယ်၊ မကောင်းမှန်းသိရင် စွန့်လွှတ်တယ်တဲ့၊ သူတို့အုပ်စုတစ်စုလုံးက ဒီအတိုင်းပဲ"

"အောင့်ကို ဒီကိစ္စမဆွေးနွေးမိဘူး"

"ဒီတစ်ခါဆွေးနွေးကြည့်ပေါ့. . အောင်တို့က အတော်





ချမ်းသာတယ်လို့ သီဟကပြောတာပဲ"

"သူ့မိဘချမ်းသာတာ သူချမ်းသာတာမှမဟုတ်ပဲ၊ အဲ့ဒါ အရေးမကြီးပါဘူး သူ့ရဲ့စာရိတ္တပဲ အရေးကြီးတယ်"

"ကိုင်း. . လာ. . ပြန်ကြရအောင်၊ တော်ကြာ. . ညနေ ...ောင်း ကိုရွှေစည့်သည်တို့က ရောက်လာဦးမယ်၊ ပြန်နား ရေချိုး ...မင်းစားရဦးမှာ ရှိသေးတယ်"

ကျွန်မရင်ထဲ ဘဝင်မကျမှုများနှင့် အတူထပြန်ခဲ့ကြ ...ည်။ ဝိဇ္ဇာအဆောက်အဦးဘက်မှသည် မာလာနှင့် သီရိ ...ာင် အနောက်ဘက်သို့သွား၍ရသော စကြံအတိုင်းပြန်လာ ... ထိုနေရာလေးတွင်ပင် ကျွန်မအားစောင့်ကာ စာပေးဖို့ ကြိုး ...သော အမျိုးသားများနှင့် ကြုံရသေးသည်။ လိမ္မာစွာ ငြင်း ...ယ်ခဲ့လိုက်သည်။

"ကျွန်မမှာ ချစ်သူရှိတယ် ရှင်ငရဲကြီးလိမ့်မယ်" ဟု. .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၇ )

"ကန်မလေး စာလာတယ်"

"ရှင်လွှန်းလား"

"ဟုတ်တယ်"

ကျွန်မဝမ်းသာအားရ စာကိုလှမ်းယူကာ စာအိတ်ပေါ်မှ လက်ရေးကိုကြည့်လိုက်သည်နှင့် ရှင်ထွေးစာဟု အတတ်သိ လိုက်သည်။





စာမလာသည့် ငယ်ထွေးကတော့ အတန်ငယ်ညှိုးနွမ်း သွားသည်။ ဒါကလည်း အဆောင်သူတို့ထုံးစံပင်၊ မိဘအရိပ် အောက် ခိုလှုံနေထိုင်စဉ်၌ မိဘတန်ဖိုးကို သိရကောင်းမှန်းမသိ သော်လည်း မိဘနှင့်ခွဲခွာနေသောအခါ၌ မိဘတန်ဖိုးသိကြရ သည်။

ကျွန်မအတွက်တော့ အမေ့အိမ်နှင့် အမေ့မေတ္တာသည် လုံခြုံမှုအပြည့်ရှိကြောင်းကို အမေနှင့်ခွဲနေရသောအခါမှ သိလာ ခဲ့သည်။

အမေသည် ကျွန်မအတွက် မျက်နှာမငယ်ရအောင်. . သူဌေးသမီးတစ်ဦးပမာ အဝတ်အစားမထပ်ရအောင်ရှင်း၊ အ ဝတ်အစား၊ အစားအသောက် အခက်အခဲမဖြစ်စေရန် ကြော် လှော်များရှင်း၊ ငွေကိုရှင်း၊ လူကြုံရှိလျှင်ရှိသလို ပို့ပေးတတ်သည်။

အဆောင်အခန်းထဲရောက်သည်နှင့် လွယ်အိတ်ကို စားပွဲပေါ်တင် လူက ကုတင်ပေါ်လှဲချလိုက်သော အလုပ်ကို တစ်ပြိုင်နက်လုပ်လိုက်ပြီး စာကို ဖောက်ဖတ်လိုက်သည်။

"မလွှန်း"

*ဒီစာကို အမေမသိအောင် ထွေးခိုးရေးလိုက်တာ၊ အမေ ကတော့ အဝေးတနေရာမှာ ပညာရှာနေတဲ့ သူ့သမီးကြီးကို ဘာ မှအသိမပေးရဘူး၊ ခေါင်းရှုပ်သွားမယ်၊ သောကဝင်သွားရင် စာ ပျက်သွားရှာပါမယ်ဆိုပြီး မိခင်မေတ္တာနဲ့ မလွှန်းကို အသိမပေးဖို့ ထွေးကိုတားထားရှာတယ်၊ ဒါပေမယ့် မလွှန်းရယ် ထွေးလည်း ဉာဏ်မှီသလောက်တော့ မိသားစုဆိုတာ ဆိုးတိုင်းပင်၊ ကောင်း*



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင် ရှိသင့်တယ်ထင်တယ်၊ မလွန်းသိသင့်တယ်လို့ ထွေး ထင်တယ်၊ ဒါကြောင့်. . ထွေးအမေတားမြစ်ထားတဲ့ကြားက အမေမသိအောင် မလွန်းကို အသိပေးလိုက်တာ"

ပြီးခဲ့တဲ့လက အမေမေ့လဲသွားလို့ ဆေးရုံတင်လိုက်ရ တယ် စစ်ဆေးမှုတွေ အစုံလုပ်တော့ အမေ့မှာရောဂါနှစ်မျိုး သွားတွေ့တယ် တစ်မျိုးကအဆုပ်၊ အဆုပ်မှာ(Spot )လေးတွေ တွေ့တယ်၊ ဆေးစားရမယ်၊ ဆေးလိပ်ဖြတ်ရမယ်တဲ့၊ နောက်တစ် မျိုး နှလုံးရောဂါပဲ၊ နှလုံးရောဂါနဲ့ဆက်သွယ်ပြီး သွေးတိုးပါရှိနေ တယ်လို့တော့ ထွေးသိလိုက်ရတယ်"

ဆရာဝန်ကြီးကမှာလိုက်တယ်၊ စိတ်ချမ်းသာအောင် ထားပါတဲ့၊ ဆေးလိပ်ကို တဖြေးဖြေးချင်း ဖြတ်ပါစေတဲ့။ အမေ ကို အသိမပေးချင်ပေမယ့် အမေက ဘယ်သူ့ကို မေးလိုက်သလဲ မသိဘူး သိနေတယ်၊ ထွေးကို မလွန်းကို အသိမပေးဖို့ပဲ အတန် တန်မှာတယ်။

ကိုင်း စိတ်ညစ်စရာသတင်းပြောပြီးရင် ဝမ်းသာစရာ သတင်းပြောရဦးမယ်။

အမေ့သတင်းလည်းကြားတော့ ဆေးရုံကို ဘယ်သူ တွေ ရောက်လာတယ်ထင်သလဲ၊ ကြီးကြီးနဲ့ကြီးမျှင်လေ၊ အမေ မာနမကြီးနိုင်တော့ဘူး သူ့အစ်မတွေကိုတောင်းပန်တယ်၊ အစ်မ တွေက နဂိုကတည်းက ခွင့်လွှတ်ပြီးသားဆိုပြီး ပြေလည်စွာ ပေါင်းစည်းကြတယ်။

အမေတို့ ညီအစ်မသုံးဦးပိုင် အိမ်ကြီးကို ကြီးကြီးက ပြန်အမ်းပေးပြီး ကြီးမျှင်နဲ့အမေကိုပေးတယ်။ အမေ့ကို ဆိုင်





မထွက်ဘဲ နားနေဖို့ပြောပေမဲ့ အမေကလက်မခံဘူး မနက်ပိုင်း တစ်ပိုင်းတော့ ရအောင်ထွက်တယ်။

ခု ဆေးရုံကဆင်းပြီး တစ်ပတ်နားတယ်၊ ဒါပေမယ့် ခု တော့ ဆိုင်ပြန်ထွက်နေပြီ မလွန်း၊ ထွေးလည်း ကျေးတောမှာ ပို့စတင်ကျလို့ နေ့ချင်းပြန်ပဲသွားတယ်မလွန်း၊ အမေကတော့ သူ့ရတဲ့အမွေကို ဘဏ်ထဲ ထွေးတို့ ညီအစ်မနှစ်ယောက်နာမည် နဲ့ထည့်ထားလိုက်တယ်။

ထွေး ကျောင်းပိတ်ရက်မှာတော့ အမေ့ကို အနားပေး ပြီး တစ်နေ့လုံးထွက်တယ်၊ အမေကနေကောင်းရင် တစ်နေ့လုံး ပဲ ပြန်ထွက်မှာပဲတဲ့၊ မလွန်းရေ စပါးရောင်းပြီးရင် မလွန်းသုံးချင် ရာသုံးဖို့ အမေက ငွေပို့ဦးမယ်တဲ့၊ ခုတော့ အမေ့ကိစ္စနဲ့မအား လို့ လူကြုံတွေတောင် မရှာမိလို့ ဘာမှမပို့ဖြစ်ဘူး။ အမေ့ကိုတော့ ပို့လိုက်ပါတယ်လို့ လိမ်ပြောထားရတယ်။

မလွန်း. . ထွေးဘာကြောင့် ဒီစာရေးတယ်ဆိုတာကို သဘောပေါက်နားလည်လိမ့်မယ် ထင်ပါတယ်၊ အမေ့အခြေအ နေကို မသိချင်ဟန်ဆောင်နေပေးပါ၊ ဒါပေမယ့်တစ်ခုခုတော့ အမေ့အတွက် မျှော်လင့်ချက်တွေနဲ့ ရှင်သန်နေစေချင်တယ်၊ မလွန်းကို မေမေက အရမ်းအားထားတယ်လို့ ထွေးထင်တယ် ကျောင်းပိတ်သုံးလေးရက်ဆက်သာရှိရင် ပြန်လာခဲ့ပါဦးလား။

ဒါပါပဲ မလွန်း

သတိရလျက်. . .

ညီမ ရှင်ထွေး



www.burmeseclassic.com

www.burmeseclassic.com



စာအဆုံး၌ . . ရစ်ဝဲလာသော မျက်ရည်များကို မျက်တောင်ခတ်ကာ သိမ်းဆည်းလိုက်သည်။ အမေ့ကိုပင်မေ့၍နေသည်၊ ထူးထူးခြားခြား ဒီနေ့မှ သတိရသည့်အဖြစ်၊ သတိရတာတောင် မိဘအပေါ်အပြစ်တင်လိုစိတ်က ပါနေပါလား။

ဘုရား . . . ဘုရား . . .

အမေသာ တစ်စုံတစ်ခုဖြစ်ခဲ့လျှင် . . .

ထိုအတွေးတို့က ကျွန်မ၏ခိုင်မာလှသော မျက်ရည်တာကျိုးစေသည်။

"ဘာဖြစ်တာလဲ ရှင်လွန်းရယ်"

ငယ်ထွေးစကားကို မတုန့်ပြန်နိုင်၊ လွှတ်လပ်စွာပင် ခေါင်းအုံးနှင့် မျက်နှာအပ်လိုက်မိသည်။ ဘုရား . . ဘုရား . . အမေ့အပေါ် ကျွန်မ မနှောက်၊ ဝစီကံကော ပြစ်မှားမိသလား။

အမေသာ မိခင်၊ အမေသာလျှင် ဖခင်အဖြစ်နှင့် ကျွန်မတို့ညီအစ်မ လူတလုံးသူတလုံး ဖြစ်ခဲ့ရသည်။

"မရှင် တောင်ငူမုန့်ဟင်းခါး" ဟူသော နာမည်တစ်လုံးနှင့် အမေသည် ကျွန်မတို့ကို လူတန်းစေ့ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ အမေ၏ချစ်ခြင်းမေတ္တာကို ကျွန်မပြက်ရယ်ပြုခဲ့မိသည်။

"အမေရယ်"

"နေကောင်းသွားပြီပဲ ရှင်လွန်းရယ် ဒါငိုစရာလား"

"ဒါတော့ဒါပေါ့ . . ဒါပေမယ့် အမေဟာ ငါတို့အတွက် ဆေးဘိုးကို ချွေတာမှာစိုးရတယ်၊ ငါအဆောင်မှူးကို ခွင့်ပန်ပြီး ခဏပြန်ချင်တယ်ဟာ"

မျက်ရည်သုတ်ပြီး ငယ်ထွေးကို အလောသုံးဆယ်ပြောမိသည်။

"စာမေးပွဲနီးနေပြီပဲ၊ ပြီးရင်ပြန်ကြမယ်"

"သွားလိုက်ချင်တယ်၊ ဒီသောကြာညသွားပြီး တနင်္လာပြန်လာရင်ကော"

"နင်သွားပြီဆိုတော့ ဒေါ်လေးသိသွားမှာပေါ့ ကောင်းနေပြီပဲ၊ ငါ့စကားနားထောင်စမ်းပါ။ လိုအပ်တဲ့ ဆေးတွေအောင့်ကို မေးမြန်းပြီး ဝယ်သွားတာပေါ့"

ကျွန်မ ခေါင်းအေးအေးထားကာ စဉ်းစားကြည့်သည်။ အမေသည် အပြစ်ရှိသလား။ ကျွန်မတို့အပေါ်၌ အင်မတန်တာဝန်ကျေသော စံပြမိခင်တစ်ယောက်ပါ။ ဒါကိုသိလျက်နှင့် အမေ၏လင်သားအပေါ် ချစ်စိတ်ခွင့်လွှတ်စိတ်တို့ကို . . ဘာကြောင့်များ ကျွန်မ မကျေမနပ်ဖြစ်ခဲ့ရတာလဲ။

"ဘာပဲဖြစ်ဖြစ်ဟာ ငါသောကြာနေ့ညရထားနဲ့ပဲ ပြန်မယ်၊ ကျူတိုရီရယ်ရှိနေလို့ မရှိရင် ခုတောင်ပြန်ချင်တယ် အမေနဲ့ ထွေးကို ငါနှစ်သိမ့်မှုပေးချင်တယ်"

ငယ်ထွေးကသက်ပြင်းချသည် အကြောမာသောကျွန်မအပေါ် ဖြောင့်ဖျ၍မရမှန်း သူသိထားသဖြင့် . . .

"ပြောမရလဲသဘောပဲ တောင်ငူကို ရောက်မယ့်အချိန်လည်း ကြည့်ဦး၊ ည ဆယ့်တစ်နာရီကျော်"

"ဘာဖြစ်လဲ ကိုယ့်မြို့ကိုယ့်ရွာပဲ ဆိုက်ကား၊ မြင်းလှည်းသမားတွေအားလုံး မသိတဲ့လူခပ်ရှားရှား၊ ဘူတာမှာလည်း အသိတွေရှိတာပဲ၊ ငါဆုံးဖြတ်ပြီးပြီ အောင့်ကိုရထား လက်မှတ်ဝယ်ခိုင်းလိုက်တော့မယ် "





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"သဘောသဘော. . ကိုင်း. . မျက်ရည်ခမ်းသွားရင်လည်း ထတော့၊ ရေချိုးမယ်"

"နင်ပဲသွားချိုးတော့"

"ကိုယ်တော်တွေလာတော့မှာ"

"ငါ ဆင်းမတွေ့တော့ဘူး"

"ဟင်. . ဘာဖြစ်လို့"

ကျွန်မ၌ တခါထရံ ဆန်းပြားသော အတွေးစတို့ ဝင်ရောက်တတ်သည်။ ကျွန်မအမေ့ကို မေ့နေခဲ့သည်။ အောင်နှင့်တွေ့ဆုံနေရခြင်းက ကျွန်မအတွက် ဆွေမေ့မျိုးမေ့ ဖြစ်နေတတ်တာလား၊ ပထမနှစ်အပြီး ကျောင်းပိတ်ရက်အိမ်ပြန်စဉ် ကျွန်မအောင့်ကို တမ်းတမ်းတတလွမ်းဆွတ်ခြင်း မရှိခဲ့ပါ၊ ခင်မင်သိကျွမ်းရုံသက်သက်လောက်နှင့်တော့ အလွမ်းဓာတ်တို့ ကျွန်မ၏ရင်တွင်းစိတ် ဖြစ်ထွန်းလိမ့်မည် မဟုတ်ဟုထင်သည်။

"ဘာဖြစ်လို့လဲဆို ဖြေလေရှင်လွန်း"

"ဘာမှမဖြစ်ပါဘူး. . . အမေ့အကြောင်း ရှင်ထွေးအကြောင်း တွေးနေချင်တယ်၊ အောင့်ကို နောက်နေ့မှတွေ့မယ့်အကြောင်း ပြောလိုက်ပါ"

ကျွန်မ အောင့်၏ခံစားမှုကို သိချင်လာသည်။ အောင်ကျွန်မကိုချစ်တာ ကျွန်မ၏ရုပ်ဆင်းသဏ္ဍာန်အလှအပကိုပဲလား။ ကျွန်မဘဝ ကျွန်မမိသားစုအရေးကို အောင်လက်တွဲ ဖြေရှင်းနိုင်ပါ့မလား။

"နင်ကတော့လေ တစ်ဖက်သားကို ညှင်းဆဲဖို့ဆိုရင် ပေါက်ပေါက်ရှာရှာကို စဉ်းစားတတ်တယ်"





"ငါဘာညှင်းဆဲလို့လဲ"

"အောင်က နင်ဆင်းမလာဘူး၊ နင်သောကရောက်နေတယ်ဆိုရင် သူလည်းခံစားရမှာပဲ၊ မျောက်မီးခဲကိုင်မိသလို ဖြစ်နေမှာ မြင်ယောင်သေးတယ်"

"ညလည်း သိချင်းလာမဆိုနဲ့တော့၊ စိတ်ငြိမ်ဆေးတစ်ပြားလောက်သောက်ပြီး အိပ်လိုက်တော့မယ်လို့ပြောလိုက်ပါ"

"အေး. . ပြောရမှာက ငါ့ဝတ္တရားပဲ"

ငယ်ထွေက ရေချိုးခန်းဘက်သို့ ထွက်သွားလေတော့သည်။ ကျွန်မ ရှင်ထွေးစာကို ဒုတိယအကြိမ်ထပ်ဖတ်လိုက်သည်။

ရှင်ထွေးသည် ကျွန်မထက်လိမ္မာသည်၊ ဆယ်တန်းအောင်သည်နှင့် တောင်ငူဆရာအတတ်သင်သိပ္ပံ၌ မူလတန်းဆရာဖြစ် တစ်နှစ်သင်တန်းတက်သည်။ သင်တန်းဆင်းပြီးတာနှင့် မူလတန်းပြဆရာမအဖြစ် တောင်ငူမြို့နယ်အတွင်းမှာပင် အလုပ်ပြန်ရသည်။

နေသားကျမှ စာပေးစာယူ (ထိုခေတ်က စာပေးစာယူသည် ယခုခေတ်အဝေးသင်နှင့် အတူတူပင်ဖြစ်သည်)ကို တက်တော့မည်ပြောသည်။ ထွေးသည်ဆယ်တန်း၌ ဂုဏ်ထူးနှစ်ခုဖြင့် အောင်မြင်ခဲ့သူဖြစ်သည်။ နေ့ကျောင်းတက်ဖို့ အမျိုးတွေကပြောပေမယ့် လက်မခံခဲ့၊ အမေနဲ့ နီးနီးနားနားသာ နေချင်သည်ဆိုသည်။

ရှင်ထွေးလိုအတွေးမျိုး ကျွန်မ မဝင်ခဲ့ပါလား။ ရှင်ထွေးတာ အငယ်ဖြစ်ပေမယ့် ကျွန်မထက်လိမ္မာသည်။ အမေ့အပေါ်သိတတ်နားလည်သည်။ ကျွန်မသာလျှင် တစ်ကိုယ်ကောင်းဆန်



www.burmeseclassic.com

www.burmeseclassic.com



သော မိန်းမတစ်ယောက်ဖြစ်နေပါလား။

ကျွန်မ ထွေးစာကို တယုတယပြန်ခေါက်ထည့်ပြီး ဒိုင်ယာရီထဲ၌ ညှပ်ကာ သိမ်းဆည်းလိုက်သည်။ အသိတရားတစ်ခု ခုဝင်လာပြီဆိုလျှင် တရားကိုရှာဖွေပြီး ပြုပြင်သင့်သည်ဟု ကျွန်မ တွေးမိသည်။ ကျွန်မ အမေ့အတွက် တစ်ခုခုတော့ လုပ်ပေးသင့်သည်။







## အခန်း [ ၈ ]

"ဟင်. . အောင်ပါလိုက်လာတယ်"

ကျွန်မကို ရထားပေါ်အထိလိုက်ပို့ပြီးတော့ သွားစရာရှိသည်ဟုဆိုကာ ဆင်းသွားသောအောင်သည် ရထားထွက်ပြီးမကြာခင် ကျွန်မဘေးက ပိုင်ရှင်မဲ့ခုံတွင် လာရောက်ဝင်ထိုင်ရှေသည်။

ကျွန်မအံ့ဩဝမ်းသာသွားသည်။ အောင် ကျွန်မကို မခွဲ



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင်ချစ်နေပါလား ဟူသောအသိက ကျွန်မရင်ကို နွေး
ထွေးစေသည်။

"ဒါပေါ့. ."

"ဟင်. . ညဘက်ကြီး ယောကျ်ားလေးတစ်ယောက်နဲ့
အတူ ပြန်လာတာတွေ့ရင် အမေတို့တော့ လန့်သွားမှာပဲ"

"ဘာဖြစ်လို့လဲ"

အောင့်ကသိလျက်နှင့် တမင်ပြုံးစစနှင့်မေးသည်။

ကျွန်မနှုတ်တို့သည် "သူ့သမီး ယောကျ်ားခိုးလာတယ်
ထင်ပြီး လန့်သွားမှာပေါ့" ဟူသောစကားကို ပြောမထွက်ရဲ။

"အလကားစတာပါလွှမ်းရာ၊ အောင့်ဘွားဘွား နေမ
ကောင်းလို့ အောင်ကိုတွေ့ချင်တယ် ဖုန်းဆက်လို့. . အောင်
မန္တလေးပြန်မှာ လွှမ်းအတွက်လည်း ညဘက်စိတ်ချအောင် ရှင်
ထွေးဆီ အကြောင်းကြားပြီးသား"

"ဟင်. . . အောင်က ကျွန်မအတွက် လိုလေသေးမရှိ
စီစဉ်ပေးတာပဲ ကျေးဇူးတင်ပါတယ်အောင်"

ကျွန်မ အောင့်အပေါ် ကျေနပ်မိသည်။ ကျွန်မသည်
ကိုယ့်ချစ်ကိုမရှာ၊ သူ့ချစ်ကိုပဲ ရှာဖွေရွေးချယ်လိုက်တာပဲ ကောင်း
တော့မည် ထင်သည်။ အောင် ကျွန်မကို အရိပ်တကြည့်ကြည့်
ချစ်နေခြင်းအပေါ် ကျွန်မကျေနပ်ကာ သာယာမိသည်။

ဒါဟာ အချစ်လားဟု လွဲမှားစွာတော့ ကျွန်မမတွေးပါ
သို့သော်. . အောင် ကျွန်မကို ချစ်သည်ဟုတော့ ကျွန်မလက်ခံ
သည်။

"ကိုယ့်ချစ်ကိုမရှာနဲ့ သူ့ချစ်ကိုပဲရှာ၊ အဲ့ဒါမှ ကိုယ့်အ





တွက် ကံကောင်းတဲ့ အိမ်ထောင်ရေးကို တည်ဆောက်နိုင်မှာ
ဟူသော ကြီးမျှင်၏စကားကလည်း ကျွန်မနားသို့ သံမှိုစွဲခဲ့လေ
သည်။

ရန်ကုန်-မန္တလေး အဆန်အထူးအမြန်ရထား၏ အ
ဆက်တန်းတွဲတစ်နေရာတွင် ကျွန်မနှင့်အောင် အတူတကွ ယှဉ်
တွဲထိုင်ရင်း အမေနဲ့ပတ်သက်၍ သူ့ဆရာဝန်ကြီးကို မေးလာ
သောဆေးများကို ညွှန်ကြားပြသရင်း. . .

"အဲဒီမှာ အမေ့ကို ကုသနေတဲ့ ဆရာဝန်ကြီးကိုလည်း
ပြကြည့်လိုက်ပါဦး၊ သူကျေနပ်လက်ခံမှ သုံးစွဲနော်. . လွှမ်း"

"အမေတဲ့ သူ့အမေလဲ မဟုတ်ဘဲနဲ့" ကျွန်မ၏ကျီစယ်
မှုက ရေလာမြောင်းပေးစကားဖြစ်သွားလိမ့်မည်ဟု ကျွန်မကြို
တင် မသိခဲ့ရိုးအမှန်ပင်။

"လွှမ်းအမေဟာလဲ အောင့်အမေပဲပေါ့၊ ယောက္ခမဆို
တာလဲ ကိုယ့်မိဘလိုပဲဆိုးမကြတာတွေ လွှမ်းမကြားဖူးဘူးလား"

"ဟင့်အင်း"

"မကြားဖူးရင် အခုကြားဖူးပြီးသွားပြီ၊ လွှမ်းမှတ်ထား
လိုက်တော့ပေါ့ကွာ"

"အောင်"

"ဘာလဲလွှမ်း"

"ကျွန်မကို မမေးတော့ဘူးလား"

အောင်က ကျွန်မကို ငဲ့စောင့်ကြည့်ကာ အဖြေရှာသည်။

"ဘာမေးရမှာလဲ"

"ကိုင်းကွာ ရှုပ်တယ်၊ အောင် မေးမေး မမေးမေး ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဖြေတော့မယ်၊ ကျွန်မအောင့်ကို ချစ်သူအဖြစ် အသိအမှတ်ပြု
လိုက်ပြီသိလား"

မာနကင်းစင်သော အောင်က. . .

"ဟာ. . တကယ်. ."

ဝမ်းသာအားရစွာပင် ကျွန်မလက်ကို ဆုပ်ကိုင်ကာ. .

"လွန်း တကယ်ပြောနေတာလား"

"ကျွန်မ မုသားမသုံးတတ်ဘူး အောင်"

"ဝမ်းသာလိုက်တာ လွန်းရယ် ချစ်သူဖြစ်ခြင်းအထိမ်း
အမှတ်နေ့လေး ကျင်းပချင်လိုက်တာ"

(ထိုစဉ်က ချစ်သူများနေ့ အထိမ်းအမှတ်ပွဲက ခုခေတ်
လောက် ခေတ်မစားသေး)

သူ လိုချင်သောအရုပ်ကို ရရှိလိုက်၍ ပျော်မြူးနေသော
ကလေးတစ်ဦးပမာ ပြုံးရွှင်နေရှာသည့် အောင့်ကို အမှတ်တ
တစ်ခုခုပေးချင်သည်။ ဘာပေးရမှန်းမသိ။

အောင်က တစ်စုံတစ်ခုကို ရှာဖွေနေသည်။ ထူးဆ
ဖွယ်ရာတော့ ဟုတ်မည်မထင်။ အောင်က လေးထောင့်ကဲ့တ္တီ
ဗူးလေးကို ဖွင့်လိုက်သည်။

အရည်အသွေးကောင်းမွန်သော ကျောက်စိမ်းလေ
ကတ် တစ်ခုကိုတွေ့လိုက်ရသည်။

"လွန်းရဲ့ကြိုး ဖြုတ်ပေးကွာ"

"ကျွန်မမလိုချင်ဘူး အောင်"

ချစ်သူထံမှ လက်ဆောင်ယူခြင်းမျိုးကို ပြုလုပ်သင့်
သင့် ကျွန်မ စဉ်းစားရသေးသည်။ ကျွန်မကို ဒီကိစ္စနှင့်ပတ်သ





၍ အမေကလည်း သင်မပေးလိုက်၊ ကြီးကြီးတို့တဖွဖွ ပြောဆို
ဆုံးမသော ဩဝါဒစကားတွင်လည်း မပါဝင်ချေ။

"ချစ်သူဆိုတဲ့ စကားရဲ့အနက်အဓိပ္ပါယ်ဟာ လေးနက်
တယ် သာခြင်း၊ နာခြင်း၊ အားနာခြင်း၊ စိမ်းကားခြင်းတွေမပါဝင်
ရဘူး ထင်တယ်"

အောင်စကားတတ်လိမ့်မည်ဟု ကျွန်မမထင်ခဲ့။

"အောင့်ကို စိတ်ကူးယဉ်ဆန်လွန်းတယ်ပဲပြောပြော. .
အောင် လွန်းကို ချစ်ရေးဆိုပြီးတဲ့နေ့မှာပဲ လွန်းအတွက် ရည်စူး
ပြီး ဒီလော်ကတ်လေးကို စိတ်တိုင်းကျလုပ်ခဲ့တာ ချစ်သူစဖြစ်တဲ့
နေ့ အထိမ်းအမှတ်အဖြစ် ရည်စူးခဲ့တာ၊ အောင့်ရဲ့ဆန္ဒကို လွန်း
ငြင်းရက်တဲ့ အင်အားရှိရင် ငြင်းပယ်ခွင့်ရှိပါတယ်"

အောင်နဲ့ ကျွန်မ သူစိမ်းတွေမှမဟုတ်ကြပဲ၊ အောင်၏
ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ချစ်သက်လက်ဆောင်ကို
ကျွန်မ မငြင်းရက်ပါ။ ကျွန်မ ကြိုးလေးဖြုတ်ပြီး အောင့်လက်ထဲ
ထည့်ပေးလိုက်သည်။ ကျွန်မကြိုး၌ လော့ကတ်မရှိ၊ အမေ ဆင်
ထားသောဒင်္ဂါးကို ရှင်ထွေးထံ၌ အပ်နှံသိမ်းထားခဲ့ပြီး ကြိုးချည်း
သာဆွဲထားသော ကျွန်မအတွက် အောင်၏ ကျောက်စိမ်းလော့
ကတ်သည် အသင့်နေရာ ရသွားလေသည်။

ကျွန်မကြိုး၌ လော့ကတ်မရှိခြင်းကို အောင်သတိပြုကာ
ကြိုတင်စီမံထားခြင်းဖြစ်မည်။

"အောင်ဆွဲပေးရမလား"

"ဆွဲပေးလေ"

ရထားတွဲ၌ အိပ်သူအိပ်၊ စာဖတ်သူဖတ်၊ မှိန်းသူမှိန်း၊

www.burmeseclassic.com

www.burmeseclassic.com



စကားပြောသူပြောနှင့် သူ့အာရုံနှင့်သူ ရှိနေကြသည်။ ကျွန်မ ခေါင်းငုံ့ပေးလိုက်သည်။ အောင်က ကျွန်မကို ဆွဲကြိုးပြန်ဆွဲပေ ရင်း ကျွန်မနားနားကပ်ကာ. . .

"အောင် လွန်းကို ဘယ်လောက်ချစ်တယ်ဆိုတာ သက် သေအဖြစ် သူကရပ်တည်ပေးမှာ၊ အောင့်ကို လွန်းစိမ်းကားမယ် ကြံမိလို့ရှိရင် ဒီလော့ကတ်လေးကိုမြင်ပြီး လွန်းရဲ့စိမ်းကားမှုတွေ ကို အဲဒီစိမ်းနေတဲ့ ကျောက်စိမ်းထဲမှာပဲ မြုပ်နှံပေးပါလွန်း"

"အောင်ရယ် ကျွန်မအောင့်ကို စိမ်းကားဘို့ချစ်တာမှ မဟုတ်တာ၊ ချစ်လို့ချစ်တယ် အဖြေပေးတာပါ။ အောင့်ကို ကျွန်မ အမှတ်တရအဖြစ် ချစ်သက်လက်ဆောင်ကတော့ နေဦး ဘာပေး ရမလဲ"

အောင်က ကျွန်မကိုရွှန်းရွှန်းစားစားကြည့်သည်။ ကျွန်မ ၌ မရှိမာနကတော့ရှိနေသည်။ အောင်က တန်ဖိုးကြီးတာပေးမှ တော့ ကျွန်မကလည်း တန်ဖိုးမနည်းချင်၊ ကျွန်မလက်ခလယ်၌ ရှိသော မောင်းကွင်းရွှေလက်စွပ်ကလေးကို သတိရလိုက်ပြီး. .

"ဒါ ကျွန်မမုန့်ဖိုးထဲက စုဝယ်ထားတာဖြစ်လို့ ကျွန်မ ပစ္စည်း၊ ကျွန်မရဲ့အငွေ့အသက်တွေ အဲဒီထဲမှာရှိတယ်၊ ဒါ ကြောင့် အောင်ယူရမယ်"

အောင်ကခေါင်းညိတ်ကာ ဘယ်လက်ကို ထိုးပေးရင်း

"ချစ်လို့ပေးတဲ့ အထိမ်းအမှတ်ကိုလေ အောင်သေမှ ချွတ်မယ် သိလားလွန်း"

"အောင်ကလဲကွာ နမိတ်မရှိတဲ့စကားတွေမပြောပါနဲ့"

"ဟောဗျာ သေမှချွတ်မယ်ဆိုတာ လွန်းကိုရိုးမြေကျတဲ့





အထိ ချစ်သွားမယ်ဆိုတဲ့သဘောကို ပြောတာပါ"

ကျွန်မ အောင့်ကို တုန့်ပြန်မပြောတော့ပဲ အောင့်လက် သူကြွယ်လေး၌ စွပ်ပေးလိုက်သည်။ မရေ လက်သန်း၌ တော်နေ ၍ တော်သေးသည်။ အောင့် လက်သူကြွယ်၌ရှိနေသော မြကို စိန်ကာရံထားသော လက်စွပ်နှင့် ယှဉ်လိုက်တော့ ကျွန်မလက် စွပ်လေးသည် မှေးမှိန်ကာ သေးနုပ်သွားလေသည်။

"ကျေးဇူးတင်ပါတယ် လွန်း"

အောင်က အမှုမဲ့အမှတ်မဲ့ ငုံ့ကာ လက်စွပ်စွပ်ပေးနေ သော ကျွန်မ၏နဖူးပြင်ကို အနမ်းဦး အနမ်းဖျား အနမ်းဖူးလေး တဖူး ချွေချပေးလိုက်ခြင်းကို ကျွန်မ တစ်သက်မေ့ရလိမ့်မည် မဟုတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [ ၉ ]

အမေနှင့်ထွေးကိုမြင်တော့ ကျွန်မမျက်ရည်ရစ်ဝဲမိသည်။ တောင်ငူဘူတာ၌ မိနစ်အနည်းငယ်သာ ရပ်နားသော အမြန်ရထားကြောင့် အောင်နှင့်ကမန်းကတန်း မိတ်ဆက်ပေးရသည်။

"အမေ. . သမီးသူငယ်ချင်း ကိုအောင်လတ်ပါ၊ ဒေး တက္ကသိုလ်မှာတက်နေတယ်"





"အေး. . ဒေါ်ဒေါ့်သမီးကို စောင့်ရှောက်ပါကွယ်"

အမေစကား၌ အနက်အဓိပ္ပါယ်တွေ ကျယ်ပြန့်စွာပါဝင်နေလေသည်။ အောင်ကလည်း. . .

"စိတ်ချပါဒေါ်ဒေါ် ကျွန်တော်ရှင်လွှန်းကို အမြဲစောင့်ရှောက်သွားမှာပါ"

အောင်အား မသိမသာမျက်စောင်းထိုးလိုက်မိသည်။

အောင်က အပြုံးလေးနှင့် ကျေနပ်နေသည်။

"ဒါ ကျွန်မညီမ ရှင်ထွေးပဲအောင်"

အမေတို့ရှေ့လည်း ခေါ်ဝေါ်သုံးစွဲနေကြ အခေါ်အဝေါ်တွေ မပြောင်းလွဲမိပါချေ။ ဒါကိုကပဲ အမေနှင့်ကျွန်မ စကားပြောစရာ ဖြစ်လာခဲ့ကြရသည်။ မီးရထားဥသြဆွဲသံကြောင့် အောင်ရထားပေါ်တက်ကာ ရထားအထွက်တွင် လက်ကလေးတပြပြနှင့် ပါသွားလေသည်။

ကျွန်မအမေနှင့်ထွေးကို မေ့နေပြီး လက်ပြလိုက်မိသည်။ ကျွန်မမြင်ကွင်းက အောင်ပျောက်ကွယ်သွားသည့်အထိပင်။

"မလွှန်းပြန်ကြရအောင်"

"ဩော်. . အေး"

ကျွန်မပစ္စည်းများများစားစားမပါ၊ လက်ဆွဲခြင်းတစ်လုံးနှင့် ခရီးဆောင်အိတ်ခပ်သေးသေး တစ်လုံးသာပါသည်။ အဝတ်အစားတွေက အိမ်မှာလည်းရှိနေသည်ပဲ။ ထိုပစ္စည်းများကို ထွေးကပင် ယူဆောင်ပြီးဖြစ်သဖြင့် ကျွန်မအမေ့လက်မောင်းကိုချိတ်ဆွဲလိုက်သည်။

"ဘာကိစ္စပြန်လာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အမေကိုလွမ်းလို့ ဒီလပိုင်းမှာ အမေ့ကိုအိပ်မက်မက်တာ ခဏခဏမက်နေတာ၊ စာမေးပွဲတွေကရှိနေတော့ ပြန်လာချင်ရက်နဲ့ မလာရဘူး၊ ခုတော့ ဘာဖြစ်ဖြစ်ဆိုပြီး အဆောင်မှူးဆီ ခွင့်တိုင်ပြီးပြန်လာခဲ့တာ"

"စာသင်ပျက်မှာပေါ့"

အမေ့မျက်နှာက ခပ်တည်တည်ရှိနေသော်လည်း အမေ့မျက်ဝန်းက ပြုံးယောင်သန်းနေသည်။

"မပျက်ပါဘူး တနင်္လာတစ်ရက်လောက်ပါပဲ၊ တနင်္လာနေ့တော့ ကားနဲ့ပြန်လိုက်မယ်လေ"

"လိုင်းကားတွေက ကြပ်ပါ့ဘိနဲ့"

(ထိုစဉ်ခေတ်ကာလက ယခုလို ( Express )အဝေးပြေးကားများ မရှိသေးပေ)။

"လိုင်းကားမဟုတ်ဘူးအမေ၊ အောင်က မန္တလေးက အပြန် ဝင်ကြိုသွားမှာ အဆောင်ကို အချိန်မီဝင်ကြမယ်လေ"

မြင်းလှည်းပေါ် သားအမိနှစ်ယောက် ယှဉ်တွဲထိုင်လိုက်ကြသည်။ ထွေးကတော့ ပစ္စည်းနှင့် မျက်နှာချင်းဆိုင်မှာထိုင်သည်။ အမေ့ထံမှ သက်ပြင်းချသံကြားလိုက်ရသည်။ စူးစမ်းလာသော အမေ့မျက်လုံးများကို ကျွန်မရင်ဆိုင်ရမှာ မဝံ့မရဲဖြစ်မိသည်။

မြင်းလှည်းပေါ်ဖြစ်နေခြင်းကြောင့် အမေက ကျွန်မအား ဘာမှအမေးအမြန်းမပြုတော့သော်လည်း အမေ့မျက်လုံးက စကားပြောနေလေပြီ။

"ထွေး ငါလာမှာ ကြီးကြီးတို့သိကြရဲ့လား"





"သိပါတယ်၊ ဒါကြောင့် မြင်းလှည်းလွှတ်ပေးလိုက်တာ"

ကြီးကြီးကြွင်က မြင်းလှည်း သုံးလေးငါးစီး ထောင်ထားသည်။ အမေတို့ညီအစ်မသုံးယောက်ထဲ၌ ကြီးကြီးကြွင်က အချမ်းသာဆုံးဟု ဆိုနိုင်သည်။ ကြီးမျှင်ကတော့ သားသမီးမရှိသဖြင့် လင်မယားနှစ်ယောက်တည်း အိုနာစာရှိတော်ပြီသဘောနှင့် တင်းတိမ်ရောင့်ရဲစွာဖြင့် ဆေးလိပ်ကွမ်းယာအိမ်ဆိုင်ကလေးသာ ဖွင့်ပြီး အေးချမ်းစွာ နေလေသည်။

"ကြီးမျှင်ကော"

"သူတို့လင်မယားပဲ မလွန်းကို ကြိုပို့ပေးမယ်ပြောပါတယ်၊ ထွေးက ထွေးတို့ပဲ ကြိုမယ်လို့ ပြောလိုက်လို့ပါ"

"ညည်းတို့ကြီးမျှင်က အေးချမ်းနေပြီ၊ သူကို့ဘာအပူမှ မပေးကြနဲ့"

အမေက တစ်ခွန်းဝင်ပြောသည်။ ဘာပဲပြောပြော. . အမေတို့ ညီအစ်မသုံးယောက်ပြန်လည်ပေါင်းစည်းခြင်းအပေါ်၌ ကျွန်မကျေနပ်နေမိသည်။

"အမေနည်းနည်းကိုယ်ရေစစ်သွားသလိုပဲ"

အမေက ကျွန်မစကားကြောင့် မလုံမလဲဟန်ပန်ပြောင်းလွဲသွားသည်။

"အမေဘာမှမဖြစ်ပါဘူး၊ ညည်းစိတ်ထင်လို့ပါ"

သို့နှင့် အိမ်ရောက်သွားသည်။ အမေက မြင်းလှည်းဆရာကို ပိုက်ဆံထုတ်ပေးတော့ မြင်းလှည်းဆရာက မယူ. .

"မလုပ်ပါနဲ့ ကြီးကြွင်လိုက်ရိုက်လို့ ပြေးပေါက်မှားတာထက် မြင်းလှည်းသိမ်းလိုက်ရင် ထမင်းအိုးပါမှောက်သွားလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"မကြီး မသိစေရပါဘူး"

"ကျွန်တော် ကြီးကြင်ကိုသစ္စာရှိပါရစေ၊ သူ့စကား နားထောင်ပါရစေ၊ ကျွန်တော်ကို ဒီခရီးအတွက် တန်ရာတန်ကြေး ကြီးကြင် ပေးပြီးပါပြီ"

အမေက သက်ပြင်းချပြီး ပိုက်ဆံလေးကို သူ့ဘော်လီ အိတ်ထဲပြန်ထည့်ကာ ခြံထဲဝင်လိုက်လေတော့သည်။

"မကြီးဟာ အစစအရာရာ ကံကောင်းပါတယ်. . အိမ်ထောင်ကံ၊ သားသမီးကံ၊ ခြွေရံသင်းပင်းကံ. . အကုန်ကောင်းတယ်"

ကျွန်မက. . "ကံဆိုတာလူကလုပ်တာပဲ မဟုတ်လား အမေ" ဟု ကျွန်မဗီဇအတိုင်း ဇိုးဇိုးဇတ်ဇတ် မေးလိုက်ပြီးမှ ကျွန်မမှားသွားမှန်း သိလိုက်ရသည်။

အမေ့ မျက်နှာပျက်သွားပြီး. .

"ဒါပေ့ါလေ လူမတန်ကံချဆိုတဲ့စကားကလည်း ရှိနေတာကိုး"

ထွေးက ကျွန်မအား မျက်စောင်းလှမ်းထိုးလိုက်သည်။ ကျွန်မက လျှာတစ်လစ်လုပ်ကာ အိမ်ထဲသို့ဝင်ခဲ့လိုက်ပြီး. . .

"နွားနို့ ပူပူလေးတစ်ခွက်လောက်သောက်ပြီး အိပ်လိုက်ရရင် ဖိမ့်ပဲ"

"ရှိပါတော်. . အမေက မလွန်းလာမယ် ဖုန်းရပြီးထဲက နွားနို့မှာပြီး ကြိုပြီးသား၊ ခုလည်း ပူပူနွေးနွေးသောက်ရအောင် ဆိုပြီး ပြာပူလေးနဲ့ ထားခဲ့တာသာကြည့်တော့"





ကျွန်မ အမေ့ကို လှမ်းကြည့်လိုက်သည်၊ အမေ့မျက်လုံး၌ မေတ္တာဓာတ်တွေကို ကျွန်မတွေ့လိုက်ရသည်။

အမေသည် အားလပ်လျှင် ခင်ပွန်း၏ ဓါတ်ပုံလေးကို တစိမ့်စိမ့်ကြည့်ကာ လွမ်းနေတတ်သော၊ အချစ်ကြီးသော မိန်းမကြီးတင်မက သားသမီးအပေါ်လည်း ချစ်လွန်းအားကြီးသော မိခင်တစ်ယောက်ပါလားဟု ကျွန်မနားလည်စပြုလာလေပြီ။

"အမေကော၊ အဆုပ်က နွားနို့သောက်ရမှာပေ့ါ"

"ဟင်. . ညည်း. . ညည်း. . "

နှုတ်စောင့်စည်းမှုနည်းသော ကျွန်မ၏ နှုတ်ကြောင့် ဖုံးကွယ်ထားမှုတို့သည် ဗူးပေါ် သလို ပေါ် ရတော့သည်။

"ထွေး"

ထွေးက မျက်နှာငံ့ကာ

"ထွေးအပြစ်ပါအမေ၊ ထွေး မလွန်းကို စာရေးအသိပေးလိုက်မိတယ်၊ ဒါကြောင့် အမေ့သမီးပြန်လာတာပေ့ါ"

"အိုအေ. . ကျုပ်မှ ဘာမှမဖြစ်တော့တာ"

ကျွန်မ အမေ့နားကပ်ထိုင်ကာ. . .

"ဘာပဲဖြစ်ဖြစ် ကျွန်မအမေ့နား ခုလိုပြန်ရောက်တာကို အမေမကျေနပ်ဖူးလားဟင်"

"ဘယ်သူက ဘာပြောလို့လဲ၊ သွား. . နွားနို့သောက်တော့ ကျုပ်အိပ်ချင်ပြီ၊ မနက်ရောက်မှ စကားပြောကြမယ်"

ထွေးက ကျွန်မအား မျက်စောင်းထိုးကာ. . .

"သူနဲ့ဆို ဘာမှတိုးတိုးတိတ်တိတ် လုပ်လို့ကို မရဘူး"

"ကျုပ်မှ ဟန်မဆောင်တတ်ပဲကိုးအေ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ညီအစ်မကတော့ ဇာတ်နှစ်သာသာကွားခြား၍ သူငယ်ချင်းလိုလည်းဖြစ်နေခြင်းကြောင့် တကျက်ကျက်လည်းဖြစ်တတ်သည်။ များသောအားဖြင့်တော့ ထွေးကသာ ကျွန်မကိုအလျှော့ပေးတတ်သည်။

ကျွန်မအတွက် နွားနို့ပူပူကို ထည့်လာပေးရင်း. . .

"မလွန်းလူလား ချောတယ်နော်"

ကျွန်မက အမေ့အိပ်ခန်းကို မျက်စိမှိတ်ပြလိုက်ပြီး. . .

"သူငယ်ချင်းပါ စဉ်းစားတုန်းပဲ" ဟု ပြောလိုက်သည်။

ကျောက်စိမ်းလော်ကက်ကလေးကိုတော့. . အကျႌအောက်ဝှက်ထားခဲ့လိုက်သဖြင့် ဘယ်သူမှ မရိပ်မိကြသေး။

ထွေးက. . .

"မနက်ဆိုင်ထွက်ရဦးမယ် အိပ်တော့မယ်"

"အင်း"

အိမ်ကြီးသည် တိတ်ဆိတ်သွားလေတော့သည်။ ကျွန်မအောင့်ကို သတိရလိုက်မိသည်။ အောင်ရထားပေါ်မှာ တစ်ယောက်တည်း အိပ်ပဲအိပ်ပျော်နေမလား။ ကျွန်မအား လွမ်းဆွတ်ကာ လိုက်ပါသွားလေမလား။

အောင့်ဘယ်ဘက်ပုခုံးစွန်းကို ခေါင်းတင်မှီခိုရင်း. . အောင်နှင့်လက်ချင်းဆုပ်ကာ စကားတွေ တွတ်ထိုးလိုက်ပါလာကြသည့် ကျွန်မတို့၏ ချစ်ခရီးလမ်းသည် သာယာဖြောင့်ဖြူးမှုမှ ရှိပါ့မလား။

ဦးလွန်းမောင်နှင့် ဒေါ်ရှင်လိုတော့ ဖြစ်နိုင်မယ်မထင်ပါဘူး။ ကျွန်မ နွားနို့သောက်ပြီး ဖန်ခွက်ကို ဆေးကြောကာ





မှောက်လိုက်ပြီး အမေ့အိပ်ခန်းထဲဝင်ခဲ့သည်။ အမေသည် သူ၏နှစ်ယောက်အိပ်ကုတင်ကျယ်၏ အစွန်းဘက်တွင် အိပ်နေသည်။

အမေ့ကို ကျော်ဝင်ဖို့မဖြစ်နိုင် ခြေရင်းဘက်ဘောင်ကို ကျော်ဝင်ဖို့ကလည်း မဖြစ်နိုင်သဖြင့် လက်လျှော့ကာ ကျွန်မအိပ်နေကြ ညီအစ်မနှစ်ယောက်ခန်းက ထွေးကုတင်ဆီသို့သာ ပြန်လာခဲ့ရလေသည်။

အမှန်ဆိုရလျှင် ချောင်းမကြာခဏဆိုးမှုကြောင့် သူနှင့်အတူလာအိပ်သော သမီးနိုးသွားမှာ စိုးကြောက်သဖြင့် လာမအိပ်နိုင်စေရန် တမင်အစွန်ဘက်၌ အိပ်ချင်ဟန်ဆောင်နေခဲ့သောအမေ့မေတ္တာကို ကျွန်မသာ ကြိုတင်သိရှိခဲ့မည်ဆိုပါက. .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [ ၁၀ ]

တနင်္ဂနွေနေ့ ညဘက်ကားမောင်းချလာပြီး နံနက်စောစောစီးစီးရောက်လာသော အောင့်ကို ကျွန်မ တအံ့တသြပင်။

"ဟင်. . ကျီးတောင် မနိုးသေးဘူး အောင်က နိုးနေပြီလား"

"နိုးဆို ညမှမအိပ်တာ မေးရိုးလောက်ပဲလေ"

"ဒါဖြင့်လာ အိမ်ပေါ်တက်. . ဒရိုင်ဘာကောခေါ်လေ၊





အမေ့လက်ရာ မုန့်ဟင်းခါးစားပြီးမှ သွားကြတာပေါ့"

အမေက ဈေးမထွက်ပဲ ကျွန်မအပြန်ကို စောင့်နေသည်။ ထွေးကသာ ဖောက်သည်ပျက်မှာစိုးသဖြင့် ဆိုင်ထွက်ပေးပြီး ထိုမှ ကျောင်းသို့ဆက်သွားမည်ဟု ဆိုသွားသည်။ ဆိုင်ကိုကူထွက်ပေးဖို့ အမျိုးထဲမှအဖော်တစ်ဦးကိုလည်း ခေါ်ထားသဖြင့် အမေပင်ပန်းမှု သက်သာစေသည်။

"ဒေါ်ဒေါ်ရှိလား"

"ရှိတယ်"

"အောင်တို့အကြောင်း ပြောပြလိုက်သလား"

"ဟင့်အင်း. . သူငယ်ချင်းပဲနော်"

အောင်က ဖိနပ်ချွတ်၍ တိုးတိုးတိတ်တိတ်မေးနေသည်ကို ကျွန်မကဖြေရင်း သတိပေးလိုက်ရသည်။ အောင်သည် အနေအထိုင် တည်ကြည်သော ယောကျာ်းတစ်ဦးဖြစ်သဖြင့် အမေမျက်စိနောက်မည် မထင်ပါ၊ ကျွန်မကို အောင်နှင့်ပတ်သက်၍ အမေမေးခွန်းကို ကျွန်မဘူးကွယ်ထားခဲ့သည်။

သို့သော်အမေက "အမေ့ကို စိုးရိမ်မှာစိုးလို့ လိမ်ချင်လည်းလိမ်၊ ဒါပေမယ့် အမေဆိုတာလည်း သမီးဘဝကဖြတ်သန်းလာခဲ့တာပဲ ဆိုတာကိုတော့ သမီးခေါင်းထဲထည့်ထားလိုက်ပါ။ သမီးဝမ်းထဲ အူဘယ်နှစ်ခွေရှိတယ်ဆိုတာတောင် သိနေတဲ့ အမေပါအေရယ်" ဟုဆိုထားသော အမေ့ကို ကျွန်မ ရဲရဲမကြည့်ဝံ့ပဲ ရှိန်းတိန်းတိန်း ဖြစ်ခဲ့ရသည်။

ပညာသင်ချိန်မှာ မိခင်မုဆိုးမကို မငဲ့ကွက်၊ ရည်းစားထားရဲသော ကျွန်မအပေါ် အမေစိတ်ဆိုးမှာစိုးသဖြင့် ကျွန်မဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ခဲ့ခြင်းဖြစ်သည်ကိုတော့ နောက်မှ အမေ့ကိုရှင်းပြတော့
မည်ဟု ဆုံးဖြတ်လိုက်သည်။

"အမေ အောင်ရောက်လာပြီ"

"ဩော် ရောက်တောင်လာပြီလား၊ အေးကွယ် စော
စောရောက်တော့လည်း နားလည်းနားရတယ်၊ ပူပန်စရာလည်း
မလိုတော့ဘူးပေ့ါ မောင်အောင်လတ်ရယ်၊ ထိုင်ပါ ဟိုသူငယ်
ကောထိုင်လေ"

"နေပါစေ ကျွန်တော်နောက်မှ စားပါ့မယ်"

ဒရိုင်ဘာလူကြီးက အသက်လေးဆယ်ကျော်ခန့်ရှိသော
လည်း၊ အောင်နှင့်အတူ ယှဉ်စားရဲပုံမရ။ အောင်က လိုလားစွာ

"ဟာ. . မဟုတ်တာ ဦးလေးကလည်း ဝင်စားပါ၊ တစ်
တည်းစား ခဏတဖြုတ်နားပြီးတာနဲ့ ခရီးဆက်ရမှာ၊ ကျွန်တော်
က အကြောင်းမဟုတ်ဘူး၊ ရှင်လွန်းက အဆောင်အချိန်မီဝင်
မှဖြစ်မှာ"

ဒရိုင်ဘာကြီး မငြင်းသာဘဲ ခပ်ရိုရိုဝင်ထိုင်လေသည်

"အမေက ထမင်းချိုင့်ထည့်ပေးမလို့ လုပ်နေလို့ မနည်း
တားထားရတယ်"

"ဟုတ်သားပဲ ဒေါ်ဒေါ် ပဲခူးမှာ ဖဲဝင်စားလိုက်ပါမ
ဒုက္ခမရှာပါနဲ့၊ ရှင်လွန်းအတွက်သာ အကြော်အလှော်တွေပါ
ပြီးတာပဲ"

"ကိုယ့်ဖာသာကိုယ့်စိတ်တိုင်းကျ မောင့်သူငယ်ချင်း
သွားလေရဲ့ကွယ် စားစား၊ စားတတ်ရဲ့လား ရှင်လွန်းအသ
သုပ်ပေးလိုက်လေ"





တောင်ငူမုန့်ဟင်းခါးသည် ငါးဟင်းရည်ကျဲကို အနည်း
ယ်သာဆမ်းပြီး ပဲကျက်မှုန့်နှင့် ငါးမှုန့်ဆီကျက်၊ အချဉ်ရည်၊
သီးစိမ်းကြိုက်တတ်လျှင် ရှမ်းနံနံ၊ ပူတီနံနှင့် ခရမ်းချဉ်သီး၊ ဇီးဖြူ
သီးတို့ပါ ထည့်သုတ်ပြီး ဟင်းခါးလေးနှင့် သောက်စားရသည့်
တောင်ငူ မုန့်ဟင်းခါးသုတ်မျိုး ဖြစ်သည်။

"တစ်ခါမှ မစားဖူးဘူး"

"စားတတ်ရဲ့လား"

"ခံတွင်းတွေ့တယ် နံနံပင်ကြီးနဲ့ ဇီးဖြူသီးမထည့်နဲ့"

"ဟော. . ကျွန်မနဲ့ အကြိုက်တူသွားပါလား"

ကျွန်မက အမှတ်မထင်ပြောလိုက်တော့ အောင်က ရှင်
န်းတက်ကြွစွာ. . .

"ဟုတ်လား. . ဒါပေ့ါ စိတ်တူ"

အောင်စကားတန်းလန်းနှင့် ရပ်သွားသည်။ အောင်
ည် ကျွန်မသတိပေးထားသော စကားကို သတိရလိုက်သဖြင့်
ားကို ရပ်တန့်လိုက်ခြင်းဖြစ်ကြောင်း ကျွန်မရိပ်မိလိုက်သည်။
ိုင်ဘာကြီးကတော့ အတော်အေးဆေးပုံရသည်။ မုန့်တီသုတ်
န်းကန်မှုကို သိမ်းကြုံးစား၊ ကော်ဖီသောက်ပြီး သရက်ပင်
တ်ဝိုင်းကာ ဆောက်ထားသော ကွပ်ပျစ်ဌ်သွား၍ လဲလျောင်း
ာဆန့်နေလေသည်။

"အောင်က ညကတည်းက ထွက်ခဲ့တာလား"

"မဟုတ်ပါဘူး သုံးနာရီလောက်ကမှပါ"

အောင်ကတော့ သူ့ဌေးသားပီပီ အစားအသောက်ကို
ဖြးအေးဆေးလေး ဇိမ်နှင့်စားသုံးလေသည်။ အောင်



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီခါးခါး သောက်တတ်ကြောင်း သိသဖြင့် ကျွန်မကိုယ်တိုင်
ပဒေသာတောင်ငူကော်ဖီစစ်စစ်ကို နှပ်ပြီးမှ အမှုန့်ကိုစစ် နွား
နှင့် သကြားရောစပ်ကာ ခါးစိမ့်စိမ့်ကလေး ဖျော်ပေးခဲ့သည်
ကျွန်မကိုယ်တိုင်ကလည်း ဒီအတိုင်းပဲသောက်တတ်သည်
အောင့်အတွက် စိတ်ရှည်လက်ရှည် မမောနိုင်မပန်းနိုင်များ ဖြ
နေပြီလားဟု ကျွန်မတွေးမိကာ မလိုမလဲဖြစ်သွားမိသည်။

စားသောက်ပြီး ခဏတဖြုတ်စကားပြောပြီး နံနက်
နာရီခန့်တွင် ကျွန်မတို့အိမ်မှ ပြန်ထွက်ခဲ့သည်။ ကျွန်မက နော
ခန်းမှာပင်ထိုင်ပြီး အောင်က ရှေ့ခန်းမှာထိုင်သည်။ ဒရိုင်ဘာ
ကားမောင်းသည်။

"ရှင်လွှန်းမပါလည်း လာလို့ရတယ်နော်လူလေး"

"ဟုတ်ကဲ့ ဒေါ်ဒေါ်. . ခွင့်ပြုပါဦး"

အမေ့ကိုကန်တော့ပြီး အောင်နှင့်အတူဆင်းလာ
သည်။ အမေသည် ကားအထိလိုက်မပို့ အိမ်ဘက်လှမ်းကြ
လိုက်တော့လည်း ဝရံတာ၌ပင် အမေရပ်မနေပါချေ။ အမေ
နေပြီလား။

အမေ သူမျက်ရည်ကျတာကို ကျွန်မတို့မြင်မှာစိုးရိမ်
ရသည်။ အမေသည် ကျွန်မတို့ရှေ့မှာဆိုလျှင် ခပ်တင်းတင်း
တတ်သော်လည်း ကျွန်မတို့ကွယ်ရာ၌ အဖေ့ဓါတ်ပုံလေး
ကြည့်ပြီး မျက်ရည်ကျတတ်သည့် အမေ့အကြောင်းကို ကျွန်မ
သိပြီးသားဖြစ်သည်။

သို့သော် သားသမီးအတွက်လည်း မျက်ရည်ကျတ
လိမ့်မည်ကိုတော့ ကျွန်မယခုမှသိလေတော့သည်။





"လွှန်းအမေ ငိုနေပြီထင်တယ်"

ကျွန်မ စိတ်ထိန်းကာ. . .

"ဟုတ်မှာပေ့ါ"

"ဒေါ်ဒေါ်ကြည့်ရတာတစ်မျိုးပဲ တွေးနေငေးနေ ဆွေး
နေပုံပဲ"

ကျွန်မက ကျွန်မဖခင်၏ ရာဇဝင်ပေါ်မှာစိုးသဖြင့်. . .

"ဒီလိုပါပဲ. . အဖေဆုံးသွားတာကြာပေမယ့် အမေက
သတိရရနေတတ်ပုံပဲ"

သေသောသူ ကြာရင်မေ့ဆိုတဲ့စကားက တခါတရံ အစွဲ
အလန်းကြီးသူတွေအတွက် အတည်မပြုနိုင်သည်မှာ အမှန်ပင်၊
ကျွန်မအမေ၏ အချစ်ကြီးမှုအစွဲအလန်းကိုတော့ ကျွန်မအံ့သြ
မဆုံးနိုင်အောင် ဖြစ်ခဲ့ရသည်။

"အောင်နဲ့လွှန်းမှာ အောင်အရင်သေသွားခဲ့ရင်ကော"

"ကျွန်မ အမေတူသမီးမှန်ရင်တော့လည်း အမေလိုပဲ
ပေါ့"

"ဒါပေမယ့် ကွဲချေးပိုးပုံဝတ္ထုကို အောင်သိတယ် မဟုတ်
လား"

"သိပါတယ် လွှန်းက ကွဲချေးပိုးမလိုပဲဖြစ်မှာလား"

"နောင်ဘဝဆိုတာကို ကျွန်မဘယ်လိုလုပ်ခန့်မှန်းတတ်
မှာလဲအောင်"

တောင်ငူမြို့ နယ်နမိတ်လွန်သည်နှင့် အောင်က ကားကို
ရပ်ခိုင်းပြီး စကားပြောရတာ အားမရဘူး. . ဟုဆိုကာ နောက်
ခန်းသို့ ပြောင်းစီးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဘဝ၌ ချစ်သူ၏ ဉာဏ်များမှုကို ချစ်မျက်စောင်းလေးထိုးကာ ဟန့်တားလိုက်သော်လည်း၊ ထိုဟန့်တားမှုထဲတွင်ကျေနပ်မှုလည်း ပါဝင်နေလေသည်ကိုတော့ ချစ်သူစုံတွဲရှိသောမိန်းကလေးတိုင်း နားလည်လိမ့်မည်ထင်သည်။

"ဟွန်း. . ဉာဏ်မများနဲ့နော်"

"မများပါဘူး တကယ်ပါ စကားပြောရတာ အားမရလို့ပါ"

အောင်က ဒရိုင်ဘာကို မေးငေါ့ပြပြီး ပြောလိုက်သည်။

အမှန်တကယ်ပင် အောင်နှင့်စကားများများပြောဖြစ်ကြသည်။ အောင်ပြောသော အကြောင်းအရာထဲတွင် အောင့်အမေ၊ ဖေဖေဖွားဖွား၊ ဖိုးဖိုးနှင့်ကိုကြီးက ညီကဟူသော နာမ်စားများကသာလျှင် အပ်ကြောင်းထပ်နေတော့သည်။

ကျွန်မကတော့ အမေနှင့်ထွေးဟူသော နာမ်းစားနှစ်ခုကိုသာ သုံးစွဲမိရုံမှအပ အခြားပြောစရာ နာမ်စားသိပ်မရှိပါချေ။ တခါတရံတော့ ကြီးကြီးကြင်အကြောင်း ပြောမိသည်။

အောင်သည်လည်း မိသားစုကို ချစ်ခင်တွယ်တာတတ်သော ယောကျ်ားတစ်ဦးဖြစ်သည်ကိုတော့ ကျွန်မခန့်မှန်းမိလိုက်လေသည်။







# အခန်း [ ၁၁ ]

အောင်နှင့်ကျွန်မတို့စုံတွဲသည် ကျွန်မတို့ ခေတ်ကာလတ ကိန္နရီ ကိန္နရာပမာ စုံပြုံစုံတွဲဖြစ်ခဲ့ကြသည်မှာ ကျွန်မဥပဒေဘွဲ့နောက်ဆုံးနှစ်အထိ ဖြစ်သည်။

"အောင်က နောက်နှစ်နှစ်လောက် ကျန်သေးပေမယ့်လွန်းက မဟာဥပဒေဆက်တက်ရင် အောင်ကတောင် ပြန်စောင့်ရအုန်းမယ် ထင်တယ်"

ကျွန်မ အောင့်ကို အထူးအဆန်းသဖွယ်ကြည့်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်မကို အလိုလိုက်သိသော ကျွန်မကိုယုယမြတ်နိုးစွာ တန်ဖိုးထားတတ်သော အောင်မှဟုတ်ပါလေစ။

ကျွန်မနှင့် သုံးနှစ်နီးပါးလက်တွဲခဲ့သော ချစ်သူက ကျွန်မ စိတ်ကို နားမလည်သေးပါလားဟု ကျွန်မ တအံ့တဩရှိလိုက် သည့်အခါ "ငါလူကဲခတ် တော်တော်ညံ့သေးပါလား" ဟု ကိုယ့် ကိုယ်ကိုသာ အပြစ်တင်တလိုက်မိသည်။

"အောင် ဘာပြောလိုက်တယ်"

"ဟင်. . လွန်းမကြားလိုက်ဘူးလား၊ ဘာတွေတွေး လို့လဲကွာ အောင့်ကိုအနားထားပြီး ဟိုတွေးဒီတွေးကို တွေးတော အောင်မကြိုက်ချင်ဘူးကွာ"

တခါတရံ ကလေးဆန်ဆန်ပြောလိုက်တော့ အောင့်ကို ကျွန်မမြတ်နိုးစွာပင် ကြည့်ရင်း. . .

"အောင့်စကားမရှင်းလို့ပါ၊ ကျွန်မကို မဟာဉပဒေဆက် တက်ရမယ်လို့ ဆိုလိုလိုက်တာလားအောင်"

"အင်းလေ. . . မဟာဉပဒေ ဆက်တက်ပြီးတော့. . တက္ကသိုလ်မှာပဲ ဆရာမပြန်လုပ်၊ အခွင့်အရေးရရင် ပီအိတ်ချ် ဆက်ယူ၊ ပါမောက္ခဖြစ် ဘယ်လောက်ဂုဏ်ရှိသလဲ"

ဘုရား. . ဘုရား. . ကျွန်မချစ်သူသည် ဂုဏ်မက်သော လူတန်းစားတစ်ဦးပါလားဟု ကျွန်မ ယခုမှသိလိုက်ရသည် ကျွန်မသည် တော်တော်နုံအသော မိန်းကလေးပါလားဟု ထင် ဆင့် မိမိကိုယ်သာ အပြစ်တင်မိသည်။

"လွန်းနဲ့ အောင်ကြားမှာ ဘာလျှို့ဝှက်ချက်မှထားစရာ မလိုဘူး၊ လွန်းပညာဆက်သင်ဖို့ အခက်အခဲရှိရင် အောင်ကူည





မှာပေါ့ကွာ"

"မဟုတ်သေးဘူးအောင် အောင်ဆီကငွေရေးကြေးရေး အကူအညီကို ကျွန်မဘယ်တော့မှယူမှာ မဟုတ်ဘူး၊ ကျွန်မရဲ့ တကိုယ်ကောင်းဆန်မှုက ဒီလောက်နဲ့ ပြီးဆုံးသင့်ပြီ၊ ကျွန်မ အယ်(လ်)အယ်(လ်)ဘီအောင်ပြီးတာနဲ့ တရားရေးဝန်ထမ်း အ ဆင့်လေးဖြေဖို့ ဆုံးဖြတ်ပြီးပြီးအောင်"

ဒီတစ်ခါအောင်က ကျွန်မကို အထူးအဆန်းသဖွယ် ပြန်ကြည့်လေသည်။

"အောင် လွန်းကို နားမလည်ဘူးကွာ ကိုယ့်အတွက် ရွှေလှေခါးချပေးတာတောင် လွန်းက ကြေးလှေခါးနဲ့ တက်ချင် တာလား"

"ရွှေလှေခါးက ကျွန်မရဲ့လှေခါးဆိုရင် အောင်လဲ ရွှေ လှေခါးနဲ့ပဲတက်ချင်တယ်ပေါ့၊ ဒါပေမယ့် ကျွန်မလှေကားဟာ ကြေးလှေခါး ဖြစ်နေတယ်၊ ကိုယ်ပိုင်ဆိုင်တဲ့ ကြေးလှေခါးလေး နဲ့ တက်ရတာကို ကျွန်မကပိုနှစ်သက်မယ်ထင်တယ်"

"လွန်းအတွေးအခေါ်တွေက အောက်တယ်ကွာ. . . အောင့်အပေါ်လည်း သူစိမ်းဆန်လွန်းတယ်၊ ချစ်သူဆိုတာ တစ် ဦးအခက်အခဲရှိရင် တစ်ဦးက ဖြေရှင်းပေးရမယ့် ဒုက္ခသုခမျှဝေ ခံစားယူမှ ချစ်သူဆိုတဲ့အဓိပ္ပါယ်ဟာ ပြည့်စုံတယ်လို့ အောင် ယူဆတယ်"

ရင်ထဲကအပူကို ဘယ်သူများကို၍ နားလည်ပေးနိုင် ပါ့မည်နည်း၊ အထူးသဖြင့်. . "မရှိ" စကားကို နားမလည်နိုင် လောက်အောင် ကုံလုံကြွယ်ဝသော အောင့်လိုပုဂ္ဂိုလ်မျိုး၏ ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်တို့သည် မိုးထိမြင့်နေပေလိမ့်မည်။

မြေကြီးနှင့်နီးကပ်စွာရှိနေသော ကျွန်မ၏ ရည်မှန်းချက်ကို အောင်နားမလည်နိုင်ခြင်းအတွက် ကျွန်မအောင့်ကို နားလည်လိုက်ပါသည်။

အောင်သည် ကျွန်မကိုပိုင်ဆိုင်စိုးမိုးလိုပြီး၊ သူနှင့်ကျွန်မ အဆင့်အတန်းတူသော၊ အဆင့်အတန်းတွင် ငွေကြေးနှင့်မတိုင်းတာပဲ ပညာဂုဏ်နှင့်တိုင်းတာလိုက်ခြင်းဖြစ်မည်။ ထို့ကြောင့်. . ကျွန်မဘဝကို အောက်ကျနောက်ကျမဖြစ်စေပဲ သူ့ဘဝတစ်လျှောက်တွင်လည်း ဇနီးမယားအတွက် ဂုဏ်ယူလိုသော စိတ်ဓါတ်ကရှိနေသည်။

“ကျွန်မ ထွေးလောက်မလိမ္မာဘူးဖြစ်နေတယ်အောင်၊ အမှန်ဆို ကျွန်မကအကြီးပါ၊ ဒါပေမယ့်. . အငယ်ရှင်ထွေးက ဒေးမတက်ပဲ တီတီစီတက်ပြီး ဆရာမဝင်လုပ်တယ်၊ စာပေးစာယူလဲယူတယ် အမေကိုလည်း ဈေးကူရောင်းပေးတယ်၊ အိုးမကွာအိမ်မကွာနဲ့ စောင့်ရှောက်ထားနိုင်တယ်၊ ထွေးကို သမီးအလိမ္မာအဖြစ် အားလုံးကအသိအမှတ်ပြုကြတယ်၊ ကျွန်မကတော့ တကိုယ်ကောင်းဆန်တယ်လို့ ရှေ့တင်မပြောရုံတမယ်ပါပဲ”

“ဒါကတော့ အမြင့်သို့ရောက်လေလေ အဝေးဆုံးသို့မြင်နိုင်လေလေ ဆိုတဲ့စကားကို နားမလည်လို့ ပြောကြတာပါ၊ လွန်း ပညာတတ်ကြီးအဖြစ် ဂုဏ်ဝံ့ထည်နေတာဟာ မိခင်ကျေးဇူးကို ဆပ်ခြင်းတစ်မျိုးပဲပေါ့ အောင်နဲ့လက်ထပ်ပြီးရင် သားမက်ဆရာဝန်က ယောက္ခမကို စောင့်ရှောက်နိုင်ပါတယ် လွန်းရာ၊ အမြင့်ကိုရောက်ဖို့သာ ကြိုးစားပါ အောင်ကူညီမယ်ကွာ”





အောင့်တစ်ရက်စာ မုန့်ဖိုးသည် ကျွန်မတို့၏ တစ်နှစ်စာဝင်ငွေနှင့် ညီမျှပေလိမ့်မည်။ အောင်နှင့်ကျွန်မဘဝအပေါ် အမြင်ခြင်းက မတူညီပါလား။

“ကျွန်မက အုတ်တစ်ချပ်ပဲနိုင်တဲ့အတွက် အုတ်တစ်ချပ်ပဲ သယ်မယ်၊ အောင်က အောင်နိုင်သလောက် ဝန်ကိုထမ်းပေါ့၊ ကဲပါအောင် ဒီကိစ္စတွေ ကျွန်မစာမေးပွဲပြီးသွားမှ ထပ်ညှိကြမယ် အောင်ပြန်တော့၊ ကျွန်မစာကျက်စရာရှိသေးတယ်”

အောင်နှင့်ကျွန်မ ချစ်သက်တမ်းတလျှောက်တွင်. . အောင့်အပေါ် ကျွန်မပထမဦးဆုံးအကြိမ်အဖြစ် နှင်ထုတ်လိုက်မိခြင်းဖြစ်သည်။ အောင်က ကျွန်မအပေါ် စိတ်ရှည်တတ်သောသူ့ဉာဉ်အတိုင်း. . .

“ဟုတ်သားပဲ. . အောင်က အလိုက်မသိသလို ဖြစ်နေတယ်၊ ဒီကြားထဲ အောင် အလာအသွားဆင်ခြင်ပါ့မယ်၊ လွန်းစာကျက်ဖို့ အချိန်ပိုပေးသင့်တယ်၊ ဒါပေမယ့် မတွေ့ရရင် မနေနိုင်လို့ အောင်ခဏတဖြုတ်လာတွေ့မယ်နော်. . ဖြစ်မလား”

အောင့်အပေါ် လိပ်ခဲတင်းလင်းဖြစ်ခဲ့သော စိတ်ကလေး အရည်ပျော်ဝင်သွားသည်။ “အောင်” ကျွန်မကို ချစ်သည့်အချစ်စစ်ကတော့ သူ့နှလုံးအိမ်မှာ စွဲမြဲစွာတည်ရှိနေမှာပါ။ အောင့်အချစ်ကို ယုံကြည်နေသော ကျွန်မစိတ်ကပင်လျှင်. . အောင့်ကို ကျွန်မကိုယ်တိုင်ကလည်း စွဲမြဲစွာချစ်နေခြင်းကြောင့် ဖြစ်လိမ့်မည်ဟု. . .

အောင့်ဆန္ဒကို လိုက်လျောချင်သောစိတ်ကတဖက်၊ ရည်မှန်းချက်နှင့်အတူ အမေနှင့်ထွေးကို ငဲ့ကွက်သင့်သည်က



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်နှင့် ကျွန်မလွန်ဆွဲပွဲဝင်ခဲ့ရလေသည်။

"မလွန်း ကျောင်းပြီးမှ ထွေး ဂျေအေတီ သွားတက်တော့မယ်၊ မော်လမြိုင်လား ရန်ကုန်ပဲဖြစ်မလားမသိဘူး၊ အမေတစ်ယောက်ထဲ ထားခဲ့ရမှာ စိတ်မချလို့ (Entrance)ကို ဝင်မဖြေခဲ့ဘူး၊ ဒီနှစ်တော့ ဖြေလိုက်တော့မယ်နော် မလွန်းပြန်ရောက်မှာနဲ့ တက်ရမှာနဲ့ အတော်ပဲဖြစ်သွားမှာပဲ" ထွေး စကားတို့က တွေဝေနေသော ကျွန်မအာရုံကို ပုတ်ခတ်နှိုးလိုက်လေသည်။

ဟုတ်တယ်.. ထွေးကို ကျွန်မအလှည့်ပေးသင့်ပြီလေ။ တစ်ခါတစ်ရံ အောင်နှင့်ကျွန်မတို့သည် တစ်ယောက်နှင့်တစ်ယောက်အမြင်ခြင်း အတွေးအခေါ်ခြင်းကွာခြားတတ်သည်ကို ကျွန်မသတိပြုမိလိုက်လေပြီ။

ကျွန်မစဉ်းစားစရာမလို၊ ကျွန်မလုပ်သင့်သည်ကို လုပ်သွားရမည်။ ကျွန်မအချစ်အတွက် ရှင်သန်သွား၍မဖြစ်၊ ကျွန်မဘဝမြင့်သည်ထက်မြင့်အောင် တက်နေ၍.. အမြင့်ဆုံးသို့ရောက်သွားပါပြီတဲ့၊ အဝေးဆုံးကိုမြင်ရမည်။ ထိုမြင်ရမှုထဲတွင် နောင်တတရားတွေ ပိတ်ဖုံးနေမည်ဆိုပါက ကျွန်မဘဝ အဓိပ္ပါယ်ရှိပါမလား။

ကျွန်မဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်လေသည်။ ကျွန်မ အချစ်တစ်ခုတည်းအတွက် ကျွန်မဆုံးဖြတ်ချက်ကို ကျွန်မ မပြောင်းနိုင်တော့ပါ။







# အခန်း [ ၁၂ ]

ကျွန်မဘဝ၌ အခက်အခဲဆုံး အချိန်တစ်ခုကို ကျော်ဖြတ်ရလိမ့်မည်ဟု ကျွန်မထင်မထားခဲ့ပါ။ ငယ်ထွေးနှင့် ကျွန်မစာမေးပွဲနောက်ဆုံးနေ့ဖြေပြီးချိန်တွင် သူတို့အတွဲနှင့် ကျွန်မတို့အတွဲ အင်းယားကန်ဟိုတယ်၌ နေ့လည်စာသွားစားရင်း စကားပြောခဲ့ကြသည်။

"ခရက်တစ်ကတော့ ဝင်မှာပဲအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အမ်(မ်)ဆက်တက်မယ်ပေါ့"

"မတတ်ဘူးအောင် ထွေးကို ကျွန်မအလှည့်ပေးရဦးမယ်"

အောင်မျက်နှာပျက်သွားသည်ကို အားလုံးက ရိပ်မိလိုက်ကြသည်။

"ငယ်ထွေးကော"

ငယ်ထွေးဘက်ကိုပါ အောင်ကလှည့်လိုက်သည်။

"ငယ်ထွေးကတော့ ညီအစ်ကိုမောင်နှမများတဲ့ လူဆိုတော့ အမှတ်မှီလို့ တက်ခွင့်ရရင် ဆက်တက်နိုင်ပါတယ် အမှတ်ပေါ် မူတည်တယ်"

လောကကြီး၌ အဘက်ဘက်၌ အမြဲမပြည့်စုံနိုင်ခြင်းကို ကျွန်မ သဘောပေါက်လိုက်လေသည်။

"ဒီလောက်အမေအတွက်ခင်ရင် လွန်းအမေကိုခေါ်ပြီး ရန်ကုန်မှာပဲထားလိုက်ကွာ၊ အောင် တိုက်ခန်းတစ်ခန်း ဝယ်ပေးမယ်လေ၊ လစဉ်စားစရိတ်ကော ကျောင်းစရိတ်ပါ အောင် ပေးမယ်လေ"

အောင်က ရိုးသွားစွာပြောခြင်းဟု ကျွန်မသိသည်။

သို့သော် ထိုစကားများသည် ကျွန်မကို အများအမြင်၌ မည်သည့်အဆင့်မျိုး ရောက်သွားလိမ့်မည်ကို အောင်ထည့်မတွေးထားချေ။ ဒါကို ကျွန်မ အောင့်ကိုစိတ်မကွက်မိ၊ အောင့်စိတ်ထဲ ရှင်းသန့်မှုကို ကျွန်မယုံကြည်သည်။

ချစ်သူဘဝလက်တွဲနေသည့် သုံးနှစ်တာကာလအတွင်း အောင်သည် ချစ်သူသဘာဝထက် ကျော်လွန်သော အခွင့်အ





ရေးမျိုး တစ်ခါမှ မတောင်းဆိုဖူးသလို ချစ်သူအပေါ်လည်း တန်ဖိုးထားတတ်သောသူဖြစ်သဖြင့် ကျွန်မအောင်၏စကားကို နားလည်ခွင့်လွှတ်နိုင်သည်။

"ဒါဆို မင်းတို့လက်ထပ်ကြမယ်ပေါ့၊ ကျောင်းမပြီးခင် မင်းမားသားကြီးတို့က ခွင့်ပြုမှာမဟုတ်ဘူးနော် အောင်လတ်"

"ကျောင်းပြီးမှ လက်ထပ်မှာပါ၊ ဒါပေမယ့် လွန်းတို့အခက်အခဲကို ငါမုန့်ဖိုးထဲက ဒါမှမဟုတ် အဖွားအမွေတွေထဲက သုံးစွဲစီစဉ်ပေးချင်တယ်ကွာ"

အောင်ကတကယ်ရိုးသားစွာ ပြောဆိုခြင်းဖြစ်ကြောင်း ကျွန်မသိနေသော်လည်း ကျွန်မ၏မာနက လက်မခံနိုင်သဖြင့်

"ကျေးဇူးတင်ပါတယ်အောင် ဒါပေမယ့် လွန်းသူများ ခေါင်းပေါက်နဲ့ အသက်မရှူတတ်ပါဘူး၊ ကျွန်မအမေကလည်း သူဇာတိမြေက ခွာမှာမဟုတ်ဘူး၊ ကျွန်မရည်မှန်းချက်အတိုင်းပဲ တရားရေးဝန်ထမ်းအဆင့်လေး ဝင်ဖြေပြီး တောင်ငူတစ်ဝိုက်မှာပဲ အလုပ်လုပ်ပါရစေတော့အောင် လွန်းကိုခွင့်လွှတ်ပါ"

"မဟုတ်သေးပါဘူး လွန်း၊ စကားကို အဆုံးစွန်အထိ ပြောပါနဲ့ ထပ်စဉ်းစားပါ၊ ဒေါ်ဒေါ်တို့နဲ့ထပ်တိုင်ပင်ပါဦး"

"ကျွန်မက ဆရာမလုပ်ချင်တာမှ မဟုတ်ပဲ၊ တရားသူကြီးပဲ လုပ်ချင်တာဆိုတော့ ကျွန်မထပ်စဉ်းစားစရာမလိုတော့ဘူး၊ မဟာပြီးရင်တော့လည်း အဆင့်(သုံး)တန်းဖြေလို့ ရတာပေါ့၊ ဒါပေမယ့်အလုပ်ခွင်ကနေလည်း ပရိုမိုးရှင်းရတာပဲ ဆိုတော့ ရာထူးအားဖြင့်တော့ ကြိုးစားမှုအပေါ် မူတည်ပြီး မြင့်သွားတာပါ၊ အောင် ဒီအတွက်ခေါင်းရှုပ်မခံနဲ့၊ ကိုသီဟ ရှင့်သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းလည်း ကြည့်ပြောဦး"

"ဟုတ်သားပဲအောင်လတ်ရာ ဘယ်အလုပ်မဆို ဝါသနာပါတဲ့ အလုပ်လုပ်မှ အောင်မြင်မှာပေ့ါ"

အောင်မျက်နှာ ညိုနေသည်။ သုံးယောက်နှင့် တစ်ယောက်ဖြစ်ခြင်းကြောင့် သုန်မှုန်နေခြင်းက သူ့လက်မခံနိုင်ခြင်းဘဝင်မကျနိုင်ခြင်းကို ဖော်ပြနေသည်။

"အောင်ပဲ ဘွဲ့လွန်တွေ တစ်ခုပြီးတစ်ခု ဆက်တက်ပါလေ. .၊ ကျွန်မကိုတော့ နွားခြေရာခွက်ထဲက ဖားသူငယ်တစ်ကောင်လို့ပဲ သဘောထားလိုက်ပါ ကျွန်မစိတ်မဆိုးပါဘူး၊ အမြင့်ဆုံးကို မတက်နိုင်တဲ့အတွက် ကျွန်မအဝေးဆုံးကို မမြင်နိုင်ပါဘူးအောင်၊ ကျွန်မရဲ့ အမြင်ကျဉ်းတဲ့ဆုံးဖြတ်ချက်ကိုပဲ နားလည်ခွင့်လွှတ်ပေးပါ"

ကျွန်မကိုကျွန်မ နှိမ့်ချတောင်းပန်ပြန်တော့လည်း. . အောင်က

"အောင့်ကိုမခန့်ပါနဲ့၊ အောင်ရဲ့စေတနာတွေကို လွန်နားမလည်နိုင်တာပါ လွန်းသဘောပါပဲ"

"ကျွန်မကို ခွင့်လွှတ်မှာလား"

"ကိုင်း မင်းတို့စကားပြောနေခဲ့ကြတော့ ငါနဲ့ငယ်ထွေးတော့ လစ်ပြီ၊ အဆောင်ပိတ်ချိန်နီးမှ ဆုံကြမယ်"

သီဟနှင့်ငယ်ထွေးတို့ အတွဲထွက်သွားပြီး အတန်ကြာသည့်တိုင်အောင် ကျွန်မတို့ စကားမပြောဖြစ်ကြ။

"အောင် ကျွန်မကို စိတ်ဆိုးသလား"

ကျွန်မကစတင်ကာ မေးခွန်းထုတ်လိုက်ရသည်။ အော





မျက်ခုံးနှစ်ဘက်ကြားမှ အတွန့်အခေါက်များကို ဖြေဖျောက်လိုက်ပြီး. . .

"မဆိုးပါဘူး စိတ်မကောင်းဖြစ်တာပါ၊ အောင်ချစ်သူက အောင်ရဲ့စေတနာကို နားမလည်လေခြင်းလို့"

"အော်. . အောင်ရယ် နားလည်ပါတယ်၊ ဒါပေမယ့်. . လိုက်လျောနိုင်တဲ့အတွက် ကျွန်မလည်း စိတ်မကောင်းဖြစ်ရတာပါပဲ၊ ချစ်သူနဲ့ အနီးကပ်ဆုံးနေချင်တတ်ကြတာ၊ ချစ်သူတိုင်းဆန္ဒပါ၊ ဒါပေမယ့် ကျွန်မအတွက်မဆန်ပါရစေနဲ့အောင်"

"လွန်းကို အတ္တဆန်ဖို့ပြောနေတာမှ မဟုတ်ပဲ၊ လွန်းတို့သားအမိကို အောင်တာဝန်ယူမယ်ဆိုတော့လည်း လွန်းကလက်ခံ"

"အဲဒီလိုမပြောနဲ့လေအောင် ကျွန်မတို့သားအမိကို တာဝန်ယူတယ်ဆိုတဲ့ စကားရဲ့အဓိပ္ပါယ်ဟာ သိပ်ကိုလေးနက်ပါတယ်၊ အောင့်မိဘဘိုးဘွားတွေပေးတဲ့မုန့်ဖိုးနဲ့ သူတို့မကြည်ဖြူကျွန်မလက်ခံရမလား၊ ကျွန်မကိုကော ပတ်ဝန်းကျင်က ဘယ်လိုယူဆမလဲ၊ အမေလက်ခံနိုင်မှာမဟုတ်သလို ကျွန်မလည်း လက်မခံနိုင်ဘူး၊ ပြီးတော့ ကျွန်မ ဆရာမ မလုပ်ချင်ဘူး"

"မလုပ်ချင်ရင် မလုပ်နဲ့၊ မဟာတော့ ပြီးအောက်ဆက် သုံးနှစ်ဆိုတဲ့ကာလကို ရှင်ထွေးက နားလည်ပေးနိုင်မှာပါ၊ အောင်မုန့်ဖိုးက သုံးစွဲမှုကို ဘယ်သူကမှ ဘာမှပြောမှာမဟုတ်"

"အဲလိုဆို ကျွန်မကို အောင်လက်ထပ်ပြီး မိဘတွေသဘောတူညီချက်နဲ့ ထားနိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစကားကြောင့် အောင်မျက်နှာပျက်သွားရပြန်
သည်။

"ဒါကတော့. . ."

"ဒါကတော့. . ဘယ်မိဘမှ သားသမီးတွေ ပညာရေ
မပြီးဆုံးသေးခင် အိမ်ထောင်ပြုတာကို ဘယ်လိုလားမလဲ"

ကျွန်မပြုံးမိသည်၊ ကျွန်မအပြုံးက ရိုးသားပါသည်။ သို
သော် အောင်က ကျွန်မသူ့ကို လှောင်နေတာဟု ယူဆပုံရသည်

"လွန်း အောင့်ကိုမလှောင်ပါနဲ့၊ အောင် လွန်းအပေါ်
ဖြစ်ထွန်းစေချင်လွန်းတဲ့ စေတနာကို နားလည်ပေးသင့်တယ်
အောင် လွန်းကို မိဘတွေသဘောတူလာတဲ့အထိ ကြိုးစားပြီ
လူသိရှင်ကြားလက်ထပ်မယ်၊ ဒီကြားထဲ အောင့်ကူညီမှုက
သားတယ် သူငယ်ချင်းရဲ့ အခက်အခဲကို ကူညီပေးတဲ့ သဘော
မျိုးပဲ ပတ်ဝန်းကျင်က မြင်စေရမှာပါ၊ အောင်တစ်ယောက်
လွန်းတို့ဆီ လာလည်မှာလဲ မဟုတ်ဘူး၊ တိုက်ခန်းငှားလည်
လွန်းနာမည်နဲ့ပဲငှား. . ."

"တော်ပါတော့ အောင်ရယ်၊ အောင်ဒီလောက်အထ
ရှင်းပြဖို့မလိုပါဘူး၊ အောင် ကျွန်မအပေါ် စေတနာထားတ
ဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မဆုံးဖြတ်ချက်ကို မ
ပါရစေနဲ့တော့၊ အောင်ပဲလွတ်လပ်စွာ ပညာဆက်သင်ပြီး ပါ
ဘွဲ့တွေဆင့်ကာဆင့်ကာ ယူနိုင်ဖို့ပဲ ကြိုးစားပါ၊ အောင်ကျွန်မ
ပါရမီဖြည့်ဖက်အဖြစ် လက်တွဲနိုင်မယ်ဆိုတဲ့ အချိန်ကာလတ
ကိုတော့ ကျွန်မ စောင့်မျှော်နေမှာပါ"

ကျွန်မစကားအဆုံး၌ နှစ်ဦးစလုံးအတွေးကိုယ်စီနှင့်



နေမိသည်။ ရင်၌နာကျင်ခြင်းကတော့ ကိုယ်စီကိုယ်ငှရှိနေသည်။
ကျွန်မအနေနှင့်ကတော့ အောင်အပေါ် နားကျည်းစရာ သိပ်မရှိ
ဟု ယူဆသည်။

အောင်က ဂုဏ်သရေရှိသော သူ့အသိုင်းအဝိုင်းတွင်
ရာဝင်ဆန့်စေဖို့ ကျွန်မဘဝကို မြှင့်တင်ပေးချင်သည်။ ကျွန်မ
လည်း သူထောင်မတ်ပေးသော ရွှေလှေကားပေါ် မတက်နိုင်။

ကျွန်မ၏ တယူသန်စွာ မှားယွင်းခြင်းလား ဘာလား
န်မကိုကျွန်မ မဆန်းစစ်တတ်။ အောင်ကတော့. . .

"လွန်း ခေါင်းမာတယ်၊ အောင့်အတွက် ထည့်မတွက်
ဘူး" ဟု နှုတ်မှမစွပ်စွဲသော်လည်း၊ မျက်ဝန်းက စွပ်စွဲနေ
ည်။ ကျွန်မတို့ ထိုနေ့က ခွဲခွာမှုသည် နှစ်ယောက်တည်းတွေ့
မှု၏ နောက်ဆုံးဖြစ်လိမ့်မည်ဟု လုံးဝမမျှော်လင့်ခဲ့မိပါချေ။

နောက်နေ့ ကျွန်မတို့ တောင်ငူမြို့ကျောင်းသူကျောင်း
းများအတွက် စီစဉ်ပေးထားသော ရထားတွဲနှင့် ပြန်ခဲ့စဉ်
ာင်နှင့်သီဟသည် ကျွန်မတို့မီးရထားတစ်စီးလုံး သူတို့မြင်
င်းမှ ပျောက်ကွယ်သွားသည်အထိ မျက်စိတဆုံးငေးကြည့်ကာ
န်ရစ်ခဲ့သည်ဟု သီဟ ငယ်ထွေးထံသို့ စာလာသောအခါ သိ
တ်ရသည်။

အောင်ထံမှ စာမလာချေ။ ကျွန်မက တစ်စောင်ပြီးတစ်
ာင်ရေးပါသော်လည်း ပြန်စာမရရှိသောအခါ ထူးဆန်းလာ
ဖြင့် ငယ်ထွေးကိုမေးရသည်။ ငယ်ထွေးက. . .

"နင့်ကို ငါမပြောချင်လို့ ဖုံးထားခဲ့ရတာ နင့်စိတ်ထိခိုက်
စိုးရိမ်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို စိတ်ထိခိုက်ရမှာလဲ၊ ငါ့စိတ်ဓာတ်ကြံ့ခိုင်တ ဆိုတာ နင်သိပါတယ်. . ပြောပြစမ်းပါ၊ အောင်က ဘာသအေ လဲ ငါ့စာတွေမရလို့လား"

"မဟုတ်ဘူး အောင်လတ်ကပြောတယ်တဲ့ သီဟစာ ပါတာ နင်ဖတ်ကြည့်ဟာ"

ကျွန်မ သီဟက ငယ်ထွေးကို ပေးသည့် ချစ်သရဝေ လွှာကိုဖတ်ကြည့်သည်။ သူများချစ်သူစုံတွဲတွေများ သာယ ဖြောင့်ဖြူးလိုက်တာ ကြည်နူးစရာလွမ်းမောစရာတွေနှင့် ဒီကြ ထဲ အောင်လတ်က အတော်ခေါင်းမာတယ် ငယ်၊ ရှင်လွှန်း သူ့ဆန္ဒကိုပဲ ရှေ့တန်းတင်ပြီး သူ့ကိုစပြီး လမ်းခွဲသွားခဲ့တာ၊ ခွဲ ပြီးမှ ဘာမှမဟုတ်သလို အပြစ်မရှိသလိုလုပ်ပြီး စာရေးတာ ငါက အရှုံးမို့လို့ ချက်ချင်းတုန့်ပြန်နေရမှာလားတဲ့၊ တစ်ခါတ အောင်လတ်ကလည်း အတွေးခေါင်တယ်၊ သူ့အတွေးက ထ ဖက်စွန်းရောက်တယ် ကိုလည်းအောင်လတ်နဲ့ ရှင်လွှန်းကြ ဘယ်လိုကြားဝင် စေ့စပ်ပေးရလဲဆိုတာ မသိနိုင်အောင်ပဲ။

ကျွန်မ၏ ရင်ကို စူးရှနာကျင်စေသော စကားများက အောင် ကျွန်မအပေါ် ဒီလောက်အထိစိမ်းကားသော စကား လာလိမ့်မည်ဟု ကျွန်မလုံးဝ မထင်မှတ်ခဲ့ပါ။ ချစ်ဦးသူဆိုေ လည်း ရင်ကိုအနာအရ ဖြစ်စေသည်။

ရင်ထဲကအနာကို သက်သာစေသော ကြေကွဲပွင့် မှ ရည်စက်တို့က တစ်ပွင့်စီကြွေလွင့်လာသောအခါမှ ကျွန်မချ ၏ ဥပေက္ခာပြုမှုကို ခံစားနေရသော ကံဆိုးသူ မိန်းမသား ကို ခံစားလိုက်ရလေပြီ။



ကျွန်မအောင်ကို ဦးနှောက်နှင့် ချစ်ပြခဲ့ခြင်းမဟုတ်ပါ သား။ နှလုံးသားနှင့် တကယ့်ကို နှစ်နှစ်ကာကာချစ်ခဲ့ခြင်းဟု သိလိုက်ရချိန်၌ ကျွန်မတို့ လမ်းခွဲပြီး ဖြစ်နေပါပြီလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၁၃ ]

အောင့်ထံ ကျွန်မ အကျိုးအကြောင်း မရှင်းပြတော့
အောင်၏ ရန်ကုန်အိမ်လိပ်စာအတိုင်းပင် အောင့်ထံသို့ အထိ
အမှတ် ပို့စကဒ်လေးတွေသာ မှန်မှန်ပို့ပေးခဲ့သည်။

ဥပဒေဝန်ထမ်းအဆင့်လေးသွားဖြေစဉ်ကရင်း၊ ဘွဲ့နှ
သဘင်အခမ်းအနားတက်ကာ ဘွဲ့ယူစဉ်၌ရင်း၊ အောင်သည
မိဘများထံပြန်သွားသည်ဟုဆိုကာ မတွေ့ဖြစ်ကြ။





အောင်တမင်ရှောင်နေခြင်းဟု ကျွန်မနားလည်သော်
သည်း အောင့်ထံမှအမုန်းစကားကို မကြားရသေးသရွေ့ အောင်
သာ ကျွန်မချစ်သူအဖြစ် ကျွန်မသတ်မှတ်ထားဆဲပင်။

ချစ်သော "အောင်"

ကျွန်မ တောင်ငူခရိုင်တရားရေးဝန်ထမ်းအဆင့်လေး
ာဝန်ကို ထမ်းဆောင်နေပါပြီ၊ အောင်ကျန်းမာရွှင်လန်းပါစေ။

ချစ်တဲ့ "လွန်း"

"နင်ဟာက တစ်ဖတ်သတ်ဟယ်"

"ဒါပေမယ့် သူသိမ်းထားမှာပါ၊ သူ့ဆီရောက်ရင်ပြီးတာ
ပဲ ရွှေစိတ်တော်ကောက်နေတဲ့ ချစ်သူကိုချော့တဲ့ တမ်းတသဝဏ်
လွှာလေးတော့ ငါရေးနေမိမှာပဲ"

ပြောသည့်အတိုင်း လုပ်တတ်သည့်ကျွန်မသည် အောင့်
မွေးနေ့၊ အောင်နှင့် ကျွန်မချစ်သူဖြစ်သည့်နေ့၊ အောင်နှင့်ခွဲခွာ
သည့်နေ့၊ အောင် အောင်စာရင်းထွက်သည့်နေ့ စသည်ဖြင့် .
အမှတ်တရ ကဒ်လေးများပေးပို့နေဆဲ။

ချစ်သော "အောင်"

ဆရာဝန်ဖြစ်သွားပြီးနောက်
အောင်လိုချင်တဲ့ ပါရဂူဘွဲ့အတွက် ဆက်လက် ကြိုးပမ်း
နိုင်ပါစေ။

ချစ်တဲ့ "လွန်း"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သော "အောင်"

ကျွန်မ တရားရေးဝန်ထမ်းအဆင့်(၃)ပရိုမိုးရှင်းအတွက် လူတွေ့လာဖြေရမယ်၊ အောင်နဲ့တွေ့ချင်တယ် ကျွန်မရောက်ရင် ဖုန်းဆက်မယ်၊

ချစ်တဲ့ "လွန်း"

နောက်ပိုင်း၌ တဖက်သတ်ကိုဖြစ်နေသော ကျွန်မ၏ စာတိုများက အောင်အလေးထားမထား မသိနိုင်ပြီဖြစ်သော်လည်း ချစ်သူဝတ္တရားမပျက်ခဲ့။ ထိုကြားမှာပင် သီဟနှင့်ငယ်ထွေး သီဟနောက်ဆုံးနှစ်၌ လက်ထပ်လိုက်ပြီး ငယ်ထွေးက ချိန်ဘား ဆင်းပြီး ပြင်ပရှေ့နေလိုက်နေလေသည်။

သီဟနှင့်ငယ်ထွေးက အကျဉ်းရုံးကာ တောင်ငူ၌မင်္ဂလာ ဆွမ်းကျွေးစဉ် အောင်ရောက်မလာခဲ့၊ အောင်နှင့်ပတ်သက်၍ ကျွန်မဘာမှမသိနိုင်ခဲ့။

ကျွန်မဘက်က မိန်းမစျေးချကာ ပို့စကာဒ်မှန်မှန်ပို့ သော်လည်း အောင်ဘက်က တုန့်ပြန်မှုမရှိလာသောအခါ ကျွန်မ နှလုံးသားတို့သည် မာကျောကာ ထုံကြဉ်လာလေပြီ။

လောင်နေသောမီးက နှလုံးသားစနက်တံအရင်းသို့ ရောက်လုနေလေပြီ။ ဘယ်အချိန်၌ထိပြီး ပေါက်ကွဲသွားလိမ့်မည် ကိုတော့ဖြင့် ကျွန်မကိုယ်တိုင်လည်း မမှန်းဆတတ်။







# အခန်း [ ၁၄ ]

"ဟဲလို"

အောင်အသံမဟုတ်သဖြင့်. . .

"ဒေါက်တာ အောင်လတ်နဲ့ တွေ့ချင်ပါတယ်"

ကျွန်မသိထားသလောက်တော့ အောင်သည် အင်း ယားလမ်းရှိ မိဘများဝယ်သော အိမ်တစ်လုံးတွင် အဖေ၊ လင် မယားနှစ်ယောက်နှင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလတ်မရှိဘူး ဘာပြောပေးရမလဲ"

မိန်းမတစ်ဦးရဲ့အသံဖြစ်သည်။

"ဘယ်တော့ပြန်လာမှာလဲရှင်"

"ဒါတော့ မခန့်မှန်းတတ်ပါဘူး၊ စေ့စပ်ပွဲအတွက် ပစ္စည်းတွေ သွားဝယ်ကြတယ်ဆိုတော့ ခန့်မှန်းလို့မရဘူး၊ ဘာပြောပေးရမလဲ ဘယ်သူဆက်တယ်ဆိုတာသာပြောလိုက်၊ ပြန်လာရင် ပြောပေးပါ့မယ်၊ ကျွန်မက သူ့မရီးပါ"

ကျွန်မတစ်ကိုယ်လုံးရှိ သွေးလည်ပတ်မှုနှုန်း ရပ်ဆိုင်းသွားသလား ထင်မှတ်လိုက်ရသည်။ သို့သော် အောင်၏စိမ်းကားရက်စက်မှုကို သုံးနှစ်ကျော်ခံလာရပြီဖြစ်ခြင်းကြောင့် ကျွန်မခံစားမှုတို့ ဟုန်နေလေပြီဖြစ်ရာ. . .

"ရှင်လွန်းဆက်တယ်ပြောပေးပါ၊ မနက်ဖြန်ကိုးနာရီ တွေ့နေကျနေရာမှာ တွေ့ကြမယ်လို့သာ ပြောပေးပါရှင်"

"အေးအေး. . စိတ်ချကွယ် သက်ထားကတော့ တန်းလိုက်လာလိမ့်မယ် ထင်တယ်"

"သက်ထားဆိုတာ"

"ကိုလတ်နဲ့ အင်ဂေ့ချ်လုပ်မယ့် မိန်းကလေးပါကွယ်၊ ပုဆိုးစဆွဲပြီး တောက်လျှောက်လိုက်နေရရှာတယ် ခုခေတ် မိန်းမတွေက မလွယ်ဘူးမှတ်လား"

"ကျွန်မ မှာတာသာ ဆက်ဆက်ပြောပေးပါရှင် ကျေးဇူးတင်ပါတယ်"

ကျွန်မ အောင့်မရီးစကားမဆုံးခင်မှာပင် စကားကို ဖြတ်တောက်ပြစ်လိုက်သည်။ ကျွန်မအောင်နှင့် ထိပ်တိုက်တွေ့ရလျှင်





ကျွန်မ ကျေနပ်ပြီ။ အောင်သည် စိတ်သဘောထားကြီးမြတ်ကာ မြင့်မြင့်မှန်းတတ်သော လူတစ်ယောက်၊ ကျွန်မပေါ် ဂရုဏာ ဒေါသဖြစ်ကာ စိတ်ကောက်နေခြင်းဖြစ်သည်ဟု ကျွန်မယူဆထားခဲ့သည်။

ဒါကြောင့် ကျွန်မသူ့ကို သစ္စာမသွေဖယ်ကြောင်းပြသနေခဲ့ခြင်းဖြစ်သည်။ မိန်းမဈေးကျကာ ကျွန်မချစ်ပြနိုင်ခဲ့သစ္စာထားနိုင်ခဲ့ခြင်းအပေါ်၌ ဥပေက္ခာပြုနိုင်ခဲ့သော အောင့်အပေါ် ကျွန်မ ယခုမှနားလည်သွားလေပြီ။

အောင်သည် ရွှေလှေခါးထောင်ပေးလျက် မတတ်သောကျွန်မကို ထားရစ်ကာ. . သက်ထားဆိုသော မိန်းမတစ်ယောက်နှင့် လက်တွဲဖြစ်သွားလေပြီဟု. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [ ၁၅ ]

ကျွန်မတို့ တွေ့ဆုံနေကျ ဦးချစ်လက်ဖက်ရည်ဆိုင်မှာ လူကတော့မရှင်း၊ သို့သော် အရှုပ်ကြီးတော့လည်းမဟုတ်ပေ။ ထို့ကြောင့် ကျွန်မအေးအေးဆေးဆေးပင် ထိုင်စောင့်နေခဲ့သည်။

အောင်က တရုတ်စကားပန်းပေးရတာကို သိမ်ငယ်တယ်ထင်၍ ကျွန်မကိုတစ်ခါမှ တရုတ်စကားပန်းမပေးခဲ့သော်လည်း၊ ကျွန်မသည် ကံ့ကော်ပန်းမပေါ်ချိန်၌ တရုတ်စကားပန်း





ကိုပင် ကျွန်မစွဲစွဲမြဲမြဲပန်ခဲ့သည်ကို အောင်အမှတ်ရစေရန် စကားပန်းကိုပန်ပြပြီး အောင်လာနေကျနေရာကို မျက်နှာမူကာ ထိုင်နေလိုက်သည်။

"ရွှေနေဖြစ်နေပြီလား"

"တရားရေးအဆင့် (၃)လာဖြေတာလေ"

ကျောင်း၌ပင် မာစတာတန်းဆက်တက်ပြီး ကျူတာဝင်လုပ်နေသော သူငယ်ချင်းအချို့နှင့် ပြန်ဆုံသည်။

"ငယ်ထွေးကော"

"ရွှေနေလုပ်နေတယ်"

"သတင်းစာထဲသူတို့ မင်္ဂလာသတင်းတော့ တွေ့လိုက်ပါတယ်၊ မင်းတို့သတင်းကောဘယ်တော့လဲ"

"မကြာပါဘူး ယူတို့သိရမှာပါ"

ကျွန်မသည် အငြိုးတေးကြီးသော မိန်းမတစ်ယောက်မဟုတ်ပါ။ မျက်နှာများသော မိန်းမလည်းမဟုတ်။ ပေတသီးကြီးတစ်သားလို အချစ်မျိုးနှင့် တစ်ယောက်ဆိုတစ်ယောက်ကိုသာ စွဲမြဲစွာချစ်တတ်ခဲ့ပြီး၊ ချစ်သူအပေါ်တစ်ဖက်သတ် ဆက်သွယ်မှုနှင့်တောင် သစ္စာရှိရှိနေပြခဲ့သော မိန်းမဖြစ်သည်။

သို့တိုင်အောင်. . . .

ကျွန်မမေတ္တာ ကျွန်မအချစ်၊ ကျွန်မသစ္စာ၊ ကျွန်မ၏သည်းခံမှုအတိုင်းအတာကို အသိအမှတ်မပြုသော "အောင်" လို ယောကျ်ားတစ်ဦးကို ကောင်းစွာပညာပြဖို့တော့လိုအပ်နေပြီ။

ကျွန်မနှလုံးသား၌ အချစ်ကြီး၍ ဖြစ်ပေါ်လာသော

www.burmeseclassic.com

www.burmeseclassic.com



အမျက်ကြီးမှုက နေရာယူကြီးစိုးနေလေပြီ။ သို့သော် တရားခွင်၌ စီရင်ချက်ချရသော တရားသူကြီးတစ်ဦး၏ တည်ငြိမ်ရင့်ကျက်မှု၊ သမာဓိရှိမှု၊ ရင့်ကျက်မှုတို့ကတော့ ကျွန်မကို ကျင့်သားရစေခဲ့ပြီဖြစ်သည်။

"ထိုင်မယ်နော်"

"မအားဘူးကွယ် တို့များအမျိုးသားလာလိမ့်မယ်"

ဒီကြားထဲ ချာတိတ်တို့က ကျွန်မအပါးချဉ်းကပ်ချင်ကြသေးသည်။ ကျွန်မစကားကြောင့်. . .

"ဆောရီး. . အဲ. . ကန်တော့နော် မမ"

ပြောင်ချော်ချော်အပြောတို့နှင့်အတူ အခြားစားပွဲသို့ကူးပြောင်းသွားကြသည်။

"အဲဒါ တစ်ချိန်က လောကွင်း ရှင်လွှန်းဆိုတာပဲကွ"

အင်မတန်ပါးသော ကျွန်မနားသို့ လေသံများတိုးဝင်လာသည်။ ပျားပိတုန်းပေါင်းများစွာ ကျွန်မအပါး၌ တရစ်ဝဲဝဲရှိနေပါလျက် "အောင်" တစ်ယောက်တည်းကိုသာ စွဲမြဲစွာချစ်ခဲ့သော သစ္စာစောင့်ထိမ်းခဲ့သော ကျွန်မအတွက်ရလဒ်က အောင်တစ်ယောက်တည်းကိုသာ စွဲမြဲစွာချစ်ခဲ့သော သစ္စာစောင့်ထိမ်းခဲ့သော ကျွန်မအတွက်ရလဒ်က "အောင်" ၏ စိမ်းကားရက်စက်မှု၊ သစ္စာဖောက်မှုပင်။

သို့ဆိုလျှင် ကျွန်မမေတ္တာနှင့် အောင်မတန်တော့. . ကျွန်မအချစ်နှင့်သစ္စာအတွက်တော့ အောင်တစ်ခုခုပေးဆပ်သင့်သည်။ လာလေပြီ. . . အောင်နှင့်မိန်းမတစ်ဦး။

မနေ့က အောင့်မရီးစကားတို့သည် အမှန်အကန်ပင်



ဖြစ်ကြောင်း သက်သေပြနေလေပြီ။ ကျွန်မ ခပ်ပြုံးပြုံးလေးစောင့်ဆိုင်းနေလိုက်သည်။

အောင်က စားပွဲနားရောက်တော့. . .

"ရောက်နေတာကြာပြီလား လွှန်း၊ အောင်အချိန်အတိအကျရောက်တာပါ"

"ဟုတ်ပါတယ် အောင်အချိန်တိကျပါတယ်၊ ကျွန်မကသာ အတိတ်ခြေရာလေးတွေကောက်ရင်း တမင်စောစောလာခဲ့တာပါ၊ ထိုင်ကြလေ"

ကျွန်မအပေါ်၌ အောင်မျက်နှာပြောင်မျိုးနှင့်လာတွေ့ရသည်ကို ကျွန်မအထူးအံ့သြခဲ့သည်။

"လွှန်း ဒါသက်ထားတဲ့"

"သက်ထား ဒါကိုလတ်ပြောတဲ့ လွှန်းပဲ"

"သက်ထားဆိုတာ အောင်နဲ့စေ့စပ်တော့မယ် ဆိုတဲ့သူလား"

ကျွန်မက တိကျသောဝန်ခံချက်တစ်ခုကို လိုချင်၍ ထပ်မံမေးလိုက်ခြင်းဖြစ်သည်။ အောင်က သက်ပြင်းချလိုက်ပြီးမှ. .

"ဟုတ်ပါတယ် မကြာခင် အောင်နဲ့ စေ့စပ်ဖို့"

"ဩော်. . . တော်တော်တော်တဲ့ ယောက်ျားတစ်ယောက်ပါလား၊ ဒီမှာ ဦးအောင်လတ်"

ကျွန်မ ဝုန်းခနဲထလိုက်သည်။ အောင်က ကျွန်မအပြုအမူအတွက် ထိတ်လန့်ထကြား ဖြစ်သွားပုံရသည်။ သိပ်သိနေသည်၊ ပညာတတ်သော ဆွေကြီးမျိုးကြီးဂုဏ်ကို အင်မတန်ထိန်းတတ်သော အောင့်အတွက် ကျွန်မဘယ်လိုပြစ်ဒဏ်မျိုး ပေးသင့်

www.burmeseclassic.com



သည်ကို တစ်ညလုံးစဉ်းစားထားခဲ့ပြီး ဖြစ်သည်။

"ရှင်ဟာ တော်တော်မျက်နှာပြောင်တိုက်ရဲတဲ့ လူပါလား၊ ရှင်ကျွန်မအချစ်ကို တန်ဖိုးမထားစော်ကားရဲတဲ့အတွက် ရော့ . . ဒါရှင့်အတွက် ပြစ်ဒဏ်ပဲ"


စကားသံမဆုံးခင်၌ "ဖြန်း"ခနဲအသံနှင့်အတူ ကျွန်မဘယ်လက်ဝါးပြင်သည် ပူခနဲဖြစ်သွားသည်။ ကျွန်မ လက်သံပြင်းမှုကြောင့် အောင်မျက်နှာနီသွားသည်။

တစ်ဆက်တည်းမှာပင် . . အသင့်ဆုပ်ကိုင်ထားသော ကျောက်စိမ်းလော်ကတ်နှင့် သူ့မျက်နှာသို့ ပစ်ပေါက်လိုက်ပြီး။

"ရော့ . . . သစ္စာမဲ့သူရဲ့ ချစ်သက်လက်ဆောင်ဟာ ကျွန်မဘဝကို ပူလောင်စေတယ်၊ ရှင့်မျက်နှာကို ဒီတစ်သက် မဟုတ်ဘူး၊ သံသရာအဆက်ဆက် မဆုံဆည်းရပါစေနဲ့လို့ ဆုတောင်းလိုက်ပါတယ်"

စကားအဆုံး၌ ကျွန်မသည်လည်း အောင့်ကို ချာခနဲ ကျောခိုင်းပြီး ထွက်ခဲ့သည်။ အောင်အရှက်ကြီးရှက်ကာ ဘယ်လို ကျန်ခဲ့မည်ကို ကျွန်မ မသိလိုက်တော့ချေ။

သွားပြီ။ ကျွန်မဘဝထဲက အောင့်ကို အပြီးတိုင်ထုတ်ပစ်လိုက်ဖြစ်ကြောင်း ကျွန်မကိုယ်ကျွန်မ ကောင်းစွာနားလည်လိုက်သော်လည်း၊ မွမွကြေကွဲသွားခဲ့သော နှလုံးသားကြောင့် ရင်မှာတော့ မနာကျင်ပဲရှိနိုင်ပါအံ့နည်း။



# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com





# အခန်း [ ၁၆ ]

"ဟယ်. . ရှင်လွန်း မိန်းကလေး တစ်ညလုံးမအိပ်သေး
ဘူးလား"

ဒေါ်ဒေါ်ဒေါင်းက အာရုံဆွမ်းအမှီချက်ပြီး ဆွမ်းကပ်
လေ့ရှိသဖြင့် နံနက်စောစောအထတွင် ကျွန်မကို မြင်တော့
တအံ့တသြမေးလိုက်သည်။

ထိုအခါမှ ကျွန်မသည် အတိတ်အိပ်မက်က နိုးထလာ





ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ဘုရားရေ စီးကရက်ဗူးခွံ တစ်ခုနှင့်အတူ ဖင်စီခံတွေကလည်း ဆေးလိပ်ခွက်ထဲမှာ ပုံနေပါလား။

"ဒေါ်ဒေါ်ဒေါင်း ကျွန်မအိပ်တော့မယ်. . ဖုန်းလာရင် ကျွန်မခရီးတစ်ခုကို အရေးကြီးထွက်သွားပါတယ်လို့သာ ပြော လိုက်ပါ၊ အခုနေ ဘယ်သူလာလာ တံခါးလုံးဝဖွင့်မပေးပါနဲ့၊ ကျွန်မဘဝအတွက် အရမ်းအရေးကြီးနေလို့ပါ"

"အေးပါ မိန်းကလေးရယ်"

"ကျွန်မ စိတ်ချပါရစေနော်"

"စိတ်ချ လက်ချသာအိပ်ပါ"

ကျွန်မဘဝက ဝန်ထမ်းဖြစ်နေခြင်းကြောင့် ယနေ့သော နေ့ရက်နွေနွေ့ မဟုတ်ဘူးဆိုပါက ကျွန်မမည်သို့ လုပ်ရမည်ကို စဉ်းစားနိုင်အောင် ဖြစ်ခဲ့ရသည်။

ကျွန်မ အိပ်ခန်းထဲဝင်ခဲ့သည်။ ယခုတလော စဉ်းစား တွေးတောမှုတွေ များလွန်းလှသဖြင့် မိုက်ခနဲမူးဝေကာ လဲသွား သော ကျွန်မကို ဆရာဝန်က ပြည့်ပြည့်ဝဝအနားယူရန် လိုအပ် ကြောင်း ထပ်ပြောပြီး အိပ်ဆေးလည်း ပေးခဲ့သည်။ ထိုဆေး ကို ယူသောက်ရင်း အိပ်ပျော်ခြင်းကို ကျွန်မ ဖန်တီးယူလိုက် သည်။

နှောင် ညီနှောင်ဆိုသော ချာတိတ်သည် ငြိမ်သက်နေ သော ကျွန်မ၏ နှလုံးသားကန်ရေပြင်ကို ခဲချလိုက်သောသူ ဖြစ် သည်။ ထိုချာတိတ်က အောင့်ညီတဲ့. . .။

"ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါ" ဟု ပြောကြသူများ

www.burmeseclassic.com

www.burmeseclassic.com



ဓါးစတားကို ကျွန်မ လက်ခံရလေပြီ။ ကျွန်မ အောင့်မိဘ ဘယ်
သူဘယ်ဝါဆိုတာကို မစုံစမ်းခဲ့ မစပ်စုခဲ့သကဲ့သို့ နောင့်မိဘ
ဘယ်သူလည်းဆိုတာကိုလည်း မစုံစမ်းခဲ့။

နောင်က ကျွန်မထက်အသက်ငယ်နေခြင်းနှင့် ပညာ
ဆုံးခန်းတိုင်အောင် မသင်ကြားရခြင်းကပင်လျှင် ကျွန်မအတွက်
ထိန်းချုပ်မှုတွေက များခဲ့သည်။

ကလေးမုန့်ပေးကြိုက်တာဟူသော စွဲချက်ကို ကျွန်
လက်မခံနိုင်။ ကျွန်မအမေလိုဖြစ်ရပ်မျိုး ကျွန်မအပေါ် ဆို
ရောက်လာခြင်းအတွက် ကျွန်မစိတ်ကို တတ်နိုင်သမျှဆုံးမ
နေသည်ကြားက နောင်၏ မျက်နှာညှိုးခြင်းကို ကျွန်မမခံစာ
နိုင်အောင် ဖြစ်နေသည်။

အောင့်ကြောင့် သေဆုံးသွားရသော. . ကျွန်မ၏
လောင်ငုတ်တိုပမာ နှလုံးသားသည် နောင့်ကြောင့် အချစ်ရှ
သစ်ဝေခဲ့ရသည်။

ယခုတော့ အချစ်ကံဆိုးသွားရသော ကျွန်မအတွ
နောင့်ကို ခွဲခွာရခြင်းအတွက် ဖြစ်ပေါ်လာသော ကံတရား
ထပ်မံကုစားရပေဦးမည်။

အိပ်ဆေးအရှိန်ဖြင့် အိပ်မပျော်ခင်မှာပင် ခံစားရသေ
ကျွန်မ ဝေဒနာကြားက ဆုတောင်းမေတ္တာပို့ရသည်က အခါ
အလီလီပင်။

နောင်ကို ကျွန်မချစ်သော အချစ်ကစစ်မှန်ပါသည်။
သစ္စာစကားကြောင့် နောင့်ဘဝ ယခင်အတိုင်း ကျန်းမာချမ်းသ
ပကတိရှိရပါလို၏. . . အရှင်ဘုရားဟု။





အိပ်မက်လို မပီပိုးတဝါးကြားက လျှပ်စစ်ခေါင်းလောင်း
သံ၊ အောင့်သံနှင့် ဒေါ်ဒေါ်ခေါင်းအသံများကို ကြားရသော်
လည်း ကျွန်မ မထနိုင်ခဲ့ပါချေ။ ခြောက်လှန့်တတ်သော အိပ်မက်
ဆိုးတစ်ခုကို ကျွန်မရင်ဆိုင်နေရသကဲ့သို့ ဖြစ်နေသည်။

"ညတွင်းချင်းပဲ ခရီးထွက်သွားတယ်၊ ဘာမှလည်း မေး
လို့မရပါဘူးကွယ်"

"မဟုတ်သေးပါဘူး၊ ကျွန်တော်သူနဲ့ တွေ့ချင်ပါသေး
တယ်"

"တွေ့ချင်ရင် တနင်္လာနေ့. . အဲ. . မနက်ဖြန်တော့ သူ
ပြန်ရောက်ရမှာပဲ ဒေါ်ဒေါ်ဘာပြောပေးရမလဲ"

"နောင်သတိပြန်လည်လာပြီ. .၊ သူ့ကိုပဲတနေတဲ့အ
ကြောင်း ပြောပြလိုက်ပါ"

"အို. . နောင်လေးလား၊ နောင်လေးဘာဖြစ်လို့လဲ"

နောင်သည် အိမ်ကိုဝင်ထွက်သွားလာနေသော သူဖြစ်
သဖြင့် ဒေါ်ဒေါ်ခေါင်းနှင့်လည်း နောင်သည်အကျွမ်းဝင်ကာ
သံယောဇဉ်တွယ်နေသူဖြစ်သည်။

ထို့ကြောင့် ထိတ်ထိတ်ပြာပြာနှင့် မေးလိုက်ပုံရသည်။

"ကားအက်ဆီးဒင့်ဖြစ်လို့လေ၊ ခုဆေးရုံမှာတင်ထားရ
တယ်၊ အဲဒါရှင်လွန်းကိုပဲတနေလို့ မေမေတို့ကလည်း ခေါ်ခိုင်း
လိုက်လို့ပါ"

"ဖြစ်ရလေကွယ် ဒေါ်ဒေါ်ကိုတောင် သူမွေးနေ့လာလို့
အတင်းဖိတ်သေးတာ၊ ဒေါ်ဒေါ်ဇွတ်ငြင်းခဲ့တာ၊ မိန်းကလေး. .
ဒေါ်ဒေါ့်ဖုန်းဆက်ရင် ဒေါ်ဒေါ်အကျိုးအကြောင်း ပြောပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်၊ နောင်လေးအတွက် ဒေါ်ဒေါ်ဘုရားမှာ ဆုတောင်းပေး နေကြောင်း ပြောပြလိုက်ပါ၊ ဩော်. . . ဒါကြောင့် ရှင်လွှန်း ဒီလောက်အထိ မူပျက်နေတာကိုး"

"ကျွန်တော်ပြန်ပါဦးမယ်"

"အေးကွယ် အေးအေး. . စိတ်မကောင်းပါဘူးကွယ်"

ဒေါ်ဒေါ်ဒေါင်း မညာချင်ပဲညာလိုက်ရသည်ကို ကျွန်မ နားလည်ပါသော်လည်း မတတ်နိုင်၊ ကျွန်မအခုလိုအနေအထား မျိုး၌ မှန်ကန်သော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နိုင်မည်မဟုတ် ပါ။

ကျွန်မ အောင့်အတွက် ဝမ်းနည်းကြေကွဲခြင်းမှ နာ ကျည်းမုန်းတီးခဲ့သည်။ အောင့်ကိုခွင့်မလွှတ်နိုင်သောစိတ် ကျွန်မနှလုံးသားကို နှစ်အတော်များများ ပူလောင်စေခဲ့သည်။

အောင့်ကို မေ့ပျောက်ဖို့ အတော်ကြိုးစားယူခဲ့ရသည်။ အောင့်ကို မေ့ပျောက်ပြီး မကြာခင်၌ ညီနောင်ဟူသော ချာတိတ် လေးက ကျွန်မဘဝကို ထူးဆန်းစွာဝင်ရောက်လာခဲ့သည်။

ပြီးတော့ ဟိုချာတိတ်ကပင်လျှင် ကျွန်မ၏ မီးလောင် ငုတ်တိုနှလုံးသားကို အချစ်သစ်ပင်သစ် ဖြစ်ပေါ်စေခဲ့ပြန်သည်။ ရှင်သန်လာသော နှလုံးသားအသစ်နှင့် အချစ်စစ်အသစ်မှာ လည်း ကျွန်မကို ထိရှနာကျင်မှုအစပြုနေပြန်ပြီ။

နောင်ရယ်. . . မင်းကို တို့တကယ်ချစ်ခဲ့တာပါကွယ် ဘုရား. . ဘုရား. . မင်းလူကောင်း ပကတိဖြစ်ပါစေ။ ရင်တွင်း တမ်းတမှု၊ စိုးရိမ်ပူပန်မှုက အိပ်ပျော်ခြင်းကို မရောက်အောင် တားဆီးထားလေသည်။





"မိန်းကလေး အိပ်သွားပြီလား"

"ကျွန်မအားလုံးကြားပါတယ်၊ ခေါင်းဘယ်လိုမှ မထူနိုင် ဘူး၊ ဒေါ်ဒေါ်ကြည့်ကောင်းအောင်သာ ဖုံးကွယ်ထားလိုက်ပါ"

ဒေါ်ဒေါ်ဒေါင်းကို ပြန်၍အသံပြုပြီး မှာကြားလိုက်ရ သည်။ ကျွန်မ နောင့်ကိုသွားတွေ့သင့်သလား။ နောင်သည်. . အံ့ဩစရာကောင်းသော ချာတိတ်တစ်ဦးပင်၊ သူ့ပတ်ဝန်းကျင် ၌ သက်တူရွယ်တူ နေတူသော ဆေးတက္ကသိုလ်ကျောင်းသူ အ များအပြားရှိပါလျက် ကျွန်မလို သူ့ထက်အသက်ကြီးသော မိန်းမ တစ်ယောက်ကိုမှ ဇွတ်ချစ်ရဲခဲ့သည်။

ကျွန်မ နောင့်ကို စတွေ့ကတည်းက စိတ်လှုပ်ရှားမှုများ နှင့် စတင်ခဲ့ရသည်။ လွတ်လပ်ပေါ့ပါးစွာ ပြောဆိုနေထိုင်တတ် သော နောင့်အပြုအမူလေးတွေကို ကလေးဆန်ပြီး ကျွန်မဘဝ ကို ဆွဲဆောင်နိုင်ခြင်းဖြစ်ခဲ့ကြောင်း ကျွန်မစိတ်ကိုကျွန်မ နား သည်စွာ သိရှိခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [ ၁၇ ]

တရားရုံးစီရင်ချက်ချရမည့် အမှုတွဲအတွက် ညကဖြ
ဆင်ရသည်။ အိပ်ယာဝင်နောက်ကျခဲ့သည်။ တက်လာသေ
အမှုတွဲတွေကို စိစစ်ပြီး ရုံးထိုင်စစ်ဆေးရသည်။ ရုံးချိန်ကလည်
တစ်ခုပြီးတစ်ခုဖြစ်နေရာ ထမင်းစားချိန်လေးမှအပ ညနေသေ
နာရီပင် ကျော်သွားချင်သည်။

မမြင့်ဝံ့ဆေးဆရာ၊ မနာဝံ့တရားသူကြီးဆိုသကဲ့သို့ န
အာရုံခံစားရမှုများကလည်း မသက်သာလှ။ တရားရုံးအ





လက်အောက်ဝန်ထမ်းထဲမှ အလုပ်သမားတစ်ဦး အလုပ်သမားဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသဖြင့် သွားရောက်ပြီး လူနာသတင်း မေးရသေးသည်။

ထိုမှအပြန် မိုက်ခနဲမှုးမှုးနေသော ကိုယ့်ကျန်းမာရေးအခြေအနေကို စစ်ဆေးရန် ဆေးခန်းတစ်ခုသို့ဝင်ကာ စမ်းသပ်ခံကုသမှုခံယူကာ အပြန်အိမ်နှင့်လည်း နီးနေပြီဖြစ်သဖြင့် ဆိုက်ကားတစ်စီးစီးကာ ပြန်ခဲ့သည်။

ဆိုက်ကားသမားလူငယ်က လူငယ်စိတ်ဖြင့် အားကုန်နင်းရာမြန်ဆန်လွန်းသဖြင့်. . .

"ဟဲ့. . ဖြေးဖြေးနင်း ငါအလျင်မလိုဘူးနော်"

ဟုပြောသည့်ကြားက နားထောင်ရကောင်းမှန်းမသိ၊ လမ်းဆုံတစ်ခုတွင် ကားလာနေမှန်းသိလျက် အတင်းဖြတ်အကွေ. . .

"ဟဲ့. . တိုက်မယ်"

"ကျွိ"ဟူသော ကားဘရိတ်အုပ်သံနှင့်အတူ ဆိုက်ကားသည်လည်း ပွဲနေသော ကတ္တရာလမ်းခင်း၏ ဘေးနှုတ်ခမ်းချိုင့်ထဲအထိ ဘီးတစ်ဘက်ကျကာ တိမ်းမှောက်သွားလေသည်။

"ဘုရား. . ဘုရား"

ဆိုက်ကားလည်း ရေများနှင့်ပြည့်နေသော ထိုချိုင့်ခွက်ထဲသို့ လဲကျသွားရာ ကျွန်မတစ်ကိုယ်လုံးလည်း ဆိုက်ကားထဲမှ ချိုင့်ခွက်ထဲသို့ ကျသွားလေတော့သည်။

"မင်းကွာ ငါအတန်တန်ပြောရဲ့နဲ့. ."

ကျွန်မတစ်ကိုယ်လုံး ထူပူသွားပြီး ရှက်ရှက်နှင့်ရှန်းထပြီး



www.burmeseclassic.com

www.burmeseclassic.com



လွင့်ကျနေသော ဖိုင်တွဲကို အရင်ပြန်ကောက်ရသည်။ အမှုဖိုင်တွဲဖြစ်သည်။ ရေလွတ်ရာ မြေမာပေါ် ကျနေ၍ တော်သေးသည်။ ရေမစို၊ အပျက်စီးမရှိ။

ကျွန်မဖိုင်တွဲကုန်းကောက်စဉ်. . .

"ထိမိသွားသေးလားခင်ဗျာ ကျွန်တော်ဘာအကူအညီပေးရမလဲ"

ဖိုင်တွဲကို ကျွန်မထက်ဦးအောင် ကောက်ပေးမယ့် သူရှိနေသည်။ ချာတိတ်ကလေးတစ်ဦးက ကျွန်မလက်ထဲဖိုင်တွဲကို တရိုတသေကမ်းပေးသည်။

ဆိုက်ကားသမား ငမိုက်သားကတော့ သူ့ဆိုက်ကားကို သူ,မရင်း. . 'အား. . ကျွတ်ကျွတ်'ဟုဆိုကာ ခြေထောက်ကိုလည်း နာကြင်ဟန်ပြနေလေသည်။

"ငါ့သတိပေးရဲ့နဲ့ နင်ဇွတ်နင်းတယ်၊ နင့်အပြစ်နင်ခံတော့. ."

ဖိနပ်တစ်ဘက်က ကျွတ်နေသဖြင့် ရှာကာ စီးလိုက်ရသေးသည်။ နောက် လက်ကိုင်အိတ်ဖိုင်တွဲကောက်ပေးသောလူငယ်ကပင်ကောက်ပြီး ကျွန်မလက်ထဲကို ထည့်လိုက်ရင်း. .

"ကျွန်တော်ပြန်ပို့ပေးရမလားခင်ဗျား ထိခိုက်မိသွားသလား"

ဩော်. . ကားတစ်စီးက အနားမှာရပ်နေသည်။ ဆိုက်ကားကအမှား ကားကသူ့လမ်းကျယ်သူမောင်းလာတာ၊ အရှိန်လည်းမပြင်း၍ ကျွန်မ အခုမှုလောက်သာ ခံလိုက်ရခြင်းဖြစ်သည်။





"ရတယ်. . ရတယ်. . မလိုဘူး၊ မင်းအပြစ်မဟုတ်ဘူး ဆိုက်ကား. ."

ရှက်ရှက်နှင့်ပြောလိုက်ပြီး ကားလမ်းမပေါ်ရှိ ဆိုက်ကားလွတ်တစ်စီးအဖြတ်တွင် လှမ်းတားကာ "သီတာလမ်းကိုနင်း" ဟုပြောပြီး တက်လိုက်ခဲ့လိုက်လေသည်။

မဆင်မခြင်နင်းသော ဆိုက်ကားသမားကိုတော့ လှည့်မကြည့်တော့၊ အိမ်ရောက်တော့. . .

"ဟဲ့ဘယ်လိုဖြစ်တာလဲ မိန်းကလေး. ."

" မပြောချင်ဘူး ဒေါ်ဒေါ်ဒေါင်းရေ ဆိုက်ကားသမားလေ ဂျက်လေယာဉ်မောင်းနေသလား ထင်မှတ်ရတယ်၊ သတိပေးနေတဲ့ကြားက မှောက်ရော"

"ဘယ်ထိသွားသလဲ"

"ရေအရင်ချိုးလိုက်ဦးမယ် ခေါင်းမထိအောင် သတိထားလိုက်ရတယ် ပွန်းတာပဲ့တာတော့ရှိမယ် မကျိုးမပဲ့လို့ တော်သေးတယ်"

ပြောပြောဆိုဆို ရေချိုးခန်းဝင်ခဲ့သည်၊ အာရုံက ဖိုင်တွဲပေးသော လက်ချောင်းများက ဖွေးသန့်စင်ကာ လက်သူကြွယ်၌ ကျောက်စိမ်းကို စိန်စီထားသော လက်စွပ်ကွင်းက ထင်းနေသည်ကို အမှတ်ထားမိခဲ့သည်။ အောင်လည်း ထိုလက်စွပ်မျိုးဝတ်တတ်သည်။ ယောကျ်ားများသည် များသောအားဖြင့်. . ကျောက်စိမ်းကို ဝတ်တတ်ကြသည်ထင့်။

အောင်နှင့်ပတ်သက်၍ အရာရာကို စိုးမိုးနေဦးမှာလား။ ကျွန်မရေချိုးခန်းမှ ထွက်လာပြီးနောက် အမှုန်းအပွဲများ



www.burmeseclassic.com

www.burmeseclassic.com



ကို ဦးစိုင်းလိမ်းပြီးတော့သာ ကုစားမှုလုပ်လိုက်ရသည်။ အညို အမဲနှင့် အပွန်းအပဲ့လောက်ပဲဖြစ်သွားတာမို့ တော်သေးသည် ဟု စိတ်မှာတွေးနေစဉ် ဒေါ်ဒေါ်ဒေါင်းက

"မိန်းကလေး ရေချိုးနေတုန်းက ရှင်ထွေးဆီက တယ်လီဖုန်းလာတယ်"

"ဟုတ်လား ပြန်ဆက်မယ်တဲ့လား"

"ဆက်မယ်တဲ့. . ဒေါ်ဒေါ်က မိန်းကလေး ဆိုက်ကားမှောက်လာတဲ့အကြောင်း ပြောပြလိုက်လို့တောင် စိတ်ပူသွားတယ်"

"ဘာမှမဖြစ်စလောက်လေးနဲ့ သွားပြောနေရသေးလား ဒေါ်ဒေါ်ရယ် အလကားစိတ်ပူမှာပေါ့"

အမေဆုံးသွားပြီးနောက် ညီမနှစ်ယောက်သာ အရင်းအချာကျန်သဖြင့် တစ်ယောက်ကိုတစ်ယောက် စိုးရိမ်နေကြသော်လည်း ထွေးက တောင်ငူသား သူဌေးသားတစ်ယောက်နှင့် အိမ်ထောင်ကျပြီး တောင်ငူ၌ပင် နေလေသည်။

ထွေးအိမ်ထောင်ရေး ကံကောင်းသည်ဟုဆိုရမည်၊ သူငယ်ချင်းလည်းဖြစ်၊ တစ်မြို့တည်းသားချင်းလည်းဖြစ်၊ ရှင်ထွေး၏ ရိုးသားကြိုးစားသော အစွမ်းအစကိုလည်း ယောကျာ်းလေးရှင်ဘက်က သဘောကျသဖြင့် အမေမဆုံးခင်နှစ်မှာပင် တောင်ငူယူလက်ထပ်ခဲ့ခြင်းဖြစ်သည်။

အမေရှင်ထွေးကို စိတ်ချသွားခဲ့သော်လည်း ကျွန်မကိုမူ စိတ်မချနိုင်ခဲ့၍. . .

"ရှင်လွှန်း. . အိမ်ထောင်ရေးဟာ တစ်သက်မှာတစ်ခါပဲ





ပြုတာအကောင်းဆုံးပဲ. . နှလုံးသားကိုချည်း ဦးစားမပေးနဲ့၊ ဦးနှောက်နဲ့ပါချင့်ချိန်ပါကွယ် သမီးပညာတတ်ပါ၊ အမေမိုက်တွင်းနက်ခဲ့သလို မနက်နဲ့၊ နောင် သမီးလောကကြီးမှာ အချစ်တစ်ခုတည်းနဲ့ မပြီးပြည့်စုံနိုင်ပါဘူး သမီးရယ်"

အမေသေခါနီးအချိန်အထိ ကျွန်မကို တဖွဖွမှာ၍မဆုံးနိုင်အောင်ဖြစ်ရသည်။

"ကြီးကြီးတို့စကားနားထောင်နော် လူကြီးမိဘသဘောမတူတဲ့အလုပ်ကို မလုပ်မိပါစေနဲ့"

"ရှင်ထွေး နင့်အစ်မကို စောင့်ရှောက်နော်" ဟုလည်း ပြောင်းပြန်မှာသွားလေသေးသည်။

ရှင်ထွေးက အမှန်တကယ်ပင် ကျွန်မကို ပြန်စောင့်ရှောက်နေရသည်။ တောင်ငူ၌ သားအမိသုံးယောက်အတူနေခဲ့သော အမေ့အိမ်ကို ထွေးကမရောင်းပဲ အမှတ်တရထားကာ တောင်ငူ၌ ခေတ္တခဏအမှုလာထမ်းကြသူ အမှုထမ်းအရာထမ်းတို့ကိုသာ စပေါ်နည်းနည်း အိမ်လခသင့်တင့်ရုံနှင့် ငှားလေ့ရှိသည်။

ရှင်ထွေး၏ ကြိုးစားမှု လုံ့လဝီရိယကြောင့် ခုချိန်တွင် ရှင်ထွေးသည် ဘီအက်စ်စီနှင့်ဘီအီးဒီဘွဲ့ရယူကာ တောင်သူမြို့ပေါ်ကျောင်း၌ အထက်တန်းပြတာဝန်ထမ်းဆောင်ရင်း သားသမီးနှစ်ယောက်ပင် ထွန်းကားခဲ့လေသည်။

ထွေးသည် သားသမီးများ၏ ကရိကထကိုပင်အဆရာမလိုဘဲ ယောက္ခမများ၏လက်ပေါ်၌ပင် အချိန်ကုန်နေသဖြင့် ထွေးကိုအားလုံးက "မိဘအပေါ် သိတတ်တဲ့ သမီးအလိမ္မာလေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကံကောင်းလိုက်တာ၊ ကြည့်စမ်းလင်ကလည်းချစ်၊ ယောက္ခမ၊ ယောင်းမတွေကလည်းချစ်နဲ့ ဘယ်လောက်ကုသိုလ်ထူးလိုက်သလဲဆိုတာ ဒါပေါ့၊ စေတနာမှန်တဲ့ကံတရားဆိုတာ ကြည့်ထားကြ. . ကြည့်ထားကြ"

ရှင်ထွေးသည် မိခင်များ သားသမီးအပေါ်ဆုံးမမှုအတွက် နမူနာကောင်းဖြစ်ခဲ့ရသည်။

"တယ်လီဖုန်းလာပြီ ရှင်လွန်းရေ"

ထမင်းစားနေရာမှ ဧည့်ခန်းသို့အပြေးတပိုင်းထွက်ပြီး ဖုန်းကိုင်လိုက်ရသေးသည်။

"ဟဲလို"

"မလွန်း ဘယ်ထိသွားသေးသလဲ"

"အလကား. . ဒေါ်ဒေါ်ဒေါင်းက လျှောက်ပြောနေတာ ပွန်းရုံလောက်ပါ"

"သေချာရဲ့လား"

ထွေးအသံ၌ စိုးရိမ်ပူပန်မှုတွေ အပြည့်ရှိနေသည်။

"ငါ့ညာပ့်မလား ကလေးတွေနေကောင်းကြရဲ့လား"

"ကောင်းပါတယ်၊ ခုပဲ ကိုရဲနဲ့ပြောနေတာ၊ မလွန်းကို ကားတစ်စီးဝယ်ပေးထားမှ ဖြစ်မယ်လို့"

"ဟယ် မဟုတ်တာ၊ ရတယ် မလိုဘူး"

"မလွန်းက ထွေးဝယ်ပေးတာဆို လက်မခံဘူးဆိုတဲ့ သဘောလား၊ ငွေရင်းမြှုပ်ထားတဲ့သဘောပါ၊ မမကစီးရင်း ထိန်းသိမ်းထားဖို့ပဲ"

"တာဝန်ကြီးတယ်. . ငါ့ဖာသာဆိုက်ကားနဲ့သွားသွား



တက္ကစီနဲ့သွားသွား အဲဒါစိတ်လွတ်လပ်တယ်"

"လူမှုရေးကိစ္စတွေ ညဘက်သွားလာရတဲ့အခါ အဆင်ပြေတာပေါ့၊ သီတင်းကျွတ်ပိတ်ရက် ညီမတို့လင်မယားလာခဲ့မယ်"

"ကလေးတွေပါခေါ်ခဲ့ဟာ"

"ရမှာမဟုတ်ဘူး၊ သူ့ အဘိုးအဘွားတွေပါမှဖြစ်မှာ. . နေပါစေ သူတို့ပါရင် တာဝန်ကြီးတယ်၊ ကိုရဲက ညီမတို့အတွက်လည်း တစ်စီးထပ်ဝယ်ရင်း မမအတွက်လည်း တစ်စီးဝယ်ထားပေးခဲ့မယ်ပြောတယ်"

"ငါ့အတွက်မလိုဘူးနော်"

"မလိုလဲမရဘူး ထိန်းသိမ်းထားပေးရမှာပဲ"

"ထွေးရယ်. . ယောက်ျားက သဘောကောင်းတိုင်း နင်အနိုင်မကျင့်နဲ့၊ ငါ့အတွက် နင်ဘာမှ လုပ်ပေးစရာမလိုဘူးရတယ်"

ကျွန်မစကားကို ထွေးလက်ခံမည်မဟုတ်. . .

"အဲဒီကိစ္စက ထွေးပြောတာမဟုတ်ဘူး၊ ကိုရဲကစပြောတာ မလွန်းကသိပ်ခေါင်းမာတာပဲတဲ့"

"ထင်လို့ပါ. . ဘာပြောစရာရှိသေးလဲ ငါထမင်းစားရင်းတန်းလန်းနဲ့"

"ဟင်. . ထမင်းကို ဒီအချိန်မှာစားတယ် အစားလည်းမမှန်ဘူးထင်တယ်"

"တော်စမ်းပါထွေးရာ ငါ့မှာ ငိုစားရယ်စားမဲ့သူမှ မရှိတာ၊ ငါ့ဘာသာ စိတ်လွတ်ကိုယ်လွတ် နေစမ်းပါရစေ၊ ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



နင်ဘာမှ စိုးရိမ်မနေနဲ့ထွေး၊ နင်စိုးရိမ်ပူပန်ပြီး ဂရုစိုက်ရမှာက ကိုရဲနဲ့ နင့်သားသမီးတွေပဲ"

"သူ့ကိုလည်း ထွေးပစ်ထားတာမှ မဟုတ်ပဲ၊ ကဲပါလေ မလွှန်းဘာမှမဖြစ်ရင်ပြီးတာပါပဲ၊ ထမင်းသွားစားတော့၊ ကျောင်း ပိတ်ရက်မှ ထွေးလာခဲ့မယ်ဆိုတာတော့ ကြိုတင်အကြောင်းကြား တယ်နော်"

"အေးပါ. . ဒါဘဲနော်"

ကျွန်မ တယ်လီဖုန်းချလိုက်ပြီးနောက် သက်ပြင်းတစ် ချက်ချလိုက်မိသည်။ အမေ့အပေါ်၌ ကျွန်မတာဝန်မကျေခဲ့၍ မဟာဥပဒေဆက်မတက်ပဲ တရားရေးဝန်ထမ်း အဆင့်(၄)နှင့် ပင် တောင်ငူတရားရုံး၌ တာဝန်ထမ်းဆောင်ခဲ့သည်။ အိုးမကွာ အိမ်မကွာ အမေ့အား စောင့်ရှောက်ခဲ့သည်။ သို့သော် အမေ သဘောတူသော လာစပ်ဟပ်ကြသောသူများကိုတော့ ကျွန်မ ငြင်းဆန်ခဲ့သည်။ ကြီးကြီးတို့ကလည်း ကျွန်မအတွက် သတို့သား ရှာပေးခဲ့ကြသည်။ ကျွန်မ အားလုံးကိုငြင်းပယ်ခဲ့သည်။

ကျွန်မနှလုံးသားမပါသော အိမ်ထောင်ရေးတစ်ခုကို ကိုယ့်ဘဝမြင့်မားရုံ၊ လုံခြုံရုံအတွက်ဟူသော မခိုင်လုံသော အ ကြောင်းပြချက်မျိုးနှင့် လက်ထပ်လိမ့်မည်မဟုတ်။

ဒါကို အမေနားမလည်ဘူးလား၊ အမှန်တော့ အမေ နားလည်သည်။

"ရှင်လွှန်း ညည်းဟာ အမေလိုပဲ အစွဲအလန်းကြီးတယ် အစွဲအလန်းဟာ လူ့စိတ်ကို ဘယ်လောက်ဒုက္ခပေးသလဲဆိုတာ အမေ့ကိုကြည့်ပြီး သင်ခန်းစာယူနိုင်ပါရက်နဲ့ ညည်းမယူခဲ့ပါလား





အ" ဟုလည်း အမေက ဝမ်းနည်းစကားဆိုခဲ့လေသည်။

ဒါပေမယ့် ကျွန်မသည် အောင့်ကို နာကျည်းစွာမုန်းတီး နေသည်မှန်သော်လည်း အောင့်နေရာတွင် အစားထိုးကာ. . ယောက်ျားတစ်ယောက်၏ရင်ခွင်ကို ဝင်ဖို့ဆိုတာ ကျွန်မအ တွက်တော့ အချစ်မပါပဲ ဝင်ရမှာကိုကြောက်ခဲ့သည်။

အောင့်ကို မျှော်လင့်၍လားဆိုတော့လည်း မဟုတ်၊ ကိုယ့်စိတ်ကိုသေချာစွာ နားလည်ပါသည်။ ခုနေ အောင့်ဘက်က ဘယ်လိုနှင့်တောင်းဆိုဆို ကျွန်မပြန်လည်လက်ခံတော့မည် မဟုတ်ပါ။

ကျွန်မနှလုံးသား၌ရှိသော အချစ်သည် အောင်နှင့်အတူ နာကျည်းမှုအကျဉ်းထောင်၌ ချထားခြင်းခံလိုက်ရလေပြီဖြစ် သောကြောင့်ပင်. . ။

ထွေးနှင့်ကျွန်မ ကုသိုလ်ကံခြင်း မတူညီပါလေ။ ထွေးကို ချစ်ခင်စွဲလန်းသော ကိုရဲထွန်းက မိဘစုံရာနှင့် လာရောက် တောင်းဆိုသည်။ ထွေးကလည်း ကိုရဲထွန်းကို နှစ်သက်သည် ဆိုကာ တစ်ခါတည်းပွဲသိမ်းသွားခဲ့သည်။

ထွေးလို အချစ်ရေး အိမ်ထောင်ရေး ကံကောင်းမှုမျိုး ကျွန်မတစ်သက် မရနိုင်တော့သည်ကို ကျွန်မသိပါသည်။ ထို့ ကြောင့် ကျွန်မဘဝကို ဝါသနာပါသော အလုပ်တာဝန်ထဲ၌ မြှုပ် နှံရင်း အချိန်တို့သည် တရွေ့ရွေ့နှင့် ကုန်ဆုံးခဲ့ရသည်။

"နေ့လည်က ဟိုပွဲစားမနဲ့ လင်မယားနှစ်ယောက် မိန်း ကလေးကို လာမေးကြသေးတယ်"

"အမှုသည်တွေ ခေါ်လာပြန်ပြီထင်တယ် လက်မခံနဲ့



www.burmeseclassic.com

www.burmeseclassic.com



နော် ဒေါ်ဒေါ်ဒေါင်း”

“တံခါးဖွင့်မပေးလိုက်ပါဘူး ကျွန်မတူမ လက်ခံ မဟုတ်ဘူးဆိုပြီး ပစ္စည်းတွေလည်း မယူလိုက်ပါဘူး”

“ထင်တယ်၊ ရုံးချိန်းတစ်ခုမှာ အဲဒီပွဲစားမကို မြင်လို ကတည်းက အိမ်ရောက်လာလိမ့်မယ်လို့၊ သူက အိမ်မြေတို ကား ကားပွဲစားတင်မကဘူး အမှုပွဲစားပါလိုက်လုပ်နေတာ သတိထား . . သတိထား အများမိုးခါးရေသောက်လို့ ကိုယ်လို သောက်ရတာမျိုး အဖြစ်မခံနိုင်ဘူး၊ ကျွန်မမှာ ငိုစားရယ်စား လည်းမရှိဘူး ဥပဒေအတိုင်း အမှန်အကန်ဖြစ်စေရမယ်လို့ ပြောလိုက်ပါ”

ကျွန်မစိတ်ကိုလည်း ဒေါ်ဒေါ်ဒေါင်းက နားလည်ပြီး သည်။ တကိုယ်ရေတကာယကျွန်မသည် ထွေး၏ပံ့ပိုးမှုကြော ရင်း၊ မိမိ၏ အရာရှိလစာကရင်း ပံ့ပိုးထားသဖြင့် အမတော် သီလစောင့်နိုင်ခဲ့သည်။ ဒါကိုကပင်တရားသူကြီး ဒေါ်ရှင်လ ဆိုလျှင် ဖြောင့်မှန်တယ်ဟူသော ဂုဏ်သတင်းသိက္ခာ တစ်ခု ရှင်သန်နေခဲ့ရခြင်းဖြစ်သည်။

ထိုဂုဏ်သိက္ခာနှင့် ရှင်သန်မှုတို့သည် နောင်နှစ်ပေ သောအခါမှ ယိမ်းယိုင်ခဲ့ရလေသည်။ နောက်တစ်နေ့ နံနက် စောစောတွင် ကျွန်မထံသို့ မျှော်လင့်မထားသော ချာတိတ် ချော်တစ်ယောက် ရောက်လာခဲ့လေသည်။







# အခန်း [ ၁၈ ]

လျှပ်စစ်ခေါင်းလောင်းသံက မြည်လာသည်။ မျက်နှာသစ်ပြီး ဆံပင်ဖြီးနေသော ကျွန်မမှာ ရှေ့သို့ထွက်ခဲ့ရသည်။ ဒီအချိန်က ဒေါ်ဒေါ်ဒေါင်းဈေးသွားချိန်ဖြစ်သည်။

သစ်သားတံခါး ပိတ်မထားဘဲ သံပန်းတံခါးမှ ရပ်နေသော ကောင်ချောလေးတစ်ဦးကို အံ့အားသင့်စွာ မြင်တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ကျွန်တော့ကို မှတ်မိသလား"

ကျွန်မကို ရဲတင်းစွာပင် "မမ"ဟု စတင်သုံးစွဲခဲ့သည်။ အင်းလေ လက်အောက်တရားရေးဝန်ထမ်းတွေကလည်း ကျွန်မကို ဤကဲ့သို့ပင် သုံးစွဲခြင်းဖြစ်ပါလျက် ကောင်လေး၏ "မမ"က ကျွန်မစိတ်ကို ထူးခြားသွားစေသည်။

"စိတ်မရှိပါနဲ့ မမှတ်မိဘူး"

"ဟောဗျာ. . မနေ့ကပဲ လောလောလတ်လတ် တွေ့ခဲ့ကြတယ်လေ၊ မမဆိုက်ကားကို ကျွန်တော့်ကားနဲ့ တိုက်မိမလို့ဖြစ်သွားတာ"

ကျွန်မ မျက်နှာထူပူသွားသည်။ မိမိ၏ ဆိုက်ကားပေါ်မှ ပိုးစိုးပက်လက်ကျသွားခြင်းကို ဒီချာတိတ်က အစအဆုံးမြင်တွေ့လိုက်လေသလား။

"အေးကွာ တို့လည်း ထူပူနေလို့ မင်းကိုမမှတ်မိလိုက်ဘူး၊ တို့ဖိုင်တွဲကိုကော အိတ်ကိုပါ ကောက်ပေးခဲ့တဲ့အတွက် ကျေးဇူးပဲ၊ နေပါဦး မင်းကဘာကိစ္စလဲ"

"ကျွန်တော့်ကို အိမ်ထဲပေးမဝင်ရဲဘူးလား မမ"

စိန်ခေါ်သံနှင့်မေးသည်။ ဤလောက်တော့ ကျွန်မ မှု ချေ။

"ဟုတ်တယ်ကွယ်. . တို့က ကြောက်တတ်တယ်၊ မင်း ဘာကိစ္စလည်းဆိုတာသာပြောပါ"

"မမ ဘာပစ္စည်းပျောက်သလဲ အရင်ဆုံးစဉ်းစားဦး"

ကျွန်မကို ဦးနှောက်စားအောင် အလုပ်လာပေးသည်။ အိတ်ထဲက ဘာထွက်ကျသလဲ၊ ဖိုင်တွဲထဲကကော၊ ကလစ်နှ





ညှပ်ထားတာပဲ ဘာမှကျစရာအကြောင်း မရှိနိုင်ပါဘူး။

"တို့မစစ်ကြည့်ရသေးဘူး"

"ဒါဖြင့်. . ကောင်းပြီ မမစစ်ကြည့်လိုက်ဦး၊ တစ်စုံတစ်ခု ဒါမှမဟုတ် နှစ်ခုသုံးခုပျောက်တယ်ဆိုရင် ဟောဒီဖုန်းနံပါတ်အတိုင်းဆက်သွယ်လိုက်၊ ကျွန်တော်လာပို့ပေးမယ် သွားပြီနော် မမ"

ကျွန်မ သံပန်းကြားမှ လိပ်စာကဒ်ထိုးပေးပြီး လေခါးအတိုင်း ဆင်းပြေးသွားတော့ ချာတိတ်ကို တအံ့တသြကြည့်ပြီး ကျန်ရစ်ခဲ့သည်။

မြန်မာအမျိုးသားထဲတွင် ရှားပါးသောအရပ်၊ နို့နှစ်ရောင်ပြေးသော အသားအရည်၊ ပါးချိုင့်လေး၊ သွားတက်ကလေးနှင့် ချစ်စရာကောင်းသောရုပ်သွင်၊ စမတ်ကျသော ကိုယ်နေဟန်ထား၊ ချောမောသော ရုပ်သွင်တို့နှင့် အဘက်ဘက်၌ ချို့ယွင်းချက်မရှိသော ကောင်ချောကလေး ဘယ်သူဆိုတာ ဝရံတာမှ ထွက်ကြည့်လိုက်လျှင် မိမိ၏ ဂုဏ်သိက္ခာထိခိုက်မှာစိုးသည်။ ကောင်ကလေးက မော့အကြည့် သူ့ခိုးလူမိသလိုဖြစ်သွားမှ ရှက်ရယ်ရယ်လိုက်ရမည့် အဖြစ်မျိုးလည်း မကြုံချင်။

ထို့ကြောင့် လိပ်စာကဒ်ကလေးကိုသာပင် ငုံ့ကြည့်လိုက်သည်။ "ညီနောင်"နှင့် ဖုန်းနံပါတ်ကို ကဒ်အဖြူလေး၌ လက်ရေးနှင့် ရေးသားထားသည်။ လက်ရေးလေးက ယောကျ်ားဆန်သော လက်ရေးပင်ဖြစ်သည်။

"ဩော်. . . ချာတိတ်နှယ် ငါ့ဦးနှောက်ခြောက်အောင် လာလုပ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းထဲပြန်ဝင်ပြီး ပထမဦးဆုံး ဗိုင်တွဲကို စစ်ဆေးရ
သည်။ ဘာမျှမလျှော့ပါဘူး ကလစ်က အခိုင်အမာရှိနေသည်ပဲ။
နောက် စလင်းဘက်အလယ်အိတ်က ဇစ်နှင့်ဖြစ်ပြီး ဘေးအိတ်
နှစ်ဘက်က ကြယ်သီးတတ်သည်။ ထိုအိတ်ကြယ်သီးများပွင့်နေ
သည်၊ အိတ်ကို မှောက်ကြည့်လိုက်သည်။

ကူ္ဆာသယအိတ်လိုမျိုးဖြစ်နေ၍ ဘီးကအစ၊ ရှုဆေးဗူး
နီလေး၊ မကြာခဏ မူးဝေခေါင်းကိုက်တတ်သဖြင့် ပါရာစီတမော
နှင့်ဘီစစ်၊ စီဗစ်ပြားများထည့်ထားသော ဆေးပုလင်း၊ နံ့သာဖြူ
ယပ်တောင်၊ လက်ကိုင်ပုဝါ၊ ကရင်ပတ်နှုတ်ခမ်းနီဗူး၊ ကတော့
ထိုးလိုက် ထည့်လိုက်နှင့် လေးငါးဗူး၊ မှတ်စုစာအုပ်၊ ပိုက်ဆံအိတ်
သေးသေး၊ မှတ်စုစာအုပ်နှင့် အတိုအထွာများ ဘောလ်ပင်သုံး
လေးချောင်း ဘာပျောက်သွားသနည်း၊ ကျွန်မစဉ်းစား၍ မရ
သေး။

သက်သက် စတန့်လာထွင်တာလား။ လမ်းစရှာပြီး မိမိ
အား ချဉ်းကပ်ဖို့ကြိုးစားတာလား၊ ရွယ်တူမှမဟုတ်ပဲ၊ ကိုယ့်ထက်
ဆယ်နှစ်လောက်ကြီးမည့် မိန်းမတစ်ယောက်ကို ဘယ်ချာတိတ်
မှ စိတ်ဝင်စားမည်မဟုတ်။

အမှုသည်တွေနဲ့ ပါတ်သက်နေမလား။ နေပါစေ . . ဦး
နှောက်အခြောက်မခံတော့ပဲ ဒေါ်ဒေါ်ဒေါင်း ပြင်ဆင်ပေးထား
သော ပဲပြုတ်နှင့်ထမင်းကြော်ကို စားလိုက်ပြီး ကော်ဖီသောက်
လိုက်သည်။ နောက် သတင်းစာရောက်လာသဖြင့် ယူဖတ်လိုက်
သည်။

ထိုအချိန်တွင် အာရုံထဲ ကောင်ချောလေးလာနှောက်





သွားသောကိစ္စက ဖျောက်ဖျက်၍မရသေး။ ဒေါ်ဒေါ်ဒေါင်း ပြန်
လာတော့မှ ပျောက်ဆုံးနေသော ကိစ္စရှင်းသွားရသည်။

"ဟဲ့ . . ငါလည်း နဲ့ပါ့ဟယ်၊ ညကစိုရွဲပြီး ပြန်လာတဲ့
နင်းကလေးဆီကိုပဲ အာရုံရောက်ပြီး ခြင်းမမေးလိုက်မိဘူး၊ ခြင်း
တောင်း ဘယ်ထားခဲ့သလဲ"

"အား . . ဟုတ်ပြီ"

ကိုယ့်နဖူးကိုယ်ပြန်ရိုက်မိလျက်သား ဖြစ်သွားသည်။ ည
က ရှက်လည်းရှက်၊ ဆိုက်ကားသမားအပေါ် ဒေါသစိတ်ကလေး
လည်းရှိ၊ မီးတိုင်ကမီးလုံးကလည်း ကျွမ်းနေသဖြင့် ပတ်ဝန်း
ကျင်ကို ဘာမှမမြင်ရ၊ ထိုအနေအထားမျိုး၌ ထူပူကာ ချာတိတ်
ကလေး ကောက်ပေးသမျှယူပြီး အခြားဆိုက်ကားတစ်စီးတား
၍ ပြန်ခဲ့ရသည်။

ကြိမ်ခြင်းလေးတော့ ပိန်လိန်သွားသလား၊ ကိုင်းတွေ
ဘာတွေ ပြတ်ထွက်သွားသလား၊ ဓါတ်ဗူးကတော့ ကွဲသွားမှာ
မြိန်းသေသည်။

"နေပါစေ ဒေါ်ဒေါ်ရယ် ချိုင့်တွေရှိသေးတာပဲ၊ ကြိမ်
ခြင်းသစ်တစ်လုံးလည်း ရှိတယ်၊ အဲ့ဒါနဲ့ပဲထည့်လိုက်ပါ"

"စတီးချိုင့်က နှမြောစရာဟယ်၊ ဓါတ်ဗူးလေး အသစ်
တစ်လုံးထုတ်သုံးရတော့မှာပေါ့"

"သုံးပေါ့ ဒေါ်ဒေါ်ရယ်၊ ပစ္စည်းသခင်ရ လူသခင်ရပဲ"

ကျွန်မသည် ပစ္စည်းတွေအပေါ်၌လည်း မက်မက်မောမော
စာမထားတတ်၊ အိမ်၌ပစ္စည်းတွေ ပြည့်စုံနေခြင်းမှာလည်း
ဆွေး၏ကောင်းမှုပင်၊ ထွေးက ရန်ကုန်ရောက်လာတိုင်း ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အတွက် လိုအပ်သည်ထင်တာများကို ဝယ်ယူပေးသွားတ
သည်။

ကျွန်မကတော့ ဥပဒေကျမ်းစာအုပ်များကို ဖတ်နေ
လျှင်ပင် လောကကြီးကို မေ့နေတတ်သည့်အဖြစ်။ ချာတိတ်
ပပယောင်ဝ္ဗက်လို့ တမင်လမ်းထွင်ခြင်းကို သဘောကျကာ ကျွန်
ပြုံးမိသည်။

"ဘာပြုံးတာလဲ မိန်းကလေး"

အရယ်အပြုံးပျောက်ဆုံးသလိုဖြစ်ခဲ့သော ကျွန်မအ
ဒေါ်ဒေါ်က အထူးအဆန်းသဖွယ်ဖြစ်ကာ တအံ့တသြမေးလို
သည်။ ကျွန်မက. . .

" ဘာရယ်မဟုတ်ပါဘူး ကိုယ့်ကိုယ်ကို ဘယ်လော
သွေးအေးတယ်ပြောပြော တကယ်တန်း အန္တရာယ်နဲ့ရင်ဆို
လိုက်ရတဲ့ အခါမှာတော့ သတိလက်လွတ်နဲ့ ထူပူသွားတာ
ကျွန်မ သတိထားလိုက်တာ ခေါင်းနဲ့မြေပြင်ကို မကျဖို့ပဲ"

ရယ်ရယ်မောမောနှင့် ပြောလိုက်ရလေသည်။ ဒေါ်ဒေ
ဒေါင်းက. . .

"ဒါလည်း သတိရှိတယ်လို့ ပြောလို့ရသေးတာပဲ"

"ကျွန်မပစ္စည်းမှန်းသိရင်တော့လည်း လာပေးကြမှာ

"မရှိလို့ မသိလို့ ယူသွားရင်လည်း ယူပါစေတော့
အလှူသဘောထားလိုက်၊ အရေးကြီးတဲ့ စာရွက်စာတမ်းတေ
ကော ထည့်ထားမိသေးသလား"

"ခြင်းထဲတော့ ချိုင့်နဲ့ ဓါတ်ဗူးကာလွဲပြီး ဘာမှမထည့်
ဘူး၊ ဒေါ်ဒေါ်ထည့်ပေးတဲ့အတိုင်းပဲ နေမှာပေါ့"





"လက်သုတ်ပုဝါရယ်၊ ရေခွက်ရယ်ပါသေးတယ်"

"ထားပါတော့လေ၊ ကိုင်း သမီးချိုင့်အမှီချက်လိုက်ဦး
မယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

ကျွန်မအတွက် ဒေါ်ဒေါ်ဒေါင်းသည် အဖော်ကောင်း
ဖြစ်သည်။ ကြီးကြီးတို့က ကျွန်မတစ်ယောက်တည်း စိတ်မချဟု
ဆိုကာ ဆွေမျိုးနီးစပ်တော်သော ဒေါ်ဒေါ်ဒေါင်းကို ခေါ်ပေးခဲ့
သည်။

ဒေါ်ဒေါ်ဒေါင်းက ခိုကိုးရာမဲ့နေသူဖြစ်သည်။ သားဖြစ်
သူ ဆုံးသွားတော့ ချွေးမဖြစ်သူက ပြန်ငြိုင်သည်။ ထို့ကြောင့် သီလ
ရှင်ဇရပ်၌ ကပ်နေပြီး ဝေယျာဝစ္စလုပ်နေရသူဖြစ်သည်၊ ကြီးကြီး
က အမေဆုံးပါးသွား၍ အမျိုးတွေလိုက်အဖိတ်မှာ ဒေါ်ဒေါ်
ဒေါင်း၏ဖြစ်ရပ်ကို တွေ့သွားပြီး ကျွန်မတို့အိမ်သို့ အပြီးခေါ်ခဲ့
ခြင်းဖြစ်သည်။

ရက်လည်ပြီးသွားလည်း ပြန်မလွှတ်တော့ပဲ ကျွန်မနှင့်
နေစေသည်။ ကျွန်မသည် အမေဆုံးသွားသည့်နောက်ပိုင်း အ
ပြောင်းအရွှေ့လျှောက်ခဲ့ရာ ရန်ကုန်တိုင်း တာမွေမြို့နယ်တရား
ရုံးသို့ တာဝန်ကျသဖြင့် ရန်ကုန်ပြောင်းလာတော့လည်း ထွေးက
ပင် တိုက်ခန်းလိုက်ငှားပေးခဲ့သည်။

"အမေ့ဘက်ကအမွေ၊ အဖေ့ဘက်ကအမွေတွေ ဘာ
လုပ်မလဲ မလွှန်းရယ်၊ သုံးပါလှူပါ ထွေးအတွက် ဘာမှမလိုတော့
ဘူး၊ ကျွန်တော်တစ်ယောက်လုံး ရှိနေတာပဲ"

ထွေးခင်ပွန်းကိုရဲ. . အားလုံးက ကိုရဲထွန်းအား "ကိုရဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပင်ခေါ်သလို ကျွန်မကလည်း "ကိုရဲ"ဟု ခေါ်လိုက်သည်။ ကျွန်မထက် လပိုင်းငယ်၍ ထွေးထက်လည်း လပိုင်းကြီးသည်။

ဒေါ်ဒေါ်ဒေါင်းရှိခြင်းကပင်လျှင်. . ကျွန်မအတွက် ကောင်းသွားခဲ့ရသည်၊ ထိန်းချုပ်မှုတစ်ခု ရလိုက်သည်။ ဒေါ်ဒေါ်ဒေါင်းလည်း အိမ်ဝေယျာဝစ္စဘယ်လောက်ပင်ပန်းပင်ပန်း အားလပ်ချိန်၌ တရားထိုင်၊ ပုတီးစိပ်၊ တရားခွေနာခြင်းဖြင့် အေးချမ်းစွာ နေထိုင်လေ့ရှိသည်။

ကျွန်မထွေးတို့ ဇနီးမောင်နှံနှင့် ကြီးကြီးတို့ကို ကျေးဇူးတင်ရလေသည်။

"သီတင်းကျွတ် ကြီးတော်တွေ ပြန်မကန်တော့ဘူးလား"

"ကန်တော့မယ်. . ထွေးတို့လာမယ်ပြောတယ်၊ အပြန်လိုက်သွားကြတာပေ့ါ၊ ဒေါ်ဒေါ်ဒေါင်းလည်း ချွေးမနဲ့ မြေးတွေ သွားတွေ့လိုက်ပါဦး"

"မတွေ့တော့ဘူး သူတို့လမ်းသူတို့ လျှောက်ကြပါစေ၊ မြေးတွေလည်း အရွယ်ရောက်ကြပြီပဲ၊ ဒေါ်ဒေါ်ဒေါင်း ဘာသံယောဇဉ်မှ မထားတော့ပါဘူး"

ဒေါ်ဒေါ်ဒေါင်းက အမှန်တကယ်ပင်ပြတ်သားသည်။ သီလရှင်ယောဂီဝတ်စုံ မဝတ်တာကလွဲပြီး အဖိတ်၊ ဥပုသ်တိုင်း ဥပုသ်စောင့်ပြီး နေ့စဉ်တရားအားထုတ်နေထိုင်လေသည်။

ထို့ကြောင့် ကျွန်မသည်လည်း မုဆိုးနားနီးမုဆိုး တံငါနားနီးတံငါဆိုသကဲ့သို့ အေးချမ်းနေခြင်းဖြစ်သည်။ ယနေ့မှ ကျွန်မဘဝထဲ ညီနောင်ဆိုသောကောင်လေးက. . ဂယက်ထအောင် ပယောဂဦးလာချနေခြင်းဖြစ်သည်။





ကောင်လေး တယ်လီဖုန်းစောင့်နေကောင်း စောင့်နေမည်ဖြစ်သော်လည်း၊ ကျွန်မဖုန်းလည်းမဆက်ဘဲ ဥပေက္ခာပြုထားလိုက်သည်။

သို့သော် ဝစီကိုသာထိန်းချုပ်နိုင်ခဲ့သည်။ မနောကိုတော့ ထိန်းချုပ်၍ မရပါချေ။ ကျွန်မ ချာတိတ်လေး၏ ချောမောသော အပြစ်ကင်းစင်သော ကြည်လင်ဝင်းပသော မျက်နှာလေးကို မကြာခဏ သတိရနေတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [ ၁၉ ]

"မမ ကျွန်တော်လိုက်ပို့ပေးမယ်လေ"

ကျွန်မ တရားရုံးကအထွက်တွင် ပါဂျဲရိုးတစ်စီး လာရပ်သည်။ ထိုခေတ်က ရန်ကုန်မြို့၌ ပါဂျဲရိုးကားအစင်းရေ ရေတွက်လို့ ရရုံသာရှိသေးသည်။ ထိုကာလကတည်းက ချာတိတ်က ထိုကားမျိုးကို ကိုယ်တိုင်မောင်းချလာသည်ဆိုတော့ ချာတိတ်၏ အသိုင်းအဝိုင်းက ပေါ့သေးသေးမဟုတ်ဟု ကျွန်မသိလိုက်သည်။





"မလိုပါဘူးကွာ တို့စီးနေကျ ဆိုက်ကားနဲ့ပဲပြန်မယ်"

"မမကလည်း၊ မမဂုဏ်နဲ့ ဆိုက်ကားစီးတာ ကြည့်လို့မကောင်းပါဘူး"

"ဟ. . တရားသူကြီး ဆိုက်ကားမစီးရဘူးလို့ ဘယ်ဥပဒေမှ မရှိဘူး၊ နေစမ်းပါဦး မောင်မင်းက ကျွန်မရဲ့ပစ္စည်းတွေကို ဘယ်လိုကောက်ရလိုက်တာလဲ"

ဖိုင်တွဲနှင့်ခြင်းတောင်းကို ကျွန်မအား အကြိုအပို့လုပ်ပေးနေသော ဆိုက်ကားသမားက တရိုတသေလာယူကာ ဆိုက်ကားပေါ်တင်ပေးထားလေသည်။

ပြီးတော့ ခပ်လှမ်းလှမ်း၌ သွားရပ်နေလေသည်။ ကျွန်မ၏ စီရင်ချက်များ၌ ဆင်းရဲချမ်းသာမခွဲခြား ဂုဏ်ကြီးဂုဏ်ငယ်မရှိ အမှန်အတိုင်း ဆုံးဖြတ်ခဲ့ခြင်းကိုလည်း ဆိုက်ကားသမားက အစ လေးစားအသိမှတ်ပြုခြင်း ခံခဲ့ရသည်။

"လဲနေတဲ့ဆိုက်ကား ထောင်လိုက်တော့ ခြင်းတောင်းက ရေချိုင့်ထဲက ပေါ်လာတယ်၊ ဆိုက်ကားသမားကယူပြီး ပေးမယ်ပြောပေမယ့် ကျွန်တော်က စိတ်မချလို့ ယူထားလိုက်တာ၊ ခြင်းတောင်းက သုံးမရတော့ဘူး၊ ခါတ်ပူး ခါတ်သားတွေကြေသွားတယ်၊ ရေခွက်လည်းကွဲသွားတယ် လက်သုတ်ပုဝါက. ."

"တောင်ပါတော့ မောင်မင်း၊ ထားလိုက်တော့ သုံးမရတဲ့ပစ္စည်းတွေ လွှင့်ပစ်လိုက်တော့"

"ဒါပေမယ့် ကျွန်တော်အစား ဝယ်ပေးထားပြီးပြီ"

ကျွန်မက မျက်မှောင်ကြုတ်ကာ. . .

"နေစမ်းပါဦး မောင်မင်းနဲ့ ဘာဆိုင်လို့ အစားဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ထားရတာလဲ”

“ကျွန်တော့်ကားနဲ့ တိုက်မိမလို့ဖြစ်တယ်လေဗျာ၊ ကျွ
တော့အပြစ် ဘယ်ကင်းမလဲ”

“ကင်းပါတယ်၊ မင်းကားက လမ်းမှန်တယ်၊ လမ်းကျ
ကို မင်းမောင်းတာ၊ ဆိုက်ကားက လမ်းကျဉ်းကနေ ဖွတ်ဝင်ပြီ
တွေ့တာ သူ့အမှားပဲ၊ ဒီတော့ . . မင်းရဲ့အလျော်အစားကို တို့
စရာ မလိုဘူး”

“ကျန်သေးတယ်နော် ပစ္စည်းက”

“ဘာလဲ”

“မမ ဖာသာစစ်ကြည့်လေ”

ချာတိတ်က ကျွန်မအား မရိုးမရွဖြစ်အောင် တမင်က
နေတာများလား။

“ဘာမှ မကျန်ပါဘူး”

“ဒါဖြင့်ပြီးရော ကျန်တယ်ထင်ရင် ဖုန်းဆက်နော်”

“ဒါလေးတော့ ဝယ်ထားပြီးဖြစ်နေလို့ ယူသွားလိုက်ပ
နော် ဆရာမကြီး၊ ရော့ . . ရော့ . . ဆရာမပစ္စည်းတွေ”

ကျွန်မဆိုက်ကားသမားလက်ထဲကို ခြင်းတောင်းသ
တစ်လုံး အတင်းသွားထည့်ပေးလေသည်။ ကျွန်မလည်း လူကြီ
ကန္တြေပျက်မည်စိုးသဖြင့် ဖွတ်မငြင်းတော့ဘဲ ဆိုက်ကားပေ
တက်ထိုင်လိုက်သည်။

“မနေ့က ဆိုက်ကားလည်း ပြင်နေရတယ် ဆရာမ”

ကျွန်မကို လူအတော်များများက ဆရာမဟုသာ ခေါ်
ကြသည်။





“ဟုတ်လား တော်တော်ကုန်သွားမှာပဲ၊ လူငယ်တွေရဲ့
ဆိုက်ကားကို ဒါကြောင့် မစီးချင်တာ၊ စိတ်မြန်ကိုယ်မြန်နဲ့ ဂျက်
လေယာဉ် မောင်းနေသလား အောင်းမေ့ရတယ်”

“သူ မကုန်လိုက်ရပါဘူး စောစောက လူငယ်လေးက
ပြင်ခထုတ်ပေးလိုက်တယ်ပြောတယ်”

“ဟင်”

ချာတိတ်ကားက ကျွန်မကိုကျော်တက်ကာ မောင်းသွား
လေပြီ။

“ချာတိတ်မမှားဘူး”

“သူမမှားမှန်းသိပေမယ့် ချက်ဗူဒုက္ခရောက်မှာစိုးလို့
ဆိုပြီး ပေးသွားခဲ့တာ”

“သြော် . . ပေးပြီးရင်ပြီးရော၊ ကျွန်မခုဆရာကြီးနဲ့ လိုက်
ကြည့်ပေးမလို့”

“နေပါစေ ဒါမှ မှတ်လောက်သားလောက်ရှိသွားမှာ . .
ဆရာမကို တရားသူကြီးလို့လဲသိရော သူကြောက်နေတယ်”

“အင်းလေ . . အမှားလုပ်မိရင်ကြောက်ရမှာပဲ၊ အမှား
မလုပ်တဲ့သူဆိုရင်တော့ ကျွန်မကို ကြောက်စရာမလိုပါဘူး၊ ဆရာ
ကြီးတို့လည်း သတိထားနင်းကြနော် အန္တရာယ်ဆိုတာ သတိပေါ်
မှာလည်း မူတည်တယ်၊ သူများဘက်ကမှားရင်တော့ ကိုယ့်ကံ
ကြမ္မာလို့ ပြောမှာပေါ့”

“ဟုတ်ကဲ့ . . ကျွန်တော် သတိထားပါတယ်”

သို့နှင့်ကျွန်မ အိမ်ရောက်တော့ ဆိုက်ကားသမားက
ခြင်းတောင်းနှစ်လုံးတောင်ဟုဆိုကာ အပေါ်ထပ်သို့ပေးခဲ့သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်မက ဆိုက်ကားခထုတ်ပေးရင်း မနက်ဖြန်အတွက် ထပ်မံမှာရသည်။ ဒေါ်ဒေါ်ဒေါင်း ဈေးသွားဈေးပြန် ကျွန်မ ရုံးသွားရုံးပြန်ကို ဆိုက်ကားကိုသာ ဖောက်သည်လုပ်မှာထား လိုက်သည်။ လူကြီးဖြစ်၍ လူငယ်တွေထက်ပိုသဖြင့် စီးရတာ အန္တရာယ်မရှိဘူးဟု ဒေါ်ဒေါ်ဒေါင်းကော ကျွန်မပါ ယုံယုံကြည် ကြည်နှင့် စီးခဲ့သည်။ မနေ့ကတော့ ရုံးအပြန်အလုပ်သမားဆေးရုံ သို့ ပို့ခိုင်းပြီး ပြန်နိုင်းခဲ့ပြီး အခြားဆိုက်ကားစီးမိသဖြင့် ပြဿနာ ကြုံရခြင်းဖြစ်သည်။

"ဟဲ့. . ခြင်းက ဘယ်နှစ်လုံးတောင် ဖြစ်လာရတာလဲ မိန်းကလေး"

ဒေါ်ဒေါ်ဒေါင်းကို ဖုံးကွယ်ထား၍မဖြစ်နိုင်၊ ကျွန်မနှင့် အနီးကပ်အမြဲရှိနေသူ တစ်ယောက်အပေါ်၌ ကျွန်မကြာရှည်စွာ ဖုံးကွယ်၍မဖြစ်ချေ။

မကြာခင် ချာတိတ်က ဆက်သွယ်လာလိမ့်ဦးမည်။ ဘာ ကြောင့် ဤချာတိတ် ကျွန်မကိုဆက်သွယ်လာလိမ့်မည်ကို ကျွန်မ အတတ်သိရသနည်း။

ကောင်လေးမျက်လုံး ကျွန်မကိုကြည့်သောကောင်လေး ၏မျက်ဝန်းသည် သောက်ရူးကြယ်ညီနောင်အလား ဝင်းလက် တောက်ပနေခြင်းကြောင့်ပင်. . . ။

"ဒီလို ဒေါ်ဒေါ်ရေ" ဟု အစချီပြီးဖြစ်ကြောင်းကုန်စင် ရှင်းပြရသည်။

"ကောင်လေးက ဘယ်ကလိပ်စာရသွားတာလဲ၊ ဆိုက် ကားသမားကို မေးလို့လား"





"ဟုတ်ပါရဲ့ ကျွန်မ ဒါကိုမမေးမိလိုက်ဘူး၊ တအောင့် နေမှ ဖုန်းဆက်ပြီး မေးကြည့်လိုက်မယ်၊ ဟင်. . မမေးချင်ပါဘူး၊ မေးနေရင် ကန်းတက်သွားမယ်၊ နေပါစေ ကျွန်မ ဖာသိဖာသာပဲ နေလိုက်တော့မယ်"

ဘယ်နဲ့ ချာတိတ်နဲ့မှ အတွေးယောက်ယက်ခတ်ကာ ဘာယာခတ်ရတယ်လို့၊ ကျွန်မက ငြိမ်သက်နေပါသော်လည်း ညရောက်တော့ တယ်လီဖုန်းနှင့်ကောင်လေးက ဆက်သွယ်လာ သည်။

"မမ"

"ဟယ် ကိုယ်တော်က တို့ဖုန်းနံပါတ်ရထားပြီ"

"အဲ့ဒါကြောင့် မမကို ဘာတွေပျောက်သလဲလို့ စဉ်းစား ပါလို့ ပြောတာပေါ့"

"အယ်. . တို့ NOTE စာအုပ်လေးများ ပျောက်သွား သလားမသိဘူး၊ နေဦး ကြည့်လိုက်ဦးမယ်"

ကျွန်မ စလင်းဘတ်ကို ပြန်မွှေနှောက်လိုက်သည်။ ဟုတ်ပ မတွေ့တော့။

"ဟုတ်တယ်ကိုယ်တော် တို့ NOTE BOOK လေး မရှိ တော့ဘူး"

"ဟုတ်ပြီ ဒါဆို ကျောင်းဆရာမတွေ ဘာပစ္စည်းတစ်ခု ပျောက်ရလို့ရှိရင် ပိုင်ရှင်ကို ဟုတ်မဟုတ်စစ်သလို စစ်မယ်နော်"

ချာတိတ်၏ ကလေးဆန်ဆန်အပြောကြောင့် ကျွန်မ ရင်ထဲ ရွှင်လန်းသွားသည်။

"ဟုတ်ကဲ့ စစ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"စာအုပ်အဖုံးက ဘာအရောင်လဲ"

"အနက်ရောင် သားရေဖုံး"

"ဟုတ်ပြီ"

"စာအုပ် ပိုင်ရှင်အမည်"

"ချာတိတ် မညစ်နဲ့ကွာ တို့စာအုပ်မှန်းမင်းသိနေပြီပဲ. . လာပို့ပေးတော့ အဲ့ဒီမှာ ဖုန်းနံပါတ်တွေရှိနေတယ်"

"ခုလာပို့ပေးရမလား"

ကျွန်မ မျက်လုံးပြူးသွားရသည်၊ နာရီကြည့်တော့ ရှစ်နာရီခွဲနေပြီ။

"မိုးလင်းမှ. . မနက်ဖြန် မင်းမနက်ကလာတဲ့အချိန်ပဲလာခဲ့"

"အိုကေ တကယ်နော်၊ ကျွန်တော့်ကို တံခါးဖွင့်ပေးမှာလား"

"အဲဒါတော့ စဉ်းစားဦးမယ်"

"ဒါဆိုရင် မလာသေးဘူး"

"သဘောပဲ တို့က တယ်လီဖုန်းနံပါတ်တွေကို အပြင်က ကြုံကြိုက်လို့ ပေးတဲ့လူတွေရှိရင် လွယ်ကူဖို့အတွက် အဲ့ဒီစာအုပ် က အိတ်ထောင်ပဲ၊ အိမ်ပြန်ရောက်လို့. . ညဘက်စာဖတ်ချိန် ရောက်ရင် အဲ့ဒီကနေ တယ်လီဖုန်းဘေးနားထားတဲ့ စာအုပ် ငယ်လေးထဲ အမြဲကူးထည့်တယ် သိလား"

"ဒါဖြင့်လည်းပြီးရောပေါ့ ကျွန်တော်ဒီစာအုပ်က တယ် လီဖုန်းနံပါတ်တွေဆီ လျှောက်ဆက်ပြီး. . မမအကြောင်းတွေ လျှောက်ပြောပြမယ်"





"ဘာအကြောင်းလဲကွ"

"ဆိုက်ကားမှောက်လို့ ရေအိုင်ထဲကျသွားတဲ့အကြောင်း သွားပုံက"

"ကောင်လေး မင်းနော်"

"ပြီးတော့ မုန့်ဖိုးပြတ်ရင်လည်း မမက ပိုက်ဆံချေးခိုင်း ဆိုပြီး လျှောက်ချေးပြစ်လိုက်မယ်၊ ပြီးရင် မမဆီက တောင်းလို့ ပြောလိုက်မယ်"

"မင်း မဟုတ်တာတွေ လျှောက်မပြောနဲ့နော်၊ တို့ကို ဆေးဖော်နဲ့ တို့ကလခစား. . မချမ်းသာဘူး"

"အလကားစတာပါ မမရာ. . ၊ ကျွန်တော်မမရဲ့ ဂုဏ် ကျဆင်းအောင် လုပ်ပါ့မလား၊ ကျွန်တော့်မှာ အစ်ကိုတွေ ပြီး အစ်မတွေမရှိလို့ မမကိုခင်ချင်လို့ပါ၊ ကျွန်တော်မနက်ဖြန် ပေးပါ့မယ်၊ ပြီးတော့ မမရဲ့ ဟင်းချိုချိန်းလေး"

ကျွန်မ မျက်လုံးအစုံပြူးထွက်သွားရသည်၊ ယခုမှ ဘယ် က်ကိုကြည့်မိသည်၊ ဟုတ်ပ ကျွန်မလက်မှာ ရှင်းလင်းလျှက်။

"မင်း ဘယ်ကရတာလဲ"

"ဆိုက်ကားမှာ ငြိနေတာ. . ဆိုက်ကားသမားတောင် တွေလိုက်ဘူး၊ ဒါကြောင့် ချာတိတ်ကို မမကိုယ်စား ကျေးဇူး င်လို့ ဆိုက်ကားပြင်ဖို့ ပိုက်ဆံပေးလိုက်တယ်"

ကျွန်မ၏စိတ်သည် မရင့်ကျက်နိုင်သေးတာ အမှန်ပင် သည်။ ရင့်ကျက်မှုရှိအောင် ကျွန်မလေ့ကျင့်ယူရဦးမည်။

ရုံးတော်မှာထိုင်ပြီး သမာဓိချိန်ခွင်လျှာကို ကိုင်ထား သာ တရားသူကြီးကျွန်မသည် လောကဇာတ်ခုံပေါ်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ရင့်ကျက်မှုမရှိသေးသော သာမန်မိန်းမတစ်ယောက်အဖြစ်ပ
ရှိပါသေးလား။

“မင်းကို တို့ကျေးဇူးတင်တဲ့အနေနဲ့ တို့အိမ်တံခါး
ဖွင့်ပေးမယ် ကိုင်းကျေနပ်ပြီလား”

“ကော်ဖီတစ်ခွက်တိုက်မှ ကျေနပ်နိုင်မယ်”

“ဟိုတ်. . ကုလားအုပ်ပုံပြင်လိုမလုပ်နဲ့နော် ”

“ကုလားအုပ်ပုံပြင်ဟုတ်လား ဘာလဲ ကျွန်တော်မသိ
ပြောပြပါလား”

ကျွန်မဘာကြောင့်ရယ်မသိ၊ ချာတိတ်သည် ကျွန်မ
စိတ်ပြုတင်းပေါက်ကို ဆွဲဖွင့်နိုင်စွမ်းရှိသည်ကို သတိပြုမိလို
သည်။ ကျွန်မ၏ အသက်သည် ပြန်လည်နုပျိုသွားသယော
ခံစားလိုက်ရသည်။

“ခုတော့ မပြောသေးဘူး နောင်ကြုံမှပြောပြမယ်”

“ဟောဗျာ”

“နေစမ်းပါဦး မင်းမှာ အလုပ်မရှိဘူးလား တော်တော
အားချိန်တွေများနေတယ် ထင်တယ်”

“ဟုတ်ကဲ့ ဆယ်တန်းနှစ်ခါကျလို့ အပြင်ဖြေဆက်
ရမယ်တဲ့၊ စာလည်းမကျက်ချင်တော့လို့ လျှောက်ဂလေရိုက်
တာလေ”

ကျွန်မ အံ့ဩလောက်လူကဲခတ်မညံ့ပါ၊ ချာတိတ်သ
ဘယ်နည်းနှင့်မှ ဂလေရိုက်နေသည့်လူငယ်မဖြစ်နိုင်၊ အနည
ဆုံး ဆယ်တန်းအောင်ပြီးသားတော့ ဖြစ်နေရမည်ဟု ယုံကြ
နေမိသည်။





“ကောင်းပြီ ဒါဆို မင်းစာကျက်တော့ ဂလေရိုက်မနေ
တို့လည်း အလုပ်ရှိသေးတယ် ဒါပဲလား”

သံယောဇဉ်အမျှင်တန်းမည်စိုးသဖြင့် စကားစဖြတ်
ိုက်သည်။ သို့တိုင်အောင်. .

“နေပါဦး မမ”

“ဘာလဲ ဘာကိစ္စရှိသေးလို့လဲ”

“ကျွန်တော် မမဆီတကယ်လာမှာနော်၊ ကျွန်တော့်ကို
ံခါးဖွင့်မပေးပဲမနေပါနဲ့”

လူနာအမဲခြောက်တောင်းသံလို တောင်းဆိုနေသော
ချာတိတ်ကို ကျွန်မ မမြင်ရသော်လည်း စိတ်ထဲအသံကြားရုံနှင့်
ယ်ချင်နေသည်။

ဒီချာတိတ် ကျွန်မ၏ ငြိမ်သက်နေသောဘဝရေပြင်ကို
သိုင်းဂယက်ထအောင် ပြုလုပ်နိုင်စွမ်းရှိနေသည်။ အတိတ်ဘဝ
ပေါင်းများစွာက ရင်းနှီးခဲ့သူပမာ ကျွန်မအား တရင်းတနှီးပင်
ပြောဆိုဆက်ဆံနေသည်။ ပွင့်လင်းရိုးသားသော သူ့အပြော
လေးတွေကို ဟန်ဆောင်မှုကင်းသည်၊ မာန်မာနကင်းသည်ဟု
ကျွန်မ လက်ခံမိတာလည်းပါသည်။

“ဖြေလေ မမ”

“တို့ကလူကြီးပဲ ညာမှာလားကွ”

“ပြောနိုင်ဘူးလေ လူကြီးလည်းလူပဲ ညာတဲ့အခါ ညာ
ာပေါ့ဗျာ”

“ကဲပါ မိကျောင်းသားရယ်၊ လျှာမရှည်နဲ့တော့ တို့လုပ်
စရာတွေ ရှိသေးတယ် ဒါပဲ”

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို တယ်လီဖုန်းချပြီး ဖုန်းပလပ်ကို ဖြု[တ်] လိုက်သည်။ မပြောနိုင် ချာတိတ်၏ ညှို့ငင်အားကောင်းသေ[ာ] မျက်လုံး၊ ချာတိတ်၏ သွက်လက်သော လှုပ်ရှားမှု၊ နှုတ်သွ[က်] လျှာသွက်နိုင်မှုများက ကျွန်မ၏ တည်ငြိမ်မှုကို အနှောင့်အယှ[က်] ပေးကာ လှုပ်ရှားစေခဲ့သည်။

ရှေ့ဆက်၍ အသက်အရွယ်အားဖြင့်ရင်း၊ ပညာဂု[ဏ်] သိက္ခာအားဖြင့်ရင်း ချာတိတ်ထက်ပို၍ သာလွန်သည်၊ ထိန်းသိ[မ်း] စရာရှိလျှင် မိမိကသာ ထိန်းသိမ်းသင့်သည်။

ထို့ကြောင့် စိတ်ကိုဒုံးဒုံးချကာ ဖုန်းပလပ်ကိုပါ ဖြု[တ်] လိုက်ခြင်း ဖြစ်သည်။ တော်ရုံလူကို ဖုန်းနံပါတ်ပေးမထား[...] ချာတိတ်က ကျွန်မ၏မှတ်စုစာအုပ်ရသွားခြင်းက ချာတိတ်[...] တွက် အခွင့်အလမ်းရသွားခြင်းဖြစ်သည်။

"မလွယ်ဘူးဒေါ်ဒေါ်၊ ချာတိတ်က ကျွန်မရဲ့ မှတ်[...] စာအုပ်လေးရသွားတယ်၊ ပြီးတော့ ဟင်မ်းချိန်းပြုတ်ကျသွားတ[...] တောင် ကျွန်မ မသိလိုက်ဘူး၊ ချာတိတ်ကရလိုက်တယ်. . .

"ဘယ်လိုပြုတ်ကျသွားတာလဲ"

"ဆိုက်ကားမှာ ငြိနေတယ်ပြောတာပဲ"

"တော်သေးတာပေါ့၊ ရေအိုင်ထဲသာဆို ပြန်ရဖို့မလွ[ယ်] ဘူး၊ ရေခမ်းမှတစ်စုံတစ်ဦးရသွားမှာ မိန်းကလေးကလည်း ကို[ယ့်] လက်က ပစ္စည်းရှိမရှိတောင် သတိမထားမိဘူးလား"

"အပြစ်တင်ရင်လဲ ခံရတော့မှာပဲ၊ ကျွန်မလက်ဝတ်လ[က်] စား မဝတ်တတ်တာကို ထွေးကဖွတ်ဝတ်ခိုင်းလို့သာ ဝတ်ထာ[း] တာ၊ ကျွန်မအာရုံတွေက အဲဒီပစ္စည်းတွေထဲမှာ မရှိဘူး ဖြစ်[...]



တယ်"

"ဥစ္စာရင်းမှန်တော့လည်း ပြန်ရတာပေါ့လေ မနက်ဖြန် ဘာစားချင်သလဲ"

"ဘာပဲဖြစ်ဖြစ်ပါ ဒေါ်ဒေါ်လက်ရာဆို စားကောင်းနေတာပဲ"

"ဒီအပြောနဲ့တင် ကျုပ်ကလည်း စေတနာပိုနေရတာပဲဖြစ်မယ်"

ဒေါ်ဒေါ်ဒေါင်းကို ကျွန်မ ကျေးဇူးတင်နေမိသည်။ တစ်ကယ်ဆို ကျွန်မတစ်ယောက်တည်းသာဆိုပါက သန့်ပြန့်သော အမျိုးသမီးဘော်ဒါဆောင်တစ်ခုကို ငှားနေလိုက်မည်ဖြစ်သည်။ သို့သော် ထွေးတို့လင်မယားကလက်မခံ၊ ထွေးသည် သေသွားသောအမေ၏ စကားကိုလည်း ဥပေက္ခာမပြု နားထောင်ဆဲဖြစ်သည်။ ကျွန်မကို သူကပြန်စောင့်ရှောက်မှုပေးနေသည်။

"မလွန်းက မတော်လို့မဟုတ်ဘူး၊ တော်တယ် ဒါပေမယ့် တဖွတ်ထိုးတယူသန်စိတ်က မလွန်းကို ဒုက္ခပေးနေတယ်" ဟု ထွေးက စွပ်စွဲခဲ့သည်။

ကျွန်မ တဖွတ်ထိုးနိုင်ခဲ့သလား။ အမေနှင့်ကြီးတော်များ ပေးစားသော ယောက်ျားများကို ကျွန်မမနှစ်သက်နိုင်၍ မယူခဲ့ခြင်းသည် ကျွန်မ၏ တယူသန်စိတ်လား။

ချစ်သူက ကျွန်မရှေ့သို့စေ့စပ်ထားမည့်မိန်းကလေးကို ခေါ်လာရဲတဲ့အတွက် ကျွန်မချစ်သူအပေါ် လက်ရောက်ချူးလွန်ပြီး ချစ်သူဘဝပြတ်စဲခဲ့သည်။ ဒါ ကျွန်မ၏ တဖွတ်ထိုးနိုင်မှုလား. . .။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုယ်ကျွန်မ ဝေဖန်မနေချင်တော့. . သို့သော်
ကျွန်မကိုင်တွယ်ရသော အမှုတွဲများ၌ စီရင်ချက်ချရသည့်အခါ
အမှားအယွင်းမရှိအောင်တော့ ကျွန်မအထူးဂရုစိုက်သည်။ စီရင်
ထုံးတော်တော်များများကို ကိုးကားဖို့အတွက် စာအုပ်အတော်
များများကို ရှာဖွေဖတ်ပြီးမှ ကျွန်မ၏ဆရာများလေးစားရသော
ဥပဒေ၊ တရားရေးပညာရှင်များထံတွင်ပြတော့. . ကျွန်မ တရွ
ထိုး တဖောက်ကန်းမလုပ်ခဲ့တာ သေချာပါသည်။

ကိုယ့်ကိုကိုယ်ဆန်းစစ်ကြည့်တော့ ကျွန်မသည် "အချ
ကို ကိုးကွယ်တတ်သော မိန်းမ"ဖြစ်တာတော့မှန်သည်။

"အချစ်"နှင့်သာ အိမ်ထောင်ရေးကို တည်ဆောက်ချ
သည်။ အောင့်ကို ကျွန်မချစ်ခဲ့သည်။ နောက် အမုန်းကြီး မုန်း
သည်။ အချစ်ကြီး၍ အမျက်ကြီးခြင်းဆိုတာ ဖြစ်နိုင်ပါသည်။

သို့သော် ထိုအမျက်က နာကျည်းမုန်းတီးခြင်းဟူသော
နောက်ဆုံးမှတ်တိုင်၌ ဂိတ်ဆုံးသွားသည်။ အချစ်က အသ
တဖန်မွေးဖွားလာခြင်းမရှိသေးပါ။ သို့သော် ငြိမ်သက်နေသော
ကျွန်မနှလုံးသား ကျွန်မဘဝသည် "ညီနောင်" ဟူသော ချာတိတ်
ချောလေးကြောင့် လှုပ်လှုပ်ခတ်ခတ် ဂယက်ရိုက်ခဲ့ရသည်မှာ
တော့ သေချာသည်။

နောက်နေ့ သူရောက်လာဦးမှာပါလားဟူသော အသိ
ကပင်လျှင် ကျွန်မရင်ထဲကို လှိုင်းထစေခဲ့သည်။





# အခန်း [ ၂၀ ]

"ဟောတော် ကျွန်မပစ္စည်းတွေထဲမှာ ဒါမပါဘူးလေ
ချာတိတ်"

ထုံးစံအတိုင်း ဒေါ်ဒေါ်ဒေါင်းဈေးသွားချိန် ကျွန်မ အိမ်
ယာထ မျက်နှာသစ် ခေါင်းဖီးရင်း သတင်းစာဖတ်ချိန်၌ ကိုယ်
တော်ချောလေး ရောက်လာသည်။ လက်ထဲ၌ နှင်းဆီပန်းစည်း
ကြီး ကိုင်ထားသေးသည်။

www.burmeseclassic.com



ကျွန်မကို ဘာမှမပြောပဲ ပြုံးပြုံးကလေးရပ်နေသော ချာတိတ်ကြောင့် ကျွန်မသည် ကတိအတိုင်း သံပန်းတံခါးတံ ဖွင့်ပေးလိုက်သည်။ သူ့အိမ်သူ့ယာအတိုင်း အေးဆေးစွာပင် ဝင် လာပြီး ဆက်တီ၌ ဝင်ထိုင်လိုက်သည်။

ရဲတင်းသော ချာတိတ်ကိုကြည့်ပြီး ကျွန်မ ပုခုံးပင်တွန့် လိုက်မိသည်အထိ ဖြစ်သွားရသည်။

"ဒီမှာ ဟင်းချိုချိန်း၊ ဒီပန်းက တုရားတင်ဖို့ ဝယ်လာတာ မဟုတ်ဘူး၊ ခြံထဲကပဲ. .၊ ကိုယ်တိုင်ခူးတာလဲမဟုတ်ဘူး မာ ကို အကောင်းဆုံးပန်းတွေ ခူးခိုင်းတာ၊ ကျွန်တော်ခူးရင်. . ဒီ လောက်လှမှာ မဟုတ်တာတော့ ကျိန်းသေးတယ်"

"ကိုယ့်အရည်အချင်း ကိုယ်သိရင်ပြီးတာပဲ"

"ကျွန်တော့်ဘက်က တာဝန်ကျေပြီး မမဘက်က တာ ဝန်ပဲ ကျန်တော့တယ်နော်"

ကျွန်မ NOTE စာအုပ်လေးကို ကောက်ယူလှန်လှော် ကြည့်လိုက်သည်။

"ရေနံနံတော့စိုသွားတယ်၊ ကျွန်တော်အခြောက်ခံပေး ထားတာ"

ဟင်းချိုချိန်းကိုတော့ ကောက်ကြည့်ပြီး ဒီအတိုင်းပင် ပြန်ချထားလိုက်သည်။ ကျွန်မကောင်ချောလေးမျက်နှာသို့ လှမ်း ကြည့်လိုက်သည်။ ကျေးဇူးတင်ကြောင်းတော့ ပြောရမည်။

ဘယ်လိုပြောရမည်ကို ကျွန်မမသိအောင် ဖြစ်သွားရ သည်၊ စူးရဲတောက်ပသော၊ ဝင်းလက်သော သောက်ရှူးကြယ် ညီနောင်မျက်ဝန်းအစုံနှင့် ဆုံတွေ့မှုတွင် ကျွန်မရင်ထဲ လှုပ်လှုပ်



ရှားရှား ဖြစ်သွားရသည်။

ဘယ်နဲ့ ချာတိတ်တစ်ယောက်ကိုများ စိတ်လှုပ်ရှားရ တယ်လို့ ကိုယ့်စိတ်ကိုယ်အားတင်းပြီး. . .

"ကိုင်း. . ကိုယ်တော်ထိုင်နေ ကျွန်မကော်ဖီသွားယူပေး မယ်"

"ဟာဗျာ. . ယူပေးရုံမရဘူး မမကိုယ်တိုင်ဖျော်ပေးမှ သောက်မယ်"

ကြည့် စတင်၍ပညာပြပြီ၊ အစ်မမရှိ၍ အစ်မလိုချင် သော ကလေးသဘာဝကို အစ်မတစ်ယောက်ပမာ သဘော ထားပြီး နွဲ့ဆိုးဆိုး ပူဆာခြင်းလား။

"ဟာကွာ တို့ကိုယ်တိုင်တောင်မှ ဒေါ်ဒေါ်ဖျော်ပေးတဲ့ လက်ရာကို မမှီလို့ ဒေါ်ဒေါ်ဖျော်ပေးတဲ့ ခါးစိမ့်စိမ့်ကလေးကိုပဲ သောက်တာ၊ တို့ဖျော်ပေးရင် ကောင်းမှာမဟုတ်ဘူး"

အရင်းတနှီးဖြစ်သွားအောင် ပြောဆိုဖန်တီးနိုင်သော ချာတိတ်၏ ရဲတင်းမှုကိုတော့ လက်ဖျားခါမိသည်။ သို့သော် ယောက်ျားဆိုလျှင် မြွေအတိုင်းပဲနော် ကြီးကြီးငယ်ငယ် အထင် မသေးနဲ့ အဆိပ်နဲ့ကြီးပဲဟု သတိပေးထားသော ကြီးကြီးစကား ကို ပြန်ကြားမိကာ. . .

"ကောင်းကောင်းမကောင်းကောင်း. . မမလက်ရာပဲ သောက်ချင်တယ်"

"သောက်ချင်သောက် မသောက်ချင်နေ. . တို့ကလည်း ဒေါ်ဒေါ်ဒေါင်း ဖျော်ပေးထားပြီးသား ကော်ဖီပဲချပေးမှာပဲ"

ကျွန်မ ချာတိတ်ကို အလျှော့မပေးပဲ ပြောဆိုပြီး မီးဖို

www.burmeseclassic.com

www.burmeseclassic.com



ဘက်ဝင်ခဲ့သည်။ ဒေါ်ဒေါ်ဒေါင်း၏ စိတ်ရှည်လက်ရှည် ပြင်ဆင်ပေးထားသော ကော်ဖီပန်းကန်နှစ်ခွက်ထဲသို့ ဓါတ်ဗူးထဲမှ ဖျော်ပြီးသား ကော်ဖီကိုငှဲ့ထည့်လိုက်ပြီးနောက် မလိုင်ခွက်ထဲမှ မလိုင်တစ်ဇွန်း ခတ်ထည့်လိုက်သည်။

နောက် ကိတ်မုန့်ပန်းကန်ချပ်ကိုပါ ထည့်ယူပြီး ဗန်းကိုမယူကာ ထွက်ခဲ့သည်။ ချာတိတ်အငြိမ်မနေ သတင်းစာကို လှန်လှောကြည့်ရင်း. . .

"မမပဲ နှစ်ခွက်စလုံးသောက်လိုက်"

"ရတယ် တို့က ကော်ဖီဆို ဘယ်နှစ်ခွက်ဖြစ်ဖြစ် မငြင်းဘူး၊ ဒါပေမယ့် အိမ်ရှင်ဝတ္တရားအရတော့ သောက်ပါဦးချာတိတ်ရယ် အေးကုန်မယ်လို့ ပြောရမှာပဲ"

"မမ. . ကျွန်တော်မှာ အစ်မမရှိတော့ မမကိုအစ်မလိုပဲသဘောထားပြီး ပူဆာကြည့်တာပါ၊ မရတော့လည်း ဘာဖြစ်သလဲ ဒါပဲ သောက်တော့မယ်"

ပြောပြောဆိုဆို ကော်ဖီခွက်ယူသောက်လေတော့သည်။

"မုန့်စားဦးလေ"

"ကိတ်မုန့်မကြိုက်ဘူး ဘိန်းမုန့်ပဲကြိုက်တယ်"

"တကယ်လား"

"တကယ်ပြောတာ ဘိန်းမုန့်တောင် ထောပတ်နံ့ပါရင်မကြိုက်ဘူး မြန်မာဘိန်းမုန့်စစ်စစ်ပဲကြိုက်တယ်"

"ဒီလိုမှန်းသိရင် ဒေါ်ဒေါ့်ကို မှာထားလိုက်ပါတယ်"

"ကော်ဖီကကောင်းသားပဲ ရှိသေးလား ဘာကော်ဖီလဲမမ"





"တောင်ငူကလေ. . ပဒေသာကော်ဖီမှုန့်စစ်စစ်၊ ဒေါ်လေးက အရင်ကြိုလိုက်တယ်. . ပြီးမှ ရေကြည်လေးလို စစ်ပြီး သကြားနဲ့နည်းနည်း နို့ဆီနည်းနည်းနဲ့ဖျော်တယ်၊ နွားနို့စစ်တယ်၊ မလိုင်ခပ်ထည့်ပေးတယ်၊ သောက်ချင်ရင် ဒီခွက်သောက်လိုက် တို့နောက်မှသောက်မယ်"

"ရပါတယ် မသောက်တော့ဘူး မမကတောင်ငူကလား"

"ဟုတ်တယ် တောင်ငူသူစစ်စစ်ပေါ့"

"ဒါကြောင့် ချောတာ"

"အံ့မယ် ဘာဆိုင်လို့လဲ"

"ကေတုမတီမင်းသမီး ဓါတုကလျာသေလို့များ ဝင်စားသလားလို့"

"ပေါက်ကရကွာ ချာတိတ်ရယ်၊ ကိုင်း ကော်ဖီသောက်ပြီးရင် မင်းပြန်တော့"

ကျွန်မချာတိတ်၏ အပြောသာယာနေ၍မဖြစ်. . ၊ ချာတိတ်စိတ်သည် ရိုးသားပါသည်ဟု ကျွန်မအာမခံကာ ရဲတင်းစွာ ဆက်ဆံ၍မဖြစ်၊ ထို့ကြောင့် မနှင်ရက်သော်လည်း နှင်လိုက်ရလေသည်။

"မပြန်သေးဘူး ဒေါ်ဒေါ်ကို စောင့်ဦးမယ်"

"ဘာကိစ္စ"

"ဒေါ်ဒေါ်လက်ရာ ကော်ဖီကောင်းကြောင်းပြောချင်တယ်၊ တကယ်လို့ ဈေးအပြန်ဘိန်းမုန့်ပါလာရင်လည်း စားခွင့်ရသွားတာပေါ့၊ မမရုံးချိန်က ဆယ်နာရီမှလေ ကိုးနာရီခွဲမှ သွားနေကျများ စောပါသေးတယ်၊ ကျွန်တော်မမကို မစောင့်ယှက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး”

တောက်တဲ့လို တွယ်ကပ်နေသော ချာတိတ်ကို မည်ကဲ့သို့ ခွာထုတ်ရမှန်းမသိအောင်ပင် ဖြစ်မိလေသည်။ ထိုအချိန်၌ ကယ်တင်ရှင်အဖြစ် ဒေါ်ဒေါ်ဒေါင်းပြန်ရောက်လာသည်။ ခြင်းတောင်းကို ပြေးဆွဲကြိုကာ မီးဖိုထဲအထိ လိုက်ပို့ပေးခြင်းဖြင့် ဒေါ်ဒေါ်ဒေါင်းကို စတင်စည်းရုံးရေးဆင်းနေသော ချာတိတ်ကို ကြည့်ပြီး ကျွန်မမျက်လုံးပြူးရလေသည်။

တခဏအတွင်း၌ပင် ဒေါ်ဒေါ်ဒေါင်းနှင့် သူရင်းနှီးသွားလေတော့သည်။ ကျွန်မလည်း မတတ်သာတော့ ကိုယ့်အလုပ်ကိုဆက်လုပ်ပြီး ရုံးသွားရန်ပြင်ဆင်ဖို့ အိပ်ခန်းထဲဝင်လိုက်ချိန်၌ . . .

“မမ . . နောင်ပြန်တော့မယ်၊ မမရုံးပိတ်ရက်မှပဲ မမနဲ့တွေ့ဖို့လာမယ်၊ ကြားရက်တွေတော့ ဒေါ်ဒေါ်ဆီပဲ လာလည်တော့မယ်၊ သွားပြီ . . ”

ကျွန်မ မကောင်းတတ်၍ အိပ်ခန်းပြင်သို့ ထွက်ခဲ့ချိန်၌ ချာတိတ်က တိုက်ခန်းအပြင်သို့ ရောက်သွားလေပြီ။ ဒေါ်ဒေါ်ဒေါင်းက သံပန်းတံခါးသော့ကို ခတ်လိုက်ပြီး ကျွန်မအား လှည့်ကြည့်ကာ . . .

“ကောင်လေးက ချောလိုက်တာဟယ် သွက်လက်ချက်ချာပြီး စကားကလည်း တတ်တတ်နဲ့ အတော်ချစ်စရာကောင်းတဲ့သူငယ်လေး”

မိန်းကလေးတို့မှာ မောင်လေးတစ်ယောက်ရှိရင် ဒီလိုဘဲချောပြီး ချစ်စရာကောင်းမှာကျိန်းသေတယ်ဟု အမှတ်ပြည့်ပေး





လိုက်ခြင်းကြောင့် အထီးကျန်စွာနေရသော ဒေါ်ဒေါ်ဒေါင်းအပေါ် ကျွန်မဘာမှ မပြောရက်နိုင်အောင် ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၂၁ ]

နောက်ပိုင်း ရက်ခြားဆိုသလို ကျွန်မမရှိချိန်၌ ဒေါ်ဒေါ် ဒေါင်းထံ ရောက်ရောက်လာတတ်ပြီး ဘုရားပန်းများနှင့် အသီး အနှံကြိုက်သော ကျွန်မအတွက်. . ပန်းသီး၊ သစ်တော်သီး၊ ကွဲ ကောသီး၊ ငှက်ပျော်သီးစသည့် ရာသီသီးနှံများလာပို့ရင်း စကားစ မြည်ပြော၊ ထမင်းစားချိန်ထမင်းစားပြီး ပြန်သွားတတ်သည်။

စနေ တနင်္ဂနွေနေ့ ကျွန်မရုံးပိတ်ရက်ဖြစ်၍. . အိမ်မှာ





တစ်ခုခုလုပ်စားသည့်အခါလည်း ဒေါ်ဒေါ်ဒေါင်းက ဖိတ်ခေါ် ထားပြီးဖြစ်သဖြင့် နောင်ရောက်လာတတ်သည်။

ပတ်ဝန်းကျင်ကတော့ ကျွန်မနှင့်ရုပ်ဆင်သဖြင့် ဒေါ် ဒေါ်ဒေါင်းက ကျွန်မမောင်ဝမ်းကွဲလေးဟု ပြောထားခြင်းကို ယုံ ကြည်ကြသဖြင့် အတင်းပြောခြင်းကို မခံရပါ။

သို့သော် နောင်သည် အဆိပ်ပြင်းသောမြွေဟောက်က လေးတစ်ကောင်ဖြစ်မှန်း ကျွန်မသိလိုက်ရချိန်၌ ကျွန်မ သူ့အ ပေါ် သံယောဇဉ်နှောင်ဖွဲ့ပြီးဖြစ်နေ၍ ရုန်းမထွက်သာတော့။

နောက် ရောက်မလာတာနှစ်ရက်လောက်ဆိုလျှင် ဒေါ် ဒေါ်ဒေါင်းမှာ နေမထိထိုင်မသာဖြစ်ကာ. . .

"ဟိုနေ့က နှာနည်းနည်းစေးနေတာ နေမှကောင်းရဲ့ လား မသိဘူး ဖုန်းဆက်မေးစမ်းပါ မိန်းကလေးရယ်၊ ဒေါ်ဒေါ် စိတ်ပူလို့ပါ"

ဒေါ်ဒေါ်ဒေါင်းကဲ့သို့ ကျွန်မရင်ထဲလည်း နေဆယ်စင်း ထွန်းလင်းနေလေပြီ။ နောင်ပေးထားသော ဖုန်းနံပါတ်လေး အတိုင်း ဆက်သွယ်လိုက်မိသည်။

"ဟဲလို"

"ညီနောင်နဲ့ တွေ့ချင်လို့ပါ"

"လူလေး ကျောင်းသွားပါတယ်"

"ဘယ်ကျောင်းလဲ ကျူရှင်လား"

ကျောင်းဆိုတာက ကျွန်မအတွက် ထူးဆန်းနေသည်၊ ဆယ်တန်းနှစ်နှစ်ကျ၍ အပြင်ဖြေနေသော နောင်သည် ကျူရှင် တက်ပဲအိမ်၌ပင် ဆရာခေါ်သင်သည်။ အားချိန်၌ ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်၌ အပမ်းလာဖြေသည်ပြောထားသည်ကို. . .။

"မဟုတ်ပါဘူး ဆေးတက္ကသိုလ်ပါ၊ အမှတ်တစ်ပါ. . ဘယ်သူဆက်တယ်လို့ ပြောပေးရမလဲကွယ်"

လူကြီးကတော့ ရည်မွန်သည်။ ကျွန်မ နောင့်ရာဇဝင် မသိသေးပါလား၊ နောင်ပြောသမျှ ယုံကြည်နေရသည့်အဖြစ်

"ကိစ္စမရှိပါဘူး ကျွန်မနောက်မှပြန်ဆက်ပါ့မယ်"

ကျွန်မအပေါ်၌ ဘာကြောင့် လိမ်ညာနေရသနည်း။ သူ ဆယ်တန်းနှစ်နှစ်ကျဖြစ်ခြင်း၊ ဆေးတက္ကသိုလ်ကျောင်းသားဖြစ်ခြင်း မဖြစ်ခြင်း သူချမ်းသာခြင်း၊ ဆင်းရဲခြင်း ကျွန်မတို့၏ ခင်မင်မှုနှင့် မပတ်သက်ချေ။

"ဘာတဲ့လဲ မိန်းကလေး"

"ဒေါ်ဒေါ် နောင်လေးက အလကားကောင်လေး. . လူလိမ်လူညာ"

"ဟဲ့ ဘာဖြစ်လို့လဲ"

"သူ့ကိုယ်သူ ဆယ်တန်းနှစ်ခါကျလို့. . သူများသနားအောင် လိမ်ထားတယ်၊ တကယ်တော့သူဟာ ဆေးတက္ကသိုလ်ကျောင်းသားတစ်ယောက်ပဲ"

ဆေးတက္ကသိုလ်ကျောင်းသားဆိုတာနှင့် ဝါးလုံးရှည်နှင့် သိမ်းကြုံးရိုက်ချင်သည့် ကျွန်မ၏နာကျည်းစိတ်က ဟုန်းခနဲ ပြန်ထလာသည်။

သီဟနှင့် ငယ်ထွေးလည်း လက်ထပ်ပြီးနောက် သီဟ ဇာတိမြေဖြစ်သောစစ်ကိုင်းဘက်သို့ ငယ်ထွေးပါ ယောင်နောက်ဆံထုံးပါလိုက်ပါသွားရသည်။ ထိုစဉ်ကတည်းက ကျွန်မတို့ခြင်း





ဆက်အသွယ် ပြတ်ခဲ့ကြရသည်။

"အောင်"အကြောင်း သတင်းအစနမကြားသိခဲ့ရသလို ငယ်ထွေးတို့ သီဟတို့အကြောင်းပင် ကောင်းစွာမသိတော့၊ ငယ်ထွေးမိဘများကိုတော့ အမေ့အသုဘဆုံပြီးနောက်ပိုင်း တစ်ခါမှ ဆုံဖြစ်ချေ။

အတိတ်လွင်ပြင်သို့ ရောက်ရှိသွားတိုင်း ရင်ထဲနာကြည်း ရှုမှုက ရှိနေဆဲ။

"ကလင်. . ကလင်. ."

လျှပ်စစ်ခေါင်းလောင်းမြည်သံနှင့်အတူ နောင့်ကို တွေ့လိုက်သည်။ ဒေါ်ဒေါ်ဒေါင်းက တံခါးဖွင့်ပေးရင်း. .

"တုတ်ကောက်ခဲ့နောင်လေး. ."

"ဘာဖြစ်လို့လဲ၊ နောင်. . နောင်နေမကောင်းလို့ ခံတွင်းပျက်နေတာ စားလို့မကောင်းလို့ ဒေါ်ဒေါ်လက်ရာလာစားတာ"

ကျွန်မက မသိမသာခိုးကြည့်လိုက်သည်။ မျက်နှာလေး နည်းငယ်ချောင်သွားသည်မှအပ မျက်နှာလေးမှာ ကြည်ကြည်ဝင်လင်နှင့် အပြစ်ကင်းစင်သည့်ကလေးတစ်ဦးပမာ အကြောက်အလန့်မရှိ ရဲတင်းတက်ကြွဖျတ်လတ်လျက်ပင်။

"ဘာချက်လဲ"

"ဘာချက်ချက် လာခဲ့ဦးကိုယ်တော်၊ ရှင့်အပြစ်တွေ အင်လာပြီး လျှောက်လဲချက်ပေးဦး"

"ဗျာ. . နောင့်အပြစ်တွေ"

မျက်နှာကလေးကတော့ တကယ့်ကို အပြစ်မရှိသူ၏ သိနားမလည်သော မျက်နှာလေး. .



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း. . ပြီးမှစားတော့နောင်လေး ဒေါ်ဒေါ်ပြင်ထား လိုက်မယ်"

"ဆာလှပြီဗျာ"

ညစ်ကျယ်ကျယ် အမူအယာလေးနှင့် ထမင်းစားခ သို့ ဝင်လိုက်ဟန်ပြင်လိုက်သည်ကို ကျွန်မက မျက်နှာထား တ တင်းနှင့်. . .

"နေဦးလို့ပြောနေတယ်နော် နောင်"

"ဟာဗျာ မမကလည်း ရစ်ပြီ"

"ထိုင်"

ကျွန်မနှင့်အနီးကပ်ဆုံး ကုထားထိုင်၌ လာထိုင်သည

"ဝေးဝေးထိုင်စမ်း"

မရွှေ။ ကျွန်မက ရပ်လိုက်ပြီး. . .

"မင်း ဆယ်တန်းနှစ်ခါကျဆို၊ ဆေးတက္ကသိုလ်ကို ဘာသွားလုပ်တာလဲ"

"အဟဲ. . သွားလည်တာ၊ မျက်စိစားပွဲသွားထိုင်"

"နောင်"

"ဗျာ"

နောင်က လိုက်ရပ်သည်။ မချိုမချဉ်မျက်နှာလေ ကျွန်မ၏ ခပ်ငေါက်ဆတ်ဆတ်အသံကြောင့် မျက်နှာသေ အဖြစ် ပြောင်းလွဲသွားသည်။

"မင်းဘာကိစ္စညာရတာလဲ"

"သနားအောင်လို့"

"ဘာ. . ဘာလို့သနားရမှာလဲ အသုံးမကျလို့ တမ





သို့ ဆယ်တန်းနှစ်ခါကို သနားရမှာလား"

"မသိဘူးလေဗျာ ဆယ်တန်းလောက်တော့ အောင်မှ ဖြစ်မှာ စာကျက်စာကျက်လို့ ဘာဖြစ်လို့တိုက်တွန်းနေရတာလဲ၊ အဲ့ဒါ သနားလို့မှတ်လား"

"တော်စမ်းပါ"

"သနားတော့ နှင်စရာရှိမနှင်ရက်အောင် နှိမ့်ချပြီး ဝင် တာပါ၊ နောင် မမကို တကယ်ချစ်တာ၊ ဒေါ်ဒေါ်ကိုလည်း ချစ် တယ်၊ ခင်ချင်တယ် မမတို့နဲ့နေတာ ပျော်တယ်၊ နောင့်ကို မနှင် ပါနဲ့ဗျာ၊ နောင် အမ်စီတက်နေတယ် စက္ကန့်ရီယားပါမမ"

ဟူးခနဲ သက်ပြင်းမှုတ်ထုတ်လိုက်ပြီး. . .

"ကဲ. . သွားစားတော့"

"ဟုတ်ကဲ့"

ဖောင်းထဲကလွှတ်လိုက်သောမြင်းပမာ လှစ်ခနဲပြေး ထွက်လာသော နောင့်ကိုကြည့်ကာ တစ်ဖက်လှည့်၍ ပြုံးလိုက် သည်။ သူ၏ "မမကို တကယ်ချစ်တာ" ဟူသော. . စကား၏ အနက်အဓိပ္ပါယ်ကို ဖွင့်မမေးရဲ။

ချာတိတ်က ရိုးရိုးသားသားကို အပျိုကြီးစိတ်ကူးယဉ် တယ်ဟု ထင်မှာစိုးရိမ်နေရသည်။

"မမ မစားရသေးဘူးဆို တစ်ခါတည်းစားမယ်လေဗျာ လာဗျာ"

ညည့်ခန်းသို့ တစ်ခေါက်ပြန်လာပြီး လာခေါ်သော ချာ တိတ်ကြောင့် မျက်နှာကိုပြန်တည်ကာ. . .

"မစားဘူး မင်းဖာသာမင်းစား လူလိမ်နဲ့ တစ်စားပွဲ

www.burmeseclassic.com

www.burmeseclassic.com



တည်း မစားချင်ပါဘူး"

"ဟာ မလိမ်ပါဘူး. . မုသားပြောမိတာပါ၊ မုသားမ

လက်ာမချောတဲ့ စာဆိုနဲ့အညီ ကျင့်သုံးတာပါ"

"ပြောလိုက်ရင် ဆင်ခြေတွေက ပါးစပ်နဲ့အပြည့်၊ သွာ

လာခဲ့မယ်"

နောင့်အပေါ်ကြာရှည်စွာ စိတ်မဆိုးရက်တာကလည်

ကျွန်မ၏အားနည်းချက်ပင်။ နောင်သည် လောကကြီးကို ကြော

စရာမလို မိမိကိုယ်မိမိယုံကြည်စိတ်ချ အားထားသော မျက်

ဘေးမျိုးနှင့် ရဲရဲဝံ့ဝံ့ရှိသည်။ တွန့်ဆုတ်မှုမရှိ၊ ယောကျ်ားတ

ယောက်၏ရှိသင့်သော ကြံ့ခိုင်မှုမျက်နှာဘေးမျိုးရှိသည်။ ဒီ

ချက်ကိုက နောင်၏အားသာချက်ဖြစ်သည်။ သူသည် လိုတ

အနေထားဖြစ်၍ ဒုက္ခဆင်းရဲကိုလည်း ကြုံဖူးဟန်မတူပေ။

"မမ လာခဲ့လေဗျာ နောင်ဆာပြီ၊ နိုးကတည်းက ဘာ

မစားရသေးဘူး"

နောင်၏အသံက ထမင်းစားခန်းမှသည် ဧည့်ခန်းတိ

အောင် ပျံ့လွင့်လာခဲ့လေသည်။ ကျွန်မ မနေသာတော့ လာ

လေပြီ။

"သခွတ်ပင်ကမီးတဂျိဂျိနဲ့ နားညီးလိုက်တာ ကိုယ့်

သာကိုယ်စားပါလား"

"ခုတော့လည်း ဖိုးလိမ္မာဖြစ်သွားရပြန်ပြီ တတ်လဲတ

နိုင်လွန်းတယ်"

ကျွန်မသည် ဒေါ်ဒေါ်ဒေါင်းလက်ရာ နန်ကြီးသုတ်

လွဲရင် အခြားစားလေ့စားထမရှိတတ်၊ ကြာဇံဟင်းခါးနှင့်တစ်



ကန်ဆို လုံလောက်သွားတတ်သည်၊ ပြီးလျှင် ရုံးသွားရမည်။

"မင်း တို့ဆီခဏခဏလာနေတာ စာသင်မပျက်ဘူး

လား"

"မပျက်ဘူး အားချိန်မှလာတာပါ"

"မင်းကြည့်ရတာ ဆေးကျောင်းသားနဲ့ မတူသလိုပဲ"

"ဒါဖြင့် ဘာနဲ့တူနေလို့လဲ"

"တကယ့်ကို ပူပန်သောကမရှိ ကျောင်းစာတာဝန်မရှိ

တဲ့ လူငယ်တစ်ယောက်လို ပေါ့ပါးလွတ်လပ်နေလို့လေ"

"စကားလှအောင် ပြောမနေပါနဲ့ ဂလေဂချေနဲ့တူတယ်

လို့ ပြောလိုက်ပါလား"

"ကျွန်တော် စာကျက်ပါတယ် ညစဉ်နာရီမှန်မှန်ထိုင်

လိုက်ရင် တစ်နေ့တာစာကိစ္စပြတ်သွားပါတယ်၊ ကျန်တဲ့အချိန်

တော့ လွတ်လပ်ပေါ့ပါးစွာပဲ နေတတ်တယ်၊ ဒါကျွန်တော့်အ

ကျင့်ပါ"

"ဒီလိုဆို ဆရာဝန်အလုပ်ကိုတော့ ဝါသနာပါတယ်ပေါ့"

"ပါပါတယ် သမားတော်အထိဖြစ်ဖို့ ပါရဂူဘွဲ့တွေ တစ်ခု

ပြီး တစ်ခုယူဖို့ ဆန္ဒရှိပါတယ်"

"ဩော်"

လာပြန်ပြီကော "အောင်"နှင့် ရည်ရွယ်ချက်တူသော

လူငယ်တစ်ယောက်။

"ထပ်ထည့်ဦးမလား မိန်းကလေး"

"တော်ပါပြီ ဒေါ်ဒေါ်၊ ကျွန်မရုံးသွားဖို့ ပြင်ဆင်လိုက်

တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"နောင်လည်း ကျောင်းသွားမှာပဲ မမကို တစ်ခါတည်း ပို့ခဲ့မယ်လေ၊ ဒီသီတင်းကျွတ်သုံးရက်ကျောင်းအပိတ်မှာ သူငယ် ချင်းတွေနဲ့ ကျိုက်ခမီဘက်သွားလိုက်ဦးမယ်၊ မမလိုက်မလား"

"မလိုက်ဘူးကွာ. . သွားပါ"

"ဒီကြားထဲ နောင်မလာတော့ဘူး၊ ဒေါ်ဒေါ် လွမ်းမနေ နဲ့နော်"

"ဒါက ဒေါ်ဒေါ် အလုပ်ပါ. . လူလေးအလုပ်မဟုတ်ဘူး သတိရနေမှာတော့ အမှန်ပဲ"

"နောင် မင်းပြန်ချင်ပြန်တော့ တို့ရုံးက ဆိုက်ကားနဲ့ သွားမှ ၁လာခေါ် လိမ့်မယ်"

"ဟုတ်ကဲ့ ဒါဆိုပြန်ပြီ"

နောင်ပြန်သွားသည်နှင့် တိုက်ခန်းလေးမှာ တိတ်ဆိတ် ပြီး ကျန်ရစ်ခဲ့လေသည်။ သံယောဇဉ်မြစ်ဖျားက စတင်လာ သော တွယ်တာမှုသည် ကျွန်မဘဝတစ်ခုလုံးကို ထိခိုက်မှုဖြစ်ပွား စေလိမ့်မည်ဟု ကျွန်မကြိုတင်မသိရှိခဲ့ပါလေ။

"နောင်လေးက ဉာဏ်ရည်ထက်မြက်ထူးချွန်မယ့် လေးပါလို့တော့ ထင်လိုက်သား၊ မိဘမျိုးရိုးကလည်း ပေါ့သေ သေး ဟုတ်မယ်မထင်ဘူး"

ဒေါ်ဒေါ် ဒေါင်းစကားကြားသိမှ နောင်ကိုချစ်ခင်တွယ် တာမှုသည် မိဘများနှင့် မသက်ဆိုင်ပါဘူး ဟူသော တယူသန် စိတ်ဖြင့် မေးမကြည့်မိခဲ့သည်ကို ဆင်ခြင်မိသည်။ ဘာပဲဖြစ်ဖြစ် မိမိအိမ်ကိုဝင်ထွက်နေသော သူစိမ်းယောက်ျားလေးတစ်ယောက် ၏ မျိုးရိုးဇာတိကိုတော့ သိထားသင့်သည်။



နောက်နေ့ နောင်လာမှပဲ အေးအေးဆေးဆေးမေးမြန်း တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ဒီကြားထဲ ထွေးတို့ လင်မယား ရောက်လာသည်၊ အားချင်း ကားလိုက်ဝယ်သည်၊ ကျွန်မအ တွက် လိုင်စင်ပေးခဲ့သည်။ တောင်ငူမှာကတည်းက ထွေးတို့ လင်မယားက သူတို့ကားနှင့် ကျွန်မကို ကားမောင်းသင်ပေးခဲ့ပြီး တောင်ငူ မြို့နယ်တရားရုံးမှာပင် ယာဉ်မောင်းလိုင်စင် လုပ်ပေးခဲ့ ခြင်းဖြစ်သည်။

"တန်ဖိုးသိပ်ကြီးကြီးမထားခဲ့နဲ့နော် စက်ကောင်းဖို့က အဓိကပဲ၊ ပျက်ရင်ပြင်တတ်တာ မဟုတ်ဘူး"

"တန်ဖိုးကမြင့်လေလေ ပိုကောင်းလေပဲမလွန်းရ"

"အေးလေ. . ပြောမရလည်း သဘောပဲ၊ ကျုပ်ဖောက် သည် ဆိုက်ကားသမားတော့ သနားပါတယ်"

"ဟော့. . ဟော့. . ဒေါ်ဒေါ်ကိုတော့ မိန်းကလေးအချိန် အကုန်ခံပြီး လိုက်ပို့ပေးဖို့မလိုဘူး၊ ဖောက်သည်ဆိုက်ကားနဲ့ပဲ ဈေးသွားဈေးပြန်လုပ်မယ်"

ဒေါ်ဒေါ်ဒေါင်းကော ကျွန်မပါ ထွေးတို့ကားဝယ်ပေး သော်လည်း ပျော်ရွှင်ခြင်းမရှိကြပေ။ ကားကို ထိန်းသိမ်းရမည့် တာဝန်အတွက် ရင်လေးနေကြသည်။ ထွေးတို့က သူတို့ကို ကူညီ သည့်သဘောဆိုသော်လည်း သိပ်မပြေင်းဆန်ရက်တော့သဖြင့် တာဝန်အရ ယူလိုက်ရသည်။ တော်သေးသည်၊ တိုက်ခန်းနှင့် မျက်စောင်းထိုးနေရာက ကားဂိုဒေါင်သဘောမျိုးဆောက်ထား ပြီး ကားညအိပ်လက်ခံသည်၊ ထိုနေရာ၌ပင် ကားအပ်သည့်ကိစ္စ စီစဉ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း. . ကားအစမ်းမောင်းရင်း မလွန်းနဲ့ ဒေါ်ဒေါ် လိုက်ခဲ့မယ် ကြီးကြီးတို့ကို ကန်တော့ရင်းပေါ့။ တစ်ညအိပ်ပဲ နောက်နေ့ရုံးပြန်တက်ရမှာ"

"တစ်ခါတစ်လေ ခွင့်ယူပါလား"

"အမှုကိစ္စတစ်ခုဆိုတာ မြန်လေကောင်းလေပဲ၊ အထူး အရေးကြီးကိစ္စမဟုတ်ရင် ငါမယူချင်ဘူး"

ကျွန်မကို ပြောမရမှန်းသိ၍ ထွေးတို့ကလည်း အတင်း မတားတော့၊ ကျွန်မသည် ကြီးကြီးအပါအဝင် လူကြီးသူမများနှင့် ကိုးကွယ်နေကြဘုန်းကြီးကျောင်းကိုပါ သွားကန်တော့ပြီးနောက် တစ်ညသာအိပ်ပြီး ပြန်ချလာသည်။

လမ်းရောက်တော့ နောင်ကို သတိရမိသော သတိရ စိတ်က တမ်းတမှု၊ လွမ်းဆွတ်မှုများပါလာသည်၊ သတိပြုမိလိုက် သည်။ နောင်ကတော့ သက်တူရွယ်တူသူငယ်ချင်းများ ယောကျ်ား မိန်းမများနှင့် အပျော်လွန်ကာ ကျွန်မတို့ကို မေ့ကောင်းမေ့နေ လိမ့်မည်။

ကျွန်မတို့ တူဝရီးကတော့ လူအလစ်၌ ခုလောက်ဆို နောင် ကျိုက္ခမီရောက်လောက်ပြီ၊ ဘုရားပွဲလပြည့်ကျော်တစ်ရက် ဆိုတော့ ဘုရားပွဲပြီးအောင်နေကြရင် လပြည့်ကျော်နှစ်ရက်၊ သုံး ရက်မှပြန်ရောက်မှာ စသည်ဖြင့် တမ်းတမ်းတတပြောမိကြလေ သည်။

ဒါကို သံယောဇဉ်ကြောင့်ဟု ရှင်းသန့်ဖြူစင်သော မေတ္တာတရားကြောင့်ပါဟု ကျွန်မကိုယ်ကျွန်မ ဆင်ခြေပေးနေ မိသည်။ အမှန်တကယ်ပင် ကျွန်မသည် နောင့်ကို မောင်လေး





တစ်ယောက်ပမာ ချစ်ခင်ခဲ့ခြင်းလား၊ ကျွန်မကိုယ်ကျွန်မ ဝေခွဲ မရခဲ့ပါချေ။

သို့သော် ခွဲခွာနေရသော လေးငါးခြောက်ရက်ခန့်သည် ကျွန်မ၏စိတ်အလျဉ်ကို ညှိုးနွမ်းစေသည်မှာတော့ သေချာသည်။ ဒါဟာ သံယောဇဉ်ပေပဲ့။

သံယောဇဉ်ဟူသော မြင်၍မရနိုင်သော ကြိုးမျှင်လေး တစ်မျှင်သည် အင်မတန်ကြီးမားသော စွမ်းအားရှိလိမ့်မည်ဟု ကျွန်မလုံးဝထင်မှတ် မထားမိခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [ ၂၂ ]

"ဟဲ့. . ဘယ်လိုဖြစ်လာတာလဲ ညကြီး မိုးချုပ်"

"မမ နောင်ဖျားလာလို့၊ အိမ်မှာက ဘကြီးဖြိုးနဲ့ ကိုဒွေး က ပြုစုတတ်တာ မဟုတ်ဘူး၊ နောင်ဒီတစ်ည ဒီမှာအိပ်ပါရစေ နော်၊ ဆေးခန်းပြပြီးပါပြီ"

"ရော်. . ဒီကလေးနှယ်. . ဝင်. . ဝင်"

ကျွန်မဘာမှ မပြောရသေးခင် ဒေါ်ဒေါ်ဒေါင်းက ခွင့်ပြု



လိုက်လေသည်။ ကျွန်မက အောက်ထပ်သို့ဆင်းပြီး အောက်ဆုံး ထပ်အိမ်ရှင်အား. . .

"ကျွန်မမောင်လေး ခရီးကအပြန် ဖျားလာလို့ သူ့အိမ် ကလည်း သော့ပိတ်မိနေလို့ ဒီမှာ ဒီညအိပ်လိုက်ရတယ်၊ ကား တော့ ဒီအတိုင်းပဲထားလိုက်မယ်နော် နည်းနည်းတော့ သတိ ထားပေးပါ"

"ရပါတယ် ဆရာမရယ် အားမနာပါနဲ့၊ ကျွန်မတို့ အမေ ဆို ဧည့်ခန်းမှာအိပ်တာ၊ နားလည်ပါတယ်. . ဘာမှမဖြစ်ပါဘူး အချို့ကားတွေလည်း ဒီအတိုင်းပဲထားတာပဲ"

ကျေးဇူးတင်ကြောင်းပြောပြီး ချက်ခြင်းပင်ပြန်တက်ခဲ့ သည်။ ချာတိတ်ဘယ်လိုဖြစ်လာသည်မသိ၊ ဖြူဖွေးသော အသား အရောင်မှာ အနီရောင်ပြေးလျက်ရှိသည်။

"နောင် ဘယ်လိုဖြစ်လာတာလဲ. . သူငယ်ချင်းတွေက လိုက်မပို့ဘူးလား"

"မင်းကွာ. . လမ်းမှာ တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ် မလဲ၊ ကိုင်း. . ဆေးသောက်ပြီး အိပ်ရအောင်၊ ဒေါ်ဒေါ်ဒေါင်း ခေါက်ဆွဲပြုတ်ပေးနေတယ်"

ကျွန်မ ရနောင်အပေါ် ဂရုဏာသက်မိသည်။ နောင့်အ တွက် အိပ်ယာကို ဧည့်ခန်းဘုရားခန်း စင်ရှေ့၌ပင် ပြင်ဆင်ပေး လိုက်သည်။ ခြင်လုံဇကာတတ်ပြီး လေ အေးစက်တတ်ဆင်ထား သော တိုက်ခန်းဖြစ်၍ ခြင်ထောင်မလို၊ တစ်ယောက်အိပ်ခွေ့ ယာ ခပ်ပါးပါးကိုခင်း အိပ်ယာခင်းအသစ် ခေါင်းအုံးစွပ်အသစ် လေးများ ထုတ်ပြင်ဆင်ပေးခြင်းကို နောင်ကငေးကြည့်နေပြီး. .



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဘာလဲကွ"

"ကျွန်တော် မမရဲ့မောင်ဖြစ်ရင် သိပ်ကံကောင်းမယ် ထင်တယ်"

"ဘာဖြစ်လို့လဲ"

"မမက အရမ်းဂရုစိုက်မှာပဲနော်"

ကျွန်မပြုံးမိသည်၊ ဤချာတိတ်က "ကြီးရင်မှီ၊ ငယ်ရင်ချီ" ဟူသော စကားကိုများ သဘောပေါက်လက်ခံကျင့်သုံးချင်နေသလား။

"မင်းထင်လို့ပါနော်. . တို့ညီမကတော့ တို့လိုလူမျိုး အစ်မတော်ရတာ ကံဆိုးတယ်လို့ ထင်နေမှာ၊ တို့အတွက်ကြီးပဲ သူကပေးဆပ်ခဲ့ရတာကိုး၊ ခုလည်း. . မင်းကညွှဲသည်ဖြစ်နေတယ်၊ တို့မလုပ်ပေးရင် ဒေါ်ဒေါ် လုပ်ပေးရမှာ၊ ဒါကြောင့်. . တို့ အိပ်ယာ ခင်းပေးတာကို သိပ်သဘောကျမနေနဲ့နော်"

"အဲ့ဒါကြောင့် ပြောတာမဟုတ်ဘူး"

"ဒါဖြင့် ဘာကြောင့်ပြောတာလဲ"

"မမရဲ့ မျက်နှာမြင်လိုက်ရရင်ပဲ နောင့်ရင်ထဲက ရောဂါ တစ်ဝက်သက်သာသွားလို့ပြောတာ"

"ဘုရားရေ"ဟု ရင်ထဲမြည်တမ်းလိုက်မိသည်။ သို့သော် နှုတ်ကတော့ "ဩော်" ဟုဆိုလိုက်ပြီးမှ. . .

"မင်း အဝတ်အစားလဲလိုက်လေ"

"ဟုတ်ကဲ့"

စကားလမ်းကြောင်းလွှဲလိုက်သည်။





"မမတို့ဖို့ ခရုလိုက်ကာ၊ ဒါကမုဒုံစောင်အုပ် ချည်စောင် ကောင်းတယ်ဆိုလို့ ချည်စောင်ပဲဝယ်လာတာ၊ ဒါက စားပွဲခင်းနဲ့ လက်သုတ်ပုဝါတွေ အုပ်လိုက်ပဲ"

"ကလေးရယ် မင်းနေမကောင်းရက်နဲ့ ဒီအိတ်ကြီးကို လွယ်တက်ခဲ့ရတယ်လို့ကွယ်"

ကျွန်မရင်ထဲက ဂရုဏာစကားလေးက နှုတ်မှ လွတ်ခနဲထွက်သွားရသည်။ နောင်မျက်နှာလေးဝင်းပသွားကာ. . .

"မမတို့အတွက်ဆို နောင် မပင်ပန်းပါဘူး"

တော်ပါသေးသည်။ သူ့စကားထဲ၌ "တို့"ဟုသုံးစွဲလိုက်၍ ရိုးသားခြင်းပါ၊ တကယ်ပဲ အစ်မရင်းတစ်ယောက်လို တွယ်တာနေရှာတာပါဟု ဖြေသိမ့်တွေးတွေးလိုက်ရသည်။

သို့သော် မျက်လုံးများကိုတော့မယုံချင်၊ ကျွန်မကို ကြည့်သော မျက်လုံးက အခြားသူကိုကြည့်သော မျက်လုံးများနှင့်မတူ ဝိုး၍တောက်ပသည်၊ ဝင်းလက်သည်။

ဒေါ်ဒေါ်ဒေါ်င်းက မခွံ့ရုံတမယ် ခေါက်ဆွဲပြုတ်ကို တိုက်ကျွေးပြီး ဆေးတိုက်လိုက်သည်။ အိပ်ယာဝင်ချိန်၌. . .

"မမ သူငယ်ချင်းတွေ မပြန်ကြသေးဘူး၊ ကျိုက်ထီးရိုး ဆက်သွားမယ်ပြောတယ် နောင်က မမကို လွမ်းလို့ပြန်လာတာ"

ရင်ထဲလှုပ်ခတ်သွားရသည်။ မိမိကတော့ ဒင်းကလေး ကို မလွမ်းလို့လား၊ လွမ်းသည်. . သတိရမိသည်။ သို့သော်. .

"ငါးရက် ခြောက်ရက်လောက်နဲ့များကွာ အပိုလုပ်တို့"

"အဲ့ဒီ ငါးရက်ခြောက်ရက်လောက်ဟာ. . ငါးကမ္ဘာ ခြောက်ကမ္ဘာလောက် ကြာတယ်ထင်တာ၊ မမတော့ နောင့်ကို



www.burmeseclassic.com

www.burmeseclassic.com

မလွှမ်းဘူးလားဟင်"

ကျွန်မ နှောင့်ကို ထိတ်လန့်တကြားကြည့်လိုက်မိသည်။ ရုတ်တရက် မိမိသည် တရားခံဖြစ်သွားသလို နှောင်ကတရားသူကြီးဖြစ်သွားသည်။ နှောင်အကြည့်က ကျွန်မ၏နှလုံးသားကို ဖောက်ထွင်းကြည့်နေသည်၊ ကျွန်မ နှောင့်မျက်လုံးကို ရင်မဆိုင်ရဲသလို ခံစားလိုက်ရပြီး။

"လွမ်းဖို့နေနေသာသာ သတိတောင်မရဘူး ကိုယ့်အလုပ်နဲ့ကိုယ်ရှိနေလို့ အားချိန်တောင်မရပါဘူး၊ ကဲ. . အိပ်တော့ လူနာဆိုတာ များများအိပ် များများနားပေးရတယ်၊ ဒါမှ အားရှိမှာ. . ."

"နေပါဦး မမရယ်"

နှောင်က ကျွန်မ၏ လက်ကိုလှမ်းဆွဲသည်။

"ဟင်"

ပူနွေးနေသော နှောင့်လက်ကလေး၏ အထိအတွေ့ကြောင့် ကျွန်မဒေါသသည် ဟုန်းခနဲထပြီး ဟုတ်ခနဲပင် ပြန်ငြိမ်းသွားသည်။

နေမကောင်းတော့ မိခင်ကို တမ်းတနေသော ကလေးတစ်ဦး၏ အထာမျိုးဖြစ်မှာပါ။

"ဘာလဲ ဘာလိုချင်လို့လဲ"

"နှောင် မမကို သိပ်ချစ်တယ်၊ အစ်မလိုချစ်တာ မဟုတ်ဘူး ဘဝခရီးဖော်အနေနဲ့ ချစ်တာ"

"ဟင်. . မင်း"

ကျွန်မလက်ကို ဆောင့်ရုန်းလိုက်ပြီး နှောင့်ပါးကို ရိုက်





လက်ရွယ်လိုက်သည်။ နှောင်က ပါးကလေးထိုးပေးကာ. . .

"ရိုက်လေမမ ရိုက်ပါ၊ နှောင့်စိတ်ကို နှောင်ဘယ်လိုမှ အုပ်လို့မရလို့ပါ"

ကျွန်မလက်ကို ပြန်ရုပ်သိမ်းလိုက်သည်။

"မင်းက ငါ့အိမ်ပေါ်တက်လာပြီး ငါ့ကို စော်ကားရဲတယ် ကွာ အိပ်တော့"

နှောင့်အပေါ်ထားသော သံယောဇဉ်က နှင်မချရက်၊ ရက်ရက်အောင်ဖြစ်ရသည်။ ချာတိတ်မျက်လုံးတွေကိုကြည့်ပြီး အတွင်းစိတ်ကို ဖောက်ထွင်းမြင်နေရပါလျက် ကျွန်မလိုက် လျောလျော ဆက်ဆံခဲ့မိသည်ကို၊ မိမိကိုယ်မိမိသာ အပြစ် လိုက်ပြီး အိပ်ခန်းထဲဝင်ခဲ့သည်။ ဒေါ်ဒေါ်ဒေါင်းက မီးဖိုမှာ ဆည်းပြီးပြီ ဧည့်ခန်းသို့သွားသည်။

"နှောင်လေး အိပ်တော့လေ၊ ဩော် စောင်မခြုံပါလား ဘာဖြစ်လို့လဲလူလေး ငိုနေသလား"

ဒေါ်ဒေါ်ဒေါင်းအသံက ကျွန်မနားစည်ကို ရိုက်ခတ်လာသောအခါ ကျွန်မရင်ထဲလှိုင်းခတ်သံတို့ ညံစီလာသည်။

"မျက်လုံးထဲ ပိုးကောင်ဝင်သွားလို့ပါ နှောင်အိပ်တော့ မယ်. . ဂွတ်နိုက် ဒေါ်ဒေါ်"

နှောင့်အသံအက်အက်ကို ကျွန်မကြားရက်အောင် ရသည်။ ခက်နေပြီ. . မီးလောင်ငုတ်တိုဖြစ်နေသော ကျွန်မ လုံးသားသည် အချစ်သစ်ပင်သစ်ဖြစ်လာလိမ့်မည်ဟု ကျွန်မ ဝမထင်မှတ်ခဲ့ပါချေ။

ခုတော့ သံယောဇဉ်ကစတင်လာခဲ့သော မေတ္တာတရား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်မနောင့်ကို မုန်း၍စိတ်ဆိုး၍ မရနိုင်အောင် ခံ နေရလေသည်။ ဒေါ်ဒေါ်ဒေါင်းက ဧည့်ခန်းမီးပိတ်ပြီး၊ ညီ လေးဖွင့်ထားပေးခဲ့သည်။

"ကလေး သနားပါတယ်၊ နေမကောင်းတော့ မိဘ တမ်းတတယ်ထင်ပါရဲ့"

ဒေါ်ဒေါ်ဒေါင်းက ကျွန်မအားလှမ်းပြောလိုက်သည် ကျွန်မက မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဖွင့်ဖတ်နေလိုက်သည်၊ လုံးတွေမမြင် အာရုံက နောင့်၏မျက်ဝန်းရိပ်. . .

မိမိကိုကြည့်သောအကြည့်၌ မြတ်နိုးခြင်း၊ တန်ဖိုးထ ခြင်း၊ ချစ်ခြင်း၊ လေးစားခြင်းတို့ ပါဝင်နေလေသည်။ အနေနီး ဖြစ်ပေါ်လာသော သံယောဇဉ်ပေလား. . .

အချစ်နှင့်ပတ်သက်လာလျှင်. . အောင်တစ်ယော တည်းနှင့်ပင် ပြီးဆုံးသွားပြီထင်မှတ်ခဲ့သည်။ ယခု နောင်ကြော ကျွန်မရင်ထဲလှိုင်းခတ်သံ ညံစီနေရသည်။ မိခင်ကိုယ်စား ကျွန် ကို တွယ်တာနေခြင်းလား။

ဘုရားဘုရား ကျွန်မဝဋ်လည်ပြီလား။ အမေက ထက်ဆယ်နှစ်ငယ်သော အဖေကို ယူခဲ့၍ မိသားစု၏ စွန့်ပစ်ခြ ကို ခံခဲ့ရသည်၊ အဖေ၏ ကောင်းမွေကိုမခံစားရ၊ ဆိုးမွေကိုသ ခံစားခံခဲ့ရသည်။

သို့သော် အမေကတော့ အဖေကို အဆိုးမမြင်. . .

"နင့်အဖေက အမေ့အတွက် သမီးလိမ္မာနှစ်ယော ထားပေးသွားရှာတယ်"

ဟု ရှာကြံ၍ ကျေးဇူးတင်ခဲ့သည်။ အဖေနှင့်ရုပ်တူ





သော ကျွန်မအား အမေကပို၍ အချစ်ပိုသည်ဟုကြီးကြီးတို့က ဝေဖန်သည်။ ထွေးကလည်း. . .

"အဖေက မလွန်းကိုပိုချစ်တယ်ဆိုတာ ထွေးသိပါတယ်၊ ဒါပေမယ့် ထွေးအပေါ်လည်း မလျော့ဘူးဆိုတာ ထွေးခံစား နိုင်ပါတယ်၊ ထွေးကိုယ်တိုင် အမေဖြစ်လာပြီကိုး"

ကျွန်မသည် အမေထက်ပို၍ အခြေအနေဆိုးနေပြီ လား။ ပညာတတ်ပြီး တရားသူကြီးဖြစ်နေသူတစ်ယောက်က ကိုယ့်ထက်ဆယ့်သုံးနှစ်ငယ်သော ဆေးကျောင်းသားတစ်ဦးနှင့် ညှိငံမိသည်ဆိုပါက ဆယ်တန်းမအောင်ပဲအထည်ဆိုင်မှ မိန်းမ တစ်ဦးနှင့် ဆယ်တန်းပင်မအောင်ပဲ မိဘပိုက်ဆံထိုင်ဖြုန်းနေသူ တစ်ဦး၏ အချစ်ဇာတ်လမ်းထက် ပို၍မိုက်တွင်းနက်ပေလိမ့် မည်။

ပညာတတ်တွေ မိုက်ခြင်းက ပို၍မိုက်တွင်းနက်သည်ဟု ဆိုကြခြင်းဖြစ်မည်။ ကျွန်မ နောင့်ကို ရက်ရက်စက်စက်မပြုမူ ရက်။ ကျွန်မ၏ စိတ်ကိုကပဲ နောင့်အပေါ်သာယာမိခြင်းလား၊ နှစ်နှစ်ကာကာ ချစ်ခင်မိခြင်းလား၊ ဝေခွဲ၍မရနိုင်အောင် ဖြစ်မိ သည်။

ညီးညူသံသဲ့သဲ့ကြောင့် အိပ်မပျော်သေးသော ကျွန်မ သည် နောင့်ထံသို့ ထွက်ခဲ့မိသည်။ချွေးများရွှဲနစ်နေသော နောင့် ကို တွေ့ရသည်။ ဆေးအရှိန်နှင့် အိပ်မောကျနေသည့်ကြားက

"မမ. . မမ. ."

"မမကိုချစ်တယ်. ."

"မမနောင့်ကို မရက်စက်ပါနဲ့. ."



www.burmeseclassic.com

www.burmeseclassic.com



ကယောင်ကတမ်းပြောဆိုနေသံက မပီသ ဝိုးတဝါးပင်
သို့သော် ကျွန်မဒေါ်ဒေါ်ကို နှိုးကာ နောင့်အား နှစ်ယောက်သား
ချွေးသုတ်ပေး၊ အကျႌလဲပေးခြင်းကို ပြုလုပ်လိုက်ရသည်။ ဒေါ်
ဒေါ်ဒေါ်ငါးက. . .

"အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်တော့မယ်ထင်ပါရဲ့
မိန်းကလေးရယ်၊ ဒီအရွယ်ဟာ စိတ်ကစားတတ်တဲ့အရွယ်
နီးစပ်ရာကို သာယာမိတယ်ထင်ပါရဲ့၊ ကိုယ်က ပညာတတ်ပဲလေ
ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်းပဲနေပြီး နားလည်အောင်
ဆုံးမပေးပေါ့ကွယ်"

လူကြီးပီပီ စကားပြောလိုက်သည်။ ကျွန်မ ဘာမှမပြော
ချင်တော့ ကျွန်မရင်ထဲနွမ်းလျနေသည်။ ချစ်သူကို ချစ်လျက်နှင့်
ချစ်ခွင့်မသာသည့်အဖြစ်မျိုး ကြုံရလိမ့်မည်ဟု တစ်ခါတစ်ရံ
မတွေးမိခဲ့ပါချေ။

အောင့်ကိုချစ်တုန်းကခံစားမှုထက် ခုခံစားမှုကပို၍
နက်ရှိုင်းသည်။ သံယောဇဉ်အခြေခံတော့ ပို၍ဆိုးသည်။ နောင်
တစ်နေ့ နောင့်ကိုဘယ်လိုရင်ဆိုင်ရမလဲ။

တစ်ခါတည်း နာကျည်းမုန်းတီးသွားအောင် စိမ်းစိမ်း
ကားကားပြောဆိုပစ်ဖို့ အင်အားမျိုး ကျွန်မမှာမရှိပြီ။ တကယ်သို့
တက်စဉ် အောင်နှင့်ကျွန်မကို မိတ်ဆက်ပေးသော သီဟဝမ်း
မမငွေးကို လေးငါးခြောက်နှစ်ငယ်သော ချာတိတ်နှင့်တွဲစဉ်
လည်း ကျွန်မကဲ့ရဲ့ရှုတ်ချခဲ့သည်ကို ပြန်သတိရလိုက်မိသည်။

စိတ်သာအဓိကပါတဲ့ ကိုယ့်စိတ်ကိုယ်နိုင်အောင်ထိန်း
ကာ နောင့်ကိုငြင်းပယ်ရန် ဆုံးဖြတ်လိုက်သည်။ ထိုညက အိမ်





မပျော်ပဲ မိုးလင်းခါနီးမှ အိပ်ပျော်သွားသောကြောင့် နောင်ပြန်
သွားသည်ကို မသိလိုက်ရ၊ နိုးနိုးခြင်း. . .

"ဒေါ်ဒေါ် တောင်ဈေးကပြန်ရောက်နေပြီလား နောင်
ကော. ."

"ပြန်သွားပြီ"

"ဩော်"

နာရီကြည့်လိုက်တော့ ရုံးသွားချိန်ပင်နီးနေပြီပဲ။

"ကားဂိုဒေါင်ကတောင် ကားသော့တောင်းပြီး ကား
ထုတ်ပေးသွားတယ် အောက်မှာရပ်ထားတယ်"

ကျွန်မကို ပတ်ဝန်းကျင်ကတော့ ကူညီစောင့်ရှောက်ကြ
ပါသည်၊ လောကအလယ်၌ ပညာရဲရင့် ပွဲလည်တင့်သည်။
ပညာနှင့်အသက်မွေးခြင်း၏ တန်ဖိုးကို ကျွန်မကတော့ လက်
တွေ့ခံစားနေရသည်။ ဒါတောင် ကျွန်မ၏ ကုသိုလ်ကံပဲကောင်း
၍လားမသိ၊ ကျွန်မအသက်သုံးဆယ်ကျော်၌ တွဲဘက်တရား
သူကြီးအနေနှင့် ရန်ကုန်မြို့နယ်တရားရုံးတစ်ခုမှာ တာဝန်ထမ်း
ဆောင်နေရသည်။

အမြင့်သို့ရောက်လေလေ လေတိုက်နှုန်းပို၍ ခံရလေ
လေဆိုသော စကားအရ အမှုတွဲတစ်ခုတက်လာတိုင်း ကျွန်မ
အား ချဉ်းကပ်ရန် ကြိုးစားသူတွေက ဒုနဲ့ဒေးပင်။

ထိုဒဏ်တွေကို ကျွန်မ ကြံ့ကြံ့ခံကျော်လွှားနိုင်ပါလျက်
နှလုံးသားရေးရာကိစ္စကိုတော့ ကျွန်မတွေဝေရသည်။ ကျွန်မ
သည် အချစ်နှင့်ပတ်သက်၍ ကံဆိုးတတ်လေသည် ထင်ပါသည်။

"ဩော် ချာတိတ်က စာပေးသွားသေးတယ်၊ မေ့နေလို့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်ဒေါင်းက ကျွန်မလက်ထဲ စာအိတ်တစ်အိတ် လာထည့်သည်။ ကျွန်မ ချက်ခြင်းပင် ဖောက်ဖတ်လိုက်သည်

မမ

နေမကောင်းဖြစ်နေလို့ သတိလက်လွတ်ပြောတဲ့စကား မဟုတ်ပါ။ မမကို ကျွန်တော်တကယ်ချစ်တာပါ၊ ကျွန်တော် ဘဝမှာ အရေးထားဆုံးနဲ့ မြတ်နိုးဆုံးသူဟာ မမပဲ၊ ကျွန်တော် ဆရာဝန်ဖြစ်တာနဲ့ မမကိုလက်ထပ်မယ် လေးငါးနှစ်လော တော့ သည်းခံစောင့်ဆိုင်းပေးပါ။

ကျွန်တော့် မေတ္တာအတွက်လည်း အလေးအနက်ထား ပြီး စဉ်းစားပေးပါ။

"နောင်"

သက်ပြင်းနှင့်အတူ စာကိုပြန်ခေါက်ပြီး စာအိတ်ထဲ ထည့်လိုက်သည်။ အဖွဲ့အနွဲ့မပါ၊ ရိုးစင်းစွာဖြင့် သူ့မေတ္တာကို ပြထားသည်။

"နောင်ရယ်"

ရင်ဝယ်ဝမ်းနည်းသလို ကြေကွဲစွာ ခံစားလိုက်ရသည် သက်တူရွယ်တူဆိုပါက ဘယ်လောက်ကောင်းလိုက်မည်နည်း ကျွန်မ ဘာဆက်လုပ်ရမှန်းမသိအောင်ပင် တွေဝေခဲ့ရသည်





# အခန်း [ ၂၃ ]

"လူဆိုတာ ကိုယ့်နေရာနဲ့ကိုယ် သိတတ်ရတယ်ကွ" စနေနေ့ရုံးပိတ်ရက်၌ နောင်ရောက်လာခဲ့သည်။ သူ ...ဘာမှ အပြစ်မရှိသလိုပင်. . ။

"ဒီနေ့ဘာလုပ်စားသလဲ"ဟု အစချီကာ ရောက်လာ ...င်း ဖြစ်သည်။

"ထိုင်ဦး. . နောင်" ဟုအစချီပြီး ကျွန်မက ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။

"ဗျာ. . မမဘာကိုဆိုလိုတာလဲ"

မျက်နှာလေးက အပြစ်ကင်းစင်နေသည့်အလား ပိဘိကလေးတစ်ဦးပမာ ကြောက်တောင်တောင်လေးနှင့် မေးလေသည်။

"မင်းနားမလည်ချင်ဟန်ဆောင်မနေပါနဲ့၊ မင်း အရာရာကိုသိတတ်နားလည်တဲ့ကလေးပါ။ ဟိုနေ့က မင်းပြော တာတွေ မင်းပြန်ရုပ်သိမ်းပေးမလား မရုပ်သိမ်းပေးဘူးလား တာသာပြော"

ကျွန်မ ခက်ထန်ထန် ပြောလိုက်သည်။ နောင်က ခနဲတစ်ချက်ရယ်ပြီးမှ မျက်နှာပိုးသပ်လိုက်သည်။ ပြီးမှ ကျွ အား မေးခွန်းပြန်ထုတ်သည်။

"အချစ်ဆိုတာ ကစားစရာတစ်ခုလို့ သတ်မှတ်လို့ရ မမ၊ ဘွာခတ်လို့ကောရသလား"

"မင်း ငါ့ကိုမေးခွန်းပြန်မထုတ်ပါနဲ့၊ မင်းစကားတွေ သိမ်းပေးမလား၊ မရုပ်သိမ်းပေးဘူးလားဆိုတာ တစ်ခွန်းပဲ

"မရုပ်သိမ်းပေးနိုင်ဘူး၊ ဘယ်လိုအကြောင်းပြချက် မှ နောင်အချစ်ကို ရုပ်သိမ်းပစ်မှာမဟုတ်ဘူး၊ နောက်ဆုံး သက်ထိ ချစ်သွားမှာ"

ကျွန်မရင်ထဲလှုပ်ရှားမှုကို မနည်းတည်ငြိမ်အောင် စားရင်း စီးကရက်ကို ထိုးချေလိုက်သည်။

"စတန်မထွင်ချင်နဲ့ စိတ်ကူးယဉ်မဆန်ချင်နဲ့စမ်း ငါ အသက်ဘယ်လောက်ကွာခြားသလဲ မင်းသိလား"



"သိတာပေါ့ သိပ်သိတာပေါ့။ နောင်က မမထက်ငယ် တယ် အလုပ်အကိုင်မရှိ ကျောင်းသားပဲရှိသေးတယ်"

ဘုရားရေဟု ရင်တွင်း၌သာ မြည်တမ်းလိုက်သည်။ ပေါ့ သေးသေးတွက်၍မရ။

"အချစ်မှာ ဆင်းရဲ ချမ်းသာဂုဏ်ဒြပ်၊ အသက်အရွယ် ဘာမှမရှိဘူးမမ"

"အပိုမပြောနဲ့ ဦးနှောက်ရှိရမယ်ကွ၊ မင်းလိုနို့နံ့မစင်တဲ့ အရွယ်လေးကို ငါကကြိုက်ရအောင် ငါမရူးသေးဘူး၊ ကလေး မုန့်ပေးကြိုက်တယ်လို့လဲ အပြောမခံနိုင်ဘူး"

"ကျွန်တော်ကသာ လူကြီးလက်ဖက်ပေးကြိုက်တာပါ လို့ ပြောလိုက်မှာပေါ့"

"တော်စမ်းပါ မင်းကိုငါ ပြတ်ပြတ်သားသားပဲပြောချင် တယ်၊ မင်းစကားကို မရုပ်သိမ်းနိုင်ဘူးဆို မင်းငါ့အိမ်ကို လုံးဝ မလာနဲ့တော့၊ ခွေးကလေးအရောဝင် ပါးရက်နားရက်ဆိုတာမျိုး ဖြစ်နေပြီ၊ ငါ့ဂုဏ်ငါ့သိက္ခာကိုအထိခိုက်မခံနိုင်ဘူး၊ မင်းကို ငါ မချစ်ဘူး ဒါပဲ၊ ပြန်တော့. . ."

နောင်ကပြုံးပြုံးလေးပင် ထိုင်နေပြီး ကျွန်မကို ငေးစိုက် ကြည့်နေသည်။ ကြည့်စမ်း အသည်းယားစရာကောင်းလိုက်တာ ကျွန်မ နှစ်ရက်သုံးရက် ကြိုတင်စဉ်းစားထားသော စကားများ ဒင်းကို နာကျင်သွားစေနိုင်သော စကားကိုသုံးပါလျက် ဒင်းက ပန်းနှင့်ပေါက်သည့်အလား ပြုံးပြုံးကလေးလုပ်ကာ ထိုင်ကြည့် နေလေသည်။

"ပြန်လေ ဘာကြည့်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"လှလို့ . . မမကစိတ်ဆိုးချင်ဟန်ဆောင်လည်း လှတာပဲ တကယ်စိတ်ဆိုးလည်း လှမှာပဲနော်"

"ဘာကွ . . မင်းနော် ပြန်ဆို"

"မပြန်ဘူး မမကို နောင်ချစ်တယ် မမနားမှာပဲနေချင်တယ်၊ နောင့်ကိုနှင်လည်း နောင်မပြန်ဘူးလို့ဆုံးဖြတ်ထားတယ်"

"ဘာ"

ရုတ်တရက် ပြာဝေသွားသည်။

"မမကို နောင်ချစ်တယ်၊ ချစ်တယ် . . ချစ်တယ် . . တကယ်ချစ်တာပါ"

ကလေးတစ်ဦးလို မျက်လုံးစုံမှိတ်အော်နေသောကြောင့် ကျွန်မသည် ဆေးလိပ်ခွက်နှင့်ကောက်ပေါက်လိုက်မိသည်။

"အား"

"ဟင်"

ဆေးလိပ်ခွက်က သိပ်မကြီးပါ၊ သို့သော် နောင်၏ဂျိုစောင်းကို ထိသွားသည်။ ကျွန်မနောင့်နားသို့ ဘယ်ပုံဘယ်နည်းနှင့်ရောက်သွားသည် မသိလိုက်။

"ပြစမ်း . . ပြစမ်း"

သွေးစို့သွားသော ဂျိုစောင်းကြောင့်

"ဟင် . . သွေးစို့သွားပြီ ဘာထည့်ရမလဲ ဆေးတွေတော့ ရှိတယ်"

ကျွန်မနောင့်အပေါ် ဖွက်အတင်းထားခဲ့ရသော စိတ်ဆိုးမာန်ဆိုးသည် ဘယ်ကမ္ဘာဆီသို့ ထွက်ပြေးသွားသည် မသိလိုက်ရပါ။ ဆေးဗူးလေးယူပြလိုက်သည်။





"စပရစ်နဲ့ပွတ်ပြီး ဒီဆေးလေးလိမ်းလိုက်ရင် ရတယ် မမ မကြောက်နဲ့၊ ကြောက်တတ်လား နောင့်ဖာသာနောင် မှန်ကြည့်လုပ်မယ်လေ"

"မကြောက်တတ်ပါဘူး ရတယ် လုပ်ပေးမယ်"

နောင်နှင့် ကျွန်မကြားငြိမ်းချမ်းမှုက အလိုအလျောက် ရသွားသည်။

"ချစ်တယ်လို့ပြောတာ အပြစ်ပေးစရာလား မမရယ်"

"မချစ်သင့်တဲ့လူကို ချစ်ချင်တာကိုကွ အပြစ်ရှိတာပေါ့၊ ကဲပါ အဲဒီအချစ်ဆိုတဲ့စကားကြီး ထပ်မပြောနဲ့တော့"

ဆေးထည့်ပေးပြီးနောက် . . နောက်ဖေး၌ ထမင်းဆုပ်လေး ပြင်ဆင်နေသော ဒေါ်ဒေါ်ဒေါင်း၏ အသံပေးမှုကြောင့်

"ဟိုနှစ်ယောက် အားလုံးအဆင်သင့်ဖြစ်ပြီ စားကြရအောင်"

နောင်က ကျွန်မမျက်နှာကိုစူးစိုက်ကြည့်ကာ . . .

"ကျွန်တော်စားရမှာလား"

"ငါလုပ်တာမဟုတ်ဘူးဟေ့"

"ဒါပေမယ့် မမလုပ်တာလေ"

"မင်းဖာသာမင်းစားချင်စား၊ မစားချင်နေ"

"မမ မကြည်ဖြူရင် နောင်မစားပါဘူး၊ လာခွင့်ပေးရင် တော်ပါပြီ"

"မင်းနောက်ထပ် ငါ့ကိုပရိုပိုစ်မလုပ်ရင်တော့ လာခွင့်ပေးမယ်"

"ကောင်းပြီလေ နောင့်စိတ်ထဲကစကားတွေကို မမ သိ



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင်ပြီးတာပဲ၊ မမပေးချင်တဲ့အချိန်ပေးပေါ့. . နောင်စိတ်ရှည်ပါတယ်”

နောင်ကဖွဲ့နှင့်သတ္တိကို ချီးကျူးရမလိုဖြစ်မိသည်၊ ဒဏ်ရာလည်းအပြုံးမပျက် ပြန့်ကျဲသွားသော စီးကရက်ဖင်စီခံ အတို့အထွာနှင့် ပြာများကိုပင် လှည်းကျင်းလိုက်သေးသည်။

“နောင် ဘာဖြစ်လို့လဲ”

“မမက ပြစ်ဒါဏ်ချလိုက်တာလေ ခွေးကလေးအရောဝင် ပါးရက်နားရက်လုပ်လို့တဲ့”

“ဒီကလေးဟာ ပေါက်ကရတွေတော်တော်ပြော၊ စားမယ်”

“မမနယ်ပေးမှ”

“ငါ့လက်သည်းရှည်တွေကျိုးသွားမယ်၊ မနယ်ပေးနိုင်ဘူး၊ ငါတောင် ဒေါ်ဒေါ်ဒေါင်းနယ်ပေးတာစားတာ မင်းမစားချင်နေကွာ”

ကျွန်မ နောင့်အပေါ် အလိုမလိုက်ခဲ့ပါ။ သို့သော် နောင်သည် စိတ်ရှည်သည်းခံတတ်သော သူငယ်ဖြစ်သည်။ အောင်တုန်းကလည်း. .

အောင့်ဆီရောက်သွားသော အတွေးစကို ချက်ခြင်းဖြတ်ရပ်သိမ်းလိုက်ပြီး ဒေါ်ဒေါ်ဒေါင်းလက်ရာ ငါးထမင်းသုပ်ကို မြိန်သုတ်ပေးခြင်းကို မြိန်ရည်ယှက်ရည် စားသုံးခဲ့ကြသည်။

“တို့ တူဝရီးဘုရားကျောင်းသွားမလို့ကွ မင်းပြန်တော့”

“နောင် လိုက်ပို့ပေးမယ်လေ”

“လွယ်ပါတယ် မမကား နောင်မောင်းပေးမယ်ပေါ့”

“ဟုတ်သားပဲ နောင်လေးပါတော့အဖော်ရတာပေါ့





မိန်းကလေးရယ် လိုက်ပါစေ”

ဒေါ်ဒေါ်ဒေါင်းကလည်း နောင့်အပေါ် သံယောဇဉ် ရှိနေပြီ။ နောင့်မိဘတွေ သဘောတူတယ်ဆိုရင်တော့လည်း အသက်အရွယ်ကွာခြားမှုကို ကြည့်မနေပါနဲ့တော့၊ နောက်နှစ်နှစ်သုံးနှစ်ဆိုရင်လက်ထပ်ယူလိုက်တော့၊ အိမ်ထောင်ပြုပြီး ကျောင်းဆက်တက်လည်းရတာပဲ၊ ကိုယ်က အရွယ်လွန်နေပြီဟာ. . ဟုဒေါ်ဒေါ်ဒေါင်းက တိုးတိုးတိတ်တိတ် တိုက်တွန်းဖူးသည်။

“နောင်လေးကသမီးကို တကယ်ချစ်တာ၊ သူ့မျက်လုံးလေးတွေက သမီးကို ကြည့်တဲ့အကြည့်ဟာ သိပ်ထူးခြားတယ်၊ တကယ်ကို မြတ်မြတ်နိုးနိုးရှိတယ်”

ကျွန်မသက်ပြင်းတစ်ချက်ချပြီး. . .

“သဘောပဲကိုယ်တော် ကျောင်းစာမကြည့်နဲ့ ကျွန်မနောက်ပဲ ရှင်တစ်ကောက်ကောက်လိုက်နေတော့”

“အဲဒါ နောင့်ဘဝအတွက်အားဆေးပဲ၊ မမမျက်နှာကိုတွေ့ပြီးရင်ရယ်. . ဒေါ်ဒေါ်လက်ရာကို စားသောက်ပြီးရင်ရယ်၊ နောင့်အတွက် အားအင်တွေပြည့်ဖြိုးပြီး ညစာကျက်လိုက်ရင်ခဏလေးနဲ့ရတယ် မယုံဘူးလား၊ မမနောင့်အောင်စာရင်းထွက်တဲ့အခါကြည့် ဂုဏ်ထူးတွေအပြည့်ပဲ. . ”

“အပြောနဲ့လက်တွေ့ ညီညွတ်မှုရှိမရှိ စောင့်ကြည့်ရသေးတာပေါ့”

“နောင်က လက်တွေ့သမားပါမမ. . ၊ အပြောသမားမဟုတ်ဘူးဆိုတာ မမ တစ်နေ့ကွဲကွဲပြားပြားကို နားလည်လာမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် နေစမ်းပါဦး၊ မင်းကိုမေးမယ်မေးမယ်နဲ့ မမေး ဖြစ်ဘူး၊ မင်းမိဘတွေက ဘယ်သူတွေလဲ၊ ဘယ်ဇာတိကလဲ"

ယခုမှ မေးရန်ကြံရွယ်ထားသည်မှာ ကြာပြီဖြစ်သော မေးခွန်းကို မေးဖြစ်လိုက်သည်။

"ဖေဖေကော မေမေကောက ဆရာဝန်ပဲ၊ ဖေဖေက နှလုံးအထူးကုသမားတော်ကြီး၊ မေမေကအိုဂျီ၊ ဖေဖေက မန္တလေး ဆေးရုံမှာ၊ မေမေ တောင်ကြီးမှာ၊ တစ်နေ့နေ့မှာတော့ ကိုယ်ပိုင် ဆေးရုံတစ်ခုကို မန္တလေးမှာပဲဖွင့်ဖို့ ရည်ရွယ်ထားတယ်၊ ဘွား ဘွားကတော့ ဟိုခေတ်အတွင်းဝန်"

"ကိုင်း. . တော်ပါပြီ၊ ဒီလောက်ဆိုရင်လုံလောက်ပါပြီ သွားကြရအောင်"

ကျွန်မအတွက် နောင့်ကိုလက်ထပ်ဖို့ဆိုတာ လုံးဝမဖြစ် နိုင်ဘူးဟု စိတ်ကိုဒုံးဒုံးချလိုက်ပြီးဖြစ်သည်။

ဤချာတိတ်ကိုသာ ဖျောင်းဖျယူပြီး. . . တိတ်တဆိတ် ထွက်ခွာသွားရန် ဆုံးဖြတ်ပြီး အပြောင်းအရွှေ့လျှောက်လွှာကို တင်လိုက်ခြင်းဖြစ်သည်။

ချာတိတ်ကို အယုံသွင်းထားမှ မရိပ်မိမှာဖြစ်သည်။

ဒေါ်ဒေါ်ဒေါင်းပင်လျှင် နောင့်ဘက်မှ ခတ်ပါပါဖြစ်နေ သဖြင့် အသိမပေးခဲ့။

နောင်နှင့်အတူ နေခွင့်လေးရှိတုန်း ခဏတော့ နောင့် ကို စိတ်ချမ်းသာစေချင်သည်။ နောင်စိတ်ချမ်းသာလျှင် ကျွန်မ လည်း စိတ်ချမ်းသာရမည်ဖြစ်လေသည်။

အချစ်ဟူသော အရာသည် ပုံသဏ္ဌာန်အငွေ့အသက်





မရှိသော်လည်း လူကို ဖမ်းစားနိုင်ဆုံးသော စွမ်းအားရှိသည့် အရာတစ်ခုပါလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၂၆ ]

"ဟော့ မင်းနှင်းဆီတွေကလည်း ရဲနေတာပဲကွာ"

"မမက မကြိုက်ဘူးလား"

"မမက အဖြူရောင်ပဲကြိုက်တာကွ၊ စနိုးကွင်းလို့ခေါ်တဲ့ နှင်းဆီဖြူကို အရမ်းကြိုက်တယ်"

"အဲ့ဒီနှင်းဆီက ရှားတယ် မမရဲ့၊ သူက အအေးဓာတ်ကြိုက်တယ်၊ ကိစ္စမရှိဘူး နှင်းဆီခြံမှာ သွားမှာပေးမယ်. . ခုသွား





ယ်"

"နေစမ်းပါကိုယ်တော်ရယ် ရပါတယ်၊ ဒါတွေပဲတင်ထိုက်မှာပေါ့"

"နောင် ဘုရားပန်းအိုးသယ်ခဲ့ပေးမယ်"

ရုံးပိတ်ရက်ဆိုလျှင် နောင်နှင့်တွေ့ရသည်။ ကြားရက်ားကတော့ နံနက်စောစောဖြစ်စေ၊ ညနေဖြစ်စေ၊ ရက်ခြား ်သလို ရောက်လာတတ်သော်လည်း ကြာကြာမနေတတ်။

"နောင်စာမေးပွဲရှိတယ်၊ စာမေးပွဲပြီးရင် နောင်နှစ်ဆယ် ည့်မွေးနေ့လုပ်မယ် ဖေဖေနဲ့မေမေလည်း ခွင့်ယူပြီး ဆင်းလာ ့ ကိုလတ်လည်း အမေရိကားကပြန်ရောက်ပြီဆိုတော့ မိသား ်တယ်လေ"

"ကောင်းတာပေါ့"

"အဲ့ဒီမွေးနေ့မှာ မမက နောင့်ရဲ့ အထူးဧည့်သည်ပဲ၊ ည့်သည်တွေရှင်းသွားတာနဲ့ ဖေဖေနဲ့မေမေနဲ့ မမကို မိတ်ဆက် းမယ်"

"ဘုရားရေ လိုလို့လား"

"နောင် နှစ်သက်တဲ့ မမကို အသိအမှတ်ပြုပေးဖို့ နောင် ာင်းဆိုမှာ"

"နေစမ်းပါဦး မင်းကို ငါကချစ်ပါတယ်၊ လက်ထပ်ပါ ယ်လို့ ပြောထားလို့လား"

"ဒါတွေနောင်မသိချင်တော့ဘူး၊ နောင်သိချင်တာ အဲ့ဒီ းနေ့မှာ မွေးနေ့လက်ဆောင်ပေးခြင်း သီးခံပါဆိုပြီး ဖိတ်စာ ဖော်ပြပြီး ဖိတ်တယ်၊ ဒါပေမယ့်. . မမဆီကတော့ နောင်

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်လိုချင်တယ်"

ကျွန်မ စိတ်လှုပ်ရှားမှုကြောင့်• • အရွက်သင်နေသော လက်သည် နှင်းဆီဆူးကို ထိသွားလေသည်။

"အို"

"မှန်း"

နောင်က ကျွန်မ၏ သွေးစို့နေသော လက်ညှိုးထိပ် ကလေးကို သူ့နှုတ်ခမ်းနှင့်စုပ်ယူကာ အာငွေ့ပေးလိုက်သည်။ တဒင်္ဂတော့ ငြိမ်သက်မိသည်။ နောက်မှ• • •

"လွှတ်စမ်းပါဟာ မဖြစ်စလောက်လေးကို အပိုလုပ်မ နေနဲ့ ကျေးဇူးမတင်ဘူး"

"ကျေးဇူးအတင်ခံချင်လို့ လုပ်ပေးတာမှ မဟုတ်ပဲ၊ ချစ် လို့ လုပ်ပေးတာဗျ သိလား"

ငယ်ပေမယ့် အဆိပ်ပြင်းသော ဤမြွေပွေးကောင်လေး ကို ကျွန်မသတိထားနေသည့်ကြားက ကျွန်မလည်း ရှုံးမိုက်စွာ ဖြင့် ဤချာတိတ်ကို ချစ်သွားမိခဲ့သည်။

"လာပြန်ပြီ ဒီစကား"

"ပြောရမှာပဲမမ၊ နောင်ကတော့ မမဆီက မွေးနေ့လက် ဆောင်လိုချင်တယ်"

"ပြောလေ ပေးမှာပေါ့"

"အရာဝတ္တုပစ္စည်းမဟုတ်ဘူး"

"ဟင်"

"နောင့်ကို ချစ်ပါတယ်ဆိုတဲ့အဖြေပဲ"

"မင်း ဒီလိုလူလည်ကျလို့ ဘယ်ရမလဲ၊ ချစ်ပါတယ် ဆို





ာ မထည့်နဲ့၊ အဖြေတော့ပေးမယ် အချစ်အမုန်းတစ်ခုခုပေါ့"

ကျွန်မက အေးအေးဆေးဆေးပြောတော့ နောင့်မျက်စိ ျက်နှာပျက်သွားသည်။

"နောင်ဟာ မမထက်အသက်အများကြီးငယ်ပေမယ့် ောင့်အချစ်က မသေးငယ်ပါဘူး မမရယ်၊ မမကို နောင်တကယ် ချစ်တာ"

"တော်စမ်းပါ ကလေးရယ် မင်းကို မမကအဖြူသက် သက် နှင်းဆီလေးတစ်ပွင့်လို လှပဝင့်ထည်နေတာကိုပဲမြင်ချင် တာပါ၊ တို့လိုအသက်ကြီးကြီး မိန်းမတစ်ယောက်ကို ချစ်မိခြင်း အတွက် တချိန်ချိန်မှာ နောင်တကြီးစွာ ရလိမ့်မှာကိုတော့ တို့ မြင်ယောင်တယ်၊ မမိုက်ချင်စမ်းပါနဲ့"

"နောင် မမနဲ့စကားနိုင်မလုရဲပါဘူး၊ ဒါပေမယ့် နောင့် အချစ်ကိုတော့ ယုံကြည်ပါ"

"နောင်ရယ် အခုမင်းမြင်နေရတဲ့ မမရဲ့ ရုပ်ခန္ဓာအလှ ာ နောက်ဆယ်နှစ်လောက်ဆို တဖြည်းဖြည်းကျဆင်းသွားပြီ င်းအဲ့ဒီအခါမှာ နောင်တရတဲ့ မျက်လုံးနဲ့ ငါ့ကိုကြည့်တာမျိုး"

နောင်စိတ်ပျက်အောင် ကျွန်မပြောသည့်တိုင်အောင်

"ကိစ္စမရှိဘူး မမ၊ နောင်က အလှမက်တာမဟုတ်ဘူး အချစ်ကိုပဲမက်တာ၊ နောင့်အချစ်ကို နောင်တန်ဖိုးထားတာ၊ မမ ဲ့ နောင့်နှလုံးသားထဲကနေ နင့်နင့်သီးသီးကို ချစ်မိနေတာပါ၊ ောင်ကိုယ်နောင် မယုံကြည်နိုင်လောက်သော ချစ်ခြင်းမျိုး၊ နား လည်နိုင်သော ချစ်ခြင်းမျိုးနဲ့ကို ချစ်နေတာ၊ နောင်နားလည် ေတာက နောင့်ကိုမမဘယ်လိုပဲ နာကျည်းမုန်းတီးအောင် ရက်



www.burmeseclassic.com

www.burmeseclassic.com



စက်ပြပါစေ၊ နောင်ချစ်သွားနိုင်တယ်ဆိုတဲ့ ချစ်ခြင်းမျိုးနဲ့ကို ချစ်သွားနိုင်တယ်လို့ နောင်ယုံကြည်တယ်"

ကျွန်မရင်ထဲ နောင့်စကားလေးတွေ တစိမ့်စိမ့်စီးဝင်ခဲ့သည်။ ကျွန်မအပေါ် အောင်သည် နောင့်ခံယူချက်မျိုးနဲ့ မချစ်နိုင်ခဲ့ပါ။ နားလည်မှုရှိတော့ အောင်ချစ်ခြင်းကို ဆုံးရှုံးလိုက်ရခြင်းအတွက် ကျွန်မခံစားမှုတို့ကင်းရခြင်းအတွက် ကျွန်မခံစားမှုတို့ကင်းပျောက်သွားခဲ့သည်မှာ ကြာလေပြီ။

တိုက်ဆိုင်မှုရှိသည့်အခါမှာတော့ သတိရသည်၊ ချစ်ဦးသူပေကိုး။

"မမ စဉ်းစားပေးပါမယ်"

စကားလှလှသုံးပြီး လက်ရှိအခက်အခဲကို ဖြေရှင်းလိုက်ရသည်။ နှစ်ဦးသားဘုရားပန်းအိုးများ လဲလှယ်ပြီး ဘုရားပန်းကပ်တော့ နောင်ကပါ ယှဉ်လျက်ရှိခိုးပြီး လိုက်ကပ်လေသည်။

ကျွန်မကို တောက်တဲ့ကပ်ကပ်နေသော နောင့်အပေါ် စိမ်းကား၍ မရနိုင်အောင်ဖြစ်မိခဲ့သည်။

"မမ ဘိန်းဖြူသုံးစွဲတဲ့ မောင်ဖိုးသားနဲ့ပါ လေးဦးအ မမဆီမှာလား"

ကျွန်မ အလုပ်ကိစ္စတစ်ခါမှ မမေးမြန်းဘူးသော နော ထံမှ အမှုကိစ္စတစ်ခု ထူးထူးခြားခြားပြောလာသဖြင့်

"ဘာလုပ်မလို့လဲ"

"သိချင်လို့ပါ"

"ငါ့ကို ရှင်းရှင်းပြောစမ်းပါနောင် ဝေ့လယ်လယ် လု မနေနဲ့"





"ဖြစ်ဒဏ်ဘယ်အထိချနိုင်သလဲ"

"ထောင်ဒဏ် (၆)လကနေ ငါးနှစ်အထိပေ့ါ။ လက်ဝယ်တွေ့တယ်၊ သုံးစွဲတယ်၊ ဖြန့်ဖြူးတယ်လေ အပြစ်မသေးဘူး"

"ဘိန်းဖြူအစ ဆေးလိပ်ကတဲ့၊ မမဘာဖြစ်လို့ စီးကရက်တွေသောက်နေရတာလဲ"

ကျွန်မ တုန်လှုပ်သွားသည်။ နောင်အား အထိတ်အလန့်ကြည့်လိုက်သည်။ ကျွန်မအပေါ် ထားသော နောင့်မေတ္တာသည် ပေ့ါသေးသေးမဟုတ်။

"ငါ့ဖာသာ ဘာအတွက်သောက်သောက်ပေ့ါကွာ"

"ရောဂါရမယ် မမ"

"စကားမလွှဲနဲ့၊ ဖိုးသားကိစ္စမင်းနဲ့ ဘယ်လိုဆက်နွယ်သလဲ ငါသိချင်တယ်ပြော"

ကျွန်မ.လေသံမာလာလျှင်ပဲ နောင်က မနေတတ်သည့်အလား။

"ဖိုးသားက နောင့်တူပါ"

"ဟင် မင်းနဲ့ရွယ်တူက"

"ဖိုးသားက နောင့်ထက်တစ်နှစ်ငယ်တယ်၊ သူ ဆယ်တန်းမအောင်သေးဘူး၊ ကိုကြီးက သုံးဆယ့်ကိုးနှစ်လေ အိမ်ထောင်ကျစောတာကိုး"

"တူအရင်းပေ့ါ. . ဒါတော့ ဘယ်တတ်နိုင်မလဲ၊ ဥပဒေအတိုင်း ဆောင်ရွက်ရမှာပဲ"

"ကိုကြီးတို့က မိုးကုတ်မှာ ဒီကိစ္စမသိသေးဘူး ဆင်းလာကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . ခု ဆေးစွဲတာ အရင်ဖြတ်ထားခိုင်းတယ် ဆေးရုံမှာတင်ထားတယ် စီရင်ချက်က နောက်တော့မှ ချရ ဒီအတိုင်းသာဆို မင်းတောင် ငါ့ဆီမလာရင်ကောင်းလိမ့်မယ် နောင်"

"ဘာဖြစ်လို့လဲ"

"တရားခံရဲ့ဆွေမျိုးက တို့အိမ်ကို တရင်းတနှီးဝင်ထွ နေတဲ့သူအဖြစ် တို့ကိုပတ်ဝန်းကျင်အမြင်တိမ်းစောင်းသွားမှ တို့စိုးရိမ်တယ်"

"နောင် မမကို ဘာမှမတောင်းဆိုဘူး မေးကြည့်တာ ဒီကြားထဲနောင်လဲ စာမေးပွဲနဲ့ဆိုတော့ မမဆီမလာသေးဘူး သ သတိရရင်တော့လည်း ခဏတဖြုတ်လာမယ်. . ၊ ဖေဖေကော မေမေကော ပွင့်စင်ယူကြတော့မှာ. . ဒါပေမယ့် ဆေးခန်းဆေ ဆက်ဖွင့်ထိုင်ရဦးမယ်၊ ဒီကြားထဲမှာလဲ သူတို့ရောက်လာရ လည်း ဒီအမှုအတွက် ကြိုးပမ်းကြလိမ့်မယ်ထင်တယ်"

"မမအကြောင်း နောင်ပြောပြလိုက်ပါ၊ မမအမှုသည် တွေ အိမ်အဝင်မခံဘူး၊ ရှေ့နေတွေကိုသာ အကောင်းဆုံးငှား စကားတစ်ခုကြားဖူးတယ်မှတ်လား၊ အလျှောက်ကောင်းတေ အထောင်းသက်သာတဲ့၊ သူတို့ရဲ့. . လျှောက်လွှဲချက်ကောင ကောင်းနဲ့ တရားဝင်တင်ပြမှုခိုင်လုံရင် တရားမျှတမှုဖြစ်စေရ ပါ၊ မမရဲ့စီရင်ချက်ဟာ သမာဓိချိန်ခွင်လျှာပေါ်မှာပဲ တည် တယ်၊ နောင်နားလည်တယ်နော် ယောင်လို့များတောင် မမဆီ ဖိုးသားနဲ့ပတ်သက်တဲ့လူတွေ ခေါ်မလာပါနဲ့၊ မမ နောင့်မျက် ကိုလည်း ကြည့်မှာမဟုတ်ဘူး"



ကျွန်မကို စူးစူးရဲရဲ စိုက်ကြည့်ပြီး ပြုံးလိုက်သော နောင့် အပြုံးက မြတ်နိုးတန်ဖိုးထားခြင်းတွေအပြည့်နှင့်ပါလား။

"လေးစားတယ် မမရာ. . နောင်မမကို ချစ်မြတ်နိုးတဲ့ အထဲမှာ ဒါတွေပါတယ်၊ အပြစ်ကျူးလွန်ရင် ထိုက်တန်တဲ့ပြစ် ဒဏ်ခံရမှာပဲ၊ ဖိုးသားလည်း သူထိုက်တန်တဲ့ အပြစ်ကျခံပါစေ၊ ဒါမှ နောင်ကျဉ်သွားမှာလို့ နောင်လည်း ခံယူပါတယ်၊ စကား အဖြစ် မေးမိတာပါ၊ နောင့်မှာ ဘာရည်ရွယ်ချက်မှ မရှိပါဘူး"

နောင် အတည်ပေါက်ပြောနေခြင်းဟု ကျွန်မယုံကြည် စိတ်ချလိုက်သည်။

"နောင် မမကို နားလည်တယ်ဆိုတဲ့အတွက် မမ ဝမ်း သာပါတယ်၊ ဒီအလုပ်ဟာ မမရဲ့ဘဝ၊ မမရဲ့ ဂုဏ်သိက္ခာတစ်ခု ပါကလေးရယ်၊ မင်း မမကို နားလည်ပေးတဲ့အတွက် ကျေးဇူး တင်ပါတယ်"

ချစ်သူသက်တမ်း သုံးနှစ်ကျော်လောက်ရှိခဲ့ ခင်မင်မှု သက်တမ်းနှစ်နှစ်လောက်နှင့် ခြောက်နှစ်နီးပါးလက်တွဲခဲ့သော "အောင်"တောင်မှ ကျွန်မအပေါ် နားမလည်နိုင်ခဲ့တာ၊ နောင် လို လေးငါးခြောက်လလောက်သာ ရင်းနှီးခဲ့သော ချာတိတ်ထံမှ ကျွန်မအပေါ် နားလည်ပါသည်ဆိုသော စကားကို ကျွန်မလုံးဝ ယုံကြည်လက်ခံဖို့ရန် မဝံ့ရဲပါချေ။

သို့သော်. . .

"နောင် သိချင်တာ နောင့်မွေးနေ့မှာ ပေးမယ့်အဖြေပဲ"

"ဟင့်အင်း. . အဲ့ဒါကို မင်းခေါင်းထဲမထားရဘူး၊ မင်း ခေါင်းထဲထည့်ရမှာ စာမေးပွဲဖြေဖို့ပဲ"





www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ. . နောင့်ခေါင်းထဲက အကန့်လိုက် အကန့်
လိုက်နဲ့ ဘူဂက်တ္တာအလိုက် သူထည့်ထားတယ်၊ ကျောင်းစာ
တကန့်၊ မမကိုချစ်တာကတစ်ကန့်ပဲ၊ ကိုင်း. . ကျွန်တော်ပြန်မ
နှင်းဆီဖြူလေးတွေရရင်တော့ လာပို့ခွင့်ပြုပါနော်"

"ထမင်းစား မကောင်းရင်လည်း လာစားနော် လူလေ
စာကျက်တာ အဟာရရှိဖို့တော့လိုတယ်"

ငြိမ်သက်နေသော ဒေါ်ဒေါ်ဒေါင်းက ခုမှဝင်ပြော
သည်။ ဒေါ်ဒေါ်ဒေါင်းကတော့ ကျွန်မနှင့် နောင်အနီးတွင်ရှိ
တတ်သော်လည်း စကားဝင်မပြောတတ်၊ လူငယ်ဆိုတာက
ဇွတ်ထိုးဆန် လက်မြန်ခြေမြန်ရှိတက်ခြင်းဖြစ်ကြောင်း ကျွန်
သဘောပေါက်လေသည်။ နောင်က အရွယ်ငယ်သော်လည်း
ကြွေ့ရှိသိက္ခာရှိ၍ တည်တန့်သော ယောကျာ်းလေးတစ်ဦးဖြ

"စာမေးပွဲဖြေတဲ့အချိန်တိုင်း ခဏတစ်ဖြုတ်တော့ လာ
မယ်နော်၊ ဒေါ်ဒေါ်ဒေါင်းဆီက ခန္ဓာကိုယ်အာဟာရအတွက်
တစ်ခုခုစားမယ်၊ မမဆီကတော့ စိတ်အာဟာရအတွက်
အပြုံးလေးကို မြင်ခွင့်ရရင်တော်ပါပြီ"

"တော်စမ်းပါ လျှာရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့
ကြွမှာသာကြွ ကိုယ်တော်"

ကျွန်မ၏ လှမ်းမာန်ခဲမှုကိုလည်း မမှုပဲ. . .

"မှန်ရာပြောတာကို လက်မခံချင်လည်း မမသဘော
ဗျာ၊ မမက စင်ပေါ်ကလူကြီး"

ပြောပြောဆို တံခါးဖွင့်ကာ ထွက်သွားသော နောင့်
လှည့်ကြည့်ရင်း ပင့်သက်ရှိုက်လိုက်မိသည်။ ဒေါ်ဒေါ်ဒေါင်း



တံခါးပိတ်လိုက်ပြီးနောက် နောင့်အပြန်ကို ဝရံတာမှ စောင့်ကြည့်
လိုက်သည်။ နောင့်ကားလေးမြင်ကွင်းမှ ပျောက်ကွယ်သွားမှ
ပြန်ဝင်လာပြီး။

"ငယ်ပေမယ့် တော်ပါတယ်၊ အားကိုးမယ်ဆို အားကိုး
လောက်တဲ့ အရည်အချင်းရှိပါတယ်"

ကျွန်မ ဒေါ်ဒေါ်ဒေါင်းကို ပြန်မပြောမိပါချေ။ တိတ်
ဆိတ်သွားသော တိုက်ခန်းတွင်းဝယ် နောင့်အရိပ်ကလေးတွေ
စီးမိုးကျန်ရစ်ခဲ့လေသည်။ နောင့်ကို ကျွန်မ အားမကိုးချင်ပါ။


ကျွန်မ၏ နှလုံးသားအလိုကို လိုက်လျောသင့် မသင့်
ကိုသာ ကျွန်မ တွေးတောလေသည်။ ကျွန်မ နောင့်ကို လက်ထပ်
ခဲ့မည်ဆိုပါက နောင်ဘက်က သဘောတူနိုင်မည်မဟုတ်. . .။

နောင့်အချစ်ကို လက်ခံလိုက်ပါက ကျွန်မလောက် မိုက်
မဲသောမိန်းမ ကမ္ဘာ၌ရှိမည်မထင်ပါ။ ကျွန်မဘာလုပ်သင့်သလဲ
ဒီရက်ပိုင်း၌ နောင်သည် ကျွန်မအတွက် နှင်းဆီဖြူသုံးပွင့်ကို
လာပို့ပေးသည်မှအပ မရောက်လာခဲ့ပါ။

ကျွန်မလည်း လွမ်းဆွတ်သတိရနေသည့်တိုင်အောင်
နောင့်ထံသို့ ဖုန်းဆက်ဖို့ပင် မကြိုးစားခဲ့။ ဖြစ်နိုင်လျှင် နောင်နှင့်
အဝေးဆုံးတစ်နေရာသို့ ပြေးထွက်သွားချင်ပါဘိ။ သို့သော်. . .

www.burmeseclassic.com

www.burmeseclassic.com








# အခန်း [ ၂၈ ]

နှောင်နှင့်ပတ်သက်၍ ယောက်ယက်ခတ်သောအတွေးတို့ကို နှင်ထုတ်ရင်း ဆေးအရှိန်ဖြင့် အိပ်ပျော်သွားခဲ့ပြီးသည့်နောက် ညနေပိုင်းမှ ကျွန်မနိုးခဲ့လေသည်။

"မိန်းကလေးပြဿနာတစ်ခုကို ရှောင်ပုန်းနေရုံနဲ့ ပြီးဆုံးသွားမှာ မဟုတ်ဘူး၊ မောင်အောင်လတ်လည်း ဖုန်းဆက်မေးလှပြီ၊ ဒေါ်ဒေါ်လည်း မှသားသုံးနေရတာ အလီလီအခါခါ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေပါပြီ၊ တစ်ခုကို ဆုံးဖြတ်ချက်ချလိုက်ပါ. . .”

“နောင့်အခြေအနေကကော”

“စိုးရိမ်ရမယ့် အခြေအနေကတော့ လွန်မြောက်သွားရှာပြီ၊ ဒါပေမယ့် အတွင်းဒဏ်ရာရသွားတယ်ပြောတယ်၊ နိုင်ငံခြားကို သွားကုဖို့ စီစဉ်နေပြီ”

“အတွင်းဒဏ်ရာ”

“ဟုတ်တယ် ကျောက်ကပ်ထိသွားလို့ အစားထိုးကုရမယ်၊ သူ့အစ်ကိုကပေးမယ်ထင်တယ်”

ကျွန်မရင်ထဲ တုန်လှုပ်ခြောက်ခြားမှုတို့ကြောင့် အိပ်မက်ဆိုးမက်နေသည်ဟု ထင်ဟပ်နေဆဲ၊ (ထိုခေတ်ကာလက မြန်မာပြည်၌ ကျောက်ကပ်အစားထိုးကုသမှု မပေါ်ပေါက်သေးပါ)။

“မောင်အောင်လတ်က မိန်းကလေးနဲ့တွေ့မှ ဖြစ်မယ်လို့ ပြောနေတယ်၊ တဖွဖွပြောတာ ဒေါ်ဒေါ်စိတ်မကောင်းဘူး ခေါင်းအေးအေးထား စိတ်အေးအေးထားပြီး မျက်နှာချင်းဆိုင်ရှင်းပြလိုက်ကြပါလား သမီးရယ်”

“ဟုတ်ကဲ့ ဒေါ်ဒေါ်. . ကျွန်မတွေ့လိုက်ပါ့မယ်၊ ရေချိုးလိုက်ဦးမယ်. . ပြီးရင် ကျွန်မကို ကော်ဖီတစ်ခွက်နဲ့ ပေါင်မုန့်ကြက်ဥကြော်ပေးပါ ဒေါ်ဒေါ်”

“အောင်”ဟူသော ချစ်ဦးသူနှင့် မျက်နှာချင်းဆိုင်ဆုံရှင်းကြရမည်။

“နောင့်”ကို ကျွန်မဘယ်လိုဖြေသာမှုမျိုးပေးရမလဲ၊ ရေချိုးဘုရားရှိခိုးပြီး နောင့်အတွက် ဆုတောင်းပေးလိုက်သည်။ ပြီးမှ ကော်ဖီနှင့်မုန့်ကိုစားသောက်ရင်း အောင်ပေးထားသော ဖုန်း





နံပါတ်အတိုင်း ဆက်သွယ်လိုက်သည်။

“ဟဲလို”

“ဒေါက်တာ အောင်လတ်နဲ့ တွေ့ချင်တယ်”

“ကိုလတ် ဆေးရုံသွားပါတယ်”

“သူ့ကို အမြန်ဆုံးဆက်သွယ်ပြောပေးပါ၊ ရှင်လွန်း အိမ်ပြန်ရောက်ပါပြီ အမြန်လာရောက်ဆက်သွယ်ပါလို့”

တစ်ဖက်၏ တုန့်ပြန်မှုကို မစောင့်တော့ပဲ စကားပြောခွက်ကို ချပြစ်လိုက်သည်။ အောင်လတ် ဘယ်အတိုင်းအတာထိ ကျွန်မဘဝကို အရိပ်မည်းတစ်ခုလို လိုက်ပါနေဦးမှာလည်း။

သိပ်မကြာလိုက် လျှပ်စစ်ခေါင်းလောင်းမြည်သံနှင့်အတူ ဒေါ်ဒေါ်ခေါင်းတံခါးသွားဖွင့်ပေးလိုက်သည်။ အောင်လတ်၊ အချစ်ကြီးကာ နာကျည်းမုန်းတီးခဲ့သော အချစ်ဦးသူ လူစိမ်းကား ရောက်လာလေပြီ။

“လွန်း”

“ထိုင်ပါ နောင့်အခြေအနေ ကျွန်မကို အရင်ဆုံးပြောပြပါ ဒေါက်တာ”

ကျွန်မနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်၊ ကျန်းမာရေး ဂရုစိုက်လိုက်စားမှု ရှိသည်ထင်ပါသည်။ ပြောင်းလဲမှုက အသက်အရွယ်အရ ရင့်ကျက်တည်ငြိမ်ခြင်းသို့ ကူးပြောင်းရုံမှအပ မထူးခြားချေ။

“နောင်ကို အမေရိကား ခေါ်သွားမယ်၊ ကျောက်ကပ်သိပ်အလုပ်မလုပ်နိုင်တော့ဘူး ကိုယ့်ဆီက အစားထိုးပေးရမှာပါ”

“လွန်းကို ကိုယ်ရှင်းပြစရာစကားရှိနေသေးတယ်၊ ဦး



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဆိုင်မှာ နောက်ဆုံးတွေ့ခဲ့တဲ့အခြေအနေမှာ မိဘတွေက သက်ထားနဲ့ သဘောတူတာမှန်တယ်၊ ဒါပေမယ့် သက်ထားနဲ့ ကိုယ်နဲ့ ဆွေးနွေးပြီးသား၊ သက်ထားမှာ ချစ်သူရှိသလို ကိုယ့်မှာလည်း ချစ်သူရှိတယ်၊ ကိုယ်တို့နှစ်ယောက်စလုံးငြင်းဆန်ဖို့ အရေးဆိုကြဖို့ တိုင်ပင်ပြီးသားပါ၊ လွန်းရောက်လာတယ် တွေ့ချင်တယ်လို့ပြောလို့ သက်ထားကလည်း ရှင်းပြမယ်ဆိုပြီး လိုက်လာခဲ့တာပါ၊ ဒီအကြောင်းတွေကို ရှင်းပြတဲ့စာထည့်လိုက်သေးတယ်၊ လွန်းဆီရောက်မလာဘူး ထင်တယ်"

ကျွန်မနားကို ကျွန်မမယုံချင်၊ အိပ်ယာမှ ယခုမှ နိုးထလာသူပမာ ယောင်နနလေးဖြစ်ကာ. . .

"ကိုယ့်အခြေအနေအရပ်ရပ်ကို ဆင်ခြင်သုံးသပ်ပြီးပါပြီ၊ တစ်လောက သီဟအမေရိကားကို လာလည်တော့ ကိုယ်နဲ့တွေ့တယ်၊ ဒီမှာပဲ ကိုယ်ဇာတ်နားလည်ခဲ့တယ် လွန်းကိုယ့်ကို နာကျည်းမယ်ဆိုလည်း နာကျည်းလောက်ပါတယ်၊ လွန်းစာတွေ ပထမစောင်ကလွဲပြီး ကိုယ်မရခဲ့ဘူး၊ ကိုကြီးရဲ့မိန်းမ ကိုယ့်မရီးက ဖျောက်ဖျက်ပစ်လိုက်တယ်ဆိုတာ ဝန်ခံပြီးပါပြီ. . ."

"ဩော်"

"နောက် ဦးချစ်ဆိုင်က ကိစ္စဖြစ်ပျက်ခဲ့ပြီး ကိုယ်လိုက်လာ့ပြီး ရှင်းပြတာကို လွန်းမေမေက ကိုယ့်ကိုငြင်းလွှတ်လိုက်ပါတယ်၊ ကိုယ့်မိဘတွေက လွန်းမေမေဆီရောက်လာခဲ့ပြီး လုံးဝသဘောမတူနိုင်ကြောင်း ပြောဆိုပြီးခဲ့ပြီတဲ့၊ အဓိကက လွန်းမိဘမျိုးရိုးကို ထိခိုက်ပြောဆိုလိုက်တယ်ထင်တယ် ဒေါ်ဒေါ်ဟာတော်တော်နာနာကျည်းကျည်းနဲ့ အောင့်ကိုပြောပါတယ်"





ကျွန်မရင်ထဲတွင် တုန်လှုပ်ခြောက်ခြားခြင်းတို့နှင့်အတူ ခံရခက်သော ဝေဒနာတစ်ရပ် ဖြစ်ပေါ်လာခဲ့လေသည်။ အမေ အမေသည် သေသည်အထိ ကျွန်မအပေါ် စိတ်မချသွားသည်မှာ ဒါကြောင့်ပါလား ဟုသိလိုက်ရပြီး မျက်ရည်များက အတားအဆီးမဲ့ ကျဆင်းခဲ့သည်။

"ငါ့သမီးနဲ့ မင်းအဆက်အသွယ်လုပ်တဲ့နေ့ဟာ ငါသေတဲ့နေ့ပဲ၊ ငါ့ကြောင့် အမည်းစက်ထင်ခဲ့ရတဲ့ ငါ့သမီးရဲ့ဘဝကို ငါအသက်နဲ့စတေးပြီး ကယ်တင်ပြလိုက်မယ်၊ မင်းစာနာထောက်ထားမှုမရှိရင် စမ်းသပ်ကြည့်လိုက်လေ မောင်အောင်လတ်တဲ့လေ၊ အောင်ကောင်းကောင်း မှတ်မိခဲ့ပါတယ်၊ အောင်နောက်ဆုတ်ခဲ့ပါတယ်၊ အောင့်မိဘဘက်ကလည်း လွန်းနဲ့ယူရင် သေခန်းပြတ်တဲ့၊ လွန်းကို အောင်တစ်ကိုယ်ကောင်းဆန်စွာ ရယူခဲ့ချင်ပြန်တော့လည်း လွန်းအမေက လက်မခံ၊ အောင်နောက်ဆုတ်ပြီး လှည့်ပြန်ခဲ့တယ်၊ လွန်းမေမေကို ပေးခဲ့တဲ့ကတိအတိုင်း အောင်တည်ခဲ့ပါတယ်၊ နောက်အောင့်ဘဝကို ပါရဂူဘွဲ့တွေယူပြီး နှစ်မြှုပ်ခဲ့တာ မြန်မာပြည်ကို လုံးဝအခြေမချခဲ့တော့ဘူး တစ်လောကမှ ပြန်ရောက်တာ"

"ဒါဖြင့် ရှင်က"

"ခုထက်ထိ အိမ်ထောင်မပြုသေးတာ အောင့်ဘဝမှာ လွန်းတစ်ယောက်တည်းကိုပဲ စွဲမြဲစွာချစ်ခဲ့တာကိုး"

အောင်လတ်က နေရာမှထလိုက်သည်။ နောက် နံရံ၌ ချိတ်ဆွဲထားသော အမေ့ဓါတ်ပုံကိုကြည့်ပြီး. . .

"ဒေါ်ဒေါ်ကော. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆုံးသွားပါပြီ ကျွန်မကို ဘာမှပြောမပြသွားခဲ့ဘူး"

"ဪ. . ဒေါ်ဒေါ်ဘဝကတော့ အေးချမ်းသွားပြီပေါ့"

"အမေ့ကို အပြစ်မတင်ပါနဲ့ ရှင့်မိဘတွေက အမေ့ကို ဘယ်လောက်အထိများ ရက်ရက်စက်စက် ပြောဆိုသွားမယ် ဆိုတာ ရှင်တွေးကြည့်ရင်"

အောက်က လက်ကာတားရင်း. . .

"တော်ပါတော့ လွှန်းရယ် ဝဋ်ဆိုတဲ့စကားကို မေမေတို့ နားလည်သဘောပေါက်သွားပါပြီ"

"ဟင်"

"ဖိုးသားဟာ လွှန်းစာတွေကဒ်တွေကို ဖျောက်ဖျက်ပစ်တဲ့ ကိုယ့်မရီးနဲ့ ကိုယ့်အစ်ကိုကြီးဆုံးသွားလေ၊ မေမေက အရက်သမား ဘိန်းသမားနဲ့ ကျွန်မသားမပေးစားနိုင်တာ ကျွန်မအလွှန်လား စသည်ဖြင့် လွှန်းအမေအပေါ် နင့်နင့်သီးသီးပြောခဲ့တဲ့ဝဋ်လေ၊ ဖိုးသား သောက်စားမူးယစ်ပြီး ဘိန်းဖြူစွဲရပြီ၊ ဒီအမှုကို စီရင်ချက်ချရမှာ လွှန်းဆို. ."

"ဘုရား. . ဘုရား. ."

ကြမ္မာရတတ်လည်ပတ်မှုကို ကျွန်မအံ့အားသင့်လွှန်းသဖြင့် ရင်ဘတ်ကို လက်နှင့်ဖိကာ ဘုရားတလိုက်မိသည်အထိ ဖြစ်သွားရသည်။ ဒီအမှုကို ကျွန်မ ဥပဒေအတိုင်းစီရင်သည့်တိုင် အောင် ကျွန်မအပေါ် တရားခံဘက်က အမြင်ရှင်းတော့မည် မဟုတ်ပါ။

ဂလဲ့စားကို လှလှပပချေလိုက်သည်ဟု စွပ်စွဲပေတော့ မည်။





"အောင်လောကကြီးက. . ကျွန်မအပေါ် မတရားဘူး အောင်ရယ်"

ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ ယူကျုံးမရခြင်းတို့က မာန်နှင့်တင်းခံခဲ့သော ကျွန်မစိတ်တို့ကို အရည်ပျော်ကျသွားစေသည်။ ကျွန်မ၏ ငိုရှိုက်မှုကို အောင်က ရင်ခွင်ထဲဆွဲသွင်းကာ နှစ်သိမ့်ပေးလေသည်။

"ငိုလိုက်စမ်းပါလွှန်း၊ နှစ်ပေါင်းများစွာ မွန်းကြပ်နေခဲ့တဲ့ လွှန်းနှလုံးသား လွှန်းစိတ်ကို လွှတ်လပ်ခွင့်ပေးလိုက်ပါတော့"

"အောင်. . နောင့်ကို အောင့်ညီမှန်း ကျွန်မမသိခဲ့ဘူး"

"အသက်ခြင်းက အရမ်းကွာတာကိုး မေမေက နောင့်ကို နွားအိုနောက်ကျသားမွေးခဲ့လို့ အချစ်ပိုရတယ်လို့ပြောပြီး ခရူမတတ် ခံစားနေရလို့ သူပါဆေးရုံတင်ထားရတယ်၊ အောင်တို့ မိသားစုလည်း အရှုံးမီးဝိုင်းဖြစ်နေရပြီ"

ကျွန်မရန်ကို ရန်ခြင်းတုန့်နှင်းဖို့ ရည်ရွယ်ချက်လုံးဝ မရှိပါ။

"နောင်ကော"

"သတိမရတစ်ချက် ရတစ်ချက်မှာ မမကိုပဲတနေတာ"

"ခုကိုလိုက်တွေ့ပါ အားပေးပါ၊ ဒါမှသူ့ဆေးကုသမှုကို လျှော့လျှော့ရှုရှုလက်ခံမှာ၊ ခုစိတ်ပိုင်းဆိုင်ရာအရ သူစိတ်လျှော့ ထားလိုက်လို့ အားမရဘူးဖြစ်နေတယ်"

ကျွန်မ ရင်ထဲနာကျင်လွှန်းသဖြင့် အောင့်ရင်ခွင်၌ မျက်စိမှိတ်ကာ နားလိုက်ရသည်။

"လွှန်း. . လွှန်းကြည့်ရတာ အားနည်းနေတယ်၊ နေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရဲ့လား"

"အောင့်မိဘတွေက ကြည်ဖြူပါ့မလား"

အောင်က သက်ပြင်းချကာ. . .

"ချစ်ခြင်းမေတ္တာဆိုတာ ဖန်တီးယူလို့မရသလို တားဆီး ယူလို့လည်း မရဘူးဆိုတာကို သူတို့သဘောပေါက်နေကြပါပြီ လွန်း နောင့်ကို ချစ်တယ်မှတ်ထားဟင်"

ကျွန်မအောင့်ရင်ခွင်မှ ရုန်းထွက်လိုက်ပြီး အောင့်ကို ကြည့်လိုက်သည်။ အောင်က ကျွန်မကို နှစ်သိမ့်ပြုံးပြုံးပြသည်။

"အောင့်ဘဝကို အချိန်ဆိုတဲ့ကာလက ကုစားလိုက်ပြီ အောင့်နှလုံးသားက သာမန်နှလုံးသားမဟုတ်တော့ဘူး။ သံမဏိ နှလုံးသားဖြစ်နေပါပြီ ကဲအဝတ်အစားလဲ နောင့်ကိုသွားတွေ့ရ အောင်"

"အောင်ဘာဖြစ်လို့ အိမ်ထောင်မပြုသေးတာလဲ"

ကျွန်မအသိချင်ဆုံး မေးခွန်းကို မေးလိုက်သည်။

အောင်က ကျွန်မကိုစိုက်ကြည့်သည်၊ အောင်က အေး အေးဆေးဆေး တည်ငြိမ်သောဟန်ပန်တို့ရှိနေဆဲ၊ ထိုပင်ကို စရိုက်ပေါ် ရင့်ကျက်မှုတွေ ပေါင်းစပ်လိုက်တော့ အောင်သည် ရင့်ကျက်တည်ငြိမ်သော ယောကျ်ားကောင်း လူကြီးလူကောင်း တစ်ဦး၏ စရိုက်ဟန်ပန်တို့ ပေါ်လွင်နေသည်။

လွန်းကို သတိရလို့ လွန်းကလွဲပြီး ဘယ်သူမှ မချစ်နိုင် လို့ ဟူသောစကားကို ဘယ်တော့မှ ထုတ်ဖော်ပြောလိမ့်မည် မဟုတ်ဟု ကျွန်မယုံကြည်လိုက်သည်။

ယခုမှ အောင့်စိတ်ထားအမှန်ကို ကျွန်မနားလည်လာ





သည်။

"ဒေါက်တာ သက်ထားတော"

"သူ့အမျိုးသားနဲ့ လက်ထပ်သွားပါပြီ၊ အောင်ပဲအကူ အညီ ပေးလိုက်ပါတယ်"

"ကျွန်မ မေးခွန်းကို အောင်မဖြေချင်လည်း မဖြေနဲ့ တော့၊ ကျွန်မအောင့်ကို နားလည်သွားပါပြီ၊ နောင့်ဆီသွားရ အောင်"

"အဝတ်လဲလိုက်ဦးလေ"

"ဟုတ်သားပဲ. . ဩော် အောင့်ကိုတောင် ဘာမှမကျွေး ရသေးဘူး၊ ဒေါ်ဒေါ်က ကော်ဖီလာချထားပါလား သောက်လိုက်ပါဦး အောင်၊ ဒေါ်ဒေါ် ကျွန်မရဲ့တစ်ချိန်က အောင်ပဲ၊ ကျွန်မရဲ့ ဒေါ် ဒေါ်ဒေါ်င်းတဲ့ စကားပြောကြဦးနော်"

ကျွန်မအောင်နှင့် ဒေါ်ဒေါ်ကို မိတ်ဆက်ပေးပြီး အိပ် ခန်းထဲဝင်ကာ အဝတ်အစားလဲလှယ်လိုက်သည်။ ကျွန်မသည် အောင့်မိသားစုနှင့် တွေ့ဆုံရတော့မည်။ ကျွန်မ၏ ဘဝတစ်ခုလုံး သည် အောင့်မိခင်၏ တယူသန်စွပ်စွဲချက်များကြောင့် အထီး ကျန်စွာဖြင့် အမုန်းတရားများကြောင့် အထီးကျန်စွာဖြင့် အမုန်း တရားများနှင့် ရှင်သန်နေခဲ့ရသည်။ သို့သော် ကျွန်မဘဝသည် သိမ်းယိုင်ပျက်စီးခြင်း မရှိခဲ့ပါ။

သားနှစ်ယောက်ရဲ့ဘဝကို အနိုင်ယူစိုးမိုးနိုင်သော မိန်းမ တစ်ယောက်အဖြစ်တော့ မုန်းတီးစွာဖြင့် တွေ့ချင်မြင်ချင်နေပြီ ပါ။ အနည်းဆုံးတော့ မလွှဲသာသော ညီရနောင့်၏ အခြေအ နေကြောင့်တော့ ကျွန်မကို လာစေချင်ကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အနှစ်သက်ဆုံးအစိမ်းရောင်ဝတ်စုံလေးကို ဝတ် လိုက်သည်။ အောင်ကိုယ်တိုင်. . .

"လွှန်းရဲ့ အသားအရည်က ဝင်းဖန့်ပြီး အကြောစိမ်း လေးတွေယှက်သန်းနေလို့လား မသိဘူး၊ အစိမ်းရောင်နဲ့ ပိုလိုက် တယ်၊ အသားနဲ့ဟပ်နေတာပဲ၊ အစိမ်းရောင်ကို ကြိုက်တတ်တဲ့ လွှန်းဟာ အောင့်ကို စိမ်းကားသွားမှာပဲ အောင် စိုးရိမ်တယ်"

ဟူသော အောင့်စကားကို အမှတ်ရမိသည်။ အောင်နှင့် ပတ်သက်၍ နာကျည်းစွာ မေ့ပျောက်ထားသည့်ကြားက တို ဆိုင်မှုများရှိသည့်အခါ သတိရတတ်သည်ကိုတော့ ကျွန်မကိုယ် ကျွန်မ တုန်လှုပ်စွာသိရှိခဲ့ရသည်။

အောင်ပေးခဲ့သော ကျောက်စိမ်းလော့ကတ်ကို ပေါက်ပေးပြီးနောက် ကျွန်မ ကျောက်စိမ်းကို လုံးမဝတ်တော့ အစိမ်းရောင်ဝတ်စုံဆိုလျှင် အောင့်စကားအမှတ်ရမိ၍ မဝတ် ပါ။

သို့သော်. . .

ကျွန်မ ဧည့်ခန်းရောက်တော့ အောင်၏ တမ်းတလှ မောသော တရှိုက်မက်မက်အကြည့်ကို ကျွန်မရင်ဆိုင်လိုက် သည်။ သံသယဆူးတွေ ရှင်းလင်းသွားပြီဖြစ်သော်လည်း ကျွန် တို့တွက် ချစ်ခွင့်မသာပြီ။

"နောင်"ဟူသော အချစ်ဆူးလေးက ကျွန်မနှလုံး ၌ ဆူးနင့်နေလေပြီ။

"ကျက်သရေနဲ့ ရင့်ကျက်မှုက လွှန်းအလှကိုပိုပြီး စုံအောင် ဖြည့်စွက်ပေးလိုက်သလိုပဲနော်၊ အောင် ဒီတစ်



လွှန်းကို ပြန်တွေ့ရလိမ့်မယ်လို့ကို မမျှော်လင့်တော့တာ. . "

ကျွန်မ အောင့်ကားနှင့်ပင်လိုက်ခဲ့သည်၊ ကျွန်မအောင် မိသားစုနှင့် ထိပ်တိုက်ရင်ဆိုင်မည်။ သို့သော် ကျွန်မသဘော ထားကြီးရမည်။ "နောင်"လို တက်လူငယ်လေးတစ်ဦး ကျွန်မ ကြောင့် လောကကြီးကို အရှုံးပေးထွက်ခွာရတာမျိုးကို ကျွန်မ အဖြစ်မခံနိုင်။

ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ နားမလည်နိုင်အောင် ဖြစ်ရသည်။ အောင့်အပေါ် ကျွန်မချစ်ခဲ့သည်။ ထိုမှ နာကျည်း မုန်းတီးခဲ့သည်။ သို့တိုင်အောင် ကျွန်မအစားမထိုးနိုင်ခဲ့။

သို့သော် နောင်နှင့်တွေ့တော့ ကျွန်မအရာရာကို မေ့ လျော့သွားသည်။ အသက်အရွယ်ကွာခြားမှုကိုသာ ကျွန်မသတိ ပြုမိခဲ့၍ နောင့်အပေါ် အဖြေမပေးခဲ့ခြင်းဖြစ်သည်။

နောင့်အသိုင်းအဝိုင်း၊ ကျွန်မအသိုင်းအဝိုင်းကို ကျွန်မ မှုပြီ။ အမှန်စင်စစ် နောင့်မွေးနေ့မှာပေးမည့် ကျွန်မအဖြေ သည် "နောင့်အလိုချင်ဆုံးသောအဖြေ"တစ်ခုကို ပေးမလို့ ရည် ရွယ်လိုက်ခြင်းဖြစ်သည်။

အချစ်အတွက် ဒီတစ်ခါတော့ ကျွန်မ မိုက်မိုက်မဲမဲကို ရင်းစားလိုက်တော့မည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် "နောင်" သည် "အောင်"၏ ညီဟုသိလိုက်ရချိန်၌ ကျွန်မအဖြေ ့ ပြောင်းလဲသွားခြင်း ဖြစ်သည်။

"လွှန်း"

"ပြောပါအောင်"

"အောင်တစ်ခုမေးချင်တယ် လွှန်းအမှန်အတိုင်းဖြေပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

အောင့်ထံမှ ရုတ်တရက်အသံထွက်မလာပဲ အနည်း ငယ်ကြာမှ. . .

"လွန်း ညီ့ကို ချစ်သလား"

ကျွန်မ မတုန်လှုပ်တာပါ။ ကျွန်မကြိုတင် မျှော်မှန်းထား သော မေးခွန်းပင်။

"အောင်က ဘယ်လိုထင်သလဲ"

"အောင့်ကို မေးခွန်းပြန်မထုတ်ပါနဲ့လွန်း၊ အောင်မေး တာကိုပဲ ဖြေပေးပါ"

"နောင့်ကို ကျွန်မသနားတယ်၊ နောင်ပျော်ရွှင်နေတာကို ပဲ ကျွန်မမြင်ချင်တယ်၊ နောက်ပြီး. . ကျွန်မနားက နောင် ရှာ သက်ပန် ပျောက်ဆုံးသွားမှာကို ကျွန်မကြောက်တယ်၊ ဒါတွေ ဟာ အချစ်လို့ဆိုရင် ကျွန်မ နောင့်ကို ချစ်နေတယ်ထင်တယ် အောင်"

အောင့်ထံမှ သက်ပြင်းချသံ သဲ့သဲ့ထွက်ပေါ်လာသည် အောင်သည်. . .

"အောင် သဘောတူသလား"

ကျွန်မရင်နာစွာဖြင့် မေးခွန်းထုတ်လိုက်သည်။ အောင် ဟာ ကျွန်မရဲ့ ချစ်ဦးသူပါ အောင့်ကြောင့် ကွဲခဲ့ရတဲ့ ကျွန်မ အသည်းနှလုံးသည် ယနေ့တိုင်နာကျင်နေဆဲဆိုတာ ကျွန်မ ကောင်းစွာ နားလည်သိရှိလိုက်ရပြီ။

"အောင်"

"အောင် ကျွန်မကို မနာကျည်းဘူးလား မမုန်းတီးဘူး





လား"

"ဘာအတွက်လဲ"

"အောင့်ဆန္ဒကို မလိုက်လျောပဲ ကျွန်မဆန္ဒကိုပဲ ဦးစား ပေးခဲ့တာလေ"

"အဲ့ဒီအချိန်တုန်းက အောင်တို့ငယ်ကြသေးတယ်လေ ငယ်မာန်တော့ ကိုယ်စီကိုယ်ငှရှိကြတာပေါ့။ ဒါပေမယ့် သေသေ ချာချာ စဉ်းစားကြည့်လေလေ အဖြေတစ်ခုကို သွားတွေ့လေ လေပဲ"

"ဘာအဖြေလည်း"

"အောင့်ရဲ့ ဘဝအခြေအနေအရ အောင်ဟာ လောက ကို ပြည့်စုံခြင်း ကောင်းခြင်းတွေနဲ့ပဲ မြင်တွေ့ကျင်လည်ကြီးပြင်း ခဲ့ရသူဖြစ်တော့ ချစ်သူကိုလည်း အကောင်းဆုံးပဲဖြစ်စေချင်၊ မြှင့် တင်ပေးချင်တယ်၊ ဒါအောင့်ရဲ့ စေတနာပဲ၊ ဒါကြောင့် မှားခဲ့ တယ်ဆိုရင် စေတနာအမှားပဲ လွန်း"

ကျွန်မအောင်၏ တည်ကြည်သော မျက်နှာလေးကိုငေး ကြည့်မိသည်။

"ဒါပေမယ့် အသက်တဖြည်းဖြည်းရလာလေလေ လွန်း ဘက်ကို တွေးကြည့်မိတော့လည်း လွန်းမှန်ပါတယ်၊ မိခင် မုဆိုးမ ညီမငယ်အပေါ် လွန်းဦးဆောင်သင့်တယ်၊ လွန်းကိုအောင် မနာ ကျည်းပါဘူး လွန်းရိုက်သွားခဲ့တဲ့အောင့်ပါးပြင်က အနာတရ ကောင် ပျောက်သွားမှာကို စိုးရိမ်ခဲ့တယ်၊ ပစ်ပေါက်ပေးသွားတဲ့ ကျောက်စိမ်းလော့ကတ်လေးကို ခုထက်ထိ သိမ်းထားတုန်း၊ ဒီမှာ ကြည့်. . ."



www.burmeseclassic.com

www.burmeseclassic.com



အောင့်လက်သန်း၌ ကျွန်မပေးထားသော လက်စွပ်ထ
လေးရှိနေဆဲပါလား။

"အောင်ရယ်"

"အောင့်မိဘဘက်က 'မှားခဲ့တဲ့အမှား၊ လွန်းမေမေရဲ့
မာန ဒါတွေအားလုံးဟာ သားသမီးအပေါ် ချစ်ခြင်းကြောင့် မှား
ကြတဲ့အမှားတွေပါပဲ၊ ဒါတွေအားလုံးကို အောင်နားလည်ခွင့်
လွှတ်နိုင်ခဲ့တယ်၊ လွန်းလည်း နားလည်ခွင့်လွှတ်ပေးပါ၊ လွန်း
အမေနေရာကို ခေတ္တဝင်ရောက်နေရာယူ နားလည်ပေးနိုင်မယ်
ဆိုရင် ဒီကိစ္စကို လွယ်လွယ်ကူကူလေး ဖြေရှင်းပေးသွားနိုင်မှာ
ပါ"

"ကျွန်မနားလည်ပါပြီအောင်၊ အောင်အရမ်းတိုးတက်
ပြောင်းလဲလာတယ်နော်၊ အောင်ဘာဘွဲ့တွေ ထပ်ယူခဲ့သလဲ"

"နှလုံးရောဂါအထူးကုပါရဂူဘွဲ့ကော စိတ်ရောဂါအထူး
ကုဘွဲ့ကိုပါ ထပ်ယူခဲ့တယ်၊ ဒါတွေဟာ အောင့်ရဲ့နှလုံးသားထဲ
စတေးပြီး မြုပ်နှံခဲ့ရတဲ့ ရလာဒ်တွေပါ။ လွန်းကို လွမ်းလေ စာကြိုး
စားလေ ဖြစ်ခဲ့ရတယ်ဆိုရင် လွန်းပေးတဲ့ရလာဒ်ကောင်းပါ"

အောင့်မျက်လုံးအကြည်ဓါတ်၌ ကြေကွဲမှု လွမ်းမောမှု
များ ထင်ဟပ်နေသည်။ ပေးဆပ်မှုတွေ၊ ညီအတွက်ပေးဆပ်ရဦး
တော့မည်လား။ ကျွန်မကော နောင့်ကိုချစ်သလား၊ အောင့်ကို
ချစ်သလား။ တွေဝေမှုက ကျွန်မကိုစိုးမိုးထားဆဲ။







# အခန်း [ ၂၆ ]

စူးစမ်းသော မျက်လုံးများကို ရင်ဆိုင်ရင်း ကျွန်မနောင့်
အပါးသို့ ရောက်ရှိခဲ့သည်။ ပိုက်များတန်းလန်းနှင့်ရှိနေသော
နောင့်အနေအထားကို တွေ့မြင်လိုက်ရတော့ ကျွန်မစိတ်နှလုံး
အိမ် အက်ကွဲမတတ်ထိခိုက်နာကျင်ပြီး ရပ်တည်ခြင်းငှာ မစွမ်း
နိုင်သဖြင့် မူးမိုက်လဲကျသွားခဲ့သည်။

အမှောင်ထုထဲကျသွားသလို၊ လေဟာနယ်ထဲလွင့်ပျံ



www.burmeseclassic.com

www.burmeseclassic.com



သွားသလို ခံစားလိုက်ရသည့် အတိုင်းအတာ ဘယ်မျှကြာသွားသည်ကို ကျွန်မမသိလိုက်ရ။

နောက်ဆုံးသတိရလာချိန်၌ ကျွန်မကို စိုးရိမ်တကြီးကြည့်နေသော အောင့်မျက်နှာကို ရင်ဆိုင်လိုက်ရသည်။

"လွှန်း သတိရပြီလား"

"နောင်. . နောင်ကော"

"ရှိပါတယ်"

" ဆောရီးပဲအောင် ကျွန်မသိပ် စိတ်ထိခိုက်သွားလို့ပါ။ နောင့်ကို အမြဲတမ်းပြုံးပျော်ရွှင်လန်းနေတာကိုပဲ ကျွန်မမြင်တွေ့ခဲ့တာပါပဲ၊ ခုလိုအနေအထားမျိုး ကျွန်မအိပ်မက်တောင် မမက်ဖူးပါဘူး၊ နောင့်ကို သွားတွေ့ချင်တယ်"

" ခဏနားလိုက်ပါဦး လွှန်း ခဏလေးပါ၊ လွှန်းစိတ်တွေတည်ငြိမ်သွားပြီဆိုမှ သွားတွေ့တာပေါ့"

"အောင် နောင့်မေမေနဲ့ ကျွန်မတွေ့ချင်တယ်"

"ဟိုဘက်ကုတင်မှာရှိနေတယ်"

ကျွန်မ ကုတင်တစ်ဘက်ကို ငဲ့စောင်းကြည့်လိုက်သည် အမေရှိလျှင် အမေ့အရွယ်ပါပဲ အမေ့ထက်အသက်ကြီးကောင်းကြီးမည်၊ မိန်းမချောကြီးတစ်ဦးပင်။

ကျွန်မ ကုတင်ပေါ်မှ အသာဆင်းလိုက်သည်။ အောင်က ကျွန်မကို ဖေးမကာ သူ့မိခင်ကုတင်အနီးခေါ်ဆောင်သွားသည်။ သူနာပြုဆရာမလေးက အောင့်မိခင်အား မတ်မတ်ထိုင်နေစေရန် ကုတင်ကိုပြုပြင်ပေးလိုက်သည်။

"လာ ထိုင်ပါသမီး"





ကုတင်အနီးရှိ ကုလားထိုင်တွင် ကျွန်မ ဝင်ထိုင်လိုက်သည်၊ အောင့်အမေက အောင့်အား လှမ်းကြည့်လိုက်သည်။ အောင်က ဆရာမကိုပါ ခေါ်ဆောင်ပြီး ထွက်သွားသည်။ အခန်းထဲ၌ ကျွန်မနှင့်အောင့်မိခင်သာ ကျန်ရစ်ခဲ့သည်။

"အန်တီ သမီးကို တောင်းပန်စရာရှိတယ်"

"အမေ့ကို တွေ့ဆုံပြောခဲ့တဲ့ စကားတွေအတွက်လား အန်တီ"

"မိခင်တစ်ယောက်ရဲ့နေရာကို ရောက်လာတဲ့အခါ သမီးနားလည်မှာပါ၊ ဒါပေမယ့် ချစ်ခြင်းမေတ္တာဆိုတာ ဖန်တီးယူလို့မရဘူးဆိုတာ အန်တီတဖြည်းဖြည်း သဘောပေါက်လာခဲ့တယ်၊ ဝဋ်ဆိုတာကလည်း တမလွန်ဘဝအထိတိုင်အောင် အကျိုးပေးချင်မှပေးတတ်ပြီး ယခုလက်ငင်းဘဝမှာလည်း အကျိုးပေးတတ်တယ်ဆိုတာ အန်တီနားလည်လာပြီ၊ ဘိန်းစားသမားသမီးနဲ့ မပေးစားနိုင်ဘူးလို့ပြောခဲ့တဲ့ အန်တီ၊ ခုတော့ ဘိန်းစားသမားအဘွား ဖြစ်နေရပြီ၊ အရက်သမားသားကြီးကို အရက်ဖြတ်ဖို့ ကြိုးပမ်းနေရပြီ"

"ဒီအတွက်ဆို ကျွန်မကို ဘာမှမတောင်းပန်ပါနဲ့၊ ကျွန်မနားလည်ခွင့်လွှတ်လိုက်ပါပြီ"

"တကယ်လား သမီးရယ်"

"အောင်ရှင်းပြပြီးပါပြီ၊ ကျွန်မခံစားခဲ့ရတဲ့ မွန်းကြပ်မှုတွေက နှစ်ပေါင်းမနည်းတော့ပါဘူး၊ နောင့်ကြောင့် ကျွန်မဘဝ ပြန်လည် လန်းဆန်းလာရတယ်၊ ဒီအတွက် အန်တီဘယ်လို နားလည်ပေးနိုင်ဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပြတ်သားစွာ မေးလိုက်သည်။ နှစ်ပေါင်းများစွာ ကျွန်မရင်မှာ နာကျည်းမှုတွေနှင့် ပိန်းမှောင်အောင် အမှောင်ချထားခဲ့သော ဤမိသားစုကို ကျွန်မ ခွင့်လွှတ်ရမလား။ ကျွန်မ မိသားစုကကော. . .

နေနှင့်ဦး. . ထွေး၊ ဒင်းလည်း ဒီကိစ္စတွေမသိပဲမနေ၊ ဘာကြောင့် နှစ်ပေါင်းများစွာကွယ်ဝှက်ထားရသနည်း၊ ပြည်ဖုံးကားချထားပြီးသောကိစ္စကို အသစ်တဖန် ပြန်မဖြစ်ချင်သော်လည်း နာကျည်းမုန်းတီးမှုက စိတ်သောကကို ရောက်စေခဲ့ကြောင်းက စီးကရက်စွဲသွားရသည့်အဖြစ်ကို ရောက်ရှိခဲ့ရလေပြီ။

"ခုနေမှာတော့ အန်တီတို့ဟာ သားတွေရဲ့ အချစ်ရေးကို ဘာမှမချယ်လှယ်တော့ပါဘူး၊ မဖန်တီးရဲတော့ပါဘူး၊ ကိုယ့်လမ်းကိုယ်လျှောက်ကြတာကြီးပါပဲ ဘယ်လောက်ပဲထိန်းကွပ်ခဲ့ပါစေ သတိတစ်ချက်လစ်သွားတာနဲ့ ဖြစ်ပေါ်လာတဲ့ရလာဒ်က သားကြီးကိုမောင်ရဲ့မိသားစုက သင်ခန်းစာပဲ"

ကျွန်မသည် ယခုမှ အောင့်မိသားစုဝင်အတွက် ဖြစ်ရပ်ကို ဇာတ်ရည်လည်တော့သည်၊ အောင့်အစ်ကိုကြီး ကိုမောင်၌ ချစ်သူရှိခဲ့သည် သဘောမတူသဖြင့်ခွဲခဲ့ပြီး စိန်ချင်းထပ်ငွေချင်းထပ်သော ချွေးမတို့ကို ကိုယ်တိုင်ရွေးချယ်ပေးစားခဲ့သည်။

ကိုမောင်တို့အိမ်ထောင်ရေး မသာယာ၊ ကိုမောင် အရက်စွဲခဲ့သည်၊ မိန်းမကဖဲလည်းရိုက်သည်၊ သားကဘိန်းဖြူစွဲသည်။ အောင်အလှည့် ကျွန်မနှင့်ခွဲသည်၊ သက်ထားနှင့် ပေးစားဖို့လုပ်သည်၊ သက်ထားနှင့် အောင်နားလည်မှုယူကာ သက်ထား





ခိုးရာလိုက်နိုင်အောင် အောင်ကကူညီပေးခဲ့သည်။

အသည်းကွဲခဲ့သောအောင်က မြန်မာပြည်ကို ခြေမချတော့ပဲ ပြည်ပနိုင်ငံ၌ အချိန်ကုန်ခဲ့လေပြီ။ နှလုံးသားဒဏ်ရာကို ပညာနှင့် ချိန်ထိုးကုသကာ အချိန်ကုန်ခဲ့ပြီးမှ ခံနိုင်ရည်ရှိပြီဟု ထင်မှ မြန်မာပြည်ကို အလုပ်အကျွေးပြုရန် ပြန်လာသည်။

ရောက်ရောက်ခြင်း ပြဿနာပေါင်းသောင်းခြောက်ထောင်နှင့် ကြုံကြိုက်ရလေပြီ။

"အချစ်ကို အသက်အရွယ် ဆင်းရဲချမ်းသာ ဂုဏ်ဒြပ်ဆိုတဲ့ ပေတံနဲ့တိုင်းတာလို့ မရပါဘူး၊ နှလုံးသားနဲ့ပဲ တိုင်းတာလို့ရတယ်ဆိုတာ အန်တီသဘောပေါက်ပါပြီ၊ သားနှစ်ယောက်စလုံးရေစက်ဆုံဆည်းခဲ့တဲ့သမီးကို အန်တီတို့ လက်ခံနိုင်ပါပြီ၊ ဘယ်သူ့ကို ရွေးချယ်ရွေးချယ် အန်တီထို့ ကျေနပ်ပါတယ်၊ ဒါပေမယ့်. . လောလောဆယ်အနေအထားအရတော့ သားလေးညီကိုပဲ စိတ်ချမ်းသာမှုတစ်ခုကို ရှေးရှုပေးဖို့တောင်းပန်ပါရစေ"

သားသမီးဇောဖြင့် ပညာမာန၊ ဂုဏ်မာန၊ စည်းစိမ်ချမ်းသာမာနတွေကို ခဝါချကာ ပညာတတ်ပီပီ နူးညံ့စွာ တောင်းပန်လာမှုကို ကျွန်မဘယ်လိုနည်းနှင့်မှ လွန်ဆန်၍မရပ၊ စီးကျလာသော မျက်ရည်တို့ အသာအယာသုတ်လိုက်ပြီး. . .

"အားလုံးစိတ်သောက မရောက်အောင် ကျွန်မဆောင်ရွက်ပေးပါ့မယ်၊ အငြိုးထားဖို့မကောင်းဘူးဆိုတာ ကျွန်မသိပါတယ်၊ အန်တီတို့မမှားပါဘူး၊ လူတစ်ယောက်ရဲ့ဘဝမှာ မျိုးရိုးဗီဇဆိုတာလည်း အဓိကကျတဲ့ အခန်းကဏ္ဍမှာရှိနေတာကိုး အန်တီရယ်၊ ကျွန်မနားလည်ပါတယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



နာကျည်းစိတ်တို့လွင့်ပြယ်သွားပြီဆိုတော့ ရင်မှာငြိမ်းချမ်းသွားသည်။ သို့သော် နောင့်အတွက် စိုးရိမ်သောကကတော့ ရင်ကို ပူလောင်နေဆဲပင်။

"ကျွန်မ နောင့်ကို သွားတွေ့ပါဦးမယ်၊ အန်တီလည်း နေကောင်းအောင်နေပါ"

ကျွန်မ နောင့်မိခင်လက်ကို ဖွဖွလေးဆုပ်ကိုင်အားပေးခဲ့ပြီး အခန်း၏အပြင်ဘက်သို့အထွက်တွင် အောင်က စောင့်နေသည်။

"အောင် နောင့်အခန်းကို လိုက်ပို့ပေးပါ"

"အတော်ပဲညီလေး သတိရလာလို့ လွှန်းကို မေးနေတယ်"

အောင်ကတော့ ညီအတွက် အနစ်နာခံမည့်အနေအထားမျိုးနှင့် စိတ်ကိုထိန်းချုပ်ထားပြီးဖြစ်လေသည် ထင်ပါသည်။ တည်ကြည်အေးချမ်းနေသည်၊ အစစအရာရာအတွက် သတိရှိနေသည်၊ ချစ်သူ၏ အမုန်းနှင့်ရက်စက်မှုကို ခံယူပြီး သူ့အနေနှင့် သူခံစားခဲ့ရသော ဝေဒနာ၏ အတိမ်အနက်ကို ကျွန်မ မှန်းဆကြည့်ပြီး အောင့်အတွက် စိတ်မကောင်းဖြစ်ရသည်။

သို့သော် အချစ်ကိစ္စကနောက် ယခုလောလောဆယ် အားလုံးအတွက် အရေးကြီးနေတာက နောင့်အနေအထား. .။ နောင် ခုလိုထိခိုက်သွားရခြင်းမှာ ကျွန်မ၏ တဇွတ်ထိုးနိုင်မှု စိတ်ကိုထိန်းချုပ်နိုင်စွမ်းမရှိသော ပေါက်ကွဲမှုတစ်ရပ်ကြောင့် ဖြစ်သည်။

နောင်သည် အသက်အရွယ်အားဖြင့် ထိလွယ်ရှလွယ်



သောအရွယ်။ ထိုအနေအထား၌ အသက်အရွယ်၊ ပညာဉာဏ်အားဖြင့် အတွေ့အကြုံများသော ကျွန်မက ဦးဆောင်ထိန်းသင့်ပါလျက်. . .

နောင့်အနီး၌ရှိနေသောသူများက ကျွန်မဝင်လာတော့ ဖယ်ရှားပေးသည်။ ယခုလိုအနေအထားမျိုး၌ ကျွန်မသည်သာ သူတို့သားညီအတွက် ကယ်တင်ရှင်လိုဖြစ်နေသည်။ ပိုက်တန်းလန်းများကြားမှ နောင့်မျက်နှာသည် ကျွန်မကို မြင်တွေ့လိုက်သည်နှင့် ဝင်းလက်လာသည်။

ကျွန်မကို အများဆုံးညှို့ယူဖမ်းစားခဲ့သောနောင်၏ မျက်ဝန်းကလေး၌. . မျှော်လင့်ခြင်းအလင်းရောင်များ ဝင်းပတောက်ပြောင်လာသည်။

"မမ"

"နောင်"

"မမ နောင့်ကို လာတွေ့တယ်နော်"

"လာတွေ့ရတာပေါ့ နောင်ရယ်"

နောင့်အသံသည် ယခင်ကလို အားအင်အပြည့်မရှိပြီ။ ခံရသောအတွင်းကြေဒါဏ်ရာတွေက ဆေးဝါးနှင့်ကျွမ်းကျင်မှု အောက်မှာ အသက်ရှူည်နေရသည်ပဲ။ ပိုက်တန်းလန်းနှင့် နောင့်လက်ကလေးကို ဖွဖွကလေးအုပ်မိုးကိုင်ပြီ။

"နောင် နေကောင်းအောင်နေနော်"

"မမ နောင်မေးချင်တယ်"

ကျန်လူများမိမိတို့အပါး၌ ရှိမနေ၊ တာဝန်ကျဆရာမသာလျှင် ခပ်လှမ်းလှမ်း၌ ထိုင်နေသည်။ လူနာအနေအထားက



www.burmeseclassic.com

www.burmeseclassic.com



အတိမ်းအစောင်းမခံနိုင်သည့် အခြေအနေဖြစ်နေကြောင်း. . ကျွန်မသဘောပေါက်ပါသည်။

"နောင်အတွက်အဖြေက"

"ကလေးရယ် အောင့်ကိုမြင်လို့ ရုတ်တရက်ပြောင်းလွဲဖြစ်လိုက်တဲ့ စကားပါ။ တကယ်တော့ မမနောင့်ကို ချစ်တယ်လို့ အဖြေပေးမလို့လာခဲ့တာပါ"

"တကယ်လားဟင် မမ"

"တကယ်ပေါ့ နောင်ရယ်၊ မမညာပါ့မလား "

နောင်က သူ၏ပိုက်တန်းလန်းလက်ကလေးနှင့် ကျွန်မလက်ချောင်းကလေးများကို ပြန်ဆုပ်ကိုင်သည်။

"နောင် နားထောင် ဆေးသွားကုရမယ်၊ နောင်ပြန်လာရင် မမက နောင့်ကို ဆီးကြိုနေမှာ"

"မမညာတာလားဟင် မမတကယ်နောင့်ကို ချစ်တာလား"

နောင့်ရင်ထဲမှာ သံသယဆူးသည် အောင့်ကြောင့်ဝင်ရောက်လာခြင်း ဖြစ်ပေမည်။

"မညာပါဘူး ကလေးရယ် တကယ်ပါ၊ မမနောင့်ကိုဘယ်လိုနည်းနဲ့မှ မရက်စက်နိုင်ပါဘူး"

"ဒါပေမယ့် နောင်မှမတရားခဲ့ပဲ မမရယ်"

"ဟင် ဘာမတရားတာလဲ"

"ကျေးဇူးပြုပြီး လူနာကို စကားပြောခွင့်မပေးနဲ့တော့ နားလိုက်ပါ"

ဆရာမက လာရောက်ဟန့်တားသည်။ နောင့်၌နာကျ





မှုဝေဒနာခံစားရပုံရသည်၊ မျက်နှာလေးမဲ့သွားသည်။ သို့သော် ကျွန်မကို ပျောက်မှာစိုးသည့်အလား ကြည့်နေပြီး ကျွန်မလက်ကို ဆွဲထားသည်။

"စိတ်ချပါနောင် မမနောင့်အနားမှာပဲနေပေးမယ် ရှုံးချိန်တွေကလွဲရင်ပေါ့လေ၊ မျက်လုံးလေးမှိတ်လိုက်နော်၊ မမရှိနေတယ် နားနေလိုက်"

အောင်နှင့် အောင့်ဖခင်ဆရာဝန်ကြီးနှင့် အခြားဆရာဝန်တစ်ဦး ဝင်လာသည်။ နောင့်အခြေအနေကို စစ်ဆေးကြသည်။ နောက် ညှိသည်ဆက်တိုင်ကြပြီ အောင်က ကျွန်မအား. . .

" မနက်ဖြန် လေယာဉ်လက်မှတ်ရတာနဲ့ သွားကြမယ်၊ ဖေဖေက အောင်တို့နဲ့အတူ လိုက်လိမ့်မယ်၊ ဖေဖေရှင်လွန်းပါ"

"မိန်းကလေးက သိပ်လှတာကိုးကွဲ့၊ သားတို့စွဲလန်းမယ်ဆိုလဲ စွဲလန်းလောက်ပါပေတယ်"

အောင့်ဖခင်က ထိုစကားတစ်ခွန်းနှင့်ပင် သူ့ဆန္ဒကိုဖွင့်ဟလိုက်၏။ အောင်တို့မိသားစုက ကျွန်မကို လက်ခံလိုက်လေပြီ။ သို့သော် ကျွန်မဝမ်းသာခွင့်မရနိုင်ပါ၊ ကျွန်မ၏ နှလုံးသားသည် နာကျင်နေဆဲဖြစ်သည်။

နောင်သာ ကတိမ်းကပါးဖြစ်သွားခဲ့ပါလျှင် ဟူသောအတွေးက ကျွန်မနှလုံးအိမ်ကို ရိုက်ခတ်လျက်ရှိသည်။ ညရှစ်နာရီခန့်တွင် နောင့်အား စကားပြောခွင့်ထပ်ပေးသည်။

"မမ ပြန်အိပ်တော့"

"မိုးလင်းလင်းခြင်း မမလာခဲ့မယ်၊ ပြီးတော့. . ဒီကမှ



www.burmeseclassic.com

www.burmeseclassic.com



ရှုံးသွားမယ်၊ ရှုံးအပြန်ရေချိုးပြီးတာနဲ့ လာခဲ့မယ်နော်၊ နောင် ဘာပြောချင်သလဲ"

"မမ နောင်ဆေးသွားကုတုန်း ဆေးလိပ်ဖြတ်ပါ"

"ဟင်"

ကျွန်မအပေါ်၌ ဂရုတစိုက်ရှိသော နောင့်ကို ကျွန်မ မျက်ရည်ကြားကပြုံးပြပြီး ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။ နောင့်မေတ္တာ၊ နောင့်အချစ်ကို ကျွန်မလေးစားစွာဖြင့် သက်သေတူပြစ်လိုက်ရမည်ပေါ့။

"စိတ်ချပါ ဒီနေ့ကစပြီး မသောက်တော့ဘူး"

"မမ ဒေါ်ဒေါ်ခေါင်းကို ပြောပါ။ မနက်ဖြန်မမနဲ့အတူ လေယာဉ်ကွင်းလိုက်ပို့ပါလို့"

အို သံယောဇဉ်ကြီးသော ချာတိတ်လေးပါလား၊ ကျွန်မ အပေါ်တွင်သာမက သူ့အား ချက်ပြုတ်ကျွေးရှာသော ဒေါ်ဒေါ် ခေါင်းကိုပါ သူသတိရတမ်းတရှာသားပဲ။

"စိတ်ချပါ ကလေးရယ် မင်းဖြစ်ချင်တာတွေအားလုံး မမ ဖန်တီးပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် မမ၊ ကိုလတ် မမကို ပို့ပေးပါ"

အောင်နှင့်ကျွန်မကို စိတ်ချသည့်တဲ့လား ကျွန်မ နား မလည်နိုင်ပါ၊ နောင့်နဖူးမှ ဆံစလေးများကို အသာအယာ သပ် တင်ပေးပြီး. . .။

"မမ ပြန်မယ်နော်နောင် အိပ်ပျော်အောင်အိပ်ရမယ်"

"မမလည်း ပျော်အောင်အိပ်ပါ။ ဂွတ်နိုက် မမ"

"ဂွတ်နိုက်ပါ နောင်ရယ်"





ကျွန်မတို့အနီးအနား၌ ဘယ်သူမှ မရှိဘူးဆိုပါက ကျွန်မသည် နောင့်နဖူးပြင်လေးကို ငုံ့နမ်းရှိုက်လိုက်မိမည်မှာ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၂၇]

"အောင် ညီ့ကို ညာထားရတယ် လွှန်း"

ကားပေါ်ရောက်တော့မှ အောင်၏ရှင်းပြမှုကြော
နောင် အောင်နှင့်ကျွန်မကို စိတ်ချရခြင်းအပေါ် ကျွန်မ
ရည်လည်တော့သည်။

"အောင် ဟိုမှာတွေ့တဲ့မြန်မာ အမျိုးသမီးနဲ့ လက်
ဖို့အတွက် မေမေတို့ဆီ လာပြန်အကြောင်းကြားတာပါ၊ လွှ





ဆိုတာက အောင့်နှလုံးသားထဲက ထုတ်ဖြစ်ခဲ့တာကြာပါပြီလို့
လေ"

"ဒါကြောင့် ဒီကောင်ဒီလောက်ပျော်နေတာပေါ့"

"နေပါဦးအောင် ကျွန်မမရှင်းလို တစ်ခုမေးပါရစေဦး"

"အောင်နဲ့ ကျွန်မဇာတ်လမ်းကို နောင်ကသိရင်တောင်
နောင်က ငယ်ငယ်ပဲရှိဦးမှာပေါ့နော်"

အဲ့ဒြစရာကောင်းတယ် လွှန်း၊ ဒီကောင့်ဆီမှာလေ
အရုတ်စကားပင်အောက်က မြက်ခင်းစိမ်းပေါ်မှာ ထိုင်ပြီး. .
အရုတ်စကားပွင့်ကြွေလေးတွေကောက်နေတဲ့ ဓါတ်ပုံလေးရှိနေ
တယ်၊ တယုတယကို မှန်ဘောင်သွင်းထားတာ၊ ကိုယ့်အယ်လ်
ဘမ်ထဲက ပျောက်သွားတဲ့ဓါတ်ပုံတစ်ပုံပဲ၊ ခုမှသူ့အိပ်ယာရှင်းရင်း
တိုယ်တွေ့တာ၊ ဘယ်အချိန် ဘယ်အရွယ်ကတည်းက သူ့ဆီကို
ရောက်နေတယ် မသိဘူး"

"ဖြစ်ရလေ"

နောင်သည် ကျွန်မကို နှစ်ပေါင်းများစွာကတည်းက
သိကျွမ်းနေရှာသည်။ ဒါကြောင့် နောင့်မျက်လုံးတွေသည် ကျွန်မ
အား သိဟောင်းကျွမ်းဟောင်းလို တရင်းတနှီးကြည့်နေတတ်ခြင်း
ပဲ. . .

ဖြစ်ရလေကလေးရယ် စိတ်ကူးယဉ်တတ်စအရွယ်က
တည်းက ကျွန်မသည် နောင့်အိပ်မက်ထဲက မင်းသမီးတစ်ပါး
အဖြစ် တည်ရှိနေခဲ့တာပါလား။ နောင့်အစွဲအလန်းက ကြောက်
ဘတ်ဖွယ်ရာပါလား။

"ကလေးဘဝက ချစ်တာကရိုးရိုး၊ အရွယ်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အချစ်ကပြောင်းလွှဲပြီး စွဲစွဲလန်းလန်းဖြစ်လာမယ်၊ နော လွှမ်းကိုတွေ့တော့ သူ့အချစ်ဟာ အဆုံးစွန်အထိဖြစ်သွားပြီ အောင်သိသမျှပြောရရင်တော့ ဒါပဲ၊ စိတ်ရဲ့ဆန်းကြယ်မှုကို ကို လိုစိတ်ရောဂါကုတွေတောင် အံ့ဩယူရတယ်၊

အတွင်းအဖွဲ့တွသဏ္ဍာန်ရဲ့ အစွဲအလန်းဟာ . .သို ကြောက်ဖို့ကောင်းတယ်၊ အဲ့ဒီနည်းအတွက် အကောင်းဆုံး ဓါတုဆေးဝါးထက် အစွမ်းထက်တာ ဝိပဿနာအလုပ်နဲ့ သ ကိုမပြတ်ထားတတ်ဖို့ပဲလိုတယ်၊ ဖြစ်ခြင်းပျက်ခြင်းအ သတိရှိလို့ရှိရင် ငြိမ်းချမ်းတယ်၊ အောင်ငြိမ်းချမ်းမှုကို ရှာတတ်ပြီ နောင်ကငယ်သေးတော့"

"ကျွန်မ နားလည်ပါတယ်အောင်၊ အောင့်ရဲ့ အစ တစ်ယောက်ရဲ့ စွန့်လွှတ်အနစ်နာခံမှု မေတ္တာကို နောင်တစ် နားလည်ခံစားလာရမှာပါ၊ ကိုင်း အောင်ကျွန်မတစ်ခုမေးပါရ အောင် အမှန်အတိုင်း ဖြေပေးပါ"

အောင်က ကျွန်မမေးခွန်းကို ကြိုတင်သိနေသည့် တိုင်းပင် သက်ပြင်းချကာ. .

"မဖြေပဲနေလို့ရရင်မဖြေချင်ဘူး လွှမ်း"

"ဖြေပေးပါ အောင်"

"သဘောဗျာ"

"အောင်ဘာဖြစ်လို့ အိမ်ထောင်မပြုတာလဲ"

"ရှင်းနေသားပဲ လွှမ်းရယ်၊ အချစ်မပါတဲ့ အိမ်ထော ရေးကို အောင်မတည်ဆောက်ချင်လို့ပေါ့၊ အောင့်ရဲ့အချစ် တစ်ယောက်တည်းနဲ့တင် ကုန်ဆုံးသွားခဲ့ရပါပြီ"



"အောင်ရယ်"

ကျွန်မ၏ မပြတ်သားသောစိတ်က အောင့်အပေါ် ရစ်ဝဲချင်သေးသည်။ သို့သော်. .

"အောင်နဲ့ ကျွန်မရဲ့အခန်းကဏ္ဍဟာ ပြီးဆုံးသွားပါပြီအောင်၊ ခုချိန်မှာ ကျွန်မ နောင့်ကို အဖြေပေးမိပြီ၊ ဘယ်လိုအကြောင်းကြောင့်နဲ့ပဲချစ်ချစ် နောင်ဟာကျွန်မချစ်သူဖြစ်သွားပြီမို့ ကျွန်မ နောင်အပေါ်ပဲ သစ္စာရှိတော့မယ်၊ ဒါပေမယ့် ကျွန်မ အောင့်အပေါ်ထားခဲ့တဲ့ သစ္စာအကြောင်း ကျွန်မနောက်ဆုံးအနေနဲ့ ပြောပြပါရစေ"

ကျွန်မ အောင်နှင့်လမ်းခွဲပြီး အောင်ထံသို့ စာတိုများနှင့် ပို့စ်ကဒ်များကို အထိမ်းအမှတ်နေ့တိုင်း ပို့ခဲ့သည့်အကြောင်းနှင့် နောက်ဆုံးအောင်အား ဦးချစ်လက်ဘက်ရည်ဆိုင်သို့ ချိန်းဆိုလိုက်သည့် နောက်ဆုံးအခြေအနေအထိကို ပြောပြလိုက်သည်။

"အောင် ဝမ်းနည်းကြေကွဲရရှုံကလွှဲပြီး ရွေးချယ်ဖို့အခွင့်မရှိတော့ဘူး၊ ချစ်ခြင်းဆိုတာ ရယူပိုင်ဆိုင်ခြင်းမှ မဟုတ်ပါဘူး စွန့်လွှတ်အနစ်နာခံခြင်းလည်း ရှိတာပါပဲ၊ အောင်အတ္တကြီးစွာ ညီငယ်ရဲ့အချစ်ကို မယှဉ်ပြိုင်တော့ပါဘူး၊ အောင့်ရဲ့ဆုံးဖြတ်ချက်ဟာ မှန်ချင်မှန်မယ် မှားချင်မှားမယ် ဒါပေမယ့် အောင်ကလွဲရင် ဘယ်သူ့မှ ထိခိုက်နစ်နာစေမှာ မဟုတ်ဘူးလို့ အောင်ယုံကြည်တယ်လေ"

"ထင်သလားအောင် တစ်ယောက်ကိုတစ်ယောက်နားလည်လာတဲ့အခါမှာ တစ်ဦးရဲ့ခံစားချက်ကို ကျန်တစ်ဦးက သိမြင်ပြီး ထိရှနာကြင်ခံစားနေရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ ဂုဏ်ဒြပ်ထပ် မေတ္တာတရားရဲ့အင်အားဟာ ပိုမိုကြီးမားတယ်ဆိုတာ အောင်နားလည်လာပြီ၊ လွှန်း မှန်ပါတယ်၊ လွှန်းရွေးချယ်မှုဟာ မှန်ခဲ့ပါတယ်"

"အောင်လည်း မှန်ပါတယ်၊ ခုအောင်ဟာ နိုင်ငံအတွက် လိုအပ်နေတဲ့ သမားတော်ပညာရှင်တစ်ယောက်အနေနဲ့ အလုပ် အကျွေးပြုဖို့ပြန်လာပြီပဲ အောင့်ရဲ့အတတ်ပညာ လောဘကြီးမှုဟာ အောင့်အတ္တအတွက်မှ မဟုတ်တာ၊ လူနာပေါင်းများစွာ အတွက်ပဲဆိုတော့ အောင်ဆုံးဖြတ်ချက်သိပ်ကို မှန်ကန်ပါတယ် အောင့်ကို ကျွန်မ လေးစားတန်ဖိုးထားအမှတ်ရနေမှာပါ"

ကျွန်မတို့သည် အချိန်နှင့်အချိန်အခါအရကော အရွယ် အရပါ ထိန်းချုပ်မှုများနှင့် အေးအေးဆေးဆေး စကားပြောဖြစ် ကြသည်။ တိုက်ခန်းရှေ့ကားရပ်လိုက်သည်။

ကျွန်မကားပေါ်မှ ဆင်းခါနီးတွင် အောင်က ကျွန်မအား ချစ်သူစဖြစ်သောနေ့က ပေးခဲ့ဖူးသော ကျောက်စိမ်းလော့ကတ် ကလေးကို ပြန်ပေးသည်။

"လွှန်းအတွက်ရည်ရွယ်ပြီး ပေးခဲ့တဲ့ပစ္စည်းကို အောင် ဘယ်သူ့ကိုမှ အစားထိုးမပေးအပ်ခဲ့ပါဘူး၊ ပိုင်ရှင်ပဲပြန်ယူလိုက် ပါ"

ကျွန်မ ညာလက်ဝါးလေးကို ဖြန့်ပေးလိုက်သည်။

အောင်က ကျွန်မလက်ဖဝါးထဲ လော့ကတ်ကလေးကို ထည့်ပေးပြီးနောက် လက်ချောင်းကလေးများချိုးကာ ဖုံးအုပ်ထား စေပြီး ကျွန်မလက်သီးဆုပ်ကလေးကို ဆုပ်ကိုင်မယူပြီး နမ်းရှိုက် လိုက်သည်။



ကျွန်မရင်ထဲ နင့်နင့်သီးသီး ကြေကွဲဝမ်းနည်းမှုကြောင့် မျက်ရည်များ စီးကျလာခဲ့သည်။

"အောင့် တစ်သက်မှာ တစ်ယောက်တည်းကိုပဲ ချစ်ခဲ့ တာပါ၊ ချစ်နေဆဲပဲ၊ နောင်လည်း ချစ်သွားဦးမှာပါ၊ ဒါပေမယ့် လွှန်း အောင့်ကို မမေ့တဲ့တိုင်အောင် မချစ်ပါနဲ့တော့လို့သာ ပြော ပါရစေတော့၊ သွားတော့လွှန်း မနက်ဖြန်ခြောက်နာရီလောက် လာခေါ်ပေးမယ်"

"မခေါ်ပါနဲ့တော့အောင် ကျွန်မဖာသာပဲလာခဲ့ပါ့မယ်၊ အောင်လည်း ခရီးထွက်ရဦးမှာ. . နားနားနေနေ နေပါ"

"ကောင်းပြီ ဂွတ်နိုက်လွှန်း"

"ဂွတ်နိုက်ပါ အောင်"

ကျွန်မလက်ထဲမှာတော့ အောင်ပေးခဲ့သော လော့ကတ် ကလေးက တကြော့ပြန်ရောက်ရှိလာသော်လည်း အောင်နှင့် ကျွန်မတို့၏ချစ်သူဘဝကတော့ တကြော့ပြန် ပြန်ရောက်လာ တော့မည် မဟုတ်ပါချေ။ ကျွန်မအပေါ်ထပ် ရောက်ရောက်ခြင်း

"နောင်လေး အခြေအနေ"

"မနက်ဖြန်ညရှစ်နာရီ လေယာဉ်ကွင်းဆင်းရမယ်၊ အမေရိကားကို သွားကုမှဖြစ်မှာ ကျောက်ကပ်အလုပ်သိပ်မလုပ် နိုင်တော့ဘူး စက်နဲ့ကုနေရတယ်"

"ဘုရား. . ဘုရား"

"မနက်ဖြန်ညနေ ကျွန်မရုံးအပြန် ရေမိုးချိုးပြီးတာနဲ့ နောင့်နားမှာ သွားနေကြမယ်. . ၊ ဒေါ်ဒေါ်ဒေါင်းကိုပါလိုက်ခဲ့ဖို့ နောင်လေးက ခေါ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်ဒေါင်း မျက်ရည်စီးကျလာသည်။

"ဖြစ်ရလေ ကလေးရယ်၊ လူတော်လူကောင်းလေးပါ ဘုရား ဘုရား . . ဘေးမသီရန်မခပဲ ချောမောစွာကုသနိုင်ပါစေ"

ကျွန်မ လော့ကတ်လေးကို ကျွန်မ၏ လက်ဝတ်ရတနာ ဗူးထဲထည့်ကာ သိမ်းဆည်းလိုက်သည်။ နောင်များ ကျွန်မတို့ အကြောင်း သိနေမည်ဆိုပါက ဤကျောက်စိမ်းလော့ကတ်လေး ၏ရာဇဝင်ကိုလည်း သိကောင်းသိနေလိမ့်မည်။ ထို့ကြောင့် . . ကျွန်မမဆွဲတော့ပါ။

ကျွန်မ ချက်ခြင်းပင် တောင်ငူသို့ ဖုန်းခေါ်လိုက်သည်။ အစိမ်းရောင်ဝတ်ဆင်ပြီး အောင့်ကို အစိမ်းကြီး စိမ်းကားပြလိုက်မည်။ အောင့်မိဘများကိုလည်း ပညာပြလိုက်မည်ဟူသော . . ကျွန်မ၏ ရည်ရွယ်ချက်တို့သည် နူးညံ့သိမ်မွေ့သော နောင်၏ မျက်နှာလေး တောင်းပန်တိုးလျှိုးလာသော အောင်မိသားစုများ ၏ လိုလားမှုအောက်ဝယ် ပျောက်ကွယ်သွားလေတော့သည်။

နောင့်အတွက် ကျွန်မစိတ်ကို အရာရာထိန်းချုပ်လိုက် နိုင်စွမ်းရှိလေပြီ။

"ဟဲလို"

"မလွန်းလား ထွေးရှိတယ်၊ ထွေး . . မလွန်းဆီက"

ကိုရဲနှင့် အရင်တိုးပြီးမှ ထွေးလာကိုင်သည်။

"ထွေး ငါ့ကို အမှန်တရားတစ်ခုကို နင်ရှာဖွေပေးစမ်း ပါ"

အလောသုံးဆယ်နိုင်သော ကျွန်မစကားကြောင့် ထွေး လန့်သွားပုံရသည်။



"ဟင် . . ဘာလဲ ဘာအမှန်တရားလဲ မလွန်း"

"ငါနဲ့အောင် လမ်းခွဲပြီးပြန်လာပြီးနောက် ငါစိတ်ပြေ လက်ပျောက် ဘုရားဖူးထွက်သွားခဲ့တယ်၊ အဲ့ဒီအချိန်မှာ အောင် ရောက်လာသလား၊ အောင့်မိခင်ကကော . . ဘယ်အချိန်က ရောက်ခဲ့တာလဲ"

"သိပ်မကွာခြားဘူးထင်တယ်၊ မလွန်း အဆင့်သုံးသွား ဖြေစဉ်မှာပဲ မိခင်ရောက်လာတယ် စကားပြောကတော့ ပညာ တတ်ပီပီ ညက်ညောပေမယ့် မေမေက ခါးခါးသီးသီးကို ဖြစ်သွား ခဲ့တယ်၊ နောက် ကိုအောင်ရောက်လာတယ်၊ မေမေက သဘော မတူနိုင်ကြောင်းနဲ့ သူ့ကိုယ်သူသတ်သေမယ်အထိ ကျိန်းဝါးခဲ့ တယ် ကိုအောင်ကတိပေးပြီး ပြန်သွားခဲ့တယ်၊ ထွေးကိုလည်း မေမေက ဒီလိုခြိမ်းခြောက်ခဲ့ပါတယ်၊ ဒါကြောင့် ထွေးမပြောခဲ့ တာပါ"

"မေမေ သေသွားပြီးတဲ့နောက်ပိုင်းတော့ နင်ပြောသင့် ပါတယ်"

"မထူးတော့ဘူးထင်လို့ပါ၊ သူ့အသိုင်းအဝိုင်းကမှ သ ဘောမတူပဲ မလွန်းပဲစိတ်ဆင်းရဲရမှာပေါ့၊ ခုဒီအကြောင်းတွေ ဘယ်က သိလာတာလဲ"

"အောင်နဲ့ပြန်တွေ့တယ်"

ကျွန်မရင်ထဲ ထိခိုက်နာကျည်းမှုက ခံရခက်စွာခံစား နေရသည်။

"ဒါဖြင့် သူက"

"သူလည်း ခုထက်ထိ အိမ်ထောင်မပြုသေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒါပေမယ့် တော်ပြီထွေးရယ် ဒီအကြောင်းတွေ ပြောမြ နိုင်တဲ့ အင်အားတွေ ငါ့မှာ လောလောဆယ်မရှိသေးဘူး၊ ငါ မကြာခင် နင့်ဆီရောက်လာမှာပါ ဒါပဲ"

ကျွန်မ တယ်လီဖုန်းချလိုက်သည်။ ဖုန်းလိုင်းကို ဖြတ်တောက်ရန် ကြံရွယ်လိုက်ပြီးမှ နောင်ဆီကများ ဖုန်းဆက်လျှင် ဟူသောအတွေးကြောင့် မဖြတ်တောက်တော့ပဲ. . .

"ဒေါ်ဒေါ် ကျွန်မနားမယ်နော်၊ ဖုန်းလာရင် နောင့်ရဲ့ အရေးတကြီးကလွဲပြီး ဒေါ်ဒေါ်ပဲဖြေရှင်းလိုက်ပါ"

"အေးပါ မိန်းကလေးရယ် နားနား၊ ထမင်းစားလိုက် မစားချင်ရင်လည်း နွားနို့နဲ့မုန့်တစ်ခုခုစားလိုက်နော်"

ကျွန်မ အိပ်ခန်းထဲဝင်ပြီး စီးကရက်ဗူးကို ကိုင်လိုက်ပြီးမှ နောင့်စကားကို ကြားယောင်ကာ စီးကရက်ဗူးကို ပြန်ချလိုက်သည်။ နောင့်အချစ်ကို ကျွန်မလေးစားသင့်ပါသည်။ နောင်ရယ် မင်းသာတစ်ခုခုဖြစ်သွားရင် ငါ့ဘဝလည်းရှင်သန်နေဖို့ အဓိပ္ပါယ် မရှိတော့သလိုဖြစ်သွားမှာပါ။

ကျွန်မကြောင့် နောင်ဘာမှမဖြစ်စေချင်ပါ။ ကျွန်မကြောင့် နောင့်ဘဝ ရှင်သန်လန်းဆန်းတိုးတက်စေရမည်။ ကျွန်မအတွေး၌ ယောက်ယက်ခတ်ရင်းဖြင့် ဖြစ်သင့်ဖြစ်ထိုက်သော လုပ်သင့် လုပ်ထိုက်သော ဆုံးဖြတ်ချက်တစ်ခုကို ရှာဖွေလိုက်သည်။







# အခန်း [ ၂၈ ]

တတ်ကျွမ်းသော ဆရာဝန်ဆရာမများနှင့်အတူ လေယာဉ်ပေါ်တက်ခါနီး နောင်ကကျွန်မကို ပျောက်ဆုံးသွားမှာစိုးကြောက်သည့်အလား၊ တသသဖြင့် ကြည့်သွားသောအကြည့်ကို ကျွန်မ ဆက်လက်မခံစားနိုင်တော့ပါ။ နေကာ မျက်မှန်ကို တပ်လိုက်ပြီးသည့်တိုင် ပါးပြင်ပေါ်သို့ကျလာသော မျက်ရည်များကိုတော့ အတားအဆီးမဲ့စွာထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ကတော့ ကျွန်မအား ပြုံးကာ. . .

"ကျန်းမာရေးဂရုစိုက်ပါ နောင့်ဘဝကို လွှန်းကလမ်းပြပေးသွားရမှာဆိုတော့ လွှန်းစိတ်ကြံ့ခိုင်အောင် ပြင်ဆင်ထားပါ။ ဆေးလိပ်ဖြတ်လိုက်တော့နော် သွားမယ်"

အောင့်မေတ္တာနက်ရှိုင်းမှုကိုလည်း ကျွန်မ မချိမဆန့် ခံစားနေရသည်။ ယောကျ်ားနှစ်ယောက်၏ နက်ရှိုင်းသောအချစ်ကို တစ်ပြိုင်တည်းရရှိလိုက်သော ကျွန်မအတွက် တွေဝေခြင်းနှင့်အတူ ဝမ်းမသာနိုင်သည်ကတော့ အမှန်ပင်။

လောလောဆယ်တော့ အားနည်းသူကို ဖေးမရမည်မှာ လူသားဆန်သော ဆုံးဖြတ်ချက်တစ်ရပ်ပင်။ ကျွန်မ နောင့်ကို အလေးပေးခဲ့သည်။ သို့သော်. . ကျွန်မနှလုံးသားတစ်နေရာ၌ အောင်သည် ရှင်သန်နေဆဲဖြစ်သည်။

ကျွန်မကိုချစ်သော ယောကျ်ားနှစ်ယောက်၊ တနည်းအားဖြင့် ကျွန်မချစ်သော ယောကျ်ားနှစ်ဦးကို သယ်ဆောင်သွားရာလေယာဉ်သည် မိုးကောင်းကင်ထက်မှ မှုန်ဝါးပျောက်ကွယ်သွားသည်အထိ ကျွန်မငေးကြည့်နေခဲ့သည်။

"သမီးရယ် ပြန်ကြရအောင်ကွယ်"

ကျွန်မအား အောင့်မိခင်က သတိပေးလိုက်သည်. . ။ အောင့်မရီးနှင့်အစ်ကို ကိုမောင်ကလည်း ကျွန်မကို စောင့်ဆိုင်းနေသည်။ ကျွန်မ၏ မှုန်ဝါးနေသောအမြင်ကို ကြည်လင်စေရန်အတွက် လက်ကိုင်ပုဝါနှင့် သုတ်လိုက်ပြီးမှ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလို. . .

"ကျွန်မ ထရန်စဖာကျပြီဖြစ်လို့ ကျွန်မကိုင်လိုက်တဲ့





အမှုတွေအားလုံးကို တရားသူကြီးသစ်နဲ့ လွှဲပြောင်းပေးလိုက်ပါပြီ။ ရှေ့နေကောင်းကောင်းရှာပြီး လုပ်စရာရှိတာ ဆက်လုပ်ကြပါ၊ ကျောင်းသားအရွယ်ဖြစ်နေတာတစ်ကြောင်း၊ ပထမဦးဆုံးသုံးစွဲခြင်းက တစ်ကြောင်းကြောင့် ပြစ်ဒဏ်ကတော့ သိပ်ကြီးလေးမှာ မဟုတ်ဘူး၊ ပညာပေးရုံ ပညာရရုံစီရင်ချက်မျိုးဖြစ်ပါလိမ့်မယ်၊ ဒီအတွက် ကျွန်မကို ခွင့်လွှတ်ပေးကြပါလို့ တောင်းပန်ပါတယ်. . ခွင့်ပြုပါအုံးနော်"

ဒေါ်ဒေါ်ဒေါင်း လက်ကိုဆွဲကာ. . ကျွန်မကားရှိရာသို့ လျှောက်ခဲ့လိုက်သည်၊ အောင့်မိခင်နှင့် မိသားစုသည် ကျွန်မကို နားမလည်စွာကြည့်ရင်း ကျန်ရစ်ခဲ့ကြလိမ့်မည်ဟု ကျွန်မလှည့်မကြည့်ဘဲနှင့် သိရှိလိုက်ပါသည်။

တစ်ခုခုဆုံးဖြတ်ပြီးလျှင် နောက်ကြောင်းလှည့်မကြည့်တတ်သော ကျွန်မ၏ အကျင့်စရိုက်ပင်။ သို့သော် နောက်တစ်ပတ်အကြာရသော သတင်းအရ နောင့်အတွက် အောင်သည် ကျောက်ကပ်တစ်လုံးပေးကာ အောင်မြင်စွာဖြင့် နောင့်အသက်ကို ကယ်တင်လိုက်နိုင်ပြီဟူသော သတင်းပင်ဖြစ်သည်။

ထိုသတင်းရပြီးနောက် ကျွန်မလုပ်သင့်လုပ်ထိုက်သည်ကို ကျွန်မလုပ်ရတော့မည်။

"ဝဋ်ဆိုတာလည်းတတ်တယ်၊ တစ်ခါတစ်ရံ အကျိုးပေးမိန့်ပုံများ တမလွန်ဘဝအထိတောင်မစောင့်ဘူး၊ လက်ငင်းဘဝမှာကို ချက်ချင်းလည်တော့တာပဲ၊ ဒါကြောင့် စကားကို တရားသက်လွှတ်မပြောနဲ့သမီး. . စကားနောက်တရားပါ စကားကို ဆင်ခြင်ခြင် ပြောဆိုနေထိုင်ကျင့်ကြံပါ သမီးရယ်"ဟူသော



www.burmeseclassic.com

www.burmeseclassic.com

အမေ့အသံသည် ကျွန်မနားသို့ ကပ်ပြောနေသလား ခံစားနေရသည်။

တကယ်ဆို ထိုစကားများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက စကားများသာဖြစ်ခဲ့သည် ထိုစကားများ၏ ဒီဌအကျိုးကို ကိုယ်တိုင်သိမြင်ခံစားနားလည်လိုက်ချိန်၌ ကျွန်မမဆင်ခြင်လိုက်နိုင်သည်။

သို့သော် ထိုဆင်ခြင်မှုသည် ဦးနှောက်ဟူသော အသိတရားကသာ ထိရောက်စေသည်ဖြစ်၍ ကာယကံ၊ ဝစီကံတို့ကို ထိန်းချုပ်နိုင်စွမ်း ရှိခဲ့သည်မှန်သော်လည်း မနောကံ၌မူကား နှလုံးသားပျက်သုန်း သည်းကြွေလုမတတ် ခံစားနေရကြောင်းကို ကျွန်မမှတစ်ပါး မည်သူမှ နားလည်နိုင်စွမ်းရှိကြလိမ့်မည်မထင်ပါ။

"အချစ်"ဟူသော စကားလုံး၏ နောက်ကွယ်၌ ကပ်ညိပါလာတတ်သော အနက်အဓိပ္ပါယ်များအနက် ကျွန်မနှလုံးသားကို ထိုးဖောက်ဝင်ရောက် နေရာယူသွားသည်မှာ "အဆုံးစွန်ထိချစ်ခြင်း" ပါ။

ဟုတ်ပါသည် ကျွန်မနောင့်ကို အတိုင်းအတာမရှိ အဆုံးစွန်အထိချစ်ခြင်းကြောင့် ကျွန်မဘဝတစ်ခုလုံးသည်လည်း . . .



www.burmeseclassic.com





# အခန်း [ ၂၉ ]

"ဆရာမ အေးနေပြီ၊ ပြန်တော့မယ် အိပ်တော့"

ရိုးသားသော ရပ်ရွာလေးတစ်ရွာတွင် ကျွန်မဘဝ[illegible] လုပ်အားပေးမူလတန်းပြဆရာမတစ်ဦးအနေနှင့် မြှုပ်နှံခဲ့သ[illegible] မှာ ငါးနှစ်ကျော်ခန့်သို့ပင် ချဉ်းနင်းဝင်ရောက်လာလေပြီ။

ဒေါ်ဒေါ်ဒေါင်းကတော့ ကျွန်မအား သစ္စာရှိစွာ[illegible] စောင့်ရှောက်မှုပေးနေဆဲပင်။ နေ့ခင်း၌ ကလေးကျောင်း[illegible]



ဘက်၌ လူကြီးများက ကျွန်မ၏ အိမ်အောက်ထပ်၌ ကွပ်ပျစ်ဝိုင်း တစ်ခု စီစဉ်ပေးထားပြီး စာဖတ်စကားစမြည်ပြော၊ သူတို့သိ ချင်သမျှတွေ ကျွန်မကို မေးမြန်းကြသည်။ ကျွန်မကဖြေကြား ပေးရင်း လက်ဖက်ရည်ကြမ်းဝိုင်းနှင့် ဧည့်ခံပေးနေကြဖြစ်သည်၊ သူတို့ကလည်း ဂျီသားခြောက် ဆတ်သားခြောက်စသော အ မြည်းများယူလာပေးသည်။ တစ်ခါတစ်ရံ ကောက်ညှင်းကျည် တောက် လုပ်စားကြသည်၊ တစ်ခါတစ်ရံ လက်ဘက်သုတ်နှင့် ညစဉ်လိုလို တစ်နာရီ၊ နှစ်နာရီ အချိန်ဖြုန်းပြီး ရှစ်နာရီ ရေဒီယို သတင်းနားထောင်အပြီးတွင် ပြန်သွားကြသည်။

တကယ့်ကို ဝေးသီခေါင်ဖျား ရှမ်းတောင်တန်းများ အလယ်ရွာကလေး၌ ကျွန်မဘဝဇာတ်မြှုပ်ဖြစ်လိုက်သည်။ နောင့် အတွက်ပါ၊ နောင့်ကိုချစ်ခြင်းကြောင့်ပါ ကျောင်းစာကိုပင် အ ပတ်တကုတ်ကျက်နေပြီး ထူးချွန်ထက်မြက်သင့်သည့်အရွယ်၌ အိမ်ထောင်တစ်ခုကို ထမ်းဆောင်စေမည်ဆိုပါက မတရား။

"နောင့်"ဘဝ အညွန့်ကျိုးသွားမှာ ကျွန်မစိုးရိမ်မိသည်၊ ပြီးတော့ နောင် မကြာခင်အရွယ်ကျလာမည်ဖြစ်သော ကျွန်မကို နောင်ဘယ်အတိုင်းအတာအထိ ချစ်နိုင်မှာလဲ၊ နောင်၏ စိတ်ကူး ယဉ်အချစ်ကမ္ဘာသည် ထိုအရွယ်ကျခြင်းဟူသော အချိန်တွင် ကွယ်ပျောက်သွားမည်ဆိုပါက. . .

"မရှင် သမီးက မရှင်လိုပဲ တကယ့်အမေတူသမီးလေး လင်ငယ်ငယ်လေးယူထားတယ်တော့"ဟူသော စကားကို ကျွန်မ ရှင်ဆိုင်နိုင်စွမ်းရှိမည်မဟုတ်ပါ။ အမေ့ဝဋ် ကျွန်မလည်လေပြီ။

ယောက်ျားငယ်ငယ်လေးကို လက်မထပ်မှုရုံမှအပ. .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှလုံးသား၌ နောင့်ကိုချစ်ခြင်းကတော့ တည်နေလေပြီ။

"သမီး ဆေးသောက်လိုက်ဦးကွယ်"

ဆေးလိပ်ကတော့ နောင့်ဆေးသွားကုစဉ်မှာပင် ပြတ်သွားခဲ့သည်။ သို့သော် ခံစားခဲ့ရသော နှလုံးသားဝေဒနာကိုတော့ ကျွန်မ မကုစားနိုင်ပြီ။ မောကြပ်နေသော ကျွန်မကို ဒေါ်ဒေါ် ဒေါင်းက တိုင်းရင်းဆေးလေး တိုက်ပေးသည်။ သို့သော် မသက်သာလှ၊ ပြင်းပြင်းထန်ထန် လှုပ်ရှားလိုက်တိုင်း မောလာသည်။

"ဒီအတိုင်းဆို မဖြစ်ဘူး မိန်းကလေး၊ ဆေးရုံသွား ဖြစ်မှာ"

"ကျွန်မ ဘာမှမဖြစ်ပါဘူး ရွှေဆေးလေးသောက်လို ပြီး အိပ်ပျော်သွားရင် သက်သာတာပဲ"

ကျွန်မခေါင်းမာစွာ ငြင်းပယ်ခဲ့သည်။ သို့သော် ကျွန် တရားသူကြီးအလုပ်မှ ဘာခံစားခွင့်မှမယူပဲ နှုတ်ထွက်ခဲ့ပြီး တို့ကိုပင် အသိမပေးခဲ့ဘဲ ဒေါ်ဒေါ်နှင့် ဤနေရာ၌ လာရော အခြေချခြင်းက. . ကျွန်မနှလုံးသားကိစ္စကို ကျွန်မနိုင်နင်းမ ဖြစ်သောနည်းဖြင့် ဖြေရှင်းလိုက်ခြင်းပါ။

မကြာခင် ကျန်းမာရေးဝန်ထမ်းတွေ နယ်လှည့်ကွ ဆင်း ဆေးကုသမှုပေးမည်ဟူသော သတင်းရောက်လာခဲ့သည်

"ဒီရွာပါလား နန်းဖော"

"ပါတာပေါ့ ဆရာမရဲ့"

စနစ်တကျပင် တည်းခိုနိုင်စေရန် အမျိုးသမီးဆရာ နှင့် ဆရာမတစ်ဦးကို ကျွန်မအိမ်၌ပင် တည်းခွင့်ပြုလိုက်သ ဆရာဝန်ဆိုသည်နှင့် ကျွန်မရင်သည် ပိုမိုနာကျင်လာသ





နောင် ဆရာဝန်ဖြစ်လောက်ပြီထင်သည်။

အောင်ကော ဘယ်ဆေးရုံကြီး၌ တာဝန်ကျနေသလဲ။ ကျွန်မ လွမ်းစိတ်တို့ကို ဖယ်ပျောက်ပြီး ရွာ၌ တွဲဘက်အလယ် တန်းကျောင်းဖွင့်နိုင်ရေးကို အကူအညီပေးခဲ့သည်။ လိုအပ်သော ဝရိဘောဂများကိုလည်း မိဘနှစ်ပါးနာမည်နှင့် လှူဒါန်းပေးသည်၊ စိတ်ကိုအအားအလပ်မထားသည့်ကြားက နောင့်ကို သတိရ စိတ် အောင့်ကိုအမှတ်ရစိတ်က ပိုလာသည်။

ဘယ်သူ့ကိုပိုချစ်သလဲ။ ကျွန်မကိုယ် ကျွန်မဝေခွဲမရပါ။ အောင်နှင့်က ချစ်သူဘဝအနေနှင့် တရင်းတနှီးနေထိုင်ခဲ့ဘူး သည်။ နောင်ကတော့. . .

မှောင်ပိန်းနေသော ကျွန်မစိတ်ကို ကြည်လင်စေသည်။ လောင်ငုတ်ပမာဖြစ်နေသော ကျွန်မနှလုံးသားကို အချစ်သစ် သစေသည်။ ကျွန်မရင်ထဲ မောဟိုက်လာသည်။

"ဆရာမ ကျွန်မနေမကောင်းဘူး အိမ်ပြန်လိုက်ဦးမယ်"

စက်ဘီးကို တွန်းလိုက်သည်။

"ဖြစ်ပါ့မလား ဆရာမ"

"ရပါတယ် ကျွန်မ ပြန်နားလိုက်ရင် ကောင်းသွားမှာပါ"

ကျောင်းတစ်ကျောင်းမှာမှ ကျောင်းသားက အလွန်ဆုံး လှ လေးငါးခြောက်ဆယ် ဆရာကနှစ်ယောက် ကျွန်မက ကူညီ ပ်အားပေးသည်။

သို့သော်. . ဤကျောင်း၏ ကျောင်းအုပ်လည်းကျွန်မ၊ ာလည်းကျွန်မ၊ နာယကလည်းကျွန်မ၊ လက်ထောက်ဆရာ ည်းကျွန်မပင်၊ ထို့မျှမက ရပ်ရွာ၏ အတိုင်ပင်ခံတစ်ဦး။ မှုခင်း



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာအရပ်ရပ်ကိုလည်း ရပ်ရွာလူကြီးကအစ ကျွန်မဆီက အကြံဉာဏ်ကိုသာ ယူလေ့ရှိကြသည်။

“မရဘူး ဆရာမ၊ လှည်းနဲ့ပြန်ပို့ပေးမယ် ဆေးပေးခန်း သွားပါလား ဆရာမ”

“နေပါစေ ဧည့်သည်တွေလာမှာနဲ့ အလုပ်ရှုပ်နေမယ်”

ကျွန်မကို လှည်းနဲ့ပင်ရောက်အောင် အိမ်ပြန်ပို့ပေးကြသည်။

“ဒေါ်ဒေါ် ထွေးဆီကို အကြောင်းကြားပေးပါတော့”

ကျွန်မနှလုံးသား အက်ကွဲကြေမွပျက်စီးရခြင်း၏ အကြောင်းတရားကို ကိုယ်တိုင်နားလည်ခံစားသိရှိလာလေပြီ။

“မိန်းကလေးရယ်”

ဒေါ်ဒေါ်ဒေါင်းသည် ကျွန်မအတွက် တစ်စုံတစ်ခုကို အမြန်ဆုံးစီစဉ်တော့မည်ဟု ကျွန်မနားလည်နေသည်။ ကျွန်မ ပြောနိုင်သောအင်အားတွေမရှိပြီ “နောင်” ကိုကွမ်းမှအပြန် ဝယ်လာပေးသော မုဒုံစောင်လေးကို ကျွန်မရင်မှာ ခေါက်လျက်ကလေး ဖုံးအုပ်လိုက်ပြီး ပက်လက်ကုလားထိုင်၌ထိုင်ကာ တောင်တန်းကြီးပေါ်သို့ ကျော်လွှားတိုက်ခတ်လာသော လေလေးစိမ့်စိမ့်လေးကို ရှူရှိုက်ရင်း အမောဖြေနေမိသည်။

ကဲလားကို ဒေါ်ဒေါ်ဒေါင်းက ဒေါင့်နှင့်ထောက်ကာ ဖွင့်ပေးထားသည်။ နေကြာပန်းတို့က နေမင်းသားကို ငေးမျှော်ရင်း နေမင်းသားသွားရာလမ်းကိုလည်း ပြန်ငေးကာ လိုက်ပါနေသည်။ နေကြာပန်းခင်းကိုကြည့်ရင်း ရင်ဝယ်နေမင်းသားနှင့် ဆုံဆည်းဖို့အရေး စောင့်မျှော်နေရှာသော နေကြာမင်းသမီးလေး





ကို သနား၍လာသည်။

လှိုက်ဖိုနေသော ရင်အစုံကို နိမ့်တုန်မြင့်တုန်ကြားက တ်ရာခက်ဆစ် ရှူသွင်းနေရသောလေကို ဝဝလင်လင်ရှူသွင်း င်စေရန် ကြိုးပမ်းရင်း. . .

လက်မှ စိပ်ပုတီးကိုလည်း ကြိုးစားစိတ်ဖို့ကြိုးစားသည်။ ရဲ ပုတီးလွတ်ကျသွားသည်။ ပြန်ကောက်နိုင်သောအင်အားမရှိ တွက်လေဝင်လေကို ကြိုးစားမှတ်ယူစဉ်မှာပင် ကျွန်မအတွက် အချိန်ကာလသည် ရှည်လျားလှသည်။

နောင့်ကို ပြေးမြင်သည်၊ အဖြူရောင်ဝတ်စုံလေးနှင့် လှ သော နောင် ကျွန်မအပါးကို အပြေးအလွှားလာနေသည်။

နောင်. . . နောင်. . . .

ကျွန်မ နောင့်ကို ချစ်တာပါ။ ကျွန်မနှလုံးသားအိမ်မှာ နောင့်ကိုချစ်သော ချစ်ခြင်းများက ဝါးမြိုနေခြင်းကြောင့် အသက် ခြင်းကိုပင် ကျွန်မ မနည်းရုန်းကန်ကြိုးစားနေရပါလား။ နောက် တော့ ကျွန်မအလွန်မှောင်မဲနက်ရှိုင်းသော မဟူရာချောက်ကမ်း ကြီးတစ်ခုထဲသို့ ထိုးကျသွားသည်ကိုသာ နောက်ဆုံးသိလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [ ၃၀ ]

ကျွန်မ ဘယ်အချိန်ကများ ချောက်ကမ်းပါးပေါ်ပြန်ရောက်လာသနည်း။ ကျွန်မကို ဘယ်သူများဆွဲတင်ခဲ့သနည်း။ တိုးဝင်လာသော အလင်းရောင်ကြောင့် မျက်ခွံတံခါးကိုအသာပြန်ပိတ်ပြီး ဖြေးညှင်းစွာဖွင့်ကြည့်သည်။

ပထမဦးဆုံး မြင်တွေ့လိုက်ရသူက "နောင်" ကျွန်မ ချစ်၍ စွန့်ခွာခဲ့သော နောင့်ကို တွေ့လိုက်ရသည်။





"မမ သတိရပြီနော်"

ဂျူတီကုတ်လေးနှင့် နောင်သည် ဆရာဝန်တစ်ယောက်ဖြစ်နေလေပြီ။

"မလွန်း ထွေးလည်းရောက်နေပြီ ဘာမှစိုးရိမ်စရာမရှိတော့ဘူး၊ မမနှလုံးရောဂါကို မမရဲ့အောင်ကပဲ ခွဲစိတ်ကုသခဲ့ပါပြီ"

အောင်. . အောင်၏ မြင့်မြင့်မှန်းသည့်စိတ်ကို ဂုဏ်မက်သည်ဟု ကျွန်မစွပ်စွဲခဲ့သည်။ သို့သော် ထိုဂုဏ်ကြီးရှင်ကပင် လျှင် ကျွန်မကဲ့သို့ သေမင်းခံတွင်းဝကလူများကို လုယူခဲ့ရသည်။ လူနာ့ပေါင်းအဘယ်မျှကို ကယ်တင်နိုင်ခဲ့ပြီးပြီလဲ။

"အောင်ကော. . ."

"ရှိပါတယ် ခွဲစိတ်ခန်းဝင်နေပါတယ်"

"ဒါ ဘာဆေးရုံလဲ"

"တောင်ကြီး စပ်စုံ[illegible]ွန်းဆေးရုံကြီးပါ"

"နောင်ကော ဒီမှာ တာဝန်ကျတာလား"

"နောင်က နယ်လှည့်ကွင်းဆင်းအဖွဲ့နဲ့ လိုက်လာတာ၊ ဒေါ်ဒေါ်ဒေါင်းကို သုတ်သီးသုတ်ပြာနဲ့ စတွေ့ပြီး မမဆီကို ပြေးလာခဲ့တာ၊ တော်သေးတယ် မမရယ် ကားပါလာပေလို့သာပဲ၊ အချိန်မှီရုံလေးတင်ပဲ နောင့်ကို အဲ့ဒီလောက်အထိ ရှောင်ပုန်းဖို့မလိုပါဘူး မမရယ်၊ ကိုင်း မမစကားများများမပြောနဲ့ဦး နားလိုက်ဦးနော်၊ မမမေ့မြောနေတာ သုံးညကျော်လေးရက်ရှိသွားပြီ"

နောင်က ကျွန်မလက်ကလေးကို ဆုပ်ကာ အားပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဩော်. , ကျွန်မသေရွာက ပြန်လာခဲ့သည်ကိုး။

"ကိုလတ်က ဒီဆေးရုံမှာ ဆေးရုံအုပ်ကြီးအဖြစ် တာဝန် ထမ်းဆောင်နေတယ် မမ"

"မိဘများ ကောကွယ်"

"မန္တလေးမှာ ကိုယ်ပိုင်ဆေးရုံဖွင့်ထားပါတယ် တတ်တဲ့ ပညာနဲ့ လူနာတွေရဲ့အသက်ကို ကယ်တင်နေတုန်းပါပဲ"

"ဖိုးသားကော"

"ထောင်ခြောက်လကျခံပြီး လိမ္မာသွားလို့ ခုဆို တက္က သိုလ်တောင် ရောက်နေပြီ"

ကျွန်မထွေးကို လက်ကမ်းကာ ထွေးမိသားစုအကြောင်း ကြီးကြီးတို့အကြောင်း မေးမြန်းပြီးနောက် အားလုံးအသက်ရှည် စွာရှိကြောင်း သိရသောကြောင့် ဝမ်းသာကြည်နူးပြီး ဆေးအရှိန် နှင့် ပြန်လည်အိပ်ပျော်သွားခဲ့သည်။

ဒုတိယအကြိမ် ကျွန်မနိုးလာချိန်တွင်တော့ ကျွန်မအပါး၌ "အောင်" ရောက်နေလေသည်။ နောင့်ကိုမတွေ့ရတော့ပေ။ သို့သော် အောင်သည် ကျွန်မကုတင်နားခင်းထားသော ဒရင်း ဘတ်ပေါ်မှာ အိပ်ပျော်နေခြင်းဖြစ်သည်။

သူနာပြုဆရာမတစ်ဦးက ကျွန်မတတ်ဆင်ထားသော ပိုက်တန်းလန်းနှင့်ပုလင်းများကို ဖြုတ်လိုက်လေသည်။ ပြီးနောက် ကျွန်မလက်ထဲသို့ စာတစ်စောင်ထည့်ပေးလေသည်။

"ဒေါက်တာ ညီနောင်ပေးသွားတယ်"

"သူကော"

"ကွင်းဆင်းသွားပါပြီ"





"ဩော်"

လောကကြီး၌လူတိုင်းသည် တာဝန်ကိုယ်စီနှင့် အမိ ပွါယ်ရှိစွာ ရှင်သန်လှုပ်ရှားနေကြပါလား၊ ကျွန်မကော အဓိပ္ပါယ် မဲ့ ကုန်ဆုံးဖြစ်ခဲ့လေသလား၊ အုတ်တစ်ချပ်နိုင်သော တာဝန်ကို ထမ်းဆောင်နိုင်ပါလျှက် သဲတစ်ပွင့်ထမ်းပြီး ကိုယ့်ဘဝကို မြှုပ်နှံ့ ဖြစ်ကာ အချစ်နာ၊ အလွမ်းနာတို့ကို ကုစားရင်း ရေတိမ်နစ်ရန် သီသီကလေးလိုတော့သည့်အဖြစ်၊ ကျွန်မနောင့်စာကို အသာ ဖွင့်လိုက်သည်။

BURMESE CLASSIC

မမ

ဆယ်ကျော်သက်အရွယ်က စိတ်ကစားရှုးသွပ်ခဲ့တဲ့ အချစ်ဟာ တစ်ခါတစ်ရံ အသက်အရွယ်ရလာတဲ့နှင့်အမျှ အ တွေ့အကြုံတွေ များလာလေလေ ရင့်ကျက်မှုတွေရလာလေလေ တည်ငြိမ်လာလေလေဖြစ်လာတယ်၊ အဲဒီအချိန်အခါမျိုးမှာမှ ကိုယ့်ကိုယ်ကို ကိုယ့်စိတ်ကို ပြန်လည်သုံးသပ်ကြည့်တဲ့အခါမှာ နောင်ဟာ ရှူးသွပ်စွာမိုက်မဲခဲ့ဘူးတာကို သိရတယ်၊ ကိုလတ်ရဲ့ အချစ်ဇာတ်လမ်းဟာ ကလေးဘဝက နောင်အတွက် အိပ်မက် ဝင် ဒဏ္ဍာရီတစ်ပုဒ်ပါ၊

ထိုဒဏ္ဍာရီတစ်ပုဒ်ထဲက သိပ်လှတဲ့ မင်းသမီးလေးဟာ မမဖြစ်နေခဲ့တယ်၊ မမခါတ်ပုံလေးကို ကိုလတ်ကွယ်ရာမှာ ခိုးခိုး ကြည့်တတ်ပြီး နောက်ဆုံးကိုလတ်က နိုင်ငံခြားထွက် သွားမယ်ဆို တော့ မမခါတ်ပုံတစ်ပုံကို နောင်ခိုးယူထားခဲ့တယ်၊ နောင့်ရဲ့ဘဝ မှာ ကလေးဘဝကနေ လူပျိုပေါက်အရွယ်၊ အဲဒီကနေ မမကို



www.burmeseclassic.com

www.burmeseclassic.com



နောင်စတွေ့လိုက်ချိန်အထိ မမတစ်ယောက်ထဲ နောင်ဘဝအတွက် တစ်ဦးတည်း သော ပင်တိုင်စံအိပ်မက်နတ်သမီးပါ။

နောင် မမပေးတဲ့ ဝေဒနာ၊ မမပေးတဲ့ မျှော်လင့်ချက်တွေနဲ့အတူ ကိုလတ်ပေးတဲ့ကျောက်ကပ်တစ်လုံးနဲ့ အသက်ရှင်ခဲ့ရတယ်၊ ကိုလတ်ပေးတဲ့ အသက်ကြောင့် ညီနောင်ဒုတိယအကြိမ် အသက်ရှင်သန်ခဲ့ရတယ်။

ဒီကြားကာလမှာပဲ ကိုလတ်ရဲ့နှလုံးသားထဲမှာ မမရှိနေတာကို နောင်တွေ့မြင်လိုက်ရတယ်၊ ကိုလတ်ဟာ မမအပေါ် အစားထိုး၍မရနိုင်သော ချစ်ခြင်းမေတ္တာနဲ့ အဆုံးစွန်အထိ ချစ်နေတယ်ဆိုတာကို နောင်တပ်အပ်မြင်လိုက်ရပါတယ်၊ ကိုလတ်ကတော့ နောင့်အပေါ် ဘယ်သောအခါမှာမှ ဝန်ခံမှာ မဟုတ်ဘူး၊ ဒါပေမယ့် ကိုလတ်ပေးတဲ့ အသက်ပဲရှိတဲ့ ကျွန်တော်ဟာ ကျေးဇူးကန်းစွာ မိုက်မဲစွာ အတ္တဆန်စွာနဲ့ ကိုလတ်နှလုံးသားကိုပါ ထပ်မံထုတ်ယူဦးမယ်ဆိုရင် တရားပါ့မလား မမ။

တစ်ခါတစ်ရံ လူ့လောကကြီးမှာ အချစ်ထက်အရေးကြီးတဲ့ ငဲ့ကွက်မှုတွေ စာနာထောက်ထားမှုတွေ အများကြီးရှိသေးတယ်ဆိုတာ နောင်တွေ့မြင်လာတတ်ပါသည်။

မမအသက်ကို နောင်တို့က ဟန့်တားရုံသာ ကယ်တင်လာနိုင်ပြီး အသက်ဆက်ဖို့အတွက် တကယ်တန်းခွဲစိတ်ကုသပေးပြီး ပျောက်ကင်းအောင် ကယ်တင်ပေးနိုင်တာ ကိုလတ်ပါပဲ။

ကိုလတ်ပေးတဲ့အသက်နဲ့ ရှင်သန်ခဲ့ရတဲ့နောင်ရယ်၊ ကိုလတ်ပေးတဲ့ အသက်နဲ့ အသက်ရှင်သန်ရတဲ့မမရယ်၊ ဘာဆိုးဖြတ်သင့်သလဲဆိုတာ နောင်ထက် မမသိမှာပါ။





လူပေါင်းများစွာရဲ့အသက်ကို ရောဂါတွေကို ကယ်တင်ပေးနေတဲ့ ကိုလတ်လည်း စိတ်ဆောင်ပေမယ့် တကယ်နွမ်းလျပြီး ပင်ပန်းနေရှာပါပြီ၊ သူဘယ်သူ့ရင်ခွင်မှာ နားခိုချင်တယ်ဆိုတာ နောင်သိနေပါတယ်။

နောင် မနွမ်းသေးဘူး၊ နောင်မပန်းသေးဘူး၊ နောင်. . ကိုလတ်ခြေရာ၊ ဖေဖေ၊ မေမေတို့ခြေရာကို နင်းရဦးမယ်. .၊ သာမန်ဆရာဝန်လေးဘဝ သာမန်အထွေထွေရောဂါကို ကုသနိုင်တဲ့ ဆရာဝန်ဘဝနဲ့ နောင်မကျေနပ်နိုင်သေးဘူး၊ ကုရခက်တဲ့ ဝေဒနာတွေကို ခက်ရာခက်ဆစ်ကုသနိုင်တဲ့ သမားတော်ဖြစ်ဖို့ နောင်ကြိုးစားရဦးမယ်၊ ဒီရည်မှန်းချက်ရှိလာပြီဆိုတာနဲ့ နောင်ရဲ့ ငယ်စဉ်ဘဝ စတင်ခဲ့တဲ့အိပ်မက်နတ်သမီးဟာ မှေးမှိန်ပျောက်သွားပါပြီ။

မမကို အစ်မတစ်ယောက်အနေနဲ့ပဲ ပိုင်ပိုင်နိုင်နိုင် ချစ်သွားပါတော့မယ်။ နောင် နိုင်ငံခြားမသွားခင် ကွင်းဆင်းလေ့လာရေးအဖွဲ့နဲ့လိုက်ပြီး ကျေးလက်ဒေသတွေမှာ ဝေးသီခေါင်ဖျားတဲ့ဒေသတွေက တိုင်းရင်းသားတွေကို တတ်နိုင်သမျှ ကုသမှုပေးရင်း နောင် မမနဲ့ကိုလတ် မင်္ဂလာသတင်းကို စောင့်မျှော်နေပါမယ်၊ မင်္ဂလာသတင်းကြားတာနဲ့ ချက်ချင်းပြန်လာပြီး ကိုလတ်နဲ့မမတို့အတွက် လူပျိုလုပ်ပေးပါဦးမယ်၊ ပြီးမှ နောင့်ရည်မှန်းချက်အတိုင်း ပါရဂူဘွဲ့တွေ ဆက်ယူဖို့ပြည်ပကို ထွက်ခွာသွားမယ်။

မမတို့ လက်မထပ်သေးရင်တော့လည်း နောင်ဘဝတို့ မမလိုပဲ ဘယ်သူမှရှာဖွေလို့မရတဲ့ ရွာလေးတစ်ရွာမှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



နေမိမှာအမှန်ပါပဲ။

မမ်ရေ နှစ်ခါကွဲခဲ့ရတဲ့ ကိုလတ်အသည်းဟာ သိပ်ကို နာကျင်နေမှာပါ။ ဒီရောဂါကိုတော့ သမားတော်ကြီးက သူ့ကိုယ် သူ မကုနိုင်ရှာပါဘူး၊ မမကုသပေးမှ ပျောက်ကင်းမယ်ထင်ပါ တယ်။ ထို့အတူ နောင့်ရဲ့ရည်မှန်းချက်ပန်းတိုင်ဟာလည်း မမနဲ့ ကိုလတ်အပေါ်မှာ မူတည်နေပါတယ်။

မမတို့ရဲ့မောင်လေး
နောင်

BURMESE CLASSIC

အသိဉာဏ်ထက်မြက်လွန်းသော စာနာတရားအပြည့် ရှိသော ထိန်းချုပ်နိုင်စွမ်းရည်အပြည့်ရှိသော နောင့်ကို ကျွန်မ လေးစားတန်ဖိုးထားရပေတော့မည်။

ကျွန်မ ကုတင်ဘေးစားပွဲပေါ်၌ရှိနေသော ပန်းအိုးလေး ထဲ၌ စန္ဒကူးကွင်းခေါ် နှင်းဆီဖြူပန်းများက လတ်ဆတ်စွာရှိနေ သည်။

သို့သော် အောင်က ရင်ဘတ်အပေါ်၌ ကန့်ကော်ပန်း ကလေးတစ်ပွင့်တင်ထားသည်။ ဪ. . ကံကော်ပွင့်ချိန်တွေ တောင် အလီလီရောက်ခဲ့ ဖြတ်ကျော်ခဲ့ပြီပဲ။ အောင်သည် နှစ်စဉ် ကံကော်ပွင့်တိုင်း ပန်မည့်ပန်းသခင်ကို တမ်းတလွမ်းဆွတ်ခဲ့ မည်မှာ သေချာသည်ထင်ပါသည်။

ကျွန်မက နောင့်စာလေးကို ပန်းအိုးအနီးလှမ်းတင်ထား လိုက်ပြီး ကျွန်မရင်ဘတ်အပေါ်မှ မုဒုံစောင်လေးကိုယူကာ ဒေါ် ဒေါ်အားပေး၍. . .



"အောင့်ကိုခြုံပေးပါ ဒေါ်ဒေါ်၊ ပန်းကိုလည်းကျွန်မကို ယူပေးပါ"

တကယ်ပင်ပန်းကြီးစွာ အိပ်ပျော်နေရှာသော အောင် သည် ဒေါ်ဒေါ်ဒေါင်းပန်းယူလိုက်သည်ကိုလည်း မသိ။ စောင် ခြုံပေးလိုက်သည်ကိုလည်း မသိရှာ။ နှစ်ခြိုက်စွာ အိပ်မောကျ လျှက်ရှိသည်။

ကျွန်မက ဒေါ်ဒေါ့်ဆီမှ ကလစ်တောင်းကာ နားသယ် စပ်၌ ကန့်ကော်ပွင့်လေးပန်လိုက်သည်။ အကယ်၍ ကျွန်မအိပ် ပျော်သွားချိန်၌ အောင်နိုးလာလျှင် ကျွန်မ၏အဖြေကို အောင် တွေ့မြင်သွားနိုင်မည်။ နောင့်စာကိုဖတ်လျှင် အောင်ဘာဆက် လုပ်ရမည်ကို သိမြင်သွားလိမ့်မည်။

နှလုံးသားအက်ကွဲခံကာ အဆုံးစွန်ချစ်ခြင်းဖြင့် ချစ်ခဲ့ရ သော "နောင့်"အတွက် "နောင့်"အနာဂါတ်အတွက် ကျွန်မသည် ၎င်း၊ အောင်သည်၎င်း၊ မှန်ကန်သောဆုံးဖြတ်ချက်တစ်ခုကို ချ မှတ်လိုက်နိုင်မည်ဟု. . .

မြမုလဲခင်

www.burmeseclassic.com